
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး––အောင်မြင်စာပေ၊ အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်––အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ––ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၁၅။

၈၉၅.၈၃
မြပုလဲခင်
ညီမျက်ဝန်း/မြပုလဲခင်။ – ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၅။
၂၇၀ – စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

# မြပုလဲခင်



www.burmeseclassic.com

www.burmeseclassic.com








# အခန်း(၁)

တေးသခင်အနေနှင့် ယောကျ်ားတစ်ဦးကို အထင်တကြီး ဖြစ်နိုင်ဖို့သည် လုံးဝမလွယ်ကူသော ကိစ္စပင်။

မန္တလေးတက္ကသိုလ်၏ အလှဘုရင်မအဖြစ် ကျော်ကြားခဲ့ရုံမက မယ်တက္ကသိုလ်ဘွဲ့လည်း ရခဲ့သူဖြစ်သည်။

မိန်းမသားတို့အလှသည် ဂုဏ်အင်္ဂါတစ်ခုဖြစ်သည်။

"ကြုတ်တိုရုပ် ခနံ့ ဥစ္စာမည်၏. . တဲ့ သမီးရဲ့ အလှကို



www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်တတ်ရမယ်၊ စောင့်ရှောက်တဲ့အခါ ဟီရိဩတ္တပတရားနဲ့အညီ ကျင့်သုံးနိုင်ရမယ်"

ဟု မိခင်၏အဆုံးအမကိုလည်း တေးသခင် မမေ့ဝယ် မကျ နားထောင်ခဲ့သည်။

မိခင်အပေါ် တေးသခင်တို့မောင်နှမ လေးစားချစ်ခင်ကြသည်။ မိခင်၏အရည်အချင်းက လေးစားစရာကောင်းသည်။

အသက်သုံးဆယ်အရွယ်နှင့် မုဆိုးမဖြစ်ခဲ့သော်လည်း နောက်အိမ်ထောင်မပြုဘဲ သားသမီးသုံးယောက်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရုံမက လူတန်းစေ့ထားနိုင်ခဲ့သည်။

တေးသခင်အထက် အစ်ကိုနှင့်အစ်မကိုလည်း ဘွဲ့ရပြီးနောက် အစ်ကိုကြီး တေးတံတျာကို ရက်ကန်းတစ်ရုံခွဲပေးပြီး သူ့စိတ်တိုင်းကျ ရွေးချယ်ပေးခဲ့သော သတို့သမီးနှင့် လက်ဆက်စေခဲ့ပြီး အိမ်ခွဲနေစေသည်။

နောက် တေးသခင်အထက် အစ်မတေးနုယဉ်ကိုတော့ လက်ရှိယက်ကန်းရုံကို လွှဲပေးပြီး ဆရာဝန်တစ်ဦးနှင့် လက်ထပ်စေခဲ့သည်။ အိမ်၌ပင် အတူတကွနေထိုင်စေသည်။

ဘာပြဿနာမှမရှိ အစ်ကိုကြီးနှင့်အစ်မက မိခင်အလိုဆန္ဒကို လုံးဝမဆန့်ကျင်ဘဲ ခေါင်းကိုတဆတ်ဆတ်ညိတ်ကာ 'မေမေ့သဘော မေမေ့စိတ်တိုင်းကျလုပ်ပါ' ဟု သားလိမ္မာ၊ သမီးလိမ္မာများအဖြစ် စံနမူနာယူခဲ့ကြသည်။

သူတို့နှလုံးသားထဲ၌ အမှန်တကယ်လက်ခံနိုင်ခြင်းလား.





နှလုံးသားအလိုကို ဆန့်ကျင်၍ မိခင်အလိုကိုလိုက်ခဲ့ခြင်းလားကိုတော့ တေးသခင် မသိနိုင်။

ယခု တေးသခင် အလှည့်. . .။

အလှည့်ကျ မနွဲ့စတမ်းဟု တေးသခင် ခံယူထားသည်။

ဓာတုဗေဒဘာသာအထူးဖြင့် တေးသခင် ဘွဲ့ရခဲ့သည်။

မဟာဘွဲ့ကို ဆက်လက်ယူလိုသော်လည်း. . .

"တော်ပြီ. . . သမီး၊ အလုပ်ဝင်လုပ်တော့. . ."

"ဟင့်. . ."

စားရမဲ့ သောက်ရမဲ့ ဘဝမျိုးလည်းမဟုတ်။ လူချမ်းသာစာရင်းဝင်သူများ ဖြစ်ကြပါလျက် 'အလုပ်ဝင်လုပ်တော့' ဟူသော စကားကို တေးသခင် နားမလည်နိုင်။ လှပဝန်းစက်သော မျက်ဝန်းဖြင့် မိခင်ကို နားမလည်နိုင်စွာ ငေးကြည့်လိုက်သည်။

မိခင်က. . .

"အလှဂုဏ်တစ်ခုတည်းနဲ့ သမီးဘဝကို ရပ်တည်ပြလို့ မရသေးဘူး၊ ပညာဂုဏ်အနေနဲ့ ဘီအက်စ်စီဆိုတာ လုံလောက်ပြီ၊ ဒါပေမယ့်. . . သမီးတွက် မေမေပို့ဆောင်ရမယ့်နေရာက နည်းနည်းမြင့်နေတယ်၊ အချိန်ကလည်း အမ်အက်စ်စီဘွဲ့ကို ထပ်ပေးလောက်အောင် အချိန်မပေးနိုင်တော့ဘူး"

"ဟင်. . ဘယ်လောက်တောင်မြင့်နေလို့လဲ၊ ဘယ်နေရာမို့လို့လဲ"

"ကုမ္ပဏီတစ်ခုကို ဦးဆောင်နေတဲ့ လုပ်ငန်းရှင်တစ်ဦးနဲ့ သမီးကို နေရာချပေးမလို့"


www.burmeseclassic.com

www.burmeseclassic.com

"ဘုရားရေ အဘိုးကြီးလားမေမေ"

တေးသခင်အတွက် အိပ်မက်ဆိုးတစ်ခုကို လက်မခံနိုင်ခဲ့။ ထိုအိပ်မက်ဆိုးတွင် ရုပ်ဆိုးသော အသက်ကြီးသော၊ ဘာသာမတူသော၊ လူပျိုမဟုတ်သော ယောက်ျားများ . . ပါဝင်သည်။ ထိုအိပ်ဆိုးမမက်စေရန် တေးသခင် ဆုတောင်းခဲ့သည်။

ထို့ကြောင့် မိခင်စကားကြားလိုက်ရသောအခါ မျက်လုံးမျက်ဆန်ပြူးနှင့် ထိတ်လန့်တကြားဖြစ်သွားရသည်။

မိခင်က ပြုံးကာ. . .

"ဘယ်က အဘိုးကြီးရမှာလဲ၊ ကြီးလှ သမီးထက် နှစ်နှစ်သုံးနှစ်ပေါ့၊ လူကလည်း လူချောလူဖြောင့်. ."

ထိုစကားကြားရမှ တေးသခင် သက်ပြင်းချလိုက်မိသည်။ အိပ်မက်ဆိုး မက်စရာမလိုတော့. . .။

"အလုပ်အကိုင်ကလည်း ကြီးကြီးမားမား၊ လူပျိုလူလွတ် လူချောလူဖြောင့်ကလည်း ဖြစ်ပြန်တော့ သူ့အတွက် သူ့အမေက ရတက်မအေးနိုင်ဘူး၊ မေမေ့ဆီရောက်လာပြီး လိုလိုလားလား နဲ့ကို သမီးကိုတောင်းတယ်"

တေးသခင် ရင်ခုန်စွာနားစွင့်သည်။ မိခင်၏ ပုံစံခွက်ထဲ၌ ကြီးပြင်းခဲ့သော သူတို့မောင်နှမတစ်တွေ၏ ဘဝသည်. . တောက်လျှောက်ပင် သာယာဖြောင့်ဖြူးခဲ့သည်။ အတင်းအကျပ်ပုံစံခွက်မဟုတ်။ လေပြေအေးလေးနှင့် အကျိုးကြောင်းနှင့် နားလည်လက်ခံနိုင်အောင် သွင်းပေးခဲ့သော ပုံစံခွက်မျိုးဖြစ်၍ နားလည်လက်ခံနိုင်စွမ်းရှိသည်။





"သူ့အမေက"

"သမီး သိပါတယ်၊ မြင်ဦးလွင်က ဒေါ်တင်တင်ကြီး လေ. ."

"ဪ. ."

ဖြူဖြူချောချော သန့်သန့်ခန့်ခန့် မိန်းမကြီးကို ချက်ချင်းပင် ပြေးမြင်လိုက်သည်။

"သူက မုဆိုးမဖြစ်တာ တစ်နှစ်ကျော်ပဲ ရှိသေးတယ်၊ မေမေ့လို ဒဏ်မခံနိုင်ဘူးပေါ့ကွယ်၊ ဒီကြားထဲ သူ့ရဲ့တစ်ဦးတည်းသောသားကလည်း သူ့စီးပွားရေးနဲ့သူဆိုတော့ မိဘရဲ့လုပ်ငန်းကို မကူညီနိုင်ဘူးဖြစ်နေတယ်၊ တင်တင်ကြီးကလည်း သူ့ယောက်ျားဦးစီးသွားတဲ့လုပ်ငန်းကို မကျွမ်းမကျင်ဖြစ်နေတယ်"

"ဘာလုပ်ငန်းမို့လို့လဲ မေမေ"

"မြင်ဦးလွင်ထွက်ကုန်ဖြစ်တဲ့ နေကြာစေ့လုပ်ငန်း၊ မက်မန်းသီးထုတ်လုပ်ငန်းရယ်၊ နောက် စတော်ဘယ်ရီ၊ မက်မန်းဝိုင် လုပ်ငန်းတွေပေါ့ ONE တံဆိပ်လေ"

"ဪ. . အိမ်မှာမပြတ်စားနေရတဲ့ နေကြာနဲ့ မက်မန်းသီးတွေက သူတို့ထုတ်တာကိုး"

"ဟုတ်တယ် ဒီကြားထဲ သားတော်မောင်က နွှေရာသီအပန်းဖြေစခန်းဖြစ်တဲ့အတွက်ဆိုပြီး ONE ဟိုတယ် ဖွင့်ထားပေးသေးတယ်ဆိုတော့ တင်တင်ကြီးမှာ ဒီလုပ်ငန်းတွေ ကျွမ်းကျွမ်းကျင်ကျင်အုပ်ချုပ်ဖို့ မလွယ်ဘူးဆိုပြီး ညည်းတွားတယ်"

"သူ့သားနဲ့ လိုက်နေပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"တင်တင်ကြီးကလည်း ဇာတိမြေစွဲက တကယ်ကြီး ထယ်မြင်ဦးသွင်တာလွဲလို့ ဘယ်နေရာမှ ကြာကြာမနေနိုင်ဘူးတဲ့ တော အိမ်မှာပဲ ခေါင်းချမယ်ပြောတယ်၊ သားနဲ့အမေက နယ်ချမ်းသာတဲ့ ရန်ကာတစ်ရန်. . မတည့်ကြဘူး"

"မိဘစကား နားမထောင်တဲ့သဘောပေါ့နော် မေမေ၊ ဒီလိုသာဆို မေမေ့လူက လွယ်ပါ့မလား"

"မလွယ်ဘူးလို့ဘဲ ဆိုရမလိုဖြစ်နေတယ် သမီး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့က သူတို့သားကို ခေတ်မီတယ်ဆိုပြီး. . အနောက်တိုင်းဆန်ဆန်သဘောမျိုး လွတ်လပ်ခွင့်တွေ လုပ်ပိုင်ခွင့်တွေ အများကြီးပေးခဲ့တာကိုး၊ ဒီတော့. . အိမ်ထောင်ရေးကိစ္စတောင် အမေကြီးရဲ့သဘော လိုက်ပါ့မလား မသိဘူး"

"အမယ် ဒီလိုရစတမ်းလား၊ မိန်းကလေးက စရမှာမျိုးတော့ မဖြစ်ပါစေနဲ့မေမေ"

"မဖြစ်စေရပါဘူး၊ မေမေလည်း ကိုယ့်သားသမီးဂုဏ်သိက္ခာကျစေမယ့်အလုပ်မျိုး ဘယ်ရွေးချယ်ပါ့မလဲ၊ ခုဟာက တင်တင်ကြီးကိုယ်တိုင် လိုလိုလားလားနဲ့ ဖွင့်ဟတိုင်ပင် စီစဉ်တဲ့ ဇာတ်လမ်းမှာ သမီးက မသိကျိုးနွံပြုပြီး ဝင်ကရုံပဲ"

ပုံစံခွက်ထဲက ကြိုးဆွဲရုပ်သွင် ကပြရပေဦးမည်။

"မနက်ဖြန် တင့်တင်ကြီးလာလိမ့်မယ်၊ သမီးကို လုပ်ငန်းနဲ့ ဟိုတယ်မန်နေဂျာအဖြစ် ခန့်လိမ့်မယ်၊ သမီး သူနဲ့လိုက်သွားပြီး အလုပ်ကို နိုင်နင်းအောင်လုပ်ပါ။ ပြီးတော့ ဒေါ်တင်တင်ကြီးကို မေမေ့လိုပဲ သဘောထားပြီး ပြုစုစောင့်ရှောက်ပေးပါ၊ သူ့ရဲ့





တိုးတိုးဖော်အဖြစ် နေပေးလိုက်ပါ သမီး"

"ဟင်. . မေမေက"

"မေမေက ဘာဖြစ်သလဲ၊ တေးနုယဉ် ရှိနေတာပဲ. . တေးနုယဉ်က မေမေ့ကို ပြုစုစောင့်ရှောက်ပေးနေတာပဲ၊ သမီးခဲအိုကလည်း ဆရာဝန်ဆိုတော့ မေမေ့ကျန်းမာရေးကို ပူစရာမလိုဘူး"

"အလုပ်အတွက်ဆိုရင်တော့ မခက်ခဲပါဘူး မေမေ၊ မေမေနဲ့အတူ ယက်ကန်းရုံတွေမှာ ကူလုပ်ပေးနေရတော့ သမီးလုပ်တတ်နေတာပဲ၊ ဒါပေမယ့် သူ့သားနဲ့ လက်ထပ်ဖို့ လက်မထပ်ဖို့ကတော့ သမီး အောက်ကျို့ခံနိုင်မှာ မဟုတ်ဘူးနော်"

"အေးပါ. . မေမေကလည်း ကိုယ့်သမီး အောက်ကျနောက်ကျခံ ဝင်ရမယ့်အလုပ်မျိုး ဘယ်လုပ်ပါ့မလဲ၊ ဒါပေမယ့် မေမေ ယုံကြည်ပါတယ်၊ သမီးရဲ့အလှနဲ့ သမီးရဲ့အရည်အချင်းတွေကို ဘယ်ယောကျာ်းကမှ ငြင်းပယ်နိုင်စွမ်းအားရှိမှာ မဟုတ်ဘူးလို့ ယုံကြည်တယ်"

"သမီး တစ်ခုတော့ မေးပါရစေဦး မေမေ"

"ဘာလဲသမီး"

"တကယ်လို့ သမီးက ဒေါ်တင်တင်ကြီးသားနဲ့ လက်ထပ်လိုက်ပါပြီတဲ့၊ သူ့နောက် သမီးလိုက်သွားရရင် ဒေါ်တင်တင်ကြီးက ဒုံရင်းဒုံရင်းပဲ ဖြစ်မနေဘူးလား"

"ဒါက သမီးအပေါ်မှာ မူတည်ပါတယ်လေ. . သမီး မိသားစုတစ်စုအနေနဲ့ စည်းစည်းလုံးလုံးဖန်တီးနိုင်စွမ်းဟာ သမီး



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဒါတွေက နောက်ပိုင်းကာလပါ"

"ဆောလောဆယ် ဒေါ်တင်တင်ကြီးရဲ့ စီးပွားရေးလုပ်[illegible] အခက်အခဲတွေကို အရင်ဖြေရှင်းပေးဖို့ အရေးကြီးတယ်၊ ဒီကြားထဲ သူ့သားကိစ္စက အလိုလိုဝင်လာမှာပဲ"

"သူ့သားက အမေကို ပစ်ထားနိုင်တယ်နော်"

"ပစ်တော့မထားပါဘူး၊ ဖုန်းအဆက်အသွယ်လည်းရှိတယ်၊ လူလည်းမကြာခဏလာပါတယ်၊ သူ့ဆီမှာနေဖို့ အမြဲခေါ်တယ်၊ လိုက်မနေတော့ သူလည်းဘယ်ကျေနပ်ပါ့မလဲ"

တေးသခင် ဒေါ်တင်တင်ကြီးတို့သားအမိ၏ ဆက်ဆံရေးနယ်ပယ်ကို တီးမိခေါက်မိသွားလေပြီ။ မိခင်ချမှတ်ပေးသောလမ်းစဉ်ကို မိမိ၏ အရည်အချင်းဖြင့် အေးဆေးစွာ လျှောက်ရုံကိစ္စလောက်ကတော့ ဘာမှမလုပ်နိုင်စရာမရှိ။ အပန်းမကြီးဟုလည်း ထင်သည်။ ပြီးတော့ မိမိကိုယ်တိုင်ကလည်း ပြင်ဦးလွင်မြို့လေးကို အင်မတန်နှစ်သက်သည်။ ထို့ကြောင့် အစ်ကို အစ်မတို့ကဲ့သို့ပင်. . .။

"စိတ်ချပါ မေမေ၊ မေမေစိတ်တိုင်းကျ ဖြစ်စေရပါမယ်"

"အေးပါကွယ် မိဘစကားနားထောင်တဲ့ သားသမီးရဲ့ဘဝမှာ ဆင်းရဲဒုက္ခဆိုတာ ကြုံနိုင်ခဲပါတယ်၊ မေမေကလည်း မတော်လောဘနဲ့ ဘာကိုမှ မတရားစီမံခဲ့တာမဟုတ်ဘူးဆိုတာ သမီးလေး သဘောပေါက်မှာပါ"

"သဘောပေါက်ပါတယ် မေမေ၊ ဒါထက် သူ့သားရဲ့နာမည်ကကော"





"မင်းသောတ တဲ့လေ၊ သမီးအမည်နဲ့လည်း အမည်ချင်း တွဲဖက်ညီပါတယ်"

တေးသခင်ရင်ထဲ၌ အမည်သစ်များ စတင်ကျွမ်းဝင်သွားရလေ့ပြီ။

ဒေါ်တင်တင်ကြီးနဲ့ သူ၏သား မင်းသောတတဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

**ဒေါ်**တင်တင်ကြီး၏ အိမ်ခြံဝင်းအတွင်းကို ဝင်လိုက်ကတည်းက တေးသခင် သဘောအကျဆုံးမှာ ကျယ်ပြန့်လွန်းသော ပန်းခင်းကြီးပင် ဖြစ်သည်။

ခန့်ညားပြီး ရှေးဆန်သော နှစ်ထပ်တိုက်ကြီးကိုလည်း စိတ်မဝင်စားမိ၊ မြေအောက်ခန်းရှိနေသေးသည်။ ဝိုင်များကို နှစ်ချို့အောင်လှောင်ထားပြီး ဖော်စပ်သည့်အခန်းက မြေအောက်



၌ပင်ထားရှိသည်တဲ့။

အိမ်အနောက်ဘက်၌လည်း အလုပ်သမားတန်းလျား၊ ဂိုဒေါင်၊ အလုပ်ရုံများ ရှိနေသည်။ သို့သော် ထိုနေရာနှင့် အိမ်ကြီးကို ခြံစည်းရိုး ထပ်ခြားပေးထားသည်။

“အဲဒီဘက်က ဘေးပေါက်တံခါး သပ်သပ်ရှိတယ်၊ အလုပ်သမားတွေ အဝင်အထွက် မရှုပ်အောင်လေ”

ဒေါ်တင်တင်ကြီးသည် မိခင်ထက် သုံးနှစ်ပိုကြီးသည် ဖြစ်၍ ကြီးမေဟုပင် တေးသခင် သုံးစွဲလိုက်သည်။ ဒေါ်တင်တင်ကြီးကလည်း သဘောကျစွာ လက်ခံသည်။

“ကျွန်တော် အလုပ်ရုံဘက် လျှောက်ကြည့်လိုက်ဦးမယ်”

“နေဦးသမီး. . ခဏနားဦး၊ ထမင်းစားချိန်မှာ တစ်ခါတည်း လူစုဝေးခိုင်းပြီး အလုပ်သမားတွေအားလုံးနဲ့ သမီးကို မိတ်ဆက်ပေးမယ်”

“အရင်က မန်နေဂျာမထားခဲ့ဘူးလား”

“ထားပါတယ် မန်နေဂျာသဘောပေါ့၊ ဒါပေမယ့် သမီးဘဘကပဲ အုပ်ချုပ်သွားတာဆိုတော့ ဘဘပဲ မန်နေဂျာပေါ့. .၊ ကိုဘစိုးက လက်ထောက်မန်နေဂျာပေါ့၊ ဒါပေမယ့်. . ဘဘမရှိတော့တဲ့နောက်ပိုင်း ကိုဘစိုးကပဲ ညံ့လို့လားမသိဘူး ဝင်ငွေနည်းလာသလိုပဲ၊ သားကတောင် မန်နေဂျာပြောင်းလိုက်ပေါ့လို့ ပြောနေသေးတယ်၊ ဒီလိုလည်း မလုပ်ချင်သေးဘူးလေ၊ ကိုဘစိုးလုပ်ခဲ့တာ ဆယ်နှစ်ရှိပြီဆိုတော့ ဘယ်လုပ်ရက်မလဲ”

“ကိစ္စမရှိပါဘူး ကြီးမေ၊ ကျွန်တော် ရောက်လာပြီပဲ၊

www.burmeseclassic.com

တိုစ္စအားလုံး အဆင်ပြေသွားမှာပါ၊ ကျွန်တော်လေ့လာပြီး စီစဉ်ပေးပါ့မယ်၊ ကျွန်တော့်ကိုသာ ဘဘကိုယ်စား မန်နေဂျာအဖြစ် ဦးစီးလုပ်ကိုင်ပေးမယ့်လူအဖြစ်သာ ကြေညာမိတ်ဆက်ပေးပါ"

"စိတ်ချသမီး၊ ဘာမဆို သမီးလက်ထဲ ကြီးမေအပ်လိုက်ပြီ၊ ကောင်းသလိုသာ စီစဉ်ပေးပေတော့၊ အမြွတ်အစွန်းထက် မိဘဘိုးဘွားအမွေအနှစ်ဖြစ်တဲ့လုပ်ငန်း မပျောက်ပျက်သွားရင်တော်ပြီ၊ လက်ရှိ အလုပ်သမားမိသားစုတွေရဲ့ ထမင်းအိုးတွေ မပျောက်ပျက်ရင်ဘဲ ကုသိုလ်ပေါ့သမီးရယ်၊ ကြီးမေအတွက်က လိုလေသေးမရှိ ပြည့်စုံပါတယ်၊ သားက ဖြစ်ထွန်းနေတာပဲလေ၊ ကိုင်း. . ကိုင်း. . နားနား၊ သမီးကြိုက်တဲ့အိပ်ခန်းကို ကိုယ်တိုင်ပဲ ရွေးချယ်ပြီး ပြင်ဆင်ခိုင်းပေတော့"

တေးသခင်အား မိတ်ဆက်ပေးသော အိမ်၏ ဘဏ္ဍာရေး အလုပ်သမားပင်လျှင် ခြောက်ဦးရှိနေလေသည်။ အဝတ်လျှော် ထမင်းချက်၊ အိမ်သန့်ရှင်းရေး သုံးယောက်၊ ဥယျာဉ်မှူး တစ်ယောက်၊ ဒရိုင်ဘာ နှစ်ယောက်နှင့် ခြံစောင့် တစ်ယောက်ရှိသည်။ ထိုအလုပ်သမားတန်းလျားက အိမ်ကြီး၏အနောက်ဘက် တော်တော်လှမ်းလှမ်းတွင်ရှိသည်။ ကားဂိုဒေါင်နှင့် တွဲလျက်ထားရှိသည်။

"အလုပ်သမားစရိတ်တွေကိုက မနည်းပါလား"ဟု တေးသခင် တွေးမိလိုက်သည်။

တေးသခင် အပေါ်ထပ်အိပ်ခန်းများကို လျှောက်ကြည့်သည်။





အကြိုက်ဆုံးအခန်းကို ပြတော့. . .

"သားအခန်းပဲ ဒါပေမယ့် ကိစ္စမရှိဘူး၊ မရင်တို့ အသန်းတို့ အဲဒီအခန်းကိုပဲပြင်ပေးလိုက်၊ ဒါမှ မှတ်လောက်သားလောက်ရှိသွားမှာ၊ နောင်လည်း နှစ်ယောက်အတူနေရမယ့် အခန်းပဲလေ"

တေးသခင် မျက်နှာပူခနဲဖြစ်သွားသည်။ ထိုအခန်းကိုမှ ရွေးချယ်မိတာ မှားသွားလေပြီးလား။ ထိုအခန်း ရွေးချယ်ရတာတလည်း. . .

အိမ်ရှေ့ပန်းခင်းကိုသော်လည်းကောင်း၊ ဘေးဘက်က ကုန်းညီညီကလေးကိုသော်လည်းကောင်း လှမ်းမြင်နေရသောကြောင့်ဖြစ်သည်။ လေကောင်းလေသန့်နှင့် အလင်းရောင်. . ကောင်းစွာရရှိခြင်းကို နှစ်သက်၍ဖြစ်သည်။

"ကိုင်း. . . သမီး နားလိုက်၊ ဒင်းလာရင် ဘုရားခန်းနဲ့ကပ်နေတဲ့အခန်းမှာပဲ နေရာချထားပေးလိုက်တော့မယ်"

"ဒီလိုဆိုရင်လည်း နေပါစေ၊ အခြားတစ်ခန်းမှာပဲ. . ."

"နေပါစေ သမီးကြိုက်တာနေ၊ သူ ဒါမှ မကျေမနပ်ဖြစ်မှာ"

တေးသခင် ဒေါ်တင်တင်ကြီးကို နားမလည်နိုင်တော့။ သားဖြစ်သူကို ဦးစားမပေးတာလား၊ မကျေမနပ်ဖြစ်နေတာလား။ သားအမိနှစ်ယောက်ကြား၌ ကွဲလွဲမှုတစ်ခုခုတော့ ရှိနေပြီ။

အမေကိုမကျေနပ်မှုများကို မိမိထံသို့ လွှဲပြောင်းရောက်ရှိလာမည်ဆိုပါက သူနှင့်မိမိသည် နီးစပ်ခြင်းသို့ ရောက်နိုင်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မည်မဟုတ်။

ပြင်ဆင်ပြီးဖြစ်နေသော အခန်းဖြစ်၍ တေးသခင် ဘာမှထပ်မပြောတော့ဘဲ နေလိုက်ရန် ဆုံးဖြတ်လိုက်သည်။

အားကစားပစ္စည်းအတွက်က အခန်းလွတ်တစ်ခု၌ နေရာချလိုက်သည်။

"ကျန်းမာရေးလိုက်စားတာ ကောင်းတယ်သမီး၊ ဒါကြောင့် သမီးကိုယ်လုံးကိုယ်ထည် သိပ်လှနေတာကိုး"

"နေ့စဉ် နာရီဝက်လောက်ပါပဲ၊ မလုပ်ဘဲနေရင် အဆီတက်လာတတ်လို့ မှန်မှန်ကစားပေးတာ၊ ဒီရာသီဥတုမျိုးဆိုရင်တော့ ခြံထဲတစ်ပတ်ပြေးလိုက်တာနဲ့တင်ရပြီ ကြီးမေ"

တေးသခင်၏ အလှကို ဒေါ်တင်တင်ကြီး အသိအမှတ်ပြုမိသည်။ အရပ်အမောင်းကလည်း မြန်မာအမျိုးသမီးထဲတွင် ရှားရှားပါးပါးအရပ်မျိုး ငါးပေခြောက်လက်မလောက်ရှိပြီး၊ ကိုယ်လုံးကိုယ်ထည်က မပိန်လွန်းမဝလွန်း၊ မယ်တက္ကသိုလ်ဘွဲ့ ရရှိထားသူဆိုတော့ အပြစ်ပြောစရာမရှိအောင် လှပ၍. . အတော်ကြည့်ကောင်းသည်။ မျက်နှာအလှအပကတော့ မိတ်ကပ်ကူစရာမလိုဘဲ ချောမောလှပပြီး ကျန်းမာရေးကောင်းခြင်းကြောင့် ဖြူသောပါးပြင်ထက်၌ ပန်းနုရောင်လေးပင် ပြေးနေသည်။

အဆင်းကတော့ ပြည့်စုံနေသည်။ အချင်းကို ကြည့်ရဦးမည်။

အိမ်ဖော်များကို ပစ္စည်းနေရာချ အထားအသိုနေရာရွှေ့အပြောင်းကို သူ့စိတ်တိုင်းကျ ပြင်ဆင်သည်။ ပြုံးပြုံးလေးဖြင့်



ညွှန်ကြားပေးခိုင်းစေသွားသည်ကို တွေ့ရသဖြင့် ဒေါ်တင်တင်ကြီး အမှတ်ပေးမိပြန်သည်။

မိမိ လူကဲခတ်မမှားနိုင်။ သားတော်မောင် မင်းသောတ၏နှလုံးသားကို ယိုင်နဲ့အောင်လုပ်ဖို့ကလည်း တော်ရုံတန်ရုံ အရည်အချင်းနှင့်မရ။

သားတော်မောင်က ခပ်ပွေပွေ. . ။ မိန်းကလေး တော်တော်များများနှင့် တွဲသွားတွဲလာရှိသည်။ ရည်းစားလား ဆိုတော့လည်းမဟုတ်။ အလုပ်သဘောအရပါဟုတော့ ပြောသည်။

သားတော်မောင်သည် သူကသာ ပွေချင်ပွေ၊ ရှုပ်ချင်ရှုပ်မည်။ သူယူမည့်မိန်းမသည် ခြောက်ပစ်ကင်းသဲလဲစင်ရမည်။ အချောအလှထွဋ်ခေါင် ဖြစ်ရမည်။ အဆင်းရော အချင်းပါ ပြည့်စုံသောမိန်းမ ဖြစ်ရမည်ဟု ကြွေးကြော်ထားသူလည်း ဖြစ်သည်။

ဒေါ်တင်တင်ကြီး ပြုံးမိသည်။ သားတော်မောင်သည် နောက်ဆုံး၌ "မေမေ အမြန်ဆုံးစီစဉ်ပေးပါတော့" ဟူသော. . ကြိုက်မရှက်စကားမျိုး ဆိုလာစေရမည်ဟု. . . ။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

**လုပ်**ငန်းက ဘာမှသိပ်မခက် လက်ထောက်မန်နေဂျာဦးဘစိုးသည် စာရင်းဇယားမှန်ကန်သည်။ တိကျသည်။ သို့သော် နှုတ်စလျှာစနည်းသော လူအေးတစ်ယောက်ဖြစ်သည်ကို တေးသခင် သတိပြုမိလိုက်သည်။

"ကြီးမေ ကျွန်တော်တော့လေ လုပ်ငန်းအစု အလုပ်ကြီးကြပ်ရေးမှူးသဘောမျိုး ခန့်ချင်တယ်"





တေးသခင်ရောက်ပြီး နောက်နေ့ညသို့ ဒေါ်တင်တင်ကြီးကို တင်ပြလိုက်သည်။

ဒေါ်တင်တင်ကြီးရင်ထဲ ကျိတ်၍ကျေနပ်သွားသည်။

သို့သော် ထိုကျေနပ်မှုကို ဝမ်းထဲ၌ပင် မျိုသိပ်ထားလိုက်ပြီး. . .

"ဆက်ပြောပါဦး ဘယ်လိုဖြစ်ချင်တာလဲ"

"နေကြာစေ့လုပ်ငန်းက တစ်ဦး၊ မက်မန်းလုပ်ငန်းကတစ်ဦး၊ ဝိုင်လုပ်ငန်းကတစ်ဦး ထားချင်တယ်၊ အလုပ်သမားတွေရဲ့ အချိန်မှန်ရောက်မှု၊ စံချိန်မီထုပ်ပိုးနိုင်မှု၊ အရည်အတွက် များသလို အရည်အချင်းလည်းကောင်းမွန်တဲ့ ထုပ်ပိုးမှုမျိုး ဖြစ်ချင်တယ်၊ ဒါမှ ရောင်းတန်းက မကျဆင်းမှာ၊ ခုခေတ်ကြီးက ကြော်ငြာခေတ်လဲဖြစ်နေပြီ၊ ပြိုင်ဆိုင်မှုတွေက သိပ်များတော့. . ကိုယ့်ပစ္စည်းအရည်အသွေးကောင်းမွန်နေဖို့ အရေးကြီးတယ်လေ"

"သမီးပြောတာ ကြီးမေသဘောပေါက်တယ်၊ သမီးလက်ထဲ ဝကွက်အပ်ထားပြီပဲ၊ သမီးကောင်းသလိုသာ စီစဉ်ပါ"

"ကြီးကြပ်ရေးမှူးတွေဆီမှာ အလုပ်ဝင်ချိန်၊ ပြန်ချိန်၊ ထွက်ချိန်၊ လက်မှတ်ထိုး၊ အပ်နိုင်သောအရည်အတွက် ဖော်ပြလက်မှတ်ထိုး၊ နေ့စားလစာလည်း သူတို့နဲ့ပဲ ရှင်းပါစေ၊ ကိစ္စကြီးငယ်ရှိရင်သာ ကျွန်တော်နဲ့ တွေ့ဆုံလိုက်ရင် ဟိုတယ်ကိုလည်း ကြီးကြပ်နိုင်တယ်၊ ပိုပြီးတော့လည်း ဖိဖိစီးစီးရှိတယ်"

ဒေါ်တင်တင်ကြီးက ပြုံးပြုံးပြုံးပြုံးနှင့် ခေါင်းတညိတ်ညိတ်လုပ်ကာ ကျေနပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြီးမေကို စောင့်ရှောက်ပေးဖို့လည်း မေမေက မှာလိုက်သေးတယ် မဟုတ်လား၊ ဒီအတွက်လည်း ကျွန်တော်အချိန်ပေးရမယ်၊ ကြီးမေနဲ့အတူတူစားသောက်ရင်း ဆေးတိုက်ချိန်ကို ကျွန်တော့်ရဲ့လုပ်ငန်းထဲမှာ ထည့်ရသေးတယ်လေ"

"လိမ္မာလိုက်တဲ့သမီးလေး၊ မြတ်တို့များ သားသမီးတွေကို မွေးရကျိုးနပ်လိုက်တာ၊ တို့များမှာတော့ တစ်ယောက်တည်းပေမို့ပဲ. . သူ့သဘောသူဆောင်ပြီး တစ်ကိုယ်ကောင်းဆန်တဲ့ကောင်၊ ဝမ်းရေစပ်ပါတယ်"

တေးသခင် ဒေါ်တင်တင်ကြီး၏ အထီးကျန်မှုကို သနားနေမိသည်။ မင်းသောတဆိုတဲ့ပုဂ္ဂိုလ်သည် တော်တော်အတ္တကြီးတာပဲဟုတွေးရင်း မိသားစုဓာတ်ပုံကို လှမ်းကြည့်လိုက်မိသည်။

အမေတူသားဖြစ်၍ ချောသည့်အပြင် အဖေ၏ခန့်ညားမှုကိုပါ ရယူထားသဖြင့် ယောကျာ်းပီသချောမောသူ ဖြစ်သည်။ တစ်ခါမြင်ဖူးရုံနှင့် တစ်သက်မမေ့နိုင်သော ရုပ်ရည်ရူပကာရှိသူ မင်းသောတကို မိမိ၏ဘဝခရီးဖော်အဖြစ် လက်တွဲရမည်တဲ့လား. . ။

တေးသခင်၏ ရင်ခုန်သံစဉ်လေးများက ငြိမ့်ပြောင်းသာယာစွာ ထွက်ပေါ်လျက်ရှိသည်။

"ကဲ. . သမီးရယ်၊ အားရင်. . ကြီးမေကို သားဆီဖုန်းဆက်ခေါ်ပေးပါဦး၊ ရော့. . ဒီမှာ သူ့ရဲ့ဖုန်းနံပါတ်သုံးခုနဲ့ သူ့လိပ်စာကတ်"

ဒေါ်တင်တင်ကြီးက မင်းသောတ၏ လိပ်စာကတ်ပြားကို လှမ်းပေးလိုက်သည်။

တေးသခင် လှမ်းယူလိုက်သည်။

One Man ကုမ္ပဏီတဲ့လား စိတ်တွင်း၌ လိပ်စာနှင့်ဖုန်းနံပါတ်များကို အလွတ်ကျက်မှတ်လိုက်သည်။

ပထမဦးဆုံး ဟန်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ စက်ပိတ်ထားပုံရသည်။ ဖုန်းအော်ပရေတာ၏ တုန့်ပြန်ချက်ကို ကြားလိုက်ရသည်။

နောက် ကုမ္ပဏီဖုန်း၊ အချိန်က ညခုနစ်နာရီဆိုတော့ ကုမ္ပဏီ၌ မရှိတန်ဘူးဟု ထင်မိသော်လည်း လိုရမယ်ရ ဆက်လိုက်ခြင်းဖြစ်သည်။

"ဟဲလို ဝမ်းမင်းကုမ္ပဏီကပါရှင်. . ."

". . . . . . . . . . . . . . . . ."

"ဦးမင်းသောတနဲ့ တွေ့ချင်လို့ပါ. . ."

"ဆရာ ခုလေးတင် ညစာစားပွဲ သွားပါတယ်ရှင်၊ ဘယ်ကဆက်တယ် ပြောပေးရပါမလဲ"

တေးသခင် စိတ်ထင့်ခနဲဖြစ်သွားသည်။

ကုမ္ပဏီကနေ တန်းသွားတာဆိုတော့ သူ့ဆက္ကရီ (အတွင်းရေးမှူး)တော့ ပါသွားပေလိမ့်မည်။

"ပြင်ဦးလွင်ကပါ ရောက်ရောက်ချင်း ဖုန်းပြန်ဆက်ဖို့ ပြောပေးပါ"

"ကုမ္ပဏီကို ပြန်လာမလာတော့ မသိဘူးရှင့်"

"အေးလေ ပြန်လာရင်သာပြောလိုက်ပါ"





www.burmeseclassic.com

www.burmeseclassic.com



တေးသခင် ဖုန်းချလိုက်သည်။

"ဘာလဲ မရှိပြန်ဘူး မဟုတ်လား"

"ဟုတ်တယ် ကြီးမေ၊ ညစာစားပွဲသွားတယ်တဲ့"

"ညတိုင်းလိုလိုပါပဲလား၊ စိတ်ပျက်ဖို့ကောင်းနေပြီ. . ဒီလောက် အပျော်မက်ရင် မကောင်းဘူးထင်တယ်"

"ကျွန်တော် အိမ်ကိုပါထပ်ဆက်ပြီး ပြင်ဦးလွင်ကို ပြန်ဆက်ဖို့ ပြောထားလိုက်ဦးမယ် ကြီးမေ"

"အေး. . အေး. . ကောင်းတယ်"

ဒေါ်တင်တင်ကြီးက တေးသခင်နှင့်သားဖြစ်သူ နီးစပ်မှုရှိစေရန် အမျိုးမျိုးအကြံထုတ်နေသည်။ တေးသခင်ကိုတော့ ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြီးသားဖြစ်၍ သူတို့နှစ်ယောက်ကြား၌ ဘာမှ ရှိုးတို့ရှန့်တန့် ဖြစ်စရာမလို. . .။

"ဦးမင်းသောတနဲ့ တွေ့ချင်လို့ပါ"

"ဆရာ ပြန်မလာသေးပါဘူးရှင်"

ဘုရားရေ မိန်းကလေးအသံပါပဲလား။ လူပျိုလူလွတ်အိမ်၌ အိမ်ဖော်မိန်းကလေး ငယ်ငယ်ရွယ်ရွယ်ရှိနေသလား။

"အခုပြောနေတာ ဘယ်သူလဲ"

"ကေသီပါ. . ဆရာရဲ့ ဆက်ကြာခ်တေရီပါ၊ ခုပြောနေတာရော ဘယ်သူလဲ"

"ဘယ်သူလဲဆိုတာ မင်းကို ပြောပြနေစရာမလိုဘူး၊ သူပြန်လာရင် ပြင်ဦးလွင်က အမေ့ဆီကို ချက်ချင်းဖုန်းပြန်ဆက်ဖို့ ပြောလိုက်ပါ ဒါပဲ"



တေးသခင် စိတ်ပျက်လက်ပျက် ဖြစ်သွားသည်။

တေးသခင် မျက်စိမျက်နှာပျက်သွားမှုကို အကဲခတ်လိုက်မိသော ဒေါ်တင်တင်ကြီးက. . .

"ဘာဖြစ်လို့လဲ သမီး"

"ကြီးမေသား အိမ်မှာ ဘယ်သူတွေရှိနေသလဲ၊ အလုပ်သမားတွေ ရှိသလား"

"အင်း. . ဒေါ်အေးတစ်ယောက်တည်း မိန်းမရယ်လို့ရှိတာ၊ နောက် ဒေါ်အေးကိုဝိုင်းကူဖို့ ဒေါ်အေးတူ မောင်ထွေးရယ်၊ ခြံစောင့်ရယ်၊ မာလီရယ်ပဲရှိတာ ဘာဖြစ်လို့လဲ"

"ဒီလိုဆို သူ့ဆက်ကြာခ်တေရီကေသီဆိုတဲ့ မိန်းမက ဘာဖြစ်လို့ အိမ်ကိုရောက်နေရတာလဲ၊ အိမ်မှာရော ရုံးခန်းရှိသေးလို့လား"

"ဟင်. . ဆက်ကြာခ်တေရီက တစ်ယောက်ပြောင်းသွားပြန်ပြီလား၊ အရင်တုန်းက မာလာဆိုလား၊ ရှီစီဆိုလား"

"ကြီးမေသားက တော်တော်ရှုပ်တာပဲ"

တေးသခင် စိတ်ထဲမျိုသိပ်မထားတတ်သော သူ၏ ဉာဉ်အတိုင်း ဖွင့်ပြောချလိုက်သည်၊

ဒေါ်တင်တင်ကြီး မျက်နှာပျက်သွားသည်။ သားဖြစ်သူအပေါ် တေးသခင် စိတ်ပျက်သွားမှာ အင်မတန်စိုးရိမ်သည်။

လက်ရွေးစင်ရှာဖွေထားသော ချွေးမလောင်းလေးကို လက်လွှတ်ဆုံးရှုံးမခံနိုင်၊ သားဖြစ်သူကိုသာ သတိပေးဆုံးမပြီး အကျိုးအကြောင်းဖွင့်ပြောထားမှ ဖြစ်တော့မည်ဟု စိတ်တွင်း

www.burmeseclassic.com

www.burmeseclassic.com



ကျိတ်၍ ဆုံးဖြတ်လိုက်လေသည်။

တေးသခင်က. . .

“ကျွန်တော် စာရင်းဇယားတွေကြည့်လိုက်ဦးမယ် ကြီးမေ ကျွန်တော့်ကို ဘာခိုင်းစရာရှိသေးသလဲ”

“မရှိပါဘူးကွယ်၊ တကယ်လို့ ကြီးမေအိပ်သွားရင်သာ သားဆီကဖုန်းလာရင် ကြီးမေတွေ့ချင်လို့ အချိန်ရရင် ပြန်လာဖို့သာ ပြောပေးပါ”

“ဟုတ် စိတ်ချပါကြီးမေ၊ ကျွန်တော် တံခါးတွေပိတ်ပြီးမပြီး လိုက်စစ်လိုက်ဦးမယ်”

ဒေါ်တင်တင်ကြီး အပေါ်ထပ်သို့ တက်သွားချိန်၌ တေးသခင်သည် အိမ်၏တံခါးများ၊ ပြတင်းပေါက်များ ပိတ်ပြီးမပြီး လိုက်ကြည့်သည်။

အိမ်၏ ဗာဟီရအလုပ်သမားများက အိမ်ထောင်သည်များဖြစ်ခြင်းကြောင့် အလုပ်သမားတန်းလျား၌သာ နေကြသည်။

ဆယ့်ငါးနှစ်အရွယ် တူမတစ်ယောက်ကလည်း သိပ်အားကိုးရသူမဟုတ်။

သူ့ကို ထိန်းကျောင်းရတာပင် ရှုပ်သဖြင့် ဒေါ်တင်တင်ကြီးက အလုပ်သမားတန်းလျား၌ပင် ပြန်အိပ်စေသည်။

ဒေါ်တင်တင်ကြီးကလည်း အသက်ငါးဆယ်ကျော် အရွယ်သာဖြစ်၍ ခန္ဓာဝန်ကို ကောင်းစွာထမ်းဆောင်နိုင်သေးသည်။ အဘွားကြီးတစ်ဦးလို လှုပ်လီလှုပ်လဲ့မနေ။ ယောက်ျားကို မှီခိုအားထားခဲ့သဖြင့်သာ လုပ်ငန်းမကျွမ်းကျင်တာဘဲရှိသည်။





ကျန်းမာရေးကိုလည်း ဂရုစိုက်သူဖြစ်သည်။

တေးသခင် ရောက်လာသဖြင့် ဒေါ်တင်တင်ကြီးသည် သိသာစွာပင် ရွှင်လန်းကျန်းမာလာသည်။

သွေးတိုးရောဂါရှိသူဟုပင် မထင်ရလောက်အောင်ပင်။

တေးသခင် အောက်ထပ်၌ ညမီးကိုသာထွန်းခဲ့ပြီး အပေါ်ထပ်တက်ခဲ့သည်။

ဒေါ်တင်တင်ကြီး အိပ်ယာပေါ် လဲလျောင်းရင်း ပုတီးစိပ်နေသည်။

သားဖြစ်သူ၏ တယ်လီဖုန်းကို စောင့်မျှော်နေပုံရသည်။

တေးသခင် မိမိအိပ်ခန်းသို့ ဝင်လိုက်သည်။

ဒေါ်တင်တင်ကြီးနှင့် မျက်နှာချင်းဆိုင်အိပ်ခန်းတွင် နေပေးခြင်းတို့မှာလည်း ဒေါ်တင်တင်ကြီးကို စောင့်ရှောက်ပေးခြင်းပါသည်။

မန္တလေးရှိ မိခင်ထံသို့ ဖုန်းခေါ်လိုက်သည်။

“ဟဲလို”

“မေမေ သမီးပါ”

“အဆင်ပြေတယ်မှတ်လား သမီး”

“ပြေပါတယ် မေမေနေကောင်းလား”

“ကောင်းတာပေါ့”

“ဂွမ်းပုံလေးရော အိပ်သွားပြီလား”

ဂွမ်းပုံမှာ အစ်မတေးနုယဉ်၏ သမီးဖြစ်သည်။

ခြောက်လကျော်သာရှိသေးသည်။ တေးသခင် ကလေး



www.burmeseclassic.com

www.burmeseclassic.com



နှင့် အမေကိုတော့ လွမ်းချင်သလိုလို ဖြစ်သည်။ သို့သော်. . စိတ်ဓာတ်ပျော့ညံ့သူမဟုတ်သဖြင့် စိတ်သည် တဒင်္ဂသာဖြစ်သည်၊

"အိပ်သွာပြီး တင်တင်ကြီးရော"

"ပုတီးစိပ်နေတယ်"

"သူ့ကို ဂရုစိုက်ပါသမီးရယ်၊ ကုသိုလ်ရပါတယ်၊ ဟောသမီး ကိုကိုကြီးတို့မိသားစုလာကြပြီး မေမေ စကားပြောလိုက်ဦးမယ်နော်၊ ဘာကိစ္စရှိသေးလဲ"

"မရှိပါဘူး၊ သတိရလို့ဆက်တာပါ"

"ကလေးကျွေနေတာပဲ၊ ယောက်ျားပဲယူရတော့မယ် ဒါပဲနော်"

မေမေ ဖုန်းချသွားသည်။

တေးသခင်ရင်ထဲ လွမ်းသလိုလို ခံစားရင်း ဖုန်းကိုချလိုက်သည်။

မေမေ့စိတ်ဓာတ်က ခိုင်မာသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့သော်လည်း ဝမ်းနည်းကြေကွဲပူးဆွေးတမ်းတမှုကို ကြာရှည်ခံစားမနေဘဲ သားသမီးတွေအနာဂါတ်အတွက် အကောင်းဆုံးဖြစ်အောင် ဖန်တီးနိုင်ခဲ့သည်။

တေးသခင်လည်း မိခင်စိတ်ဓာတ်မျိုး မွေးမြူရပေမည်။

လုပ်ငန်းစာရင်းစာအုပ်များကို လှန်လှောရင်း လေ့လာလိုက်သည်။ ဦးဘမင်း မကွယ်လွန်မီက စာရင်းစာအုပ်နှင့် ကွယ်လွန်ပြီးစာအုပ်များကို နှိုင်းယှဉ်ကာ ကွာဟချက်များကို လေ့လာရလေသည်။



လုပ်ငန်းအားလုံးအပေါ် ထင်မြင်သုံးသပ်ချက်ကို မိမိ၏နေ့စဉ်မှတ်တမ်း၌ ရေးလိုက်သည်။ နောက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကိုလည်း မှတ်သားလိုက်သည်။

လုပ်ငန်းအားလုံး ပြီးစီးသွားသောအခါ နာရီကို လှမ်းကြည့်လိုက်သည်။

"ဘုရားရေ ဆယ်နာရီတောင် ခွဲသွားပါပြီကော"

ခါးကိုဆန့်ကာ အညောင်းအညာပြေ ဟိုဘက်ဒီဘက်ချိုးလိုက်ပြီးနောက် ဒေါ်တင်တင်ကြီး၏ အိပ်ခန်းဆီသို့ လျှောက်ခဲ့သည်။ ဒေါ်တင်တင်ကြီး ပုတီးလွတ်ကျကာ နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။

စောင်ကို ရင်ဘတ်ပေါ်အထိ အသာဖုံးပေးပြီး. . မီးချောင်းကိုပိတ်ကာ ညမီးကိုထွန်းပေးလိုက်သည်။

ဖုန်းပလပ်ကို အသာဖြုတ်ထားလိုက်သည်။

ဖုန်းသံကြောင့် လန့်နိုးရသည့်အဖြစ်မျိုး မဖြစ်စေချင်။

နောက် တံခါးကိုအသာစေ့ပြီး မိမိအိပ်ခန်းထဲသို့ ပြန်လာခဲ့သည်။

စားပွဲပေါ်၌ရှိနေသော မင်းသောတ၏ဓာတ်ပုံကို အသာယူကြည့်လိုက်သည်။

မပြုံး၏သို့ ပြုံး၏သို့ ရှိနေသောမျက်နှာကိုက ပွေမယ့်ရုပ်မယ့်ရုပ်။ ဒီလိုလူမျိုးကို အားကိုးလို့ဖြစ်နိုင်ပါ့မလား။ ယူပြီးခြေငြိမ်သွားရင်အကြောင်းမဟုတ်။ မငြိမ်သက် ဆက်လက်ပွေရှုပ်နေဦးမည်ဆိုပါက. . .



www.burmeseclassic.com

www.burmeseclassic.com



တေးသခင် ခေါင်းယမ်းလိုက်မိသည်။

"အဲဒီလိုရှုပ်ရင်တော့ မဖြစ်ဘူး၊ စိန်ခြူးကြာညောင်တေး သွားမျိုးလည်း မညည်းတွားနိုင်ဘူး ကိုယ်တော်၊ ရွှေလည်တိုင် ဖော့ရိုးကျိုးမတတ်လည်း မမျှော်နိုင်ဘူးသိလား"

ဟု ပြောကာ ခါတ်ပုံကိုပြန်ချလိုက်ပြီး တယ်လီဖုန်း ပလပ်ကို ဖြုတ်လိုက်သည်။

အိပ်ရေးဝဝလင်လင်အိပ် ငါးနာရီခွဲထ ဘုရားရှိခိုးပြီးရင် လေ့ကျင့်ခန်းယူ ရေမိုးချိုး နံနက်စာ စားသောက်သော အလေ့ အကျင့်ကို တေးသခင် ဖျက်၍မဖြစ်။

အလှအပကိုတော့ ထိန်းထားရမည်။ ဒါကလည်း မိန်းမ သားတို့၏ ဂုဏ်သရေတစ်မျိုးပင်။

"မင်းသောတဆိုတဲ့ လူပွေကြီးရေ ခင်ဗျားကို ကျွန်တော် တွေ့ချင်ပြီ မြန်မြန်လာခဲ့ပါလားကွယ်"

ဟု တမ်းတစိတ်ကလေးက ရင်တွင်းအခြောင့်ပေါက် လာလေပြီ။





# အခန်း(၄)

"သမီးကြည်ရတာ လန်းဆန်းနေတာပဲ"

"ဟုတ်တယ် ကြီးမေ၊ အိပ်ချိန်ကိုတော့ အနည်းဆုံး ငါး နာရီနဲ့ အများဆုံးခုနစ်နာရီခွဲအထိပဲ ယူတယ်၊ ပုံမှန် ငါးနာရီခွဲ ထတယ်၊ နေ့ခင်းအိပ်တဲ့အကျင့် လုံးဝမလုပ်ဘူးလေ"

"ညက သားဆီက ဖုန်းလာသေးလား"

"ဆယ်နာရီခွဲအထိ မလာလို့ ဖုန်းပလပ်ဖြုတ်ထားလိုက်

www.burmeseclassic.com

တယ်၊ နိုးတာနဲ့ ပြန်တပ်ပြီးပါပြီ၊ ကြီးမေသား ဖုန်းဆက်ရင် ပြောထားလိုက်ပါ ညဘက်ဆယ်နာရီခွဲနောက်ပိုင်းဆို မဆက်ဖို့"

"အင်း . . ကောင်းတယ်၊ ဒါမှ . . သင်းလဲ မှတ်လောက် သားလောက်ရှိမှာ၊ ခုချိန်ဆိုရင်လည်း အိပ်ယာကထဦးမှာ မ ဟုတ်သေးဘူး"

နံနက်စာ ကော်ဖီနှင့် ရှမ်းခေါက်ဆွဲစားကြရင်း စကား ပြောဖြစ်ကြသည်။

"ကျွန်တော် ခြံထဲဘက်သွားဦးမယ်၊ ကြီးမေရော အ ညောင်းပြေလိုက်ခဲ့ပါလား၊ စိုက်ခင်းတွေဘက် လမ်းလျှောက်ရ တော့ စိတ်ရှင်လန်းပြီး လေကောင်းလေသန့်လည်းရတယ်၊ ကျွန် တော်က မန္တလေးကိုမကြိုက်ဘူး၊ ပူလည်းပူ လျှောင်လည်းလျှောင် ကားတွေလူတွေနဲ့ မွန်းကြပ်နေတာပဲ"

"ဟုတ်တယ် . . ရန်ကုန်လည်းဒီအတိုင်းပဲ၊ သားတော် မောင်ကခေါ်လည်း တစ်ပတ်ဆယ်ရက်ထက် ပိုမနေနိုင်ဘူး . . ၊ စတော်ဘယ်ရီနဲ့ပန်းစိုက်ခင်း၊ မက်မန်းခြံကတော့ ကြီးမေထက် ကို အသက်ကြီးနေပါပြီလေ၊ ကြီးမေလိုက်ခဲ့မယ်"

တေးသခင်အတွက်တော့ ဒေါ်တင်တင်ကြီးသည် စိမ်းမ နေတော့။ အဒေါ်သားချင်းလိုပင် ရင်းရင်းနှီးနှီးဖြစ်သွားသည်။

"ဒရိုင်ဘာကို ကားထုတ်ခိုင်းလိုက် ဘုမ"

"ထုတ်ပြီး သန့်ရှင်းရေးသာလုပ်ထားလိုက် ဘုမ၊ မမ ကိုယ်တိုင်မောင်းမယ်"

တေးသခင် ဇိမ်မယူချင်သေး ငယ်ရွယ်တုန်းအချိန်၌





ကိုယ့်ခြေကိုယ့်လက်သာ ဖြစ်ချင်သေးသည်။

"သမီးက နေရာသိလို့လား"

"ရောက်စ နေ့ကပဲ အကုန်လိုက်ပို့ထားခိုင်းပြီးလို့ မှတ်မိ နေတယ်၊ အလုပ်ခွင်ကို အချိန်မရွေးသွားလာနိုင်တယ်၊ အပြန် ဟိုတယ်ကိုဝင်မယ်နော် ကြီးမေ"

"သွားလေ သားဖုန်းဆက်ရင် ထမင်းစားချိန်ပြန်ဆက်ဖို့ သာ ပြောထားလိုက်ကြနော်"

"ဟုတ်"

တေးသခင်အနေနှင့် ယောက္ခမလောင်းကိုတော့ သ ဘောကျနေပြီ။ သိပ်ပါးစပ်ပါးစပ်မများ။ အေးဆေးပြီး စာဖတ်၊ ဗုတီးစိပ်၊ အခွေကြည့်၊ ပန်းပင်ကြား ဟိုပါဒီပါ မာလီကို ဟိုခိုင်း ဒီခိုင်းမျိုးလောက်သာရှိသည်။ အိမ်နီးချင်းတွေဆီကိုတော့ သွား လည်တတ်သည်။ ကြာရှည်တော့မဟုတ်။

အိမ်နီးချင်းနှင့်သူငယ်ချင်းများကို အိမ်မှာတစ်ခုခုလုပ် ကျွေးပြီး မကြာခဏဖိတ်တတ်သည်။ ဒါကလည်း အဖော်မဲ့သူ တို့၏ သဘာဝအတိုင်း အဖော်ခံမင်ခြင်းဖြစ်သည်။

ကားမပြောင်သည့်နေရာကို တေးသခင်က ထောက်ပြ ပြီး ပြန်သုတ်ခိုင်းသည်။

ဒရိုင်ဘာမောင်မဲလည်း အပျင်းထူခဲ့သမျှ တေးသခင် နှင့်မှ ခံရသည်။

"မျက်နှာသုတ်ပုဝါတွေ စုတ်သည့်အထဲ မဲမဲညစ်ညစ် မထားနဲ့ပေါ့ ပြန်လျှော်ထားလိုက်ပါ၊ မင်းကို ဒီနေ့ သုံးစရာမရှိ


www.burmeseclassic.com

www.burmeseclassic.com

ဘူး အပိုဝင်ငွေရချင်ရင် နေကြာစေ့ထုတ်တဲ့ဆီမှာ ဝင်လုပ်လို့ရတယ်နော်"

တေးသခင်၏ ခွင့်ပြုချက်ကြားလိုက်ရသည်နှင့် မောင်မဲမျက်နှာဝင်းပသွားသည်။

"ဒါပေမယ့် ကားနဲ့ပတ်သက်တဲ့ သန့်ရှင်းမှု၊ ကားဝိုဒေါင်သန့်ရှင်းမှု၊ ဆီပျောက်မီးပျောက်တွေတော့ မပြတ်သန့်ရှင်းပေးရမယ်၊ ကားပြန်ရောက်တာနဲ့ ဘီးကအစ ဆေးကြောထားပြီး အသစ်အတိုင်း အမြဲရှိနေရမယ်နော်"

"ဟုတ်ကဲ့မမ စိတ်ချစိတ်ချ မမ စိတ်တိုင်းကျဖြစ်စေရမယ်"

ဒေါ်တင်တင်ကြီးက မောင်မဲ၏ဖွဲ့ကို ချွတ်ပေးသောတေးသခင်ကို သဘောကျပြီးရင်း ကျနေသည်။

"ကျွန်တော်ရောက်လာပြီဆိုတော့ ဒီကားအတွက် ဒရိုင်ဘာဟာ အပိုဖြစ်သွားပါပြီ၊ ဒါပေမယ့် ချက်ချင်းဖြုတ်လို့ကလည်း မဖြစ်ဘူးလေ၊ ကားနဲ့ပတ်သက်ပြီး ဝပ်ရှော့ခ်တို့ဘာတို့ကြတော့ ယောက်ျားလေးမှ ကောင်းတာ"

တေးသခင်က ကားမောင်းရင်း ဒေါ်တင်တင်ကြီးကို ရှင်းပြသည်။

"သူ့အတွက် ရွှေးချယ်ပိုင်ခွင့်တစ်ခုကို ဖန်တီးပေးလိုက်တာ၊ သူ နေကြာစေ့ထုပ်ပိုးမှာ ငွေပိုရတယ် သူကိုယ်တိုင် ပြောင်းချင်တယ်ဆိုရင် တစ်မျိုးစီစဉ်ပေးရအောင်"

"ခု လစာနှစ်မျိုးရသလိုဖြစ်တော့ သူဘယ်ထွက်ချင်မှာမလဲ"

"ဒရိုင်ဘာလစာကို ကြီးမေတို့ပေးထားတာ ရှစ်သောင်းနော်"

"ဟုတ်တယ်. . ဘာဖြစ်လို့လဲ နည်းနေလို့လား"

"ရန်ကုန်ထက်စာရင်တော့ နည်းတယ်ဆိုရပေမယ့်. . နေရာဒေသအရဆိုရင်တော့ မနည်းပါဘူး၊ ဒါတောင်. . သူ ဘာကြောင့် အပျင်းထူချင်ရတာလဲလို့ ကျွန်တော် တွေးနေမိလို့၊ ပိုလျှံဝန်ထမ်းတွေ လျှော့သင့်လျှော့ရမယ်၊ တကယ် ဝီရိယစိုက်ထုတ်တဲ့ ဝန်ထမ်းတွေကိုဆုပေး လစာတိုးမြှင့်ပေးတာတို့ လုပ်သင့်တယ်၊ ဆုပေးဒဏ်ပေးစနစ်ကျင့်သုံးရင် ခိုကပ်တော့မှာ မဟုတ်ဘူး"

တေးသခင်က ကားမောင်းရင်း သူ၏ဆန္ဒကို ဒေါ်တင်တင်ကြီးကို ဖွင့်ဟတိုင်ပင်ခဲ့သည်။

ဒေါ်တင်တင်ကြီးက. . .

"သားအဖေရှိတုန်းက ကြီးမေကိုဘာမှမတိုင်ပင်ခဲ့ဘူး ကြီးမေကလည်း အလုပ်အကြောင်းနားမလည်သလို ဖြစ်နေခဲ့တယ်၊ အင်း. . သားကိုလည်း ဒီနယ်တစ်ဝိုက်မှာပဲ ကုမ္ပဏီဖွင့်ဆောက်လုပ်ရေးလုပ်ငန်းတွေလုပ်ပြီး နေစေချင်တယ်ကွယ်. . ၊ ကြီးမေမှာ ဒီသားအမိနှစ်ယောက်တည်းရှိတာ ကြီးမေရဲ့ဆန္ဒကို ဖြစ်အောင် အကောင်အထည်ဖော်ပေးဖို့ကိုလည်း သမီးခေါင်းထဲ ထည့်ထားပေးဦးနော်"

"စိတ်ချပါ"





www.burmeseclassic.com

www.burmeseclassic.com

ဟု နှုတ်ကဖွင့်မပြောရဲပါ။ ယောကျ်ားတစ်ယောက်ကို ကိုယ့်ဘက်ပါအောင် စည်းရုံးဖို့ကိစ္စသည် လွယ်ကူသောကိစ္စ မဟုတ်ပေဘဲ။

ထို့ကြောင့်. . . ပြုံးရုံသာပြုံးလိုက်ပြီး. . .

"ကျွန်တော် ကြိုးစားပါ့မယ်"

မိခင်နှင့် ဒေါ်တင်တင်ကြီး၏ဆန္ဒကို ဖြည့်ပေးချင်သော ဆန္ဒကလည်းတစ်ကြောင်း၊ ထို့ထက်ပို၍ မိမိကိုယ်တိုင်ကလည်း 'မင်းသောတ'ဆိုသောပုဂ္ဂိုလ်ကို ဓာတ်ပုံမြင်ဖူးရုံနှင့် စွဲစွဲလမ်းလမ်း ဖြစ်သွားခြင်းကလည်းတစ်ကြောင်း ဖြစ်သည်။

"သားကို ညာခေါ်ဦးမှထင်တယ်"

"ဘယ်လိုညာမှာလဲ ကြီးမေ"

"နေမကောင်းဘူးတို့ ဘာတို့ပေါ့"

"မညာပါနဲ့ကြီးမေ ညာမှန်းသိသွားရင် ကြီးမေသားက ကြီးမေအပေါ် အထင်သေးသွားမှာပေါ့၊ အရေးအကြောင်းကိစ္စ ရှိလို့ခေါ်ရင် မလာတော့ဘဲနေမယ်"

တေးသခင်၏ အမြော်အမြင်ကြီးမှုကိုလည်း ဒေါ်တင်တင်ကြီး သဘောကျသွားရပြန်သည်။

"အေး. . ဒါလဲဟုတ်တာပဲ၊ ကျား. . ကျားပုံပြင်လို ဖြစ်နေဦးမယ်"

တေးသခင် ဒေါ်တင်တင်ကြီးသားနှင့်ပတ်သက်၍ ဘာမှမပြောချင်တော့။

မိန်းကလေးက စရမည့် ယုန်ကမတိုး ပိုက်ကတိုးရမည့်





အလုပ်မျိုးမလုပ်နိုင်။

မိမိအပါး ရစ်ဝဲကြသည့် ပျားပိတုန်းပေါင်းများစွာကို တောင် ဥပေက္ခာပြုနိုင်ခဲ့သည်ပဲ။

'မင်းသောတ'နှင့်ကျမှ မိမိ၏ဣန္ဒြေကို ထိပါးစေမည့် အလုပ်မျိုးမလုပ်နိုင်။

'မင်းသောတ'ကို လျှော့တွက်၍တော့မရ။ မင်းသောတ အပါး၌ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေတတ်သည်။ ဒီကြား ထဲတောင် သူက ရပ်တည်နိုင်စွမ်းရှိသည်ဆိုတော့ သူ့နှလုံးသား သည်လည်း နုယ်နုယ်ရရ နှလုံးသားမျိုးမဟုတ်။ သံမဏိနှလုံး သားပိုင်ရှင်လော. . .။

"ကြီးမေသားက သူ့အဖေဆုံးပြီး ဒီကိုဘယ်နှခါလောက် လာပြီးပြီလဲ၊ လေးငါးခြောက်လ ရှိပြီထင်တယ်နော်"

"ခြောက်လနဲ့ ဆယ်ရက်ရှိသွားပြီ"

ရက်အတိအကျ ပြောနိုင်စွမ်းရှိသည်၊

ဒေါ်တင်တင်ကြီးရင်ထဲ ခင်ပွန်းအပေါ် အောက်မေ့ တမ်းတစိတ်ကတော့ ရှိနေမည်။ ငယ်လင်ငယ်မယားဖြစ်ခြင်းက ပင်လျှင် မမေ့ရက်စရာထင်ပါသည်။

တေးသခင် လူ့စိတ်တွေကို ဖောက်ထွင်းမြင်နိုင်စွမ်းရှိ အောင် ကြိုးစားရင်း လူ့လောကကို အောင်မြင်မှုသရဖူဆောင်း နိုင်ရန် ကြိုးစားရပေမည်။

"ဝမ်း" အလုပ်သမားကို အောင်မြင်ဖို့က လွယ်ကူသည်။ ဝမ်းမင်းကုမ္ပဏီပိုင်ရှင်ကို အောင်မြင်ဖို့ကတော့. .

www.burmeseclassic.com

www.burmeseclassic.com



လွယ်ကူလိမ့်မည်မဟုတ်ပေ။

"အကြောင်းကိစ္စကြီးငယ်ရှိရင်တော့ အချိန်မရွေး တက်လာမယ်ပြောတယ်၊ အမေကို မချစ်တာလဲမဟုတ်ဘူး၊ သူကိုက ပြင်ဦးလွင်နေရာယောက် နယ်ကျဉ်းတယ်၊ ရန်ကုန်လို နေရာမျိုးမှာနေပြီး ကမ္ဘာ့နိုင်ငံတွေနဲ့ ဆက်ဆံရတဲ့အလုပ်ကမှ နယ်ကျယ်တယ်ဆိုပြီး ရန်ကုန်မှာပဲ သူ့ဌေးလုပ်ချင် အလုပ်လုပ်ချင်တယ်တဲ့လေ"

"သူ ဘာနဲ့ကျောင်းပြီးတာလဲ"

"ဘီအီးနဲ့ပဲ"

"သူ ဘာနေ့သားလဲ"

"ကြာသပတေးသားလေ"

"ဟင်. ."

တေးသခင်အနေနှင့် . . ဘယ်နေရာမဆို သိထားရင် ကောင်းတယ်ဆိုပြီး ဗေဒင်လက္ခဏာကိုလည်း မိန်းမသားပီပီ အနည်းငယ် ယုံကြည်မှုတော့ ရှိနေသဖြင့် လေ့လာထားသည်။

"ဘာလဲ သမီးက စနေဖြစ်နေလို့ နေ့နံမတည့်ဘူးပြောမလို့လား၊ မေးပြီးပြီ နက္ခတ်တည့်တယ်၊ ရန်တကျက်ကျက်ဖြစ်ပြီး စီးပွားတက်မယ်၊ စီးပွားဖက်လည်းဖြစ်မယ်၊ သားကောင်းသမီးကောင်း ရတနာတွေ ထွန်းကားမယ်တဲ့"

တေးသခင် မျက်နှာတစ်ပြင်လုံး ထူပူသွားသည်။

မိခင်နှစ်ယောက်က ဒါကြောင့် ဤကိစ္စကို ဒီလောက် ဖြစ်စေချင်ကြတာကိုး။



"မင်းသောတရေ ခင်ဗျားကတော့ အဲဒီမှာပဲငြိမ့်နေ . .၊ ဒီမှာကတော့ မင်္ဂလာကိစ္စဖြစ်ဖို့အတွက် ဖိအားပေးခံနေရပြီ သိရဲ့လား"

ဟု ရင်တွင်း၌ မင်းသောတကို တိုင်တည်လိုက်မိလေသည်။

"ကြီးမေတော့ သမီးကိုပဲ အားကိုးတယ်၊ ကြီးမေတို့ တွန်းအားပေးတာထက် သမီးကိုယ်တိုင်ဆွဲဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မျှော်လင့်နေတာ"

"ကျွန်တော်ကြိုးစားပါ့မယ်"

ဟု စိတ်ချမ်းသာစေရန် ကတိပေးလိုက်သည်။

လွယ်တော့ လွယ်ကူသောကိစ္စမဟုတ်။

မိခင်၏ ဆန္ဒကိုလိုက်လျောဖို့ရာ မိမိ၏ ဂုဏ်သိက္ခာကို နင်းနှိုးရမှာလား။ သို့သော်. . .

မိမိကိုယ်တိုင်က သူ့အပေါ် ချစ်ခင်စွဲလမ်းသွားလေပြီဆိုတော့. . အချစ်လိုချင်လျှင် အချစ်ပေးဆပ်ရုံသာရှိသည်။

အလုပ်ကိစ္စက အားလုံးအဆင်ပြေသည်။ နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်သည်။ တိုးတက်နိုင်စေရမည်ဟုလည်း ယုံကြည်သည်။ အချစ်ကိစ္စကိုတော့. . .

အိမ်ပြန်ရောက်သည်နှင့် တေးသခင်ကပင်. . .

"ဘုမရေ၊ ရန်ကုန်က ဖုန်းလာသလား"

"မလာဘူး မမ"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



'ဟေ'ဟူသောအသံက ဒေါ်တင်တင်ကြီးထံမှ ထွက်သွားခြင်းဖြစ်သည်။

ဤကိစ္စကိုလည်း အလုပ်ကိစ္စတစ်ခုအနေနှင့် တေးသခင် သဘောထားပြီး လုပ်ဆောင်ရမည်။

ပထမဦးဆုံးအနေနှင့် မင်းသောတ ပြင်ဦးလွင်သို့ အမြန်ရောက်လာစေရမည်။

နံပါတ်နှစ်အချက်အနေနဲ့ မင်းသောတသည် တေးသခင်ကို တွေ့မြင်စွဲလန်းသွားစေရမည်။

နံပါတ်သုံးအချက်အနေနှင့် မင်းသောတဘက်ကပင် အမြန်ဆုံးလက်ထပ်ပါရစေဟု တောင်းဆိုရမည်။

ဒါက မိခင်များ၏ဆန္ဒကို ဖြည့်စွက်ပေးရမည့်ကိစ္စ။

လက်ထပ်ပြီး နယ်မြေလုမည့်ကိစ္စကတော့ နောင်ခါလာ နောင်ခါချေး နောက်မှဖြေရှင်းရမည်။ ညှိနှိုင်းရမည့်ကိစ္စပင်။

"ကျွန်တော် ထပ်ခေါ်ပေးမယ် ကြီးမေ"

တေးသခင်ကလည်း အလုပ်တစ်ခုစမိပြီဆိုလျှင် နောက်မဆုတ်တတ်၊ ဖြစ်မြောက်အောင်မြင်စေချင်သည်။

ထို့ကြောင့် ချက်ချင်းပင် အလွတ်ရနေပြီဖြစ်သော မင်းသောတ၏ ဟန်းဖုန်းနံပါတ်ကို နှိပ်လိုက်သည်။

"အမိန့်ရှိပါရှင်"

ဘုရားရေ သူ့ဟန်းဖုန်းကို ကိုင်သည့်သူမှာ မိန်းကလေးဖြစ်နေပါလား။ မင်းသောတ ဘယ်လိုလူလဲ။

"ဦးမင်းသောတနဲ့ တွေ့ချင်ပါတယ်"



"ဆရာရေချိုးနေပါတယ်ရှင်၊ ဘယ်သူကဆက်တယ်လို့ ပြောပေးရမလဲရှင်"

"ပြင်ဦးလွင်က သူ့မိခင်အိမ်က ဆက်တယ်၊ ရေချိုးပြီးတာနဲ့ ပြန်ဆက်ပါလို့ပြောလိုက်"

တေးသခင်ရင်ထဲ ဒေါသမီးတောက်လောင်စ ပြုလေပြီ။ ဖုန်းကိုချလိုက်သည်။

ဒေါ်တင်တင်ကြီးက မျက်စိမျက်နှာပျက်နေသော ချွေးမလောင်းကိုကြည့်ပြီး စိုးရိမ်စိတ်ဝင်လာသည်။

သူ့သားအကြောင်း သူကောင်းကောင်းသိနေသည်။ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေတာကို သိသည်။ သူငယ်ချင်းပေါင်း မိတ်ဆွေပေါင်း ပေါင်းသည်။ ပွေရှုပ်ခြင်းတော့မဟုတ်။ သူစိုးရိမ်တာက သူ့သားပျော့ညံ့ပြီး မိန်းမစိတ်ဝင်သွားမှာကိုပဲ ဖြစ်သည်။

ထိုသံသယကိုတော့ ချွေးမလောင်းကို ဖွင့်မပြောရဲချေ။ ပွေသည် ရှုပ်သည်ကမှ တော်သေးသည်။

"ကြီးမေသားက ရေချိုးနေတယ်တဲ့၊ သူ့ဖုန်းကို ကိုင်တာ မိန်းကလေးဖြစ်နေတယ်၊ ညက အိမ်ရောက်နေတဲ့ မိန်းကလေးအသံပဲ၊ အဲဒါ မလွန်လွန်းဘူးလားကြီးမေ"

"ဒီလိုဆို အိမ်ရဲ့လိုင်းဖုန်းကို ဆက်ကြည့်လိုက်ပြီး ဒေါ်အေးကိုခေါ်လိုက်သမီး"

ဒေါ်တင်တင်ကြီးက အကြံပေးသည်။

တေးသခင် မဆိုင်းမတွပင် ဖုန်းခလုတ်ကို နှိပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါ. . .

"ဟဲလို"

"ဒေါ်အေးရှိသလား၊ ဒေါ်အေးနဲ့တွေ့ချင်တယ်"

မိန်းမငယ်အသံဖြစ်သဖြင့် တေးသခင်က အထက်စီး လေသံနှင့်ပင်ပြောလိုက်သည်။

"ခဏ ကိုင်ထားပါ"

အင်း. . မင်းသောတ၏ ဇနီးလုပ်ဖို့က တော်တော်မလွယ်ကူ။ ဝမ်း၏ အလုပ်သမားပေါင်း ခုနစ်ဆယ်ကျော်၊ ဝမ်းမင်းအလုပ်သမားက နှစ်ရာနီးပါးရှိသည် ဆိုပါလား။ အလုပ်သမားမိသားစုသုံးရာကို ထမင်းကျွေးနိုင်သော ထမင်းရှင်၊ အလုပ်ရှင်အနေနှင့် ကုသိုလ်တော့ရပါသည်။ စိတ်တိုင်းမကျသည့်အခါ၌ ဆူဆူပူပူနှင့် ဒေါမနဿ အကုသိုလ်စိတ်အနည်းငယ်တော့ ရှိပေဦးမည်။

"ဟဲလို"

"ဒေါ်ဒေါ်အေးပါလား၊ ခဏနေ ကြီးမေစကားပြောမလို့တဲ့"

တေးသခင် ဖုန်းခွက်ကို ဒေါ်တင်တင်ကြီးလက်ထဲသို့ ထည့်ပေးလိုက်သည်။

"မအေးလား၊ အေး. . ငါပဲ၊ ငါ့သားအိမ်မှာ မိန်းမဆိုလို့ နင်တစ်ယောက်တည်းရှိရမှာ ဘယ်ကမိန်းမတွေ ရောက်နေတာလဲ"

". . . . . . . ."



"ဟာ. . ဘယ်ဖြစ်မလဲ၊ ဒီပြင်မှာ စီစဉ်ပေးလိုက်၊ နင်ပြတ်ပြတ်ပြောလိုက်ပါ၊ ငါ မမကြီးဆီ သတင်းပို့ရမှာပဲလို့ အပြတ်သာပြောလိုက်"

". . . . ."

"ဘာမှကြောက်စရာမလိုဘူး၊ သားက နင့်ကိုတော့ ချစ်တာပဲ ငါခိုင်းတယ်လို့သာပြော"

". . . ."

"နောက် ငါးကိုယ်စား တေးသခင် ဖုန်းဆက်လိမ့်မယ် သူပြောတာကိုလည်း နင်ဆောင်ရွက်ပေးရမယ်၊ သားနဲ့ငါ သဘောတူတဲ့မိန်းကလေးပဲ"

". . . . ."

"အေး. . အေး. . ဒါဖြင့် ချလိုက်တော့၊ သားကိုအခုသွားပြောလိုက်"

ဒေါ်တင်တင်ကြီး ဖုန်းချလိုက်သည်။ ပြီးတော့ တေးသခင်အား. . .

"သူ့စက္ကူတေရီ ညီအစ်မတွေနဲ့ နယ်ကရောက်လာပြီး အလုပ်ရှာတာမို့လို့ သူ့အိမ်မှာ ခဏတည်းတာတဲ့၊ သူ့ကုမ္ပဏီမှာပဲ အလုပ်ပေးရအောင် သူ့အစ်မက တမင်ကပ်နေတာတဲ့"

"ဘုရားရေ ရဲတင်းလှချည်လား၊ ဘယ်နှယောက်တောင်လဲ"

"နှစ်ယောက်တဲ့၊ စက္ကူတေရီပါဆိုရင် သုံးယောက်ပေါ့၊ အောက်ထပ်ဧည့်ခန်းမှာပဲ ပေးတည်းတာပါ၊ တစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်လုပ်ဖို့ ဒေါ်အေးနဲ့အဖော်ရအောင်ဆိုပြီး ပြောနေလို့ သားက စဉ်းစားနေတယ်တဲ့"

"မိန်းမတွေနဲ့ ဒီလောက်ရောရောယှက်ယှက်နေတာတော့ ကျွန်တော်မကြိုက်ပါဘူး ကြီးမေ"

တေးသခင် ပွင့်လင်းစွာပင် ပြောလိုက်သည်။

ဒေါ်တင်တင်ကြီး မျက်နှာပျက်သွားသည်။ သူ့စိတ်တိုင်းကျ ရွေးချယ်ထားသော ချွေးမလောင်းလေး စိတ်ပျက်သွားမှာ အင်မတန်စိုးရိမ်သဖြင့် ပြာပြာသလဲပင်. . .

"ကြီးမေလဲ မကြိုက်ပါဘူး၊ သားက သဘောကောင်းတယ်၊ သဘောရိုးနဲ့ကူညီတတ်တာပေါ့၊ မိန်းကလေးမှမဟုတ်ဘူး ယောကျ်ားလေးသူငယ်ချင်းတွေကိုလည်း အကူအညီပေးတာပဲ"

ထိုစဉ် တယ်လီဖုန်းခေါ်သံမြည်လာသဖြင့် တေးသခင်က ဒေါ်တင်တင်ကြီးကို လှမ်းကြည့်လိုက်သည်။

"သမီးပဲ ကိုင်လိုက်"

ဒေါ်တင်တင်ကြီး ခွင့်ပြုလိုက်သည်။

တေးသခင် ကိုင်လိုက်သည်။

"အမိန့်ရှိပါ"

"ဝမ်းဂေဟာကလား"

"ဟုတ်ပါတယ်ရှင်"

အောင်မြင်ခန့်ညား၍ ဩဇာရှိသောယောကျ်ားတစ်ယောက်၏အသံ။ မင်းသောတ ဖြစ်မည်ဟု တေးသခင် တွေးဆကြည့်ကာ ရင်ခုန်သံမြန်လာသည်။



"ခင်ဗျားက ဘယ်သူလဲ"

"ခင်ဗျားကကော ဘယ်သူလဲ"

မန္တလေးသူပီပီ ကျွန်တော် ခင်ဗျားသုံးတတ်သော ဓလေ့အတိုင်း နှုတ်ကျိုးနေသဖြင့် တေးသခင်က ပြန်မေးလိုက်သည်။

"ကျုပ်ဘယ်သူလဲ ခင်ဗျားသိဖို့မလိုဘူးထင်တယ်၊ ကျုပ်အိမ်ပေါ်ရောက်နေတဲ့ခင်ဗျားကသာ ဘယ်သူလဲဆိုတာ ကျုပ်သိဖို့လိုတယ်"

ဒေါ်အေးက ဖောက်သည်ချလိုက်ပြီထင်ပါသည်။ မင်းသောတက ကွဲမြီးတိုနေလေပြီ။

"ကျွန်တော်ရောက်နေတာ ဦးဘမင်း ဒေါ်တင်တင်ကြီးအိမ်ပဲ၊ ကျုပ်လို့ပြောနေတဲ့ ခင်ဗျားအိမ်မဟုတ်ဘူး"

"ဦးဘမင်း ဒေါ်တင်တင်ကြီးက ကျုပ်မိဘတွေဖြစ်တဲ့အတွက် ကျုပ်အိမ်ပေါ့၊ နေစမ်းပါဦး အမိက ဘာကိစ္စ ကျုပ်အမေအိမ်ကို ရောက်နေတာလဲ"

တေးသခင် စကားပြောခွက်ကို လက်နှင့်အုပ်လိုက်ပြီး

"ကြီးမေ သမီးသူ့ကို နည်းနည်းပညာပြပါရစေနော်၊ ခွင့်ပြုပါ"

"ရတယ်. . ပြောပြော၊ နောက်ဆုံးမှ ကြီးမေ ပြောမယ်၊ သမီးလက်ထဲ အပ်ထားပြီးသားပဲ"

တေးသခင် ကျေနပ်စွာဖြင့် လက်ကိုပြန်ဖွင့်ပြီး. . .

"ဒေါ်တင်တင်ကြီးခေါ်တဲ့ ကြီးမေကို သနားလို့ ပြုစုဆောင့်ရှောက်ရအောင် ရောက်လာတဲ့သူပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ကျုပ်အမေ့ကို သနားရအောင် ကျုပ်အမေက အကောင်းကြီးပဲ ဘာဖြစ်နေလို့လဲ၊ ကျုပ်တစ်ယောက်လုံးရှိနေတာ ခင်ဗျားဘာမှ သနားစရာမလိုဘူး"

"အဲဒီခင်ဗျားက အမေကိုပြုစုလို့လား၊ လပေါင်းချီပြီး သူစိမ်းအလုပ်သမားတွေနဲ့ ပစ်ထားခဲ့တယ် မဟုတ်လား၊ ကိုယ့်မိဘရဲ့ ဒုက္ခနဲ့လိုအပ်ချက်ကို ခင်ဗျားဘာဖြည့်ဆည်းပေးလို့လဲ၊ ဒါကြောင့် ကျွန်တော်လာဖြည့်ဆည်းပေးတာ"

"ခင်ဗျား သက်သက်အပိုင်ကြံချင်လို့ လာတာမဟုတ်လား"

"ထင်ချင်သလိုထင်လေ၊ ကျွန်တော်အရေးမစိုက်ဘူး၊ ဒါပေမယ့် ခင်ဗျားကို အရေးစိုက်ပြီးသတိရနေတတ်တဲ့ ခင်ဗျားအမေကိုတော့. . ခင်ဗျား နေ့စဉ် ဖုန်းလေးဘာလေးဆက်သင့်တယ်၊ လာတွေ့ဖို့တော့မလိုပါဘူး ကျွန်တော်တစ်ယောက်လုံးရှိနေပြီပဲ"

တေးသခင် တမင်ပင် လာစေချင်သူကို မလာစေချင်သည့်သဘောမျိုးဖြင့် စိတ်ကို ဆွပေးလိုက်သည်။

"ခင်ဗျားဗျာ. . မိန်းမတန်မယ့် ယောကျ်ားလူပျို တစ်ယောက်ရှိတဲ့အိမ်မှာ ပိုင်စိုးပိုင်နင်း တက်နေရဲတယ်လို့"

"ကျွန်တော်နေတာက မိန်းမသားချည်းပဲ နေနေကြတဲ့အိမ်၊ ခင်ဗျားအိမ်ပေါ်က မိန်းမတွေကသာ ယောကျ်ားလူပျိုတစ်ယောက် လက်ရှိနေထိုင်တဲ့အိမ်ပေါ်မှာ နေရဲကြတာ၊ ဘယ်သူ အရှက်နည်းသလဲဆိုတာ ခင်ဗျားအရင်စဉ်းစားပေးဦး. . ဒါဲ





ခင်ဗျားနဲ့စကားပြောချင်တာ ကျွန်တော်မဟုတ်ဘူး ကြီးမေ၊ ကြီးမေနဲ့ပြောလိုက်ဦး"

"တောက်. ."

တက်ခေါက်သံနှင့်အတူ သူဒေါပွနေမည်ကို တေးသခင် တွေးလိုက်မိပြီး ပြုံးလိုက်မိသည်။

ဒေါ်တင်တင်ကြီးလက်ထဲသို့ စကားပြောခွက်ကို ထည့်ပေးလိုက်သည်။

ထို့နောက် သားအမိချင်း လွတ်လွတ်လပ်လပ် ပြောပါစေဟု သဘောထားပြီး ခပ်ဝေးဝေး၌ပင် နေလိုက်သည်။

ဘာတွေပြောကြမည်ကို ခန့်မှန်းကြည့်မိသည်။

မင်းသောတက မိမိကို ဘယ်သူနည်းဟု အရင်ဆုံး မေးပေလိမ့်မည်။

ဒေါ်တင်တင်ကြီးက ချွေးမလောင်းဟုဖြေပေလိမ့်မည်။ ထိုအခါ မင်းသောတသည် အမေထက် အိမ်ပေါ်ရောက်နေပြီး ဩဇာပါဝါပြနေသော မိမိကို ပိုဒေါသဖြစ်ပေလိမ့်မည်။

နောက် မိမိကို တွေ့ချင်လာလိမ့်မည်ဟု မျှော်လင့်မိသည်။

မကြာခင် မင်းသောတ ရောက်လာလိမ့်မည်ဟု တွက်ဆလိုက်မိတော့ ရင်ခုန်ခြင်းတို့သည်. . တေးသခင်ထံသို့ စုပြုံရောက်ရှိလာကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၅)

"ကြီး မေ. . ဟိုတယ်ဘက် သွားကြည့်လိုက်ဦးမယ်၊ လိုက်မလား"

"မလိုက်တော့ဘူးသမီး၊ ဒီနေ့ မာလီနဲ့ သစ်ခွပန်းအိုးတွေ ဆေးဖြန်းမယ့်နေ့ပဲ၊ ကြီးမေနေခဲ့မယ်"

"ဒါဖြင့် ကျွန်တော်သွားလိုက်ဦးမယ်၊ ကြီးမေ ကိုယ်တိုင် မလုပ်ပါနဲ့ မာလီကိုပဲညွှန်ကြားပြီး လုပ်ခိုင်းနော် ကြီးမေ"





ဒေါ်တင်တင်ကြီးသည် သူ၏ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကို မနိုင့်တနိုင်ကြားက တစ်ပါးသူကိုအားမရ၊ ကိုယ်တိုင်ကိုယ်ကျ လုပ်ချင်သည့်စိတ်က ရှိနေသည်ကို သိရှိလိုက်ပြီဖြစ်သောကြောင့် တေးသခင်က သတိပေးလိုက်ခြင်းဖြစ်သည်။

"အေး. . အေး. ."

ဟုသာ ဒေါ်တင်တင်ကြီးက မိမိစိတ်ချမ်းသာအောင် ပြောဆိုလိုက်ခြင်းဖြစ်မည် ဖြစ်သော်လည်း ကိုယ်တိုင်ကိုယ်ကျ အနည်းငယ်တော့ လုပ်ဆောင်ပေလိမ့်ဦးမှာတော့ သေချာသည်။

တေးသခင် ဟိုတယ်ဘက်သို့ ထွက်ခဲ့သည်။

ကားမောင်းရင်း မင်းသောတအကြောင်း တွေးမိသည်။

ဖုန်းဆက်တိုင်း မိန်းကလေးများနှင့်သာ ကြုံရသည်။

အိမ်ကမိန်းကလေးများကိုလည်း မဖယ်ရှား. .၊ ကိုယ်ဆောင်းရင် ခေါင်းမရှေ့ပါဘူးဟုပြောကာ ဆက်ထားသည်။

သူ့ထံဆက်လျှင် အတွင်းရေးမှူးမိန်းကလေးနှင့် တွေ့ပြီးမှ သူနှင့်တွေ့ရသည်။

တေးသခင် မင်းသောတနှင့် စကားပြောပြီးနောက်ပိုင်း ဖုန်းခေါ်ပေးသည်ကလွဲ၍ ဒေါ်တင်တင်ကြီးနှင့်သာ စကားပြောခဲ့သည်။

မင်းသောတနှင့်သူ ထိပ်တိုက်ရင်မဆိုင်တော့။

သုံးလေးရက်တော့ ရှိသွားပြီ။ မင်းသောတ ညတိုင်းဖုန်းမခင်ထံဖုန်းဆက်သည်။ လူကိုယ်တိုင်တော့ ရောက်မလာသေးချေ။

www.burmeseclassic.com

www.burmeseclassic.com



ဝင်းတိုတယ်သို့ ရောက်ရောက်ချင်းပင် ဧည့်ကောင်တာမှ ဝန်ထမ်းက. . .

"မန်နေဂျာ အိမ်ကဖုန်းဆက်တယ်၊ သူ့ဌေးကတော် ချော်လဲလို့တဲ့ အဲဒါ. . ."

"ဘုရားရေ"

တေးသခင် ငယ်ထိပ်မြွေပေါက်နေပြီး ခေါင်းနပန်းကြီးသွားသည်။

"ဘာဆက်မှာသေးလဲ"

"မန်နေဂျာကို အသိပေးဖို့ပဲ ဆက်တယ်"

"ကောင်းပြီ၊ ဒါဖြင့် ကျွန်တော် ပြန်လိုက်မယ်၊ လိုအပ်တာရှိရင် အိမ်ကိုပဲဆက်ပါ"

"ဟုတ်ကဲ့"

တေးသခင် ချက်ချင်းပင် ပြန်ထွက်ခဲ့သည်။

အခြေအနေ ဆိုးဆိုးရွားရွား မဖြစ်ပါစေနဲ့ဟုသာ ဆုတောင်းလိုက်မိသည်။ စောစောကပင်. . မိမိသတိပေးခဲ့သေးသည်။ ပန်းခြံထဲက သစ်ခွရုံကို မိမိဝင်မကြည့်ဖြစ်ခဲ့။ သစ်ခွပန်းကိုမှ မကြိုက်ပေဘဲ။ အားချိန်နည်းသည်ကလည်း ပါသည်။

တေးသခင် အိမ်ရောက်တော့ ဒေါ်တင်တင်ကြီး ထိုင်နေသည်။ သို့သော် နာကျင်မှုကြောင့် ဖြူဖျော့နေသည်။ တစ်အိမ်သားလုံး အနားမှာ ပြာယာခတ်ပြီး မျက်စိမျက်နှာပျက်နေကြသည်။

"ဆရာဝန် မခေါ်ဘူးလား"



"ခေါ်ထားတယ်"

မိသားစုဆရာဝန်ကြီးက ရှိနေသည်။ ပြင်ဦးလွင်၌ အခြေချသော အငြိမ်းစားဆရာဝန်အချို့သည် မိသားစုဆရာဝန်အဖြစ်သာ မိတ်ဆွေများကို အကူအညီပေးရင်း အေးဆေးစွာနေသူများ ရှိသည်။ ထိုအထဲတွင် အထွေထွေရောဂါကုဆရာဝန်ကြီးသောင်းဌေးမှာ ဒေါ်တင်တင်ကြီး၏ သူငယ်ချင်းဖြစ်သည်။

"ဂေါက်ကွင်းသွားတယ်ဆိုလို့ လိုက်ခေါ်နေတယ်"

တေးသခင်က နာကျင်နေသောခြေထောက်ကို အသာကြည့်ကာ စိုးရိမ်စိတ်ဝင်သွားရသည်။

"ကျိုးများသွားသလား" ဟူသော ပူပန်မှုက တကယ့်ကို ရင်တွင်းမှမီးတောက်နေသည်။ မင်းသောတအပေါ် အတ်စီးက မရနိုင်တော့။ သူ့မိခင်အပေါ် မစောင့်ရှောက်နိုင်ခြင်းသည် မိမိအမှတ်လျော့စေပြီ။

ဆရာဝန်ကြီးရောက်လာတော့ ဓာတ်မှန်ရိုက်ရန်နှင့် အရိုးအကြောပါရဂူနှင့်တွေ့ရန် အာရောဂျဆေးခန်းသို့ တစ်ပါတည်း ခေါ်ဆောင်သွားသဖြင့် တေးသခင် ဒေါ်တင်တင်ကြီးကို ချွတာစိုက်တွဲခေါ်သည်။ ဘယ်ဘက်လက် မခံရပ်နိုင်အောင် နာကျင်နေသည်။ ပွန်းပဲ့ဒဏ်ရာတို့ကတော့ တေးသခင်ကိုယ်တိုင် ဆေးထည့်ပေးထားပြီးဖြစ်သည်။

ဓာတ်မှန်ရိုက်အပြီး၌ တေးသခင် မထင်ကောင်းခြင်းကောင်း ထင်ထားသည့်အတိုင်းပင် ညာဘက်လက်ဆစ်ရိုး ကျိုးသွားခဲ့သည်။ သွင်သွင်းကျိုးခြင်းဖြစ်ခြင်းကြောင့် မြတ်တောက်

www.burmeseclassic.com

www.burmeseclassic.com



ကာ စတီးချောင်းထည့်ရမည်ဖြစ်သဖြင့် ခွဲစိပ်ကုသရမည်။ ဆေးရုံတက်ရမည်။

တေးသခင်ကို သဘောတူမတူမေးသည်။ တေးသခင်က ကာယကံရှင်ကိုလည်း မပြောရက်သဖြင့် ဆရာဝန်ကြီး ဦးသောင်းဌွေး သဘောဆန္ဒအတိုင်းလုပ်ဖို့သာ ပြောသည်။

ဆရာဝန်ကြီး ဦးသောင်းဌွေးနှင့် အရိုးအကြောဆရာဝန်ကြီးတိုင်ပင်ကာ ခွဲစပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဒေါ်တင်တင်ကြီးကိုတော့ တေးသခင်က. . .

"အရိုးအဆစ်လွဲသွားလို့ လှုပ်လို့မဖြစ်ဘူးတဲ့၊ ဆေးရုံတက်ပြီး ထုံဆေးနဲ့ပြန်တည့်ပြီး ကျောက်ပတ်တီးစည်းရမယ်ပြောတယ် ကြီးမေ"

"အေးလေကွယ် ကြီးမေကိုက ဆတ်ဆော့မိတာကိုး. . သမီးစကားကိုနားမထောင်မိဘဲ ဒီသစ်ခွရုံထဲသွားမိတာကိုထ ကြီးမေအပြစ်. . ကျွတ်. . ကျွတ် နာလိုက်တာကွယ်"

ဒေါ်တင်တင်ကြီးသည် လေသံမျှသာ စကားပြောနိုင်လေသည်။

ခွဲစိပ်မည်ကိုတော့ တေးသခင် ဖုံးဖိထားလိုက်သည်။ ဆရာဝန်ကြီး ဦးသောင်းဌွေး၏ အကြံဉာဏ်ပင်. . .။

"ဒေါ်တင်တင်ကြီးက ကြောက်တတ်တယ်၊ မပြောတာ အကောင်းဆုံးပဲ"

တေးသခင် ဒေါ်တင်တင်ကြီးကောင်းဖို့ လုပ်ဆောင်ပေးခြင်းဖြစ်သည်။



ဆေးရုံတက်၊ သူနာပြုငှား၊ မိမိကိုယ်တိုင်စောင့်၊ ခွဲခန်းအဝင်အထွက် မခွာတမ်းစောင့်ခဲ့သည်။

အိမ်သို့ပင် အလုပ်သမားတွေသာလွှတ်ပြီး လိုအပ်တာ ယူခိုင်းခြင်းလုပ်ရသည်။ မင်းသောတကိုလည်း အကြောင်းကြားနိုင်းရသည်။

မင်းသောတကို မတွေ့။ စင်ကာပူသို့ ခရီးထွက်သွားသည်တဲ့။ ဒေါ်အေးကိုသာ မှာထားလိုက်ကြောင်း သိရသည်။

တေးသခင် ဒေါ်တင်တင်ကြီး ခွဲခန်းမှ ထွက်လာပြီး ဆရာဝန်ကြီးက. . .

"အားလုံးအိုကေတယ်"

"ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်"

"ဆေးရုံတော့ တက်ရမယ်၊ ချုပ်ရိုးဖြည်၊ ကျောက်ပတ်တီးပတ်ပြီးမှ အိမ်ပြန်ခွင့်ပေးမှာ"

"ရပါတယ် ဆေးရုံဆိုတော့ စိတ်ချရတာပေါ့ သူငယ်ချင်းရာ"

ဆရာဝန်ကြီးဦးသောင်းဌွေးက ဝင်ပြောလိုက်သဖြင့် တေးသခင် ပြုံးနေလိုက်သည်။

"ကိုင်း. . ဘဘ ပြန်လိုက်ဦးမယ် သမီး"

"ဟုတ်ကဲ့ပါ ဘဘ"

တေးသခင် နှစ်ကိုယ်သာ ခွဲလိုက်ချင်သည်။

အိမ်ကိုစောင့်ရှောက်ဖို့ထက် ဒေါ်တင်တင်ကြီးကိုစောင့်ရှောက်ဖို့ အရေးကြီးသည်ဟု ခံယူလိုက်သည်။ သို့သော် လက်



www.burmeseclassic.com

www.burmeseclassic.com

ထောက်မန်နေဂျာကိုတော့ ခေါ်ယူကာ စာရင်းဇယားများ လာပို့ရန် ပြောသည်။

တေးသခင် မိခင်ထံဖုန်းဆက်လိုက်ပြီး. . အကျိုး ကြောင်းပြောတော့ မိခင်ကတက်လာကာ တစ်ရက်နှစ်ရ နေပေးမည်ဟု ပြောသဖြင့် တေးသခင် ဝမ်းသာသွားရသည်

ဖြစ်ရမယ်။ အကောင်းဆုံးတွေသာ ဖြစ်ချင်သည်။ ဖြ စေရမည်ဟု အားခဲကာမှ အဆိုးဆုံးမဟုတ်သော်လည်း အ အနေဆိုးတစ်ခုက ဖြစ်ပေါ်လာရတယ်လို့။

တေးသခင် မကျေမနပ်ဖြစ်မိသည်။

တေးသခင်စိတ်ထဲ မင်းသောတ အနေဖြင့် မိမိအပေ ဘာအပြစ်မှ ရှာမတွေ့ပါစေနဲ့ဟု အားခဲထားကာမှ. . .

မေ့ဆေးအရှိန် မပြယ်သေးသဖြင့် မေ့မျောနေသ သော ဒေါ်တင်တင်ကြီးကိုကြည့်ကာ တေးသခင် သက်ပြင်း လိုက်မိသည်။







# အခန်း(၆)

"သမီးကို ကြီးမေ သိပ်ကျေးဇူးတင်တာပဲ၊ သားက လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ. . သမီးဟာ ကြီးမေ သမီးပါပဲ"

ထမင်းကို ကိုယ်တိုင်ပဲ စားချင်သည်ဆိုသဖြင့် ဘယ် လက်ဖြင့် ဇွန်းကိုင်ကာ စားနိုင်စေရန် တေးသခင်က ထမင်းနှင့် အနှစ်နယ်ပေးခြင်း၊ ငါးရိုးထွင်ပေးခြင်းကအစ ကိုယ်တိုင်လုပ်


www.burmeseclassic.com

www.burmeseclassic.com

ပေးသည်။

သူနာပြုငှားစရာမလိုဘဲ အိမ်အလုပ်သမား အကူအညီနှင့် ရေချိုးအဝတ်လဲကအစ တေးသခင် ကိုယ်တိုင်ပင် လုပ်ပေးသည်။

ဒေါ်တင်တင်ကြီး ဝမ်းသာပီတိ ဖြစ်ရသည်။ သူ ချွေးမ အရွေးမမှားကြောင်းသိရသဖြင့် ပိုမိုကျေနပ်သည်။ တေးသခင်တို့ မောင်နှမသည် မိခင်မုဆိုးမ ဒေါ်မြတ်လေး၏ ရင်ငွေ့ဝယ် ခိုလှုံကာ ကြီးပြင်းကြသည်။

မိခင် သွန်သင်ဆုံးမမှုနှင့် လိမ္မာယဉ်ကျေးပြီး စည်းစနစ်ကျနသော စွယ်စုံလုပ်နိုင်စွမ်းရှိသောသူများပီပီ တေးသခင်သည် မန်နေဂျာလည်း လုပ်နိုင်သည်. . ။ အိမ်ထောင်လည်း ထိန်းနိုင်သည်။ လိုအပ်လာပါက သူနာပြုလည်း လုပ်နိုင်စွမ်းပါ ရှိလေသည်။ .

တေးသခင်က လွှဲပြီး သားဖြစ်သူကို ဘယ်မိန်းမနှင့်မှ မပေးစားနိုင်ဟု ဆုံးဖြတ်လိုက်သည်။

သူငယ်ချင်း မြတ် နှစ်ညအိပ် နေပေးသွားသေးသည်။

"ယောက်ျားဆိုတာကတော့ လူလွတ်ဘဝမျိုးမှာ ခြေမှားတာ၊ ဂနာမငြိမ်တာတွေတော့ ရှိကြတာပါပဲ၊ ဒါပေမယ့် ကိုဘမင်းနဲ့ တင်ကြီးသားဟာ ခင်ပွန်းကောင်းတစ်ယောက်တော့ ဖြစ်ရမယ်လို့ကို မြတ်ယုံကြည်တယ်၊ ပြီးတော့ တင်ကြီးလဲ မြတ်သမီးရဲ့ အရည်အချင်းကို အကဲခတ်မိမှာပါ၊ တင်ကြီးသားကို သူ ပြုပြင် လွှမ်းမိုးသွားနိုင်မှာပါ၊ အဲဒီအခါသာ သားကို ချွေးမနိုင်လှချည်





လားဆိုပြီး စိတ်မကောင်းမဖြစ်လေနဲ့"

ဟု ပြောသောအခါ သူကပင်. . .

"ဘာဖြစ်လို့ဖြစ်ရမှာလဲ၊ ကျေကျေနပ်နပ်နဲ့ကို ပြုံးပြုံးကြီး ကြည့်နေလိုက်မှာ၊ သမီးက သားကို မတရားသဖြင့် အနိုင်ယူမှာမှ မဟုတ်တာဘဲ"

ဒေါ်တင်တင်ကြီး အတွေးဖြင့် ပြုံးလိုက်မိသည်။

"ကြီးမေ ဘာပြုံးတာလဲ"

တေးသခင်က ထမင်းဝါးရင်း ပြုံးလိုက်သော ဒေါ်တင်တင်ကြီးအပြုံးကို မြင်မိအောင်မြင်လေသည်။

"ဘာမှမဟုတ်ပါဘူး၊ မြတ် ပြောသွားတာကို သတိရလို့ပါ"

"မေမေ ဘာပြောသွားလို့လဲ"

"မြတ်သမီးဟာလည်း တင်ကြီးသမီးပဲပေါ့လို့ ပြောသွားလို့လေ၊ ကြီးမေက သမီးချွေးမထက် သမီးရင်းအဖြစ်ကို ချစ်နေရပြီ၊ ကိုဘမင်းက သမီးရူးရူးနေခဲ့တာ၊ သူသာရှိရင်လည်း သမီးကို ချစ်မှာပဲဆိုတာ တွေးမိလို့"

တေးသခင် ရှက်ပြုံးပြုံးမိသည်။ သားရှင်ဘက်က သဘောကျခြင်းခံရသည့်အတွက် ဂုဏ်ယူရမည်ပင်။ သို့သော်. . .

ယောက်ျားလောင်းအပေါ် . . တေးသခင် ကျေနပ်သော်လည်း သတို့သားလောင်းကိုတော့ဖြင့်. . .

ထိုစဉ် တယ်လီဖုန်းခေါ်သံနှင့်အတူ မရှေးမနှောင်း၌ ဘုမ၏ ခေါ်သံထွက်ပေါ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဆရာ့ဆီကဖုန်း ကြီးကြီး"

စင်ကာပူက ပြန်ရောက်လာပြီထင်သည်။ ဒေါ်တင်တင်ကြီးက တေးသခင်အား လှမ်းကြည့်ပြီး. . .

"ကြီးမေ စိတ်ဆိုးနေလို့ စကားမပြောချင်ဘူးလို့သာ ပြောလိုက်၊ သမီးပဲ ကိုင်လိုက်ပါ၊ ကြီးမေကို လုံးဝခေါ်မပေးနဲ့၊ ပြောချင်ရင် ချက်ချင်းပြန်လာခဲ့လို့သာပြောလိုက်"

တေးသခင် 'ဟုတ်ကဲ့'ဟုဆိုကာ ထပြီး ဧည့်ခန်းတယ်လီဖုန်းစင်အနီးထိုင်ကာ. . ချထားသော စကားပြောခွက်ကို ကောက်ယူကာ. . .

"ဟဲလို ပြောပါ"

"ခင်ဗျားနဲ့မတွေ့ချင်ဘူး၊ မေမေကော"

"ကြီးမေ ထမင်းစားနေတယ်၊ ရှင်နဲ့မတွေ့ချင်ဘူး ပြောလို့ ကျွန်တော်လာကိုင်တာ"

"ဘာဖြစ်လို့မတွေ့ချင်ရတာလဲ၊ ခင်ဗျား ကျုပ်အမေကို ဘာတွေအကြပ်ကိုင်ပြီး သွေးဆောင်ဖြားယောင်းထားသလဲ"

တေးသခင်အသံထွက်အောင် ခစ်ခနဲရယ်လိုက်မိသည်။ မင်းသောတသည် အတော်ကလေးဆန်သော လူတစ်ယောက်ဖြစ်လိမ့်မည်ဟု မထင်ထားမိခဲ့ပါချေ။

"တော်တော်ရယ်စရာကောင်းနေပါလား ဦးမင်းသောတရယ်၊ ထားပါ. . ဒီကိစ္စက ခင်ဗျားသံသယစိတ်ပဲ အရေးမပါဘူး၊ အရေးပါတဲ့ကိစ္စတွေ ကျွန်တော် အရင်ပြောမယ်"

"ပြော"





ဆောင့်ကြီးအောင့်ကြီးလေသံနှင့် ပြောလိုက်သည်။ တော်တော်ကလေးဆန်တဲ့လူ။ ကလေးဆိုးကြီးတစ်ယောက်လိုပါပဲလားဟု ကောက်ချက်ချရင်း. . .

"ကြီးမေ သစ်ခွရုံထဲမှာ ချော်လဲသွားတာ ညာဘက်လက်ကို ထောက်မိပြီးလဲတဲ့အတွက် ညာလက်တံတောင်ဆစ်ရိုးနား သွင်သွင်ကျိုးသွားတယ်"

"ဟင်. . ခင်ဗျားတို့. . . တောက်"

"ပြီးဆုံးအောင် နားထောင်ပါဦးရှင်"

"ပြောဗျာ. . ပြော"

"ဆရာကြီးဦးသောင်းဌေးနဲ့ တိုင်ပင်ပြီး ဒီက အာရောဂျံဆေးရုံကိုတင်တယ်၊ အဲဒီမှာပဲ ခွဲစိပ်ကုသပြီးကြေမွသွားတဲ့နေရာစတီးရိုး အစာထိုးဆက်ပေးလိုက်ကြတယ်၊ ချုပ်ရိုးဖြည်ပြီးပြီ. .၊ ဒါပေမယ့် အခုတော့ ပီအိုပီ(ကျောက်ပတ်တီး)ကိုင်ထားတုန်းပဲ၊ တစ်လကြာမှ ဖြည်ရမယ်"

"ခင်ဗျားတို့ အသုံးမကျလို့. . ."

"ထားပါတော့လေ၊ ဒါပေမယ့် ခု ကြီးမေက ကျွန်တော်တို့ကို ကျေးဇူးတင်ပြီး ခင်ဗျားကို စိတ်နာလို့ ဖုန်းလာမကိုင်တာကြည့်လေ၊ ခင်ဗျား ဘာလုပ်သင့်သလဲဆိုတာ ခင်ဗျားဘာသာစဉ်းစားပြီး ဆုံးဖြတ်ပေတော့၊ ဒါပဲနော်. . ."

'နေဦး'ဟူသော မင်းသောတ၏ ကမန်းကတန်းလှမ်းတားမြစ်သံကို ဥပေက္ခာပြုလိုက်ပြီး တယ်လီဖုန်းကို ချလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

ထင်သည့်အတိုင်း ဖုန်းခေါ်သံထပ်ထွက်လာသဖြင့်. .

"ဟဲလို"

"မေမေ့ကို ပြောလိုက်ပါ။ ခုပဲ စင်ကာပူက ရောက်တဲ့ အကြောင်းနဲ့ ဒီမှာစီစဉ်စရာရှိတာ စီစဉ်ပြီးတာနဲ့ ချက်ချင်းထွက်ခဲ့မယ်လို့"

"ဟုတ်ကဲ့ စိတ်ချပါရှင်၊ ဒါပဲလား"

"ဆေးတွေဘာတွေ လိုအပ်သေးသလား"

"ဘာမှမလိုအပ်ပါဘူး၊ မိခင်တစ်ယောက်အနေနဲ့ တစ်ဦးတည်းသောသားရဲ့ မေတ္တာကိုပဲ အရမ်းလိုအပ်နေတယ်ဆိုတာ ခင်ဗျားသိထားရင် ပြီးတာပါပဲ"

တေးသခင် အနိုင်နှင့်ပိုင်းကာ ဖုန်းချလိုက်သည်။

မန္တလေးသူပီပီ နှုတ်ကျိုးနေသော 'ကျွန်တော်' 'ခင်ဗျား' အသုံးအနှုန်းကို ပြင်ဖို့ရာ မလွယ်ကူပေ။ ထိုအသုံးအနှုန်းတွေကိုက ရန်ကုန်၌ ကျောင်းအိပ်ကျောင်းစားနှင့် ကြီးပြင်းခဲ့သော မင်းသောတလို ရန်ကုန်သားအတွက် နားဝင်ပီယံ ရှိချင်မှရှိမည်။

တေးသခင်သည် မိခင်နှင့်ပြောလျှင်တော့ သမီး၊ အစ်ကို အစ်မများ၊ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ အားလုံးနှင့်တော့ 'ကျွန်တော်' 'ခင်ဗျား' ဖြစ်နေသည်က ခက်သည်။

ထမင်းစားခန်းသို့ ပြန်လာ၊ ချထားသော ဇွန်း၊ ခက်ရင်းကို ကောက်ကိုင်ပြီး ဒေါ်တင်တင်ကြီးကို မင်းသောတနှင့် ပြောဆိုခဲ့ပုံများ မင်းသောတ မှာပုံများကို အေးအေးဆေးဆေးပင် ပြောပြလိုက်သည်။





"ခုမှ ဟိုသီချင်းထဲကလိုဖြစ်နေတယ်၊ ရန်ကုန်သားနဲ့ မန္တလေးသူလေ"

"သူက ရန်ကုန်သားလား"

"ဟုတ်ပ သမီးရယ်. .၊ သူ့အဖေက ရန်ကုန်သား၊ သူ့အဖေ ဆွေမျိုးတွေအားလုံး ရန်ကုန်မှာလေ၊ သူ့ကို ရန်ကုန်မှာပဲ မွေးတာ၊ သူ သုံးနှစ်မှာ ပြင်ဦးလွင်မှာ အခြေချပေမယ့် သူ့အဘွားနဲ့ အဘိုးက ကျောင်းထားတာနဲ့ သူတို့ဆီပြန်ခေါ်လို့ နယ်မြေလုပြဿနာတောင် ဖြစ်ကြသေးတယ်၊ သားကို မခွဲနိုင်လို့ ကြီးမေ သား ဆယ်နှစ်အထိတော့ ရန်ကုန်လိုက်နေတယ်၊ နောက်တော့ သား မလိုက်လည်း ကိုယ့်သားက ကိုယ့်သားပါပဲလေဆိုပြီး လင်မယားနှစ်ယောက် ပြင်ဦးလွင်မှာပဲ အခြေချခဲ့ကြတာ၊ ကြီးမေက ဇာတိမြေမှာပဲပျော်တာကိုး၊ ဦးဘမင်းလဲ ကြီးမေနဲ့စိတ်တူကိုယ်တူပဲ၊ ဘယ့်နှယ့် သားကျမှ ရန်ကုန်ကိုခင်တွယ်တယ် မသိပါဘူး၊ ကျောင်းပိတ်ရက်တွေမှ ပြန်လာတယ်၊ အလုပ်လုပ်တော့ လာချိန်တောင် မမှန်ဘူး"

"ဟိုဘက်က အဘိုးအဘွားတွေက အရမ်းအလိုလိုက်တယ် ထင်တယ်"

"ဟုတ်တယ် သမီးရဲ့၊ ခု သူလုပ်နေတဲ့လုပ်ငန်းက အဘိုးရဲ့အမွေအနှစ်နဲ့ လုပ်ငန်းကို ဆက်လုပ်တာလေ၊ အဘိုးထက် လက်စောင်းထက်တော့ ပိုအောင်မြင်လာလေ၊ ပြင်ဦးလွင်နဲ့ အဆက်ပြတ်လေဖြစ်လာတာ"

တေးသခင် ဒေါ်တင်တင်ကြီး၏ ရည်ညွှန်းချက်တွေကို

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုသဘောပေါက်လာလေသည်။

ဒေါ်တင်တင်ကြီးမှာ ဇာတိမြေ၌အေးချမ်းစွာ နေထိုင်လိုသည်။ တစ်ဦးတည်းသောသားကိုလည်း အနားမှာပင် ထားချင်သည်။ နောက်ဆုံး မိမိကပါ ဒေါ်တင်တင်ကြီးဘက်က ကူ၍ မဲဆွယ်ပေးရတော့မည်။

"လွယ်တော့မလွယ်ဘူး၊ နယ်ကျယ်ပြန့်မှုမှာ အောင်မြင်မှုရနေတဲ့ လူရွယ်တစ်ယောက်အနေနဲ့ နယ်မြေကျဉ်းကလေးမှာ လုပ်ငန်းချုံ့လုပ်ပြီး နေဖို့ဆိုတာ တော်တော်မလွယ်ဘူး ထင်တယ် ကြီးမေ၊ တော်ကြာ သူ့နောက် သမီးပါသွားရင် ကြီးမေ ရင်နာရလိမ့်မယ်နော်"

"အင်း သားဘက်ကကြည့်တော့လည်း ဟုတ်ပါတယ်၊ သူ့တက်လမ်းကို အတောင်ရိုက်ချိုးလိုက်သလို ဖြစ်မှာစိုးတယ်၊ ဒါပေမယ့် အချို့လုပ်ငန်းတွေမှာ ကိုယ်တိုင်ဦးဆောင်နေဖို့လည်း မလိုပါဘူး၊ ကျွမ်းကျင်တဲ့သူခန့်အပ်ပြီး ဝင်ငွေထွက်ငွေ စာရင်း မှန်မမှန် လိမ်ညာမှုရှိမရှိ စစ်ဆေးလိုက်ရင်ပြီးတာပါပဲ၊ ခုကြည့် သမီး အိမ်မှာနေပြီး တစ်နေရာကို တစ်ခေါက်ပဲသွားတယ်၊ ညစဉ်နေ့စဉ် လုပ်ငန်းစာရင်းစာအုပ် စစ်ဆေးလိုက်တော့. . သမီးရုံးတောင် ထိုင်စရာလိုလို့လား"

"ကြီးမေ သဘောက. . "

"မိဘဆီ တစ်လဲ၊ လုပ်ငန်းပါးချိန်မျိုး လာနေ၊ အလုပ်များချိန် ပြန်သွား၊ စိတ်ချတဲ့လူယုံတွေနဲ့ လွှဲထားလည်း ရပါတယ်"

"လာတော့. . တိုင်ပင်ပါ၊ ကြီးမေရဲ့ဆန္ဒကိုလည်း သမီး



သူ့ကို ပြောပေးပါ့မယ်"

"ဟုတ်တယ် ပြောပေးသမီးရယ်၊ ဟိုတယ်လုပ်ငန်းကသားရှိုး၊ မူဆယ်၊ မန္တလေးမှာလည်း တိုးချဲ့လို့ရပါတယ်၊ ကြီးမေတို့လည်း သူ့ဆီကို မကြာခဏ လိုက်နေပေးကြတာပေါ့"

ဒေါ်တင်တင်ကြီးက တေးသခင်အပေါ် အပိုင်ချည်နှောင်ထားပြီးသား ဖြစ်နေလေသည်။

တေးသခင် စဉ်းစားရခြင်းမှာ ဖြစ်ကြောင်းကိုတော့ စိတ်ကောင်းမှာစိုးသဖြင့် ထည့်မပြောတော့ပေ။

ဘယ်အချိန် ဖုန်းဆက်ဆက် သူနှင့်တိုက်ရိုက်တိုးတာရယ်ဟူ၍ မရှိ။ ညစာစားပွဲရောက်နေတယ်ဆိုလဲ သူ့ဟန်းဖုန်းကမိန်းကလေးကိုင်သည်။ ကားပေါ်မှာဆိုလည်း မိန်းကလေး၊ ဟိုတစ်နေ့က ရေချိုးနေပါတယ်ဟု မိန်းကလေးတစ်ယောက် ပြောလိုက်ကတည်းက မင်းသောတကို လန့်စပြုလာခဲ့သည်။

သို့သော် ဓာတ်ပုံထဲက မင်းသောတကိုတော့ တေးသခင် စွဲလန်းနေမိပြီ။

ဓာတ်ပုံထဲကကဲ့သို့ပင် တည်ကြည်ခန့်ညားသော ရုပ်ရည်အတိုင်း မိန်းမကိစ္စပါ တည်ငြိမ်မည်ဆိုပါက. . .

တေးသခင် ရင်ထဲ စိတ်ကူးယဉ်နန်းတော်တစ်ခု တည်ဆောက်မိလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အပိုင်း (၂)





# အခန်း(၇)

**မင်း**သောတ ရောက်သွားတော့ ပြင်ဦးလွင်အိမ်ကြီးသည် ယခင်နှင့်မတူ သစ်လွင်တောက်ပနေသည်။ မှုန်ကုပ်ကုပ်မြနေ၊ ခန်းဆီးလိုက်ကာများကအစ ကြည်လင်တောက်ပနေသည်။

နှင်းမှုန် မကွဲတကွဲ၌ အားကစားဝတ်စုံနှင့် အပြေးလေ့ကျင့် ပြန်လာသော အမျိုးသမီးတစ်ယောက်က. . ခြံဝိုဟ်မှသည်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးပေါ်တီကိုအောက်ဆီသို့ တရွေ့ရွေ့မောင်းရင်း အိမ်တို လှမ်းအကဲခတ်နေသော သူ့ကားကို ကျော်တက်သွားသည်။

နောက် ချက်ချင်းပင် အရှိန်လျှော့ပြီး သူ့ကားနှင့်ယှဉ် ပြေးကာ သူ့အား ငဲ့စောင်းကြည့်သည်။

မျက်လုံး။ ဘယ်လိုမျက်လုံးမျိုးလဲ။

ခုမှတွေ့သော သူစိမ်းတစ်ယောက်ကိုကြည့်သောအ ကြည့်က ကြည်လဲ့နေသည်။ ရွှင်ပျနေသည်။

ယောက်ျားတစ်ယောက်ကို ညှို့ယူဖမ်းစားဖို့ ကြိုးစား သော မိန်းမတစ်ယောက်၏ မျက်လုံးမျိုး။

"ခင်ဗျားရောက်လာတာ စောသားပဲ"

"မင်း. . တေးသခင်လား"

"ဟုတ်တယ်. .၊ ကြီးမေတော့ ဝမ်းသာမှာပဲ"

ပြောပြောဆိုဆို ကားကိုကျော်ကာပြေးပြီး အိမ်သေ ဘက်မှတစ်ဆင့် နောက်ဖေးလှေကားဘက်သို့ ဦးတည်သွားသော သည်။

ချွေးသံရွှဲရွှဲမျက်နှာတောင် အတော်လေးကြည့်ကောင်း သည်။ အပြစ်ဆိုစရာ ဘာမှမရှိအောင် ချောမောသော မိန်းက လေးတစ်ယောက်ဖြစ်သည်။

ခန္ဓာကိုယ် တည်ဆောက်ပုံကလည်း အချိုးအစားတွေ လှသည်။ မယ်တက္ကသိုလ်ဘွဲ့ရတစ်ဦးဖြစ်ကြောင်း မေမေ ပြော ထားသဖြင့် သူသိပြီးဖြစ်သည်။

မကြိုက်တာ. . မျက်လုံး။



ချစ်ငွေ့များပါနေသောမျက်လုံး။

မိန်းမသားတန်မဲ့ ဒီမျက်လုံးမျိုးက. . .

ဟူး. . .

သူ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

မိန်းမအတွေ့အကြုံရှိသောသူတစ်ယောက်အနေနှင့် စောစောက တေးသခင်ကြည့်သွားသော မျက်လုံးမျိုးကို သူလုံးဝ မကြိုက်။

မေမေက ဘယ်လိုမိန်းမမျိုးကိုများ ရွေးချယ်ရတာလဲ။

"ဆရာ လာပြီ"

"ကြီးကြီး ဆရာလာပြီ"

အိမ်ရှိ အလုပ်သမားတွေ လှုပ်ရှားလာသည်။

အိမ်ကို ဆေးသုတ်ပြန်ရှိင်းထားသည်။ ပရိဘောဂတွေ အအစ သစ်လွင်တောက်ပနေသည်။ အထားအသိုကလည်း ခေတ်မီကာ ဆန်းသစ်နေသည်။

ယခင်ပြန်လာစဉ်ကနှင့် လုံးဝခြားနားနေသည်။

တေးသခင်ကတော့ ပျောက်ကွယ်နေသည်။

သူမနှင့်အတူ မိခင်က အပေါ်ထပ်မှ ဆင်းလာသည်။

ညာဘက်လက်ကို ကျောက်ပတ်တီးကိုင်ထားပြီး ပုခုံးမှာ ကြိုးသိုင်းကာ လက်ကွေးကို ထိန်းထားသည်။

"မေမေ"

မင်းသောတ လှေကားတစ်ဝက်တက်ကာ မိခင်ကိုတွဲ ထိုက်သဖြင့် သူမက နောက်ချန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သား အသားပိုဖြူလာတယ်"

"အဲကွန်းတွေနဲ့ အနေများလို့နဲ့တူတယ်"

"သဘာဝလေလောက် ဘယ်အရာမှ မကောင်းဘူးနော် သား"

အောက်ထပ်ဧည့်ခန်း၌ ထိုင်မိကြစဉ်. . .

"မင်း အမေကို ကံကောင်းလို့ တွေ့ရတယ်မှတ်"

"မေမေကလဲဗျာ သားမှမသိတာ"

မိခင်နှင့်တွေ့လျှင် သားသမီးများသည် ဘယ်လောက်အရွယ်ကြီးကြီး ကလေးပြန်ဖြစ်သွားတတ်ကြသည်။

"မတော်တဆသေပါပြီတဲ့၊ အသုဘတောင် မှီမှာမဟုတ်ဘူး"

"မေမေကလဲဗျာ ကျွန်တော်စိတ်မကောင်းအောင် မပြောပါနဲ့"

"ခု သမီးရှိလို့သာပေါ့"

"ကြီးကြီး ဆရာ့ပစ္စည်းတွေ ဘယ်အခန်းမှာ ချထားပေးရမလဲ"

"ဟဲ့. . ငါ့အခန်းမှာပဲ ချရမှာပေါ့။ ဘယ်လိုဖြစ်တာလဲ အူကြောင်ကြောင်နဲ့"

မင်းသောတ အလုပ်သမားတွေကို ဟောက်လိုက်မိသည်။

"ဆရာ့အခန်းက မမနေတော့"

"ဘာ. . ."





မင်းသောတ အတော်ကိုအံ့ဩသွားရသည်။

"ဘာမှမဘာနဲ့ မင်းကဧည့်သည် သူကအိမ်ရှင် သူက ငါ့သမီးဖြစ်နေပြီ၊ ဒီတော့ ဧည့်သည်သွား ဧည့်သည်လာ နေမယ့် မင်းက ဧည့်သည်အခန်းမှာပဲနေ၊ ဘုမ ညက ညည်းမမ ပြင်ခိုင်းထားတဲ့အခန်းမှာ ပစ္စည်းတွေ နေရာချထားလိုက်"

မင်းသောတ ဘာမှမပြောသာတော့။ သူကမှ မိခင်နှင့်အတူမနေနိုင်ပေဘဲ။ နောက် မိခင်လက်ကျိုးချိန်၌ ပြည်ပရောက်နေသေးသည်ဆိုတော့. . .

"ကားကိုတစ်ညလုံးမောင်းခဲ့တာလား"

"ဟုတ်တယ် မေမေ စိတ်ပူတာကိုး"

"စိတ်ပူဖော်ရသေးတော့ တော်သေးတာပေါ့။ ကိုင်း. . ဒါဖြင့်ရေသွားချိုးလိုက်၊ ဒီမနက်တော့ မေမေ့စိတ်ထဲ သားရောက်လာမယ်ဆိုတာထင်လို့ သားအကြိုက် ရှမ်းခေါက်ဆွဲရေဖျော်လုပ်ထားတယ်၊ သမီးလက်ရာကို သားစားရမယ်"

မင်းသောတ မိခင်ကို အတိုက်အခံမလုပ်လိုသဖြင့် ဘာမှမပြောဘဲ အပေါ်ထပ်သို့တက်ခဲ့သည်။

အပေါ်ထပ်ရောက်တော့ သူနေခဲ့သောအခန်းမှ ထွက်လာသောတေးသခင်ကို လှမ်းတွေ့လိုက်ရသည်။

"မင်းဟာ တော်တော်တော်တဲ့ အမျိုးသမီးပါလား"

"ရှင်. . ဟုတ်လား၊ ခုမှတွေ့တယ် ကျွန်တော့်အညီအချင်းတွေ ခင်ဗျားတွေ့သွားပြီဟုတ်လား"

ကြည့်စမ်း. . . တော်တော်ရဲတင်းတဲ့ မိန်းကလေးပါ

www.burmeseclassic.com

www.burmeseclassic.com



လား။ အကြောက်အလန့်ကင်းသော မိန်းမတစ်ယောက်ကို မိခင်က ဘာကြောင့်ရွေးချယ်ရပါလိမ့်။

"ဒီအခန်းဟာ ကျုပ်အခန်းဆိုတာ မင်းမသိဘူးလား"

"သိသားပဲ. . ဒါပေမယ့် ဒီအိမ်မှာ အမြဲတမ်းနေနေရမယ့် ကျွန်တော်ကကြိုက်တော့ ကြီးမေက ပေးနေလိုက်တာ ဘာလဲ ခင်ဗျားကမကျေနပ်ဘူးလား၊ မကျေနပ်ရင် ကျွန်တော်က မိန်းကလေးပေမယ့် သဘောထားကြီးပါတယ်၊ ဖယ်ပေးမယ်လေ"

"တော်စမ်းပါ နေတော့"

ရောက်ရောက်ခြင်း ဆောက်နဲ့ထွင်းဆိုသလို မကျေနပ်စရာတွေ ဆက်တိုက်တွေ့မြင်နေရသည်။

မင်းသောတ မိခင်နှင့်ကပ်လျက် အိပ်ခန်းထဲသို့ ဝင်လိုက်သည်။

တေးသခင်. . .

သူ မြင်ဖူးသမျှ မိန်းမတွေထဲမှာတော့ အလှဆုံးအချောဆုံးမိန်းမ ဖြစ်သည်။ သို့သော်. . .

ညှို့မျက်လုံးဖြင့် မိမိကို ဖမ်းစားယူဖို့ ကြိုးစားပုံကိုတော့ မကြိုက်နိုင်။

မင်းသောတသည် မိန်းမတစ်ယောက်၏ အကြည့်ဝယ် ဝပ်စင်းသွားမည့်သူ မဟုတ်ပါချေ။

ခုမှတွေ့သော သူစိမ်းယောက်ျားတစ်ဦးကို စိမ်းကားသောမျက်လုံး အေးစက်သောမျက်လုံးနှင့်သာ ကြည့်သင့်သည်။



ယခုတော့ ချစ်ရည်ရွှန်းလဲ့သောမျက်လုံး

"တောက် မဟုတ်သေးပါဘူး၊ တစ်ခုခုတော့ မှားနေပြီထင်တယ်"

"ရှင်. . ဆရာ ဘာမှားလို့လဲ"

ဘုမက နောက်ဆုံးကျန်နေသော သူ့အိတ်ကလေးကို လာအပ်ပြီး အလန့်တကြားဖြစ်ကာ မေးလိုက်သည်။

"အမေ ဟိုမိန်းမကို အိမ်ပေါ် ခေါ်တင်ထားတဲ့ကိစ္စ. . ညည်းတို့ကို ဘာပြောထားသလဲ"

"ကျွန်မတို့ကိုပြောတာက ဆရာနဲ့လက်ထပ်ပေးမှာ. . ဒီအိမ်ကြီးရဲ့သခင်မလောင်းပဲ၊ အားလုံးရိုရိုသေသေနဲ့ သူ့စကားနားထောင်ရမယ် ပြောထားတာပဲ ကျွန်မတို့ သိပါတယ်ဆရာ"

"တောက်"

"ရှင်"

"သွားတော့"

"ဟုတ်"

ဘုမ သုတ်ခြေတင် ပြေးထွက်သွားသည်။

မင်းသောတ မကျေနပ်စိတ်က ထောင်းခနဲ ထလာသည်။ သို့သော်. .

ယောက်ျားတစ်ယောက် အနေနှင့်ကတော့ မိန်းမတစ်ယောက်နှင့် ယှဉ်ပြိုင်ရန်ဖြစ်ဖို့ မလွယ်ကူ။

တေးသခင် ရည်ရွယ်ချက်ကိုသိအောင် ကြိုးစားသင့်သည်။ ဘယ်လိုခြေလှမ်းတွေလှမ်းပြီး မိခင်ကြီးကို ဘယ်လိုကြိုး

www.burmeseclassic.com



ကိုင် အနိုင်ယူထားသနည်းဆိုတာကိုတော့ သူသိအောင် အယ

ကြိုးစားရပေဦးမည်။

အချိန်တော့ အနည်းငယ်ပေးရမည်။ သုံးလေးရက်ပဲ

မည်ဟူသော ဆုံးဖြတ်ချက်ကိုတော့ ပြင်ရပေဦးမည်။

သူ့အတွက် အိပ်ခန်းပြင်ဆင်ထားပေးသည်မှာလည်

သားသားနားနားပင်။ ဒါတွေဟာ သူ ယခင် ပြင်ဦးလွင် ပြန်ဟ

စဉ်ကနှင့် လုံးဝမတူသော ခြားနားချက်တွေပင်။

ဒါတွေဟာ တေးသခင်၏ အစွမ်းအစပေလား။

သူ နှင်းဆီကြိုက်တတ်မှန်း တေးသခင်သိနေတာလာ

သူ့ခုတင်ဘေးက စားပွဲတွင် နှင်းဆီပန်းအိုးလေးက ထ

ထည်လျက်။

နှင်းဆီရနံ့သင်းကို ရှူရှိုက်ရင်း ဆူပွက်စပြုနေသေ

ဒေါသစိတ်ကလေး ငြိမ်းအေးစ ပြုသွားလေသည်။





# အခန်း(၈)

**တေး**သခင်၏ လက်ရာဟူသော ရှမ်းခေါက်ဆွဲရေ ဖျော်ကို ခေါင်းမဖော်စတမ်းပင် စားမိလေသည်။

အိမ်ကို တန်ဆာဆင်မှုအတွက်တော့ သူ အမှတ်ပေးပြီး လေပြီ။ ထမင်းစားခန်းကအစ ပန်းချီကားချပ်၊ အလှပန်းအိုးနှင့် တင့်တယ်ပြီး မျက်စိထဲ အေးစေသည်။ ဒီနေရာတွင်တော့ မိန်းမ သားများ၏မျက်လုံးကို သူချီးကျူးသည်။

"ကြီးမေ ဒီမနက် ဘာစားချင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com

တေးသခင် မေးနေကြအတိုင်း မေးလိုက်ခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ သူရောက်လာသဖြင့် ပို၍ဂရုစိုက်ပြခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

"သူ့ကိုမေး သူ့ကို"

မိခင်က ပြုံးစစနှင့် သူ့အား မေးငေါ့ပြလေသည်။

"ကိုင်း . . ပြော"

တေးသခင်က သူ့အား ရဲတင်းစွာကြည့်ပြီး ခပ်ဆတ်ဆတ် ပြောလိုက်သည်။

မင်းသောတ စိတ်ထဲ မျက်ခနဲဖြစ်သွားသည်။ သူ့အပေါ် မိခင်ကလွဲပြီး ဘယ်မိန်းမသားမှ အထက်စီးက မဆက်ဆံ။

သို့သော် မိခင်က ရှိနေသည်။

မိခင် စိတ်မကောင်းအောင် မလုပ်ချင် . . .။

သူနှင့်ပတ်သက်၍ မိခင်ရင်ထဲမှာ သောကရှိနေသည် သိထားသဖြင့် . . မိခင်ရှေ့မှာတော့ မိခင်အလိုကျ အထိုက်အလျောက် ဆက်ဆံမှုဖြစ်မည်။ ထို့ကြောင့် . . .

"ကြိုက်တာချက်ပါ၊ ချေးမများပါဘူး"

"အလကား သမီးရေ၊ သူက ရန်ကုန်သားပီပီ အစုံရတဲ့ဒေသဆိုတော့ အကောင်းကြိုက်လေ၊ ပုစွန်၊ ကြက်၊ ဘဲကို အမယ်စုံချက်ပေးနေရတာ၊ အသီးအရွက်ကလေးလဲပါမှ . . "

သူ့အပေါ် ဇီဇာကြောင်သောယောကျ်ား၊ အစားကျ[illegible] သောယောကျ်ားအဖြစ် ထင်သွားမှာစိုးရိမ်သလိုစိတ်ကလေးဝင်လာသော်လည်း တေးသခင်အထင်သေးလေကောင်းလေပဲ ဟု





မှတ်ယူကာ . . .

"မေမေပဲ ပြောလိုက်တော့ဗျာ"

"ကြီးမေ သမီး ဟင်းချက်ဖို့စီစဉ်ပေးပြီး ဟိုတယ်ဘက် ခဏသွားလိုက်ဦးမယ်"

"သားကိုပါ ခေါ်သွား"

"သူက ကြီးမေကိုပြုစုဖို့လာခဲ့တာမဟုတ်လား၊ ကြီးမေအနားနေချင်နေခဲ့ပါစေ"

သူ့ကို ထားရာနေစေရာသွားရမည့်လူဟုများ သတ်မှတ်နေသလား တေးသခင်။ စိတ်ထဲ ထောင်းခနဲဖြစ်သွားပြီး . . .

"သား အခုပဲ သွားမလို့မေမေ၊ တအောင့်နေ သားပြန်ခဲ့မယ် သွားလိုက်ဦးမယ်"

တေးသခင်ကို ဖုတ်လေသည့်ငပိ ရှိသည်မအောက်မေ့သည့်အလား သူ ထွက်ခဲ့လေသည်။

တေးသခင်က အပြုံးမပျက်ပင် . .

"ဟဲ့ . . . "

ဟု ဟန့်တားသော သူ့မိခင်အား . . .

"နေပါစေ ကြီးမေသားပြောတာ ဟုတ်တာပဲ၊ ကြီးမေနားမှာ သူမရှိ သမီးရှိနေတော့ ပိုကောင်းတာပေါ့"

ဟူသောစကားကြောင့် မိန်းမသားတို့ ပရိယာယ်ကိုကောင်းစွာကျွမ်းကျင်သည်ကို သူ သတိပြုမိလိုက်လေသည်။

ယောက္ခမလောင်းကို အပိုင်ကိုင်ကာ အိမ်ပေါ်ရောက်လာရဲသော မိန်းမတစ်ယောက်ကို လွယ်လင့်တကူနှင့် သူ လက်


www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ပါ။

မိခင်နှင့်သူ ဒီကိစ္စမဆွေးနွေးရသေး။ လောလောဆယ်တော့ မိခင်၏ဒဏ်ရာကိုကြည့်ရှုရင်း မိခင်စိတ်ချမ်းသာစေရန် နေပေးရုံသက်သက်ရယ်သာ လာခဲ့ခြင်းဖြစ်သည်။

ဟိုတယ်မသွားခင် မိခင်သူငယ်ချင်း ဆရာဝန်ကြီး ဦးသောင်းဌေးထံဝင်ရန် သတိရလိုက်သည်။

ကားပေါ်မှ မချန့်ဟူသော ပစ္စည်းများရှိမရှိ နောက်ခန်းသို့လှမ်းကြည့်လိုက်ပြီး ဦးသောင်းဌေးရှိရာ သစ်တောလမ်းဘက် ဦးတည်လိုက်သည်။

ဟိုရောက်တော့ တန်းတန်းမတ်မတ်တိုးသည်။ ဆရာကြီးမိသားစုအား လက်ဆောင်ပေးရင်း ကျေးဇူးတင်ကြောင်း ပြောတော့

"ခင်ခင့်ကို ကျေးဇူးတင်၊ တော်တော်တော်တဲ့ မိန်းထလေးပဲ၊ သူ့ရဲ့စောင့်ရှောက်ပေးမှုကြောင့် တင်ကြီးရဲ့ ဝေဒနာ တစ်ဝက်သက်သာတယ်လို့ မင်း မှတ်ယူရမယ်မင်းမင်း"

မင်းသောတအတွက် ဘယ်နေရာသွားသွား တေးသခင် ချီးမွမ်းခန်းများကိုသာ နားဆင်ရမည် ထင်သည်။ မိခင်ကို ခွဲစိတ်ပေးသော ဆရာဝန်ကြီးထံသွားတော့လည်း ထို့အတူပင်။

ဒေါ်တင်တင်ကြီးသမီးမှတ်လို့ အရမ်းတော်တဲ့ မိန်းကလေးပဲ၊ စီမံခန့်ခွဲမှုရော လူမှုဆက်ဆံရေးပိုင်းရော အတော်ပြေပြစ်တာ"

ထိုမှ ဟိုတယ်ရောက်တော့ ဟိုတယ်မန်နေဂျာနှင့်ခဲ



သည်။ ယခင်ကဆိုလျှင် ဟိုတယ်မန်နေဂျာသည် သူ၏ အဆူအပူကိုခံရလေသည်။

ယခင်က ခြံဝင်းထဲ ဝင်လိုက်သည်နှင့် အမှိုက်သရိုက်များ ညှိုးနွမ်းခြောက်သွေ့နေသော အပင်များ၊ ဖရိုဖရဲဖြစ်နေသော ခုံတန်းလျား၊ ဘီယာဘူးခွံများကအစ သူ၏ဒေါသစိတ်ကို ဆွပေးတတ်လေသည်။ ယခုတော့. . .

တကယ့်ကို သပ်ရှင်းသေသပ်ကာ မြက်ခင်းစိမ်းစိမ်းပေါ်၌ ထီးမိုးထားသော ညှိသည်လေးယောက်ဝိုင်းနိုင်သော ဆက်တီခုံလေးများက ထိုင်ချင့်စဖွယ်ပင်။

ပန်းတို့သည် သွေ့ခြောက်မနေ။ ရွက်ဝါပင် မရှိ။ ပြင်ဦးလွင်၏ မြေဆီမြေနှစ်ကောင်းကို စားသုံးခွင့်ရသည့်အပြင် ရေနှင့်မြေစုပျိုးထောင်မှုကြောင့် လှပတင့်လန်းလျက်ရှိသည်။

ဟိုတယ်ကလည်း ဆေးကွက်များ မရှိတော့။ ဆေးသုတ်ထားသည်။ ထင်းရှူးပင်များကိုလည်း ပုံစံသွင်းဖြတ်တောက်ထားပြီးဖြစ်သည်။ ဟိုတယ်ဝန်ထမ်းတို့၏ အဝတ်အစားမှာ မီးပူရာကျိုး ကော့ပျံလျက်ရှိသည်။

"တယ်ဟုတ်ပါလား၊ ဦးထွေးမောင် တော်တော်ကို ပုံစံဝင်နေကြပါလား"

"မဝင်လို့လည်း မရဘူးဆရာ၊ ဒေါ်တေးသခင်က လှစ်ခနဲပေါက်ချလာတယ်၊ သူ ပြောတဲ့အတိုင်း မလုပ်ရင် တာဝန်ခံတွေခေါ်ပြီးတော့ လက်ချာပေးတော့တာပဲ"

လက်တွေ့ကျကျ အုပ်ချုပ်နိုင်ခြင်းက. . တစ်ပန်းသာ



www.burmeseclassic.com

www.burmeseclassic.com



**ကြောင်း မင်းသော**တ သိပါသော်လည်း ရန်ကုန်ကလုပ်ငန်းကို **သူ ဝင်မထားနိုင်**ပေပဲ။

"ဘယ်လိုလက်ချာမျိုးလဲ ဆူပူကျိန်းမောင်းတာမျိုးလား"

"အဲဒါထက် နာကျင်စေတာမျိုး၊ သာသာလေးနဲ့ နာနာနှက်တာလေ၊ သူက ကြီးကြပ်ရေးမှူးဆိုပြီး အလုပ်သမား ခေါင်းဆောင်လေးတွေ ထပ်ခန့်ပေးတယ်"

မင်းသောတကတော့ လုပ်ငန်းနှင့်ပတ်သက်လာလျှင် အသေးအမွှားကအစ စိတ်ဝင်စားတတ်သည်ဖြစ်ရာ. . .

"ဘယ်လိုခန့်တာလဲ"

"စားဖိုချောင်ဝန်ထမ်း၊ ဝိတ်တာ၊ စားပွဲထိုးအုပ်စု၊ သန့်ရှင်းရေးလုပ်သား၊ ဥယျာဉ်လုပ်သား၊ ဧည့်ကြိုလုပ်သား စသည်ဖြင့်ပေါ့ဆရာ၊ အလုပ်ဝင်ချိန် ပြန်ချိန် လက်မှတ်ထိုးတာကအစ လက်ထောက်ကြီးကြပ်ရေးမှူးတာဝန်တွေ အပြစ်တွေ့ တွေ့သလိုမှတ်ချက်ရေး၊ လက်မှတ်ထိုး၊ သတိပေးတာမျိုး၊ ကောင်းတာတွေ့ရင် တွေ့သလို ရေးမှတ်စေတယ်၊ ဆုပေးဒဏ် ပေးစနစ်ကို ကျင်းပပေးမယ်တဲ့"

"လက်ထောက်ကြီးကြပ်ရေးမှူးတွေ တရားမျှတမှုရှိမရှိ ဘက်လိုက်မှုရှိမရှိကိုရော ဘယ်သူကြီးကြပ်မလဲ"

"ကြီးကြပ်ရေးမှူးက ကြီးကြပ်ပေးတယ်"

"ကြီးကြပ်ရေးမှူးကို ခင်ဗျားက တစ်ဆင့် ကြီးကြပ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ် ကျွန်တော်နဲ့ ဦးဝင်းဆန်းက မန်နေဂျာပဲ၊ အချိန်ခွဲပြီး အုပ်ချုပ်စေချင်တယ်"

"သူကရော"

"အချိန်မရွေးလာတယ် စာရင်းဇယားရော မီးဖိုချောင်အစ အိမ်သာအဆုံး လိုက်စစ်ဆေးတာပဲ"

"မိန်းမဆိုတော့ စေ့စပ်သေချာမှုတော့ ရှိတာပေါ့လေ"

မင်းသောတသည် ပြောင်းလွဲနေသော အနေအထားကိုကြည့်ပြီး ကျေနပ်အားရဖြစ်မိသည်။

"မိန်းမထဲမှာတော့ ခပ်ရှားရှားမိန်းမပဲ"

မင်းသောတ အိမ်ထောင်သည်ဖြစ်သော ဦးထွေးမောင်၏ အတွေ့အကြုံပေါ် အခြေခံမည့်စကားကို ကြားလိုသဖြင့်. .

"ဘယ်လို ရှားပါးတာလဲ. . ခုခေတ်မိန်းကလေးတော်တော်များများဟာ ယောကျ်ားတွေနဲ့အတူ ရင်ပေါင်တန်းပြီး ထူးချွန်ထက်မြက်နေကြတာပဲ မဟုတ်လား ဦးထွေးမောင်၊ ဘာဆန်းသလဲ"

ဦးထွေးမောင်က ရင်းနှီးပြီးသားဖြစ်သည်။ ငယ်စဉ်ကတည်းက မိမိအား ချီပိုးထိန်းကျောင်းပေးခဲ့သူလည်း ဖြစ်သဖြင့် ချစ်ခင်ရသည့် အစိတ်အပိုင်းလည်းပါသည်ဖြစ်ရာ မင်းသောတ သိလိုသည်ကို ပွင့်ပွင့်လင်းလင်း မေးရသည်။

"ဆန်းဆို ရုပ်ဆင်းရူပကာရော တော်တော်လှပပြည့်စုံတယ်၊ အရည်အချင်းက ဆရာတွေ့တဲ့အတိုင်းပဲနော်၊ ဒါတွေ အော်ငေါက်ဆူပူခြင်းမပါဘူး၊ ပြုံးပြုံးလေးနဲ့ပြောဆို အမိန့်ပေးသွားတာချည်းပဲ မလိုက်နာဘဲ မနေနိုင်အောင် ပြောဆိုသွားနိုင်







www.burmeseclassic.com

www.burmeseclassic.com



တယ်"

"အဆင်းရော အချင်းပါ ပြည့်စုံတယ်လို့ ဆိုလိုတာလား"

"ဒါပေါ့ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်တဲ့မိန်းကလေး . . ဆရာက တော်တော်ကြည့်တတ်တာပဲ"

"ဦးလေးကို မေမေက ဘာပြောထားလို့လဲ"

"ချွေးမလောင်းတဲ့"

မင်းသောတ စိတ်ထဲမကျေနပ်စိတ်ကလေး အပြောင့် ပြူထလာပြန်သည်။

လုပ်ငန်းကိုင်ငန်းနှင့်ပတ်သက်၍ တေးသခင်သည် တော်သည်။ စေ့စပ်သေချာမှုရှိသဖြင့်လည်းကောင်း၊ စိတ်ရှည်မှုရှိသဖြင့်လည်းကောင်း သူတို့ထက်ပင် သာလွန်သည်ကို သူဝန်ခံပါသည်။

သို့သော် နှလုံးသားရေးရာကိစ္စ၊ အချစ်ရေးရာကိစ္စပဲ ပြောရမလား။ ယောကျ်ားနှင့်ပတ်သက်သောကိစ္စဟုပဲ ပြောရမလား။ ရည်းစားများခဲ့သလား အတွေ့အကြုံရှိခဲ့သလား။ ဒါကို သူသေချာစွာ အကဲမခတ်ရသေး။

တွေ့တွေ့ချင်း မိမိအားကြည့်လိုက်သောအကြည့်ကို လုံးဝမကြိုက်။ ချစ်သူချင်းသော်လည်းကောင်း၊ ချစ်နေသော လူတစ်ယောက်ကိုသော်လည်းကောင်း ကြည့်သောအကြည့်မျိုးဖြစ်သည်။ ထိုအကြည့်အတွက် ဘဝင်မကျနိုင်သကဲ့သို့ . . ။

မိမိအိပ်ခန်း သူစိမ်းယောကျ်ားတစ်ဦး၏ နေအိမ်ကို ရဲတင်းစွာ တက်နေရဲသောကိစ္စကိုလည်း ဘဝင်မကျနိုင်။





သူ ဟိုတယ်သို့ ဦးထွေးမောင်နှင့်အတူ လိုက်စစ်ဆေးပြီး နေကြာစေ့အလုပ်ရုံဘက်သို့လည်းကောင်း၊ မက်မန်းသီးရုံဘက်သို့လည်းကောင်း ထွက်ခဲ့သည်။

တေးသခင် အထွက်နှင့်သွားဆုံသည်။ ကားကို ကိုယ်တိုင်မောင်းသွားသော တေးသခင်က သူနှင့်ဘေးချင်းတိုက် ကားချင်းဆုံမှုတွင် မျက်လုံးဝေ့ဝဲကာ ထောင့်ကပ်ကြည့်သွားသည်။

သူ့ရင်ထဲ ထိုအကြည့်မျိုး လက်မခံနိုင်။

သူ လိုချင်တာသည်က ဖြူစင်ရိုးသားသော မိန်းကလေးတစ်ဦးပင်။ သိုးငယ်လေး၏ အပြစ်ကင်းစင်မှုမျိုး၊ သမင်မ၏ မျက်လုံးကဲ့သို့ လှပသော်လည်း ရိုးသားမှုမျိုး။ ယခုတော့ . . .

တေးသခင်၏ ညှို့မျက်ဝန်းကို သူ လှပသည်ဟု မခံစားနိုင်သေး။ မရှုစိမ့်စွာ ခံစားရသည်က ကြာမျက်လုံးဟုသာ . . ။

နေကြာစေ့လုပ်ငန်း၊ မက်မန်းလုပ်ငန်း၊ ဝိုင်လုပ်ငန်းအားလုံးကို သူကျေနပ်မိရုံမက တောင်ယာဥယျာဉ်လုပ်ငန်း၌လည်း တေးသခင်၏အုပ်ချုပ်မှု စည်းကမ်းက သေသပ်လွန်းလှသည်။ အလုပ်သမားတန်းလျား၊ တောင်ယာတဲကလေးများက အစ သေသပ်ကာ ပြုပြင်မှုရှိနေသည်။

ကုန်ကျစရိတ်တွေ ဖောဖောသီသီ ထုတ်သုံးထားသလား။ စာရင်းဇယားပိုင်းကိုတော့ ညပိုင်းရောက်မှ စစ်ဆေးတော့မည်ဟု ဆုံးဖြတ်ပြီး နေ့လယ်စာထမင်းစား ပြန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

ထမင်းစားတော့ မိခင်ကို သေချာစွာ အရိုးထွင်ပေး အနှစ်နှင့်နယ်ပေးခြင်းတို့ကို ပြုလုပ်ပေးသည်။ ငွှန်းနှင့်စားနိုင်စေ ရန် တယုတယ လုပ်ဆောင်ပေးသည်။

လက်ချောင်းလေးများက ဖော့ဖယောင်းသဖွယ် ဖွေးဥ၍ အကြောစိမ်းလေးများ ယှက်သန်းနေသည်ကိုပင် မြင်နေရသည်။





ဟင်းအမယ် သုံးမျိုးလောက်နှင့်ပင် သူ ထမင်းများများ စားလိုက်လေသည်။

"သား. . စားကောင်းတယ် မဟုတ်လား"

"ကောင်းတယ်. . မေမေ၊ မေမေ သွေးတိုးရော ကျရဲ့ သား"

"နေ့မယ်ပဲ သားရေ၊ သမီး ရောက်လာပြီးကတည်းက စိတ်ချမ်းသာတာကလည်း တစ်ကြောင်း၊ အစားအသောက်က အစ အဆီမများ၊ ဆား၊ ငရုတ် မများဘဲ စားကောင်းအောင် ချက်ပေးတာက တစ်ကြောင်းကြောင့် ထင်တယ်၊ တော်တော်ကို ကျန်းမာရေးကောင်းလာတာ"

"ဒါတောင် လဲရတယ်လို့"

"ဒါလည်း မေမေ့အပြစ်ပဲသားရဲ့၊ သမီးက. . အပြင် ထွက်ခင် မေမေ့ကို ဘာမှကိုယ်တိုင်မလုပ်ဘဲ လုပ်ချင်တာတွေ ကို မာလီကိုပဲခိုင်းပါ ပြောထားလျက်နဲ့ မေမေကိုယ်တိုင် ဆေး ဖြန်းလိုက်တာ အိမ်မြှောင်ကပြုတ်အကျ ဖားကဖြတ်အပြေးနဲ့ ဆန့်ပြီးအရှောင်မှာ လဲတော့တာပဲ၊ ညာလက်ဘက်ကို စောင်းကျ တော့ ဝိတ်နဲ့ဆိုတော့ ထောက်မိတဲ့လက်ဆစ် သွင်သွင်ကျိုးတာ"

"တော်သေးတာပေါ့ မေမေ့ရယ်"

ဒီကိစ္စက ဘယ်သူ့ကိုမှ အပြစ်တင်၍မဖြစ်သည်ကို ကံ ကြမ္မာဟုသာ မှတ်ယူရမည်ပင်။/

"သားတစ်ညလုံး ကားမောင်းလာခဲ့လို့ တစ်ရေးလောက် တော့ အိပ်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com

"အိပ် . . အိပ်"

"ညနေ လေးနာရီမှ မနိုးရင် နှိုးနော်မေမေ၊ မေမေရော မအိပ်ဘူးလား"

"တအောင့်နေမှ အောက်ထပ်မှာ တစ်မှေးလောက် မှေးလိုက်မယ်"

"ဒါဖြင့် သားတက်တော့မယ်"

ဒေါင်းမလေးတစ်ဦးလို ကြော့မော့နေသော တေးသခင်ကတော့ နေ့လယ်နေ့ခင်း အိပ်ပုံမရဘဲ ကားတစ်စီးဖြင့် ထွက်သွားလေသည်။

ဘယ်လုပ်ငန်းခွင်သို့ ဝင်ရောက်အငိုက်ဖမ်းမည်မသိ။

"သိပ်ကို လှုံ့လဝီရိယရှိတဲ့ မိန်းကလေးသားရဲ့၊ တွေ့လား စီးပွားရေးမှာ ယောကျ်ားတွေနဲ့တန်းတူ ရင်ပေါင်တန်းနိုင်သလို အိမ်မှုကိစ္စမှာလည်း လုံးဝမလစ်ဟင်းစေရဘူး၊ ဒီလိုတော်တဲ့ မိန်းမမျိုး သား ဘယ်နေရာမှာ သွားရှာမလဲ ကြည့်စမ်း"

"ကိုယ်ထင် ခုတင်ရွှေနန်းပေါ့ မေမေရာ၊ မေမေနဲ့ သူကိစ္စ ဆွေးနွေးချင်သေးတယ်၊ လောလောဆယ်တော့ ပင်ပန်းလာတာရယ် ဗိုက်လေးလာတာရယ်ကြောင့် သား အိပ်လိုက်ဦးမယ်"

ဟု လေ့ကားတစ်ဝက်မှနေ၍ လှမ်းပြောလိုက်ပြီး အပေါ်ထပ်သို့ တက်ခဲ့လေသည်။

ရမ်းယောင်ကာ သူ့အိပ်ခန်းသို့ တွန်းဖွင့်ဝင်ရန် လက်လှမ်းလိုက်ပြီးမှ တေးသခင်အခန်းပါလားဟု သတိရကာ လက်





ရုပ်သိမ်းပြီး ပြုံးလိုက်မိသည်။ သတိထားမှ တေးသခင် ရှိနေတုန်းသာ တွန်းဖွင့်မိပါလျှင် ပြဿနာ. . .။

မိမိအိပ်ခန်းထဲရောက်မှ လွတ်လပ်စွာ လှဲချလိုက်ပြီး တဒင်္ဂ အိပ်ပျော်ခြင်းသို့ ဆိုက်ရောက်သွားလေသည်။

သောကပူပန်မှု မထားတတ်သော သူ၏ညာဉ်ကပင်လျှင် စိတ်ကို ရွှင်လန်းဖျတ်လတ်စေသည် ထင်ပါသည်။

ဒေါ်တင်တင်ကြီးသည် အိပ်၍မရ သားဖြစ်သူအား အမြန်ဆုံးလက်ထပ်ပေးချင်လှပြီ။

တေးသခင်နှင့်သားကို မိမိအပါး၌ပင် ထားချင်သည်။ ဒါကလည်း မိမိ၏ တစ်ကိုယ်ကောင်းစိတ်များလားဟု ကိုယ့်ကိုယ်ကို ဆင်ခြင်ကာ ဆုံးမမိသေးသည်။

သို့သော် မြို့ကြီးပြကြီး၌ မနေလို။ လေအေးပေးစက်တပ်ဆင်ပြီးနေရခြင်းထက် သဘာဝလေးကောင်းလေသန့်ကို ရှူရှိုက်ပြီးနေရတာကိုပင် အသက်ရှူ၍ ဝလင်လင်ရှိသည်ဟု မိမိက မှတ်ယူထားသဖြင့် ဒေါ်တင်တင်ကြီး ပြင်ဦးလွင်က တစ်ခါးမှ မခွာချင်။

ဒေါ်တင်တင်ကြီး အပေါ်ထပ်သို့ အသာအယာ တက်ခဲ့သည်။ သားဖြစ်သူအခန်းတံခါးကို အသာတွန်းဖွင့်လိုက်သည်။ ငှင့်သွားသည်။

ငယ်စဉ်ကတည်းက မိဘအိမ်မှာနေလျှင် သော့မခတ်ထား

မိဘက သားသမီးဘာလုပ်သလဲဆိုတာ ချမြကြည့်ရှုခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရှိရမည်။ အိပ်ခန်းတံခါးပိတ်ပြီး မဟုတ်တာလုပ်ခြင်းကို ခွင့်ေ လွှတ်နိုင်ဟုဆိုသော စည်းကမ်းကို သားသည် လူကြီးလူကောင်း တစ်ယောက် အသွင်ဖြင့် လုပ်ငန်းကြီးတစ်ခုကို ဦးဆောင်ဦးရွက် လုပ်နေရသည့်တိုင်အောင် မိဘအိမ်၌ ကလေးတစ်ဦးသဖွယ် မိဘစကားနားထောင်ဆဲဖြစ်သည်။

တစ်ဦးတည်းသော သားဖြစ်၍ အချစ်တွေစုပြုံကာ ချ ခဲ့ရသော်လည်း ခွဲခွာနေရခြင်းအတွက်ကတော့ ဒေါ်တင်တင်ကြီး အရေထူနေလေပြီ။

အပြစ်ကင်းစင်သော ကလေးငယ်တစ်ဦးကို မိခင် ချစ်ခြင်းမေတ္တာဓာတ်အပြည့်အဝဖြင့် တစိမ့်စိမ့်ကြည့်မိသည် စောင်ခြုံမအိပ်သောသားကို စောင်ခြုံပေးလိုက်သေးသည်။

နောက်မှ သားဖြစ်သူအခန်းထဲမှ ညင်သာစွာထွက် လေသည်။

နောက် အောက်ထပ်ဧည့်ခန်း၌ပင် အသာလှဲလျောင်း မှေးစက် အနားယူလိုက်လေသည်။

တေးသခင်ရောက်လာခြင်းသည် သူ၏ ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို အေးချမ်းစေသည်။ ပူဝန်သောကတို့ ပျော ကင်းစေသည်။

လာခြင်းကောင်းသောမိန်းကလေး ဖြစ်စေချင်သည့်အ တိုင်း ဖြစ်လာခဲ့သဖြင့် ဒေါ်တင်တင်ကြီး အထူးပင် ကျေနပ်နှ သက်လေသည်။

ထိုစဉ် ဖုန်းခေါ်သံထွက်လာသည်။ ဘုမပင် ကိုင်လိုက်



သည်။

"ဆရာ အိပ်နေပါတယ်ရှင်"

". . . . . . . . ."

"ဟုတ်ကဲ့. . နိုးတော့ ပြောပေးပါ့မယ်"

ဘုမ ဖုန်းချပြီး သူ့အားလှမ်း၍. . .

"ဆရာ့ ဆက်(ခ်)တေရီ ဆက်တာတဲ့ ကြီးကြီး၊ စောစော တလည်း မိန်းမတစ်ယောက်ဆက်သေးတယ်"

"ဆက်မှာပဲ တစ်ကတည်း သူ့ကုမ္ပဏီမှာ ယောကျ်ား လေးဝန်ထမ်းမရှိတဲ့အတိုင်းပဲ ညည်းအစ်မရှေ့မှာလည်း ဆက် လာရင် မရှိဘူးသာပြောလိုက်"

"ဟုတ်ကဲ့ ကြီးကြီး"

ဒေါ်တင်တင်ကြီး မျက်လုံးမှိတ်ကာ အသာမှိန်းလိုက် ရင်း သားဖြစ်သူ၏ တေးသခင်အပေါ် ထားရှိသော သဘောထား ကို မေးရမည်။

တေးသခင်ကတော့ အစ်ကိုနဲ့အစ်မတုန်းကလည်း မိခင် စီမံတာကို နာခံခဲ့ကြသဖြင့် မိမိအလှည့်၌လည်း ငြင်းစရာအ ကြောင်းမရှိဟု ပြောခဲ့ဖူးသည်။

ထို့ကြောင့် သူက တေးသခင်ကို ယုံကြည်နေပြီ။

သားကိုသာ. . .

သားသည် အလှအပကြိုက်သူ အကောင်းကြိုက်သူဖြစ် သည်။ တေးသခင်အလှက တော်ဝင်စံချိန်မီအလှ ဖြစ်သည်။ သားဖြစ်သူရော ဘာသားနဲ့ထုထားတဲ့သူပေမို့လဲ။ တေးသခင်ကို

www.burmeseclassic.com



မကြိုက်ဘူးဆိုလျှင် သူ့သားကို ကျန်းမာရေးစစ်ပေးဖို့သာလိုအပ် နေပြီဟု တောင်တွေးမြောက်တွေးကြားက မှေးခနဲ အိပ်ပျော် သွားသည်။

နိုးလာတော့ သားဖြစ်သူက နိုးနေပြီး သတင်းစာဖတ် ကာ သူ့အနီး၌ ထိုင်နေသဖြင့် ဒေါ်တင်တင်ကြီး စိတ်ထဲ ပီတိဖြစ် သွားသည်။

"ဟော မေမေနိုးလာပြီ မျက်နှာသစ်ဦးမလား စနိုးတာဝါ နဲ့ပဲ ပွတ်မလား"

"စနိုးတာဝါပဲပေးပါ သားရယ်"

ပြင်ဦးလွင် အအေးဓာတ်က လူကိုလန်းဆန်းစေသည်။ ရေခဲသေတ္တာထဲမထားဘဲ ဖလားထဲ၌ ထည့်ထားသော စနိုးတာဝါ ကို မင်းသောတက ဖောက်ပေးပြီး. . .

"သား သုတ်ပေးရမလား"

ဒေါ်တင်တင်ကြီးသည် ကိုယ့်ဝန်ကိုယ်ထမ်းဆောင်လို သောစိတ်က အမြဲရှိသဖြင့် သားဖြစ်သူ၏ကူညီမှုကို လက်မခံလို ထို့ကြောင့်. . .

"ပေး. . . ပေး ရတယ်သား၊ မေမေဘာသာ မေမေပဲ လုပ်မယ်၊ ဘယ်လက်က ကျင့်သားတော်တော်ရနေပြီ"

ဒေါ်တင်တင်ကြီးက မင်းသောတလက်ထဲမှ စနိုးတာဝါ ကိုယူကာ မျက်နှာအနှံ့ပွတ်တိုက်လိုက်သည်။

"ကြီးကြီး မမပေးသွားတဲ့ ဆေးနဲ့ကော်ဖီပါ"

"ညည်းအစ်မ တစ်ခေါက်ပြန်လာသေးသလား"



"လာပါတယ်၊ ကြီးကြီးအိပ်နေလို့ မနိုးတာနဲ့ ဆေးတိုက် ဖို့မှာသွားပြီး ထွက်သွားပါတယ်"

ဒေါ်တင်တင်ကြီးနှင့် တေးသခင်မှာ တူညီသောအချက် ရှိနေသည်။ ကော်ဖီကို သကြားမထည့်ပါ။ နို့ဆီနှင့်သာ သောက် ခြင်းဖြစ်သည်။ ကော်ဖီကို ရေနွေးလေးနှင့်နှပ်ထားပြီး အပေါ် အရည်ကြည်ကိုသာယူကာ နို့နှင့်ရောစပ်၍ သောက်ခြင်းဖြစ် သည်။

"မမ ပူတင်းပေါင်းပေးသွားတာပါ ကြီးကြီး"

"အေး. . ကောင်းတယ်၊ သားရော စားပြီးပြီလား"

"စားပြီးပြီ နိုးလာကတည်းက"

ဒေါ်တင်တင်ကြီးသည် စားသောက်ရင်းနှင့်ပင်. . .

"သား တေးသခင်နဲ့ပတ်သက်ပြီး ဘယ်လိုသဘောရ သလဲ"

"လူတွင်ကျယ်လုပ်လွန်းတယ်"

ဒေါ်တင်တင်ကြီး ပြုံးလိုက်သည်။

ယောကျ်ားတွေ၏သဘောထား နှစ်မျိုးရှိသည်။

အချို့က သိပ်ထက်မြက်ထူးချွန်သော မိန်းမများကို သ ဘောကျသည်။

အချို့က အေးအေးဆေးဆေးနေပြီး ယောကျ်ားကိုသာ အားကိုးပြီး ယောကျ်ားဩဇာကို တစ်သွေးတစ်သံ လိုက်နေတတ် သည့် မိန်းမမျိုးကိုသာ သဘောကျသည်။

သူ့သားက ယောကျ်ားဩဇာခံသည့် မိန်းမမျိုးကိုသာ

www.burmeseclassic.com

www.burmeseclassic.com



သဘောကျသည်ထင်ပါသည်။

"ခုခေတ်ကြီးက မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုရင် မကောင်းဘူးလားသား၊ အဲဒါမှ ခေတ်ကိုမျက်ခြည်မပြတ်ဘဲ သားရဲ့လုပ်ငန်းကို အကူအညီပေးနိုင်မယ်၊ မေမေကတော့ ထက်ထက်မြက်မြက်ရှိတဲ့ မိန်းမမျိုးကို သဘောကျတယ်၊ တေးသခင်က စွယ်စုံမိန်းမမျိုး သားရဲ့"

မင်းသောတ မိခင်ကို ပြောသင့်မပြောသင့် ချိန်ဆလိုက်သည်။ မိခင်ကိုပြောလိုက်လျှင် တေးသခင်နားသို့ အလိုလို ရောက်ပြီးသားဖြစ်မည်။

လုပ်ရည်ကိုင်ရည်ဖြစ်သော အချင်းနှင့် ရုပ်ရည်ရူပကာ အလှဖြစ်သော အဆင်းအားဖြင့် ပြည့်စုံပါသည်။

သို့သော်. . .

ဟိရိဩတ္တပ္ပသည် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများ အတွက် အလွန်အရေးကြီးသည်ဟု သူထင်သည်။

တေးသခင်၏မျက်လုံးက ကြာမျက်လုံး၊ တွေ့တွေ့ချင်း သူ့ကို ညှုတုတုနိုင်သော ညှို့အားကောင်းသော ချစ်ရည်ရွှန်းလဲ့ သော မျက်ဝန်းဖြင့် ဖမ်းစားဖို့ကြိုးစားသည်။

ဒါကို သူ့အနေဖြင့် ဣန္ဒြေမရှိဘူးဟုယူဆကာ မကြိုက်။

ဒါက အချက်တစ်ချက်. . .။

နောက်တစ်ချက်က နှစ်ဖက်သောမိဘ သဘောတူကြွင်း ဖြင့် သူစိမ်းယောကျာ်းလေးအိမ်ပေါ် တက်ရဲသောအကျင့်။

ဒါကိုလည်း သိက္ခာမဲ့သည်ဟု ထင်သည်။



သို့သော်. . ဒါတွေကို သူရှင်းပြနေပါက မိခင်ကြီးက တေးသခင်ကို ပြန်ပြောမည်။

ပြန်ပြော၍ ပြင်ဆင်ခြင်းကို သူမကြိုက်။

ဒီအရွယ်ကို ပြုပြင်စရာမလို။

ပင်ကိုယ်စရိုက်၊ ပင်ကိုယ်ကိုယ်ကျင့်တရားကို သူမြတ်နိုး ချင်သည်။

"သား"

"ဗျာ. . မေမေ"

"ဘာတွေစဉ်းစားနေတာလဲ၊ တေးသခင်ကို အပြစ်ရှာ ကြည့်တာ မတွေ့ဘူး ဖြစ်နေတာလား သား"

"မဟုတ်ပါဘူး လှရုံ အရည်ချင်းရှိရုံနဲ့တင် မပြီးသေးဘူး အဓိကအချက်ကို စဉ်းစားနေတာပါ"

"ဘာလဲ အဓိကအချက်က"

"သား သူ့ကို ချစ်နိုင်မချစ်နိုင်ကိုပါ"

"ဟင်"

"သား သူ့ကိုမြင်မြင်ချင်း မချစ်နိုင်တာကို သား ဘဝင် မကျသေးလို့ သားကို အချိန်အနည်းငယ်တော့ပေးပါ မေမေ"

ဒေါ်တင်တင်ကြီး မျက်နှာပျက်သွားသည်။ သားဖြစ်သူ အပေါ် နားမလည်နိုင်အောင်လည်း ဖြစ်သွားရလေသည်။

ချစ်ခြင်းမေတ္တာတရားဆိုတာ ဖန်တီးယူ၍မရနိုင်သော် လည်း. . သံယောဇဉ်ကြိုးသည် အနေနီးစပ်ခြင်းနှင့် သက်ဆိုင် လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ကြီးရှိလာပြီ ဆိုလျှင်တော့ မေတ္တာတရားကို ကူးလူးယှက်နွယ်ဖို့ရာက မခက်ခဲတော့ပေ။

ဒေါ်တင်တင်ကြီး သက်ပြင်းချကာ. . .

“မေမေ ကြာကြာတော့ အချိန်မပေးချင်ဘူး သားရယ်၊ မေမေ ပတ်တီးဖြည်တဲ့နေ့ကိုတော့ သား အဖြေပေးရမယ်”

“မေမေ ပတ်တီးက တစ်လခွဲ စည်းရမှာဆိုတော့၊ ဘဝ တစ်ခုလုံးအရေးကို တစ်လခွဲလောက်ကလေးနဲ့ ဆုံးဖြတ်ရမှာ အချိန်မနည်းလွန်းဘူးလား မေမေ”

“မင်းကတော့လေ ကောက်ညှင်းက မစေး ဆန်ကြမ်းက စေနေပြန်ပြီ၊ မိန်းကလေးရှင်ဘက်ကတော့ မိဘတွေသဘော အတိုင်းပါပဲလို့ ခေါင်းညိတ်ပြီးသားကို၊ ဒါကြောင့် သူ့ကွယ်ရာမှာ မင်းကို ဆွေးနွေးရတာ ကိုဘမင်းကလည်းနော် ဒီလောက်ခေါင်း ကြောမာတဲ့သားနဲ့ ငါ့ကို နှစ်ယောက်တည်း ထားသွားရက်တယ်”

ဒေါ်တင်တင်ကြီးက သားဖြစ်သူကို အမြင်ကပ်လာသ ဖြင့် သွားလေသူကို တမ်းတကာ အငေါ်တူးလိုက်လေသည်။

မင်းသောတက မိခင်၏အငေါ်တူးစကားကို သဘော ကျကာ မိခင်၏ ပါးဖောင်းဖောင်[illegible]းကို ရွှတ်ခနဲ မွှေးကြူလိုက် ပြီး. . .

“မေမေကလဲ သား ခေါင်းမမာပါဘူး၊ မေမေသဘော ကျ ရွေးချယ်ထားတဲ့မိန်းမကိုပဲ သားယူမှာပါ၊ ဒါပေမယ့်. . နည်းနည်းတော့ ရင်ခုန်ပါရစေဦး၊ ရင်ခုန်တာမှ အချစ်ဆို မေမေ ခု သား ရင်မခုန်သေးဘူး၊ သူ့ကိုကြည့်မရဘူး အမြင်ကတ်နေ



သေးလို့”

“ကြည့်မရတာကိုကပဲ သူ့ကိုမင်း စိတ်ဝင်စားစွာကြည့် လို့ပေါ့သားရဲ့”

“ဟာမဟုတ်တာ မြင်လို့ကြည့်တာပါ၊ အဲ. . ဆက်ကြည့် ရဦးမှာပဲ၊ ဘဝသက်တမ်း နှစ်အကြာကြီးပေါင်းသင်းရမယ့် မိန်းမ တစ်ယောက်ကို စိတ်ဝင်စားစွာနဲ့ လေ့လာသင့်တယ် မဟုတ် လား မေမေ”

“အေးပါ. . အေးပါ လေ့လာပါ၊ ဝါမဆိုခင် လက်ထပ် နိုင်ရင် ပြီးတာပဲ၊ တေးသခင်မိသားစုအကြောင်း မေမေပြောပြ မယ်နော်. . ဒီလိုသားရဲ့”

မင်းသောတ မိခင်ပြောပြသော တေးသခင်၏ ကိုယ် ရေးရာဇဝင်ကို သိရသည်နှင့် သူ့ထင်မြင်ချက်တစ်ခု လွဲမှားသွား ကြောင်းသိရလေသည်။

တေးသခင်တို့သည်လည်း မိမိတို့လောက် မဟုတ်သည့် တိုင်အောင် ချမ်းသာကြွယ်ဝသော လူချမ်းသာမိသားစုဝင်များ ဖြစ်ကြသည်ပဲ။

“သူတို့မိသားစုပိုင် ပိုးထည်စက်ကန်းရုံကို ဦးစီးလုပ်ကိုင် နေရတယ်၊ မေမေက သားအဖေ ကွယ်လွန်ပြီးနောက် တစ်လ ပြီးတစ်လ ဆုတ်ယုတ်လာတဲ့ စီးပွားရေးလုပ်ငန်းကို သားကလဲ ဦးစီးမပေးနိုင်တော့ သမီးတေးသခင်ကို အကူအညီတောင်းရတဲ့ သဘောလည်းပါတယ်၊ သူတို့မိသားစုက သိုက်သိုက်ဝန်းဝန်းဆို တော့ ဦးစီးလုပ်ပေးမယ့်သူများတယ်၊ တစ်ယောက်လျော့သွား



www.burmeseclassic.com

www.burmeseclassic.com

လဲ မသိသာဘူးဆိုပြီး မေမေ့အပေါ် စေတနာထားပြီး မြတ်က ကူညီတာ”

“ဟူး . . မေမေကလဲ၊ သား စိတ်ချရတဲ့ မန်နေဂျာကို လွှတ်ပေးပါ့မယ်ဆိုမှ”

“တေးသခင်ထက်တော့ မေမေ ဘယ်သူ့ကိုမှ စိတ်မချနိုင်သလို မေမေကိုပါ မိခင်နှင့်မခြား ပြုစုပေးတာ တစ်ခုတည်းနဲ့တင် သားသူ့ကို ရွေးချယ်သင့်တယ်လို့ မယူဆဘူးလား”

“ယူဆပါတယ် မေမေ၊ သား မေမေဆန္ဒကို လိုက်လျောဖို့က ရာခိုင်နှုန်းငါးဆယ် ရှိနေပါပြီ၊ သားလိုလားတဲ့ အချစ်အတွက် ရာခိုင်နှုန်းငါးဆယ်တော့ ချက်ချင်းမဖြည့်ဆည်းပေးနိုင်သေးတာ ခွင့်လွှတ်ပါ မေမေ”

“သား ဆက်ခ်တေရီတွေနဲ့လား၊ ဒါမှမဟုတ် သားမှာ ချစ်သူရှိနေလို့ ဒီလောက် စဉ်းစားနေရတာလား”

မင်းသောတ ပြုံးကာ ခေါင်းခါယမ်းလိုက်သည်။

“လူရွယ်တို့ ဘာသာဘာဝ တွဲသွားတွဲလာတော့ ရှိတာပေါ့ မေမေ၊ ဒါပေမယ့် ဘဝတစ်ခုလုံး ပုံပေးလောက်အောင် ချစ်မြတ်နိုးရမယ့်မိန်းမ မတွေ့သေးပါဘူး”

“အေးလေ ဒီစကားပဲ မေမေကြားချင်ပါတယ်၊ ကိုင်း. . ဖုန်းပလပ်ပြန်တပ်ပြီး ရန်ကုန်ကို ဖုန်းပြန်ဆက်လိုက်ပါဦး၊ မင်းဟာမလေးတွေဆီက ဖုန်းတဂွမ်ဂွမ်လာလွန်းလို့ အိပ်မရမှာစိုးလို့ ပလပ်ဖြုတ်ထားလိုက်တာ”

မင်းသော ပြုံး၍ထလိုက်ကာ ဖုန်းစင်ဘက်သို့ လျှောက်





သွားလိုက်လေသည်။

ဒေါ်တင်တင်ကြီးက. .

“လမ်းလျှောက်ရင်း သမီးကို ထွက်မျှော်လိုက်ဦးမယ်”

“မျှော်လဲနေဦးမယ်”

“မလဲပါဘူး၊ ရေညှိမရှိတော့ဘူး၊ မေမေ သတိထားမှာပါ”

“ဘုမ လိုက်သွားလိုက်”

ဒေါ်တင်တင်ကြီးက သားဖြစ်သူ၏ ဂရုစိုက်မှုကို ကျေနပ်သွားသည်။

ဘာပဲပြောပြော မင်းသောတသည် တေးသခင်ကို ချစ်သာလိမ့်မည်ဟု သူ လုံးဝယုံကြည်ကာ စိတ်ထဲ၌ပျော်ရွှင် ကြည်နူးမိလေသည်။ သားက သိတတ်နားလည်မှာပါလေဟု. . .။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၀)

**တေး**သခင် ရှိသမျှလုပ်ငန်းခွင်များသို့ လှည့်ပတ်ကြည့်ရှုပြီး ပြန်လာတော့ လေးနာရီခွဲနေပြီ။

အိမ်ထဲသို့ဝင်ဝင်ခြင်း အမောက မပြေချင်။ မင်းသောတက တယ်လီဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။

မိန်းမတွေနှင့်ပဲ ဖြစ်မှာပါ။ ရန်ကုန်က ဖုန်းလာ၍ တိုင်





လိုက်တိုင်း မိန်းမတွေချည်းဖြစ်နေသည်။ ဒီအချက်တစ်ချက်တည်းနှင့်ပင် မင်းသောတကို စိတ်ကုန်ချင်နေပြီ။

အချစ်ကိုတန်ဖိုးထားကာ ချစ်သူနှင့် လက်ထပ်သူ တစ်ယောက်တည်းဖြစ်ချင်သော မိမိနှင့်မှ မျက်နှာများကာ အချစ်ကိုတန်ဖိုးမထားတတ်သောယောကျ်ား တွေ့ရသည်ဟု. . .

တေးသခင် ရေတစ်ခွက် သောက်လိုက်ပြီးသည်နှင့် မီးဖိုချောင်ကို ဝင်လိုက်သည်။

မျက်ဝန်းထောင့်စွန်းက မိမိအား လှမ်းကြည့်နေသော မင်းသောတကို တွေ့လိုက်ရသည်။

တော်တော်ရွံဖို့ကောင်းတဲ့ ယောကျ်ားပေပဲ။

အမျိုးသမီးတစ်ဦးနှင့် တယ်လီဖုန်းပြောရင်း အခြားအမျိုးသမီးတစ်ဦးကို လှမ်းငမ်းရဲသောယောကျ်ားကိုမှ မရွံရှာလျှင် ဘယ်ယောကျ်ားမျိုးကို ရွံရှာရမည်နည်း။

"အစိမ်းကြော်ကြော်ဖို့ အဆင်သင့်ပြင်ထားပြီးပြီလား"

"ပြီးပါပြီမမ"

"ဟင်းချိုအတွက် ကြက်ရိုးပြုတ်ထားပြီးပြီနော်"

"ဟုတ်ကဲ့ ဖိုပေါ်တင်ထားပါတယ်"

မီးဖိုချောင်ကိစ္စကိုလည်း စီစဉ်ရသေးသည်။ အသီးအရွက်ကြော်ကိုတော့ ထမင်းစားကာနီးမှ ကြော်လှော်ပြီး ပူပူနွေးနွေး စားသောက်လေ့ရှိသည်။

ထို့ကြောင့် အဆင်သင့်လုပ်ထားစေပြီးမှ တေးသခင် အပေါ်ထပ်သို့တက်ခဲ့သည်။ တအောင့်နား ရေချိုးပြီးသွားချိန်၌



www.burmeseclassic.com

www.burmeseclassic.com



ငါးနာရီကျော်သွားလေပြီ။

လူကြီးတွေအတွက်ကတော့ ညနေစာကို စောနိုင်လေ ကောင်းလေဖြစ်သည်။ ဒါမှလည်း အစာကြေနိုင်သည်။

တေးသခင် မိခင်ကို သတိရမိသည်။ မိခင်၏ သွန်သင် ဆုံးမှုများက ပွဲလယ်တင့်တယ်စေသည်။

"စောစောအိပ်ထ ပြုကျင့်က တွင်းပကိုယ်ခန္ဓာ ရောဂါ ခပ်သိမ်းရှောင်ခွာတိမ်း ကင်းငြိမ်းလွန်ချမ်းသာတဲ့"

စောစောအိပ် စောစောထတတ်သော အကျင့်. . .

"အိမ်တစ်အိမ်ရဲ့ ယိုပေါက်က ဘယ်မှာလဲသိလားသမီး"

အရွယ်လေးအနည်းငယ်ရ၊ ဆယ်တန်းဖြေပြီးသည်နှင့် မိခင်က သင်တန်းတစ်ခု ပို့ချလေသည်။

"ဟင့်အင်း. . မသိဘူး မေမေ"

"မီးဖိုချောင်လေသမီး. .၊ အိမ်ထောင်ဦးစီးက ဘယ် လောက်ပဲရှာရှာ မီးဖိုချောင်မလုံရင် ပလိုင်းပေါက်နဲ့ဖားကောက် သလိုပဲ၊ ဒါကြောင့် မီးဖိုချောင်လုံခြုံရေး သမီး သင်တန်းဆင်းရ မယ်"

ထိုစဉ်ကတော့ တေးသခင် ရှုံ့တွကာ မီးဖိုချောင် မဝင် ချင်ဝင်ချင် ဝင်ခဲ့ရလေသည်။

ယခုမှ အတတ်ပညာတို့၏ စွမ်းပကားကို တေးသခင် သဘောပေါက် နားလည်လာလေပြီ။ ဘယ်အတတ်ပညာမဆို သင်ယူတတ်မြောက်ထားလျှင် အကောင်းဆုံးဖြစ်သည်ဟု. .။

တေးသခင် ရေချိုးပြီးသည်နှင့် မီးဖိုချောင်ဝင်သည်။



အစိမ်းကြော်နှင့် ဟင်းချိုခတ်ခြင်းကို ကိုယ်တိုင်လုပ်ပြီး အိမ်တာဝန် ရှိ မိန်းကလေးများကို ထမင်းပွဲပြင်ဆင်စေပြီး လိုအပ်ချက်ကို ပြုပြင်ပေးလေသည်။

ကိုယ်တိုင်ကျွမ်းကျင်စွာ တတ်မြောက်ထားသူဖြစ်၍ သူ တစ်ပါးကို ခိုင်းစေသည့်အခါ၌လည်း စနစ်တကျရှိလေသည်။

"သမီးရယ် ကောင်မလေးတွေလဲ ခုလောက်ဆို ကျွမ်း ကျင်လောက်ပါပြီ၊ ကိုယ်တိုင် ဝင်ကြော်လှော်နေပြန်ပြီလား"

ဒေါ်တင်တင်ကြီးက မီးဖိုချောင်အဝမှ လှမ်းပြောလိုက် သည်။

"ဟုတ်တယ် သူတို့ကို စစ်ဆေးချိန်မရသေးလို့ နောက် နေ့တွေ လက်တွေ့အသုံးချကြည့်မှာပါ ကြီးမေ၊ ခုတော့ အလှီး အချက်နဲ့ အထောင်းအထုနဲ့ သန့်ရှင်းရေးကို ပထမအဆင့် လုပ် ခိုင်းနေရသေးတယ်"

တေးသခင်က ပြောပြောဆိုဆို မီးဖိုချောင်ထဲမှ ထွက်ခဲ့ လေသည်။ အငွေ့တထောင်းထောင်းနှင့် ထမင်းပွဲကို တေးသခင် ကြည့်လိုက်သည်။

ခွန်းတပ်ပုံကအစ စနစ်မကျလျှင် ပြန်ပြင်ခိုင်းတတ် သည်။

"အစားအစာကိုတော့ အာဟာရရှိရှိ စားသုံးတယ် ဆို ပေမယ့် စည်းစနစ်ရှိရှိနေတတ်ဖို့လိုတယ်၊ ဘယ်အရာမဆို စည်း ကမ်းရှိတာ အကောင်းဆုံးလို့ မေမေကပြောထားလို့ ကျွန်တော် လဲ ဘာပဲလုပ်လုပ် စည်းစနစ်ကျနေပြီ၊ နေ့တစ္စဝ လုပ်ငန်းဆို

www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ပင်ပန်းတယ်လို့ မထင်တော့ပါဘူး ကြီးမေ၊ ကိုင်းကြီးမေသားကို ခေါ်လို့ရပြီ၊ ဘုမ သွားခေါ်လိုက်"

တေးသခင် ပြောပြောဆိုဆို အလုပ်လုပ်သွားသည်။

ဒါတွေကိုလည်း မိန်းမတစ်ယောက်၏အရည်အချင်းဟု ဒေါ်တင်တင်ကြီး မြင်သလို. . မင်းသောတ မမြင်။

"ဒီမိန်းမကို ယူရင်တော့ ငါတော့ နားငြီးတော့မှာပဲ. . နေရာတကာ သူ့ခြေသူ့လက် သူ့ဩဇာချည်းပဲ"

ဟုတွေးမိကာ ထမင်းဝိုင်း၌ ဝင်ထိုင်လိုက်သည်။

သို့သော် ဟိုတယ်စာများကိုသာ အစားအသောက်များနေသော သူ့အတွက် တေးသခင်၏လက်ရာ ဟင်းလျာများကို ခေါင်းမဖော်တမ်း ခံတွင်းတွေ့စေသည်။

သို့သော်. . . မင်းသောတ စိတ်တွင်းက. . .

"အိမ်ပြင်အလုပ် အိမ်တွင်းအလုပ် အကုန်လုံးတော့ဦးစီးနိုင်စွမ်းရှိတာ မဆိုးပါဘူး၊ ဒါပေမယ့် ယောကျ်ားအပေါ် နိုင်စားမယ့် အခြေအနေမျိုးဆိုရင်တော့ ဆောရီးပဲ မချောရေ"

တေးသခင်အပေါ်၌ အမြင်မကြည်မလင် ရှိနေသည်။

သူ့ကို ညှို့ငင်ဖမ်းစားဖို့ ကြိုးပမ်းသောမျက်လုံး။

ဒီမျက်လုံးက သူ့အာရုံက ဖျောက်ဖျက်၍ မရချေ။

ဖျောက်ဖျက်နိုင်မည်ဆိုပါက မင်းသောတ တေးသခင်အပေါ်ထားရှိသော သဘောထားလည်း ပြောင်းလဲသွားလိမ့်မည်။

မင်းသောတ တေးသခင်ကို မသိမသာခိုးကြည့်လိုက်





သည်။ မျက်လုံးချင်း ဆုံမိကြပြန်သည်။

"ဗုဒ္ဓေါ"

မင်းသောတရင်ထဲ လှိုက်ခုန်လာသည်။

ရွှန်းလဲ့တောက်ပသော မျက်ဝန်းက မိမိကို ညှို့ယူဖမ်းစားနေပြန်ပြီ။ ဒီမျက်ဝန်းမျိုးဖြင့် ပုရိသယောကျ်ားသားတို့အား ဘယ်နှစ်ယောက် ညှို့ယူဖမ်းစား လှည့်ဖျားခဲ့ပြီးပြီလဲမသိ။

မင်းသောတ. . ချက်ချင်းပင် အကြည့်လွှဲပြောင်းလိုက်သည်။ သို့တိုင်အောင် တေးသခင်၏ ညှို့မျက်ဝန်းသည် သူ့အာရုံထဲ၌ အားလပ်ချိန်ဟူသမျှတို့ကို နေရာအပြည့်ယူထားနိုင်စွမ်းရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

**လုပ်**ငန်းနှင့်ပတ်သက်သော စာရင်းဇယားစာအုပ် များကို မင်းသောတ စစ်ဆေးကြည့်ရှုသည်။ ငွေစာရင်းဇယား နိုင်နင်းပြီး လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်သည်ကိုလည်း တွေ့ ရသည်။

"ဘာတွေလိုအပ်နေပါသေးသလဲ ဦးမင်းသောတ၊ ... အပ်ချက်တွေ ညွှန်ကြားပါဦး"





တေးသခင် အထွေထွေစကားကို ကြားလိုက်ရသဖြင့် မင်းသောတ ခေါင်းထောင်ကြည့်လိုက်သည်။ စာကြည့်ခန်းအ တွင်းသို့ ခွင့်မတောင်းဘဲဝင်လာသော တေးသခင်ကို အလိုမကျ စွာဖြင့်. . .

"မင်း ခွင့်မတောင်းဘဲ ဘာဖြစ်လို့ဝင်လာရတာလဲ"

"ရှင်"

တေးသခင် နားမလည်နိုင်သည့်ပုံစံမျိုး တအံ့တသြ လုပ် ပြလေသည်။

"ဘာဖြစ်လို့ ခွင့်မတောင်းဘဲ ဝင်လာရသလဲလို့ မေးနေ တာကွ၊ ရုပ်ကလေးက သနားရုပ်ပနဲ့ နားကလည်းပင်းသေး. ., လူမှုစည်းကမ်းကိုလည်း နားမလည်ဘူး ထင်တယ်"

မိခင်ကွယ်ရာ ဖြစ်သဖြင့် မင်းသသောတ တေးသခင် အား မကျေနပ်ချက်တို့ကို ပေါက်ကွဲလွှင့်ပျံ့စေသည်။

တေးသခင် မင်းသောတ စကားကြောင့် ရုတ်တရက် အံ့အားသင့်သွားစေခဲ့ရာမှ ခံပြင်းစိတ်တို့ ဝင်လာသည်။ သို့သော် ပြဿနာတစ်ခုကို ရင်ဆိုင်ရလျှင် ခေါင်းအေးအေး ထားတတ် သကဲ့သို့ ဖြတ်ထိုးဉာဏ်ရှိသော မိန်းမတို့၏ ညာဉ်အတိုင်း. . .

"ဒီစာကြည့်ခန်းက အိမ်စာကြည့်ခန်းပဲ၊ ဖွင့်ထားတဲ့ တံခါးဟာ အိမ်သားတွေအားလုံးနဲ့ သက်ဆိုင်နေတာပဲ. ., ကျွန် တော်လည်း အချိန်မရွေး ဝင်ခွင့်ရှိတယ်လို့ ထင်ပါတယ်"

"မင်းက အိမ်သားလား. ., မင်းဟာ မန်နေဂျာတစ် ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် . . ဒါဟာ ဝမ်းမင်း(One Man)ကုမ္ပဏီပိုင်ရှင် ရဲ့ ရုံးခန်းမဟုတ်ဘူးလေ၊ ဦးဘမင်း ဒေါ်တင်တင်ကြီးတို့ရဲ့ စာ ကြည့်ခန်းဖြစ်သလို ဒေါ်တင်တင်ကြီးရဲ့ကိုယ်စား စီးပွားရေး၊ လူမှု ရေးတွေကို ဆောင်ရွက်ပေးနေတဲ့ ကျွန်တော်နဲ့လည်း သက်ဆိုင် ပါတယ်"

မင်းသောတ တေးသခင်ကို လျှော့တွက်ထားလို့မရဟု သဘောပေါက်လိုက်သည်။

စာအုပ်ကိုပိတ်ကာ ထိုင်ရာမှ ထလိုက်သည်။

"မင်းဘယ်လိုရည်ရွယ်ချက်နဲ့ ကျုပ်အိမ်ကိုရောက်လာ တာလဲ"

"ဒါတွေ ကျွန်တော့်ကို မေးမယ့်အစား ခင်ဗျားအမေ့ကို မေးကြည့်တာ အကောင်းဆုံးထင်တယ်"

တေးသခင်ရင်ထဲ . . ခံပြင်းစိတ်က ဝင်ရောက်တိုးနှံ အောင်းနေမိသည်။ မိမိအပေါ် ခိုကိုးရာမဲ့ မိန်းမတစ်ယောက်မျှသာ ထင်နေသလား။

"ခင်ဗျား ကျွန်တော့်ကို မလိုလားဘူးထင်တယ်"

"ဟုတ်တယ်"

"ဘာအတွက်ကြောင့်လဲ"

တေးသခင်ထံမှ ပြတ်သားသော မေးခွန်းများထွက်လာ လိမ့်မည်ဟူ သူ မျှော်လင့်မထားသဖြင့် ရုတ်တရက်အဖြေရှာမရ

"ဖြေလေ . . "

တေးသခင်က သည်းမခံနိုင်သည့်အလား ထပ်မံမေး



ခွန်းထုတ်လိုက်လေသည်။

"မေမေကို မင်းအပိုင်ကိုင်ထားခဲ့တာလား"

"အပိုင်ကိုင်တယ်၊ ထူးဆန်းတဲ့စကားတွေပဲ ကျွန်တော် တို့ ဝန်းကျင်အသိုင်းအဝိုင်းမှာ ဒီလိုဝေါဟာရတွေ မရှိဖူးတဲ့အ တွက် ကျွန်တော်နားမလည်ဘူး၊ ဒါကြောင့် ပြန်မေးပါရစေ အ ပိုင်ကိုင်တယ်ဆိုတာ . . ဘာလဲ"

မင်းသောတ မကျေနပ်စိတ်တို့က ဆူပွက်လာသည်။ တေးသခင်နှင့် အနီးကပ်နေရခြင်းကိုကပင် အလှတရားတို့ကို အနီးကပ်မြင်နေရသည်။ အဝေးကပဲကြည့်ကြည့် လှလွန်းနေ သည်။

သို့သော် တေးသခင်၏နှုတ်ထွက်စကားတို့သည် သူ၏ နားကို ခါးသီးစေသည်။

"မင်းရဲ့ အရည်အချင်းတွေထုတ်ဖော်ပြ၊ မေမေ့အလို ကျ နေပေးပြီးတော့ . . မေမေ မင်းအပေါ် မလွန်ဆန်နိုင်အောင် မင်းလုပ်နေတာလား"

"ဦးမင်းသောတစိတ်ဓာတ် ဒီလောက်အောက်တန်းကျ မယ်လို့ ကျွန်တော်ထင်မထားခဲ့ဘူး၊ မိန်းမပွေတာလောက်ပဲ ရှိ မယ်ထင်ထားခဲ့တာ၊ ခုတော့ ကျွန်တော် ခင်ဗျားကို လက်ထပ်ဖို့ ကိစ္စ စဉ်းစားစရာဖြစ်လာပြီ"

မင်းသောတ ရှက်စိတ်မွှန်ထူသွားသည်။ မိမိစကား မှား သွားခဲ့သည်။

မိမိအပေါ် တေးသခင် အခွင့်ကောင်းယူကာ ချေပလိုက်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။

သို့သော် မင်းသောတက ချက်ချင်းပင် အနိုင်ရယူလိုမှု ဖြင့်. . .

"ဩော်. . မင်းက လက်ထပ်ဖို့ကိုစ ခေါင်းညိတ်ခဲ့တယ် လား၊ ဒီယုန်မြင်လို့ ဒီချုံထွင်ခဲ့တာလား"

တေးသခင် မင်းသောတအပေါ် အထင်သေးစိတ်တို့ ဝင်ရောက်လာသည်။

"ခင်ဗျားထင်ချင်သလိုထင် ကျွန်တော် အရေးမစိုက်ဘူး မေမေနဲ့ ကြီးမတို့ရဲ့ စကားကိုနားထောင်ပြီး ကျွန်တော် ဒီမှာ ကြီးမေကိုယ်စား အိမ်ထောင့်တာဝန်နဲ့ ဝမ်းမင်းလုပ်ငန်းကို လာ ဦးစီးပေးတာ ခင်ဗျားနဲ့ကိစ္စကိုတော့ ကျွန်တော် စဉ်းစားဦးမှာပါ ဘဝတစ်သက်တာ လက်တွဲရမယ့် ယောက်ျားတစ်ယောက်အ ပေါ် ကျွန်တော် မလေးစားမချစ်ခင်နိုင်ဘဲနဲ့တော့ ကျွန်တော် လက်ခံနိုင်မှာမဟုတ်ဘူး"

တေးသခင်၏ ပြတ်သားသောစကားကြောင့် မင်းသော တ အနာပေါ် တုတ်ကျသည့်အလား ဆတ်ဆတ်ခါသွားသည်။

"နှုတ်သီးကောင်းလှချည်လား မိန်းမသားတစ်ယောက်နဲ့ စကားနိုင်လုဖို့မလွယ်ဘူး၊ သူခိုးက လူပြန်ဟစ်နေတာလား၊ မင်း ကို ကျုပ်က ပြန်လေ့လာရမှာပါဗျ၊ မင်းကပဲ လက်ခံပြီးပြီဆို"

"ရှင့်ကို မမြင်ခင် ရှင့်ကြောင်းတွေမသိခင်က လက်ခံခဲ့ တာ၊ ခုတော့. . ရှင့်လို ပွေရှုပ်တဲ့ယောက်ျားတစ်ယောက် လူတစ် ဖက်သားအပေါ် ရှုတ်ချတတ်ပြီး ကိုယ့်ကိုယ်ကို အထင်ကြီးတတ်





တဲ့ ယောက်ျားတစ်ယောက်ကို လေ့လာဖို့ လိုအပ်ပြီလို့ ကျွန်တော် သဘောပေါက်ပြီ"

တေးသခင်၏ စကားလုံးတိုင်းက သူ့ကို ထိုးနှက်လိုက် သလို ခံစားလိုက်ရသည်။

"ကောင်းပြီလေ ကျုပ်ဘက်က ပြတ်သားပါတယ်၊ မင်း လို ကိုယ့်ကိုယ်ကို အထင်ကြီးပြီး. . ယောက်ျားတစ်ယောက်ကို အကြည့်နဲ့တစ်ချက် ညှို့လိုက်တာနဲ့ မင်းခြေရင်းဝပ်စင်းသွားမယ် လို့ အထင်သေးနေတတ်တဲ့မိန်းမမျိုး ကျုပ်တစ်သက် မစဉ်းစား ဘူး"

တေးသခင် နှလုံးသားကို စူးရှသော လှံသွားတစ်ချောင်း နက်ရှိုင်းစွာ စိုက်ဝင်သွားလေပြီ။

ကျွန်တော် ခင်ဗျားဟု မန္တလေးသူပီပီ ဒေသသုံး ဝေါ ဟာရများကို တရင်းတနှီး ခုံမင်စွာ သုံးစွဲပြောဆိုမှုကိုပင် ပြောင်း လဲလိုက်မိသည်။

"ဒီလိုဆို ကောင်းပြီ၊ မနက်ဖြန်မနက်ပဲ ကြီးမေရှေ့မှာ မျက်နှာချင်းဆိုင် ပြောဆိုရှင်းလင်းပြီး. . ကျွန်မ ဒီကထွက်သွား မယ်"

"ဟာ. . ဒါတော့ဘယ်ဖြစ်မလဲ၊ မေမေရဲ့ စိတ်ချမ်းသာ မှုတို့ ခင်ဗျားမဖျက်ဆီးပါနဲ့၊ ခင်ဗျားရဲ့ ယုယစွာ သိမ်းသွင်းထားမှု မှာ ကျုပ်အမေက သာယာနေပြီ၊ သူ့မှာ အရမ်းစိတ်ချမ်းသာပြီး ပျော်ရွှင်နေတာ သွေးတောင်မတိုးတော့ဘူး၊ ဒီကိစ္စ အချိန်ယူကြ တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပ့ါမလား ရှင့်စကားတွေက ကျွန်မရဲ့ဂုဏ်သိက္ခာကို စော်ကားနေတယ်ဆိုတာရော ရှင် သတိပြုမိရဲ့လား ဦးမင်းသောတ"

"မင်းစကားကရော ငါ့ရဲ့ဂုဏ်သိက္ခာနဲ့ ကိုယ်ကျင့်တရားကို စော်ကားနေတယ်ဆိုတာ မင်း သတိပြုမိရဲ့လား တေးသခင်"

တေးသခင် သူ့ကိုစိတ်ဆိုးနေသည်။ စိတ်ဆိုးနေသော်လည်း အလှမပျက်သည့်မိန်းမပါလားဟု မှန်းတီးနေသည့်ကြားက သူ သတိပြုမိလိုက်လေသည်။

သူ မိန်းမတွေနှင့်လက်ပွန်းတတီး အနီးကပ်နေဖူးသည်။ ရှုပ်သည်၊ ပွေသည် ဆိုသည့်စကားကို သူ လက်မခံနိုင်။ သူဘယ်မိန်းမကိုမှ ကိုယ်ထိလက်ရောက် မကျူးလွန်၊ မစော်ကား။ ဒါတွေကို တေးသခင်မသိဘဲ မိမိအပေါ် အထင်သေးနေသည်။

မိမိကသာ အထင်သေးရမှာ၊ အိမ်ထောင်ဘက်ကို ရွေးချယ်သူဖြစ်ရမှာ။ မိမိက သူ၏အရွေးချယ်ခံ မဟုတ်။

ထိုဆန္ဒသည် နှစ်ဦးစလုံး၏ ရင်ထဲရှိနေကြသည်။

"ကျွန်မဘက်က စပြီး ဘယ်သူ့ကိုမှ မစဘူး၊ မစော်ကားတတ်ပါဘူး၊ အဲ. . ဒါပေမယ့် ကျွန်မကို စော်ကားလာပြီ ဆိုရင်တော့လည်း ခေါင်းမငုံ့တတ်ဘူး"

"မင်းကို ကျုပ်မစော်ကားပါဘူး၊ မင်းရဲ့ အရည်အချင်းကောင်းတွေ အလုပ်သမားတွေရော ကျုပ်မိခင်ကိုပါ သိမ်းသွင်းနိုင်စွမ်းရှိတဲ့အရည်အချင်းကောင်းတွေ တွေ့မြင်နေရတာပဲ ကျုပ်အထင်မသေးပါဘူး"



တေးသခင် မင်းသော၏ ခနိုးခနဲ့စကားကို လုံးဝလက်မခံနိုင်ပါ။

"ကောင်းပြီလေ၊ ရှင်နဲ့ကျွန်မ ပြတ်သားတဲ့ ဆုံးဖြတ်ချက်တစ်ခုကိုချဖို့ အချိန်ကာလတစ်ခုခု ရွေးချယ်သတ်မှတ်ရအောင်"

"နှစ်ဖက်မိဘတွေဆန္ဒက သိပ်ပြင်းပြနေတော့ ကျုပ်တို့အချိန်သိပ်ယူလို့မဖြစ်ဘူး၊ မင်းပဲပြောပါ မင်းကို ဦးစားပေးပါတယ်"

တေးသခင် မျက်ထောင့်ကပ်ပြီး စဉ်းစားလိုက်သည်။

"ကြီးမေ ပတ်တီးဖြည်တဲ့နေ့"

"ဗုဒ္ဓေါ"

"ဘာဖြစ်လို့လဲ"

သူ့မိခင် ရွေးထားပေးသောရက်နှင့် ထပ်တူဖြစ်နေခြင်းကြောင့် သူ ဘုရားတလိုက်ခြင်းဖြစ်သည်။

"ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့် အဲဒီရက် ရှင် ဒီကိုပြန်လာခဲ့ပေ့ါ"

"မင်း အမိန့်ပေးစရာမလိုပါဘူး၊ ကျုပ်လာချင်တဲ့အချိန်လာမယ်၊ နေနေတော့ကော ဘာဖြစ်သလဲ. .၊ မင်း ကျုပ်ကိုကြောက်နေပြီလား"

"ဘာစကားလဲ ရှင့်စကားက"

"ကျုပ်နဲ့အနီးကပ်နေခြင်းအားဖြင့် မင်းရဲ့စိတ်တွေ ကျုပ်အပေါ် ယိမ်းယိုင်ကျလာမှာစိုးရိမ်လို့လား"

"ရှင်နော် တော်ရုံတန်ရုံယောကျ်ားကို တိမ်းသွတ်တတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကျွန်မ ခုလောက်ဆို အိမ်ထောင်ကျနေလောက်ပါပြီ၊ ရှင့်ရဲ့ တစ်ဖက်သတ်စွပ်စွဲချက်တွေနဲ့ အထင်သေးမှုတွေကို ခံရမှာ မဟုတ်ဘူး သွားမယ်"

"နေပါဦး . . ကျုပ်အိပ်ယာဝင်ကာနီး အရည်တစ်ခုခု သောက်ချင်တယ်"

"ဘုမကို ခိုင်းလိုက်မယ်၊ ကျွန်မ ရှင့်ကိုပြုစုဖို့ ရောက်လာတဲ့သူ မဟုတ်ဘူးဆိုတာ ရှင်သိထားပါ"

တေးသခင် ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်ခဲ့လေသည်။

မင်းသောတနှင့်ပတ်သက်ပြီး တစ်ခုခုတော့ ပညာပေးမှ ဖြစ်တော့မည်။ ချစ်ခြင်းမေတ္တာဟူသည် လေးစားမြတ်နိုးခြင်းမှ ပေါက်ဖွားလာတတ်သည်ဟု တေးသခင် ယုံကြည်ထားသည်။

ယခုတော့ မင်းသောတ မိမိကို အထင်သေးနေသည်။ ဘာကြောင့်နည်းကို သေချာစွာမသိသေးသော်လည်း မနာလိုခြင်းပါလိမ့်မည်။ မိန်းမတစ်ယောက်က ယောကျ်ားတစ်ဦး ဦးဆောင်သော လုပ်ငန်းကြီးမျိုးကို ဦးဆောင်ပေးနိုင်တာထက် ပို နေ၍လား။

ရည်ရွယ်ထားသော ယောကျ်ားလေးရှင်ဘက် အိမ်သို့ လာရောက်နေထိုင်ခြင်းကို ထင်သေးတာလား။ တစ်ခုခုတော့ တစ်ခုခုပင်။ မိမိဘက်ကရော။

ရှုပ်သော့ပွေသော ယောကျ်ားတစ်ယောက်အပေါ် . . သည်းခံခွင့်လွှတ် မပေးနိုင်ခြင်း၊ ရွံ့ရှာခြင်းတို့ ဖြစ်မိလေပြီဖြစ်၍



သူ့အပေါ် အထင်ကြီး၍မရတော့။

တစ်ဦးအပေါ် တစ်ဦး အထင်သေးနေကြသော လူနှစ်ဦး အိမ်ထောင်တစ်ခုကို ထူထောင်ဖို့ရာ မဖြစ်နိုင်။

လေ့လာကြည့်ရုံပေါ့။

ခက်တာက မိမိနှလုံးသား၊ ဓာတ်ပုံမြင်ရုံနှင့် ချစ်ခင်စွဲလမ်းခဲ့သော မိမိနှလုံးသားကို အထင်သေးခြင်းဟူသော မြားချက်ထိုးဝင်သွားခဲ့လေပြီ။ ဒီမြားချက်ကို နုတ်ယူဖို့အတွက် သူ့ကို လေ့လာရပေဦးတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၂)

**မင်း**သောတ ညက ဝမ်းဟိုတယ်နှင့်ပတ်သက်သော ငွေစာရင်းစာအုပ်ကို အပြီးတိုင်စစ်ဆေးသည်။ ထို့နောက် ဝမ်းနေကြာစေ့နှင့် မက်မန်းသီးလုပ်ငန်း၊ ဝိုင်လုပ်ငန်း အားလုံးကိုပါ အသေးစိတ်ကြည့်ခဲ့သဖြင့် ညဉ့်နက်သွားသည်။

သူ အိပ်ယာမှထတော့ တေးသခင် မရှိတော့။ နံနက်စောစောအပြေးလေ့ကျင့် အားကစားလုပ်၊ ရေချိုး၊ နံနက်စာစား





ဈေးဝယ်ခိုင်းပြီး နံနက်စာချက်ပြုတ်ရန် ညွှန်ကြားပေးပြီး လုပ်ငန်းခွင်များသို့ လှည့်ပတ်ရန် ထွက်သွားပြီဖြစ်ကြောင်း မိခင်က သူ့အား ပြောပြလေသည်။

"ဒီလို မိန်းမမျိုးသာ ရှာကြည့်စမ်း၊ ထမင်းထုပ်သာသိုးသွားမယ်၊ ရှာတွေ့မှာမဟုတ်ဘူး"

"ပေါပါတယ်၊ နိုင်ငံတကာမှာ ခုထက်တောင် စိုးသေး၊ အိမ်ဖော်စရိတ်ကြီးလို့ မထားနိုင်ဘဲ ကိုယ်တိုင်ချက်ပြုတ်လျှော်ဖွပ်ပြီး အလုပ်ခွင်ကို သုတ်သုတ်ပြေးကြရတဲ့ အိမ်ရှင်မတွေ တစ်ပုံကြီး"

"ဒါက စက်ကိရိယာတွေကို ခလုတ်နှိပ်ခိုင်းရုံပဲလေ"

"ဘာပဲပြောပြော အသီးအခွံနွှာတာ ခွဲတာ အသားလှီးတာ ဘာဘာညာညာကတော့ စက်နဲ့လုပ်လို့မရပါဘူး မေမေရာ၊ စောင်ခေါက် အိပ်ယာခင်းကရော စက်ကိုခိုင်းလို့ရမလား"

"ဒီကောင်လေး ကပ်သီးကပ်သတ် ပြောနေရအောင် နင့်မှာရည်းစားရှိနေပြီလား ပြောစမ်း"

"မရှိပါဘူး"

"မရှိရင် အမေက ကောင်းတယ်ထင်လို့ ရွေးချယ်ပေးတဲ့ မိန်းမအပေါ် နင်ဘာတွေ အပြစ်မြင်နေရတာလဲ"

"စကားအဖြစ်ပြောတာပါ"

"စားလို့ကောင်းလား"

အုန်းနို့ခေါက်ဆွဲ အလွန်ကြိုက်သော သူ့အတွက် နှစ်ပန်းကန်လောက်တော့ အေးအေးဆေးဆေးပင်။


www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်"

"ဘယ်သူ့လက်ရာထင်သလဲ"

တေးသခင်လက်ရာပင် ဖြစ်လိမ့်မည်ဟု သူတွက်ပြီးသား။

"ဘယ်သူ့လက်ရာဖြစ်ဖြစ် အစားအသောက်က အာဟာရ ဖြစ်ရုံဆို ပြီးတာပါပဲ၊ မစင် တန်ဆာဆင်. . ."

"ခွေးကောင်လေး ခေါင်းခေါက်လိုက်ရ"

ဖခင်ရှိစဉ်က ဟင်းချက်မကောင်းသော မိခင်အပေါ် အပြစ်မမြင်ဘဲ ပြောဆိုနှစ်သိမ့်တတ်သောစကားကို သူသုံးခဲ့လိုက်ခြင်းဖြစ်၍ မိခင်က သွားလေသူစကားကို သတိတရရှိသောသားကို ချစ်စနိုးမာန်မဲကာ ကျေနပ်သွားလေသည်။

"သားက သားအဖေထက် ကံကောင်းမှာပါ၊ မေမေက တစ်ဦးတည်းသောသမီး ဖြစ်ခဲ့တော့ မိဘတွေရဲ့ အလိုလိုက်ခြင်း ရှေ့ပေါ်မြတင်ထားခဲ့တဲ့အကျင့်နဲ့ ဘာကိုမှ နိုင်နိုင်နင်းနင်း မလုပ်နိုင်ခဲ့ဘူး၊ ဒါတွေ ငါ့သားလက်ထက်မှာ မရှိစေချင်တော့ဘူး၊ ငါ့သားကို ကံအကောင်းဆုံးယောကျ်ားတစ်ယောက် ဖြစ်စေချင်လို့ တေးသခင်လို စွယ်စုံမိန်းကလေးကို မေမေ ခွေးမအဖြစ် ရွေးချယ်ခဲ့တာ"

"စွယ်စုံထဲမှာ ရည်းစားမထားတာလဲ ပါရမယ်နော်၊ သူ့ကို ရည်းစားမရှိပါဘူးလို့ မေမေ အာမခံရဲလား"

သူ မကျေနပ်ချက်တစ်ခွန်းတစ်စကို ဖွင့်ဟလိုက်လေသည်။





"ခံရဲတယ်"

"ဟုတ်ရဲ့လား မေမေ၊ မေမေက မန္တလေးမှာနေတာ ဟုတ်ဘူးလေ ပြင်ဦးလွင်မှာ၊ သူ တက္ကသိုလ်တက်တော့ မေမေ သူ့အနားမှာ လိုက်တက်တာမဟုတ်ဘူးလေ၊ မေမေ ဘယ်လို အာမခံမှာလဲ"

"သူ့အမေ အာမခံတော့ မေမေအာမခံရဲတာပေါ့"

"သူ့အမေကတော့ သမီး မကောင်းကြောင်း ဘယ်ပြောမလဲ"

"မေမေ ဒီကိစ္စ ဒီလောက်မအပါဘူး၊ သူ့အသိုင်းအဝိုင်း မေမေ့အသိုင်းအဝိုင်းတွေနဲ့ စုံစမ်းကြည့်ပြီးပါပြီ၊ တကယ်ပဲ ရည်းစားတစ်ယောက်မှ မရှိခဲ့ဘူး၊ ကြိုက်တဲ့သူ စပ်စပ်ကြတဲ့ သားနှင့်တွေကတော့ အများကြီးပေါ့သားရယ်၊ သားကသာ ကံထူးလို့ သူ့အမေသဘောကျ ရွေးချယ်ခြင်းကိုခံရတာ"

မင်းသောတ ဘဝင်မကျနိုင်၊ မိန်းကလေးရှင်ဘက်က သဘောကျရအောင် သူလည်း ဒေါ်မြတ်လေးကို မမြင်ဖူးသကဲ့သို့ ဒေါ်မြတ်လေးကလည်း သူ့ကိုမြင်ဖူးလိမ့်မည်မဟုတ်။

ဒါကြောင့် ရုပ်ကိုသဘောကျတာမဖြစ်နိုင်၊ သူ့စည်းစိမ်နှင့် သူ၏လုပ်ငန်းကို သဘောကျတာပဲဖြစ်ရမည်။

"သားက ရွေးချယ်မှာပါ"

"သားဘက်ရွေးရွေး သူ့ဘက်ရွေးရွေး ဒါက သားတို့ဘက္က၊ ဒါပေမယ့် အမေတွေက ရွေးချယ်ပြီးဖြစ်တဲ့အတွက် သားတို့ပေးရမယ့်အဖြေထက် ညှိနှိုင်းကြတဲ့ကိစ္စတွေထဲမှာ အမိက



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုပဲ၊ နောက်. . ရက်ကိုရွေးဖို့”

“ဒါတော့မဟုတ်သေးဘူးထင်တယ် မေမေ၊ အချစ်မဲ့တဲ့အိမ်ထောင်ရေးဟာ ဘယ်သာယာနိုင်ပါ့မလဲ”

“မင်းမချစ်ဘူးလား မေမေတော့မယုံပေါင်၊ ချစ်လို့ မင်းစိတ်ကတောင် ဝန့်တိုနေပြီမဟုတ်လား”

“မဟုတ်သေးပါဘူး မေမေရာ၊ တစ်ခုခုတော့ လွဲမှားနေပြီထင်တယ်၊ ညှို့နှိုင်းကြည့်ပါဦးမယ်၊ မေမေ ရန်ကုန်လိုက်ခဲ့ဦးလား၊ ဆောင်းရောက်လာပြီဆိုတော့ သိပ်အေးတယ်လေ”

“အေးတာမဆန်းပါဘူး၊ မင်းက ဘယ်တော့ပြန်မှာလဲ”

“သုံးလေးရက်နေဦးမှာပါ”

“သမီးကို ဘယ်မှ မပို့ပေးရသေးဘူး၊ လိုက်ပို့ပေးရင်း ဆွေးနွေးကြပေါ့”

ကောင်းသည်၊ ဒီအစီအစဉ်ကို မင်းသောက သဘောကျသည်။ မိခင်ကွယ်ရာဆိုတော့ မိခင်ကိုငဲ့ကွက်စရာမလို။ မိခင်ကတော့ သူတို့နှစ်ဦးကို ရင်းနှီးစေချင်သည်၊ နီးစပ်စေချင်သည်။

“ဒီလောက်အလှကြိုက်တဲ့သားက ဒီလောက်လှတဲ့ မိန်းကလေးကို အင်တင်တင်ဖြစ်နေတာ မေမေ့အတွက် အထူးအဆန်းဖြစ်နေဟယ်၊ မေမေ့ကိုမှန်မှန်ပြော ရန်ကုန်မှာ သားနှင့်သက်တဲ့လူများ ရှိနေလို့လား”

“မရှိပါဘူး မေမေ၊ သားက အကောင်းဆုံးမိန်းမကိုပဲလိုချင်လို့ ရွေးချယ်နေတုန်းပါ”

“တေးသခင်ဟာ အကောင်းဆုံးမိန်းမ မဟုတ်ဘူးလား”





“မဟုတ်ဘူး”

မိခင်က မျက်လုံးပြူးသွားလေသည်။ သားသဘောကိုနားမလည်နိုင်အောင် ဖြစ်မိလေသည်။

“အတော်ဆုံးတော့ ဖြစ်ကောင်းဖြစ်လိမ့်မယ်. . ၊ အကောင်းဆုံးတော့ ဖြစ်မလာနိုင်သေးဘူး”

“ဘာဖြစ်လို့လဲ”

“သူ့မျက်လုံးတွေက သားကိုမြူဆွယ်နေလို့”

ဟုပြောလိုက်လျှင် မိန်းကလေးအပေါ် အရမ်းစော်ကားရာ ရောက်ပေလိမ့်မည်။ တေးသခင်မျက်လုံး၏ ထူးခြားချက်ပေအား။ ညှို့မျက်ဝန်းက ပင်ကိုယ်မွေးရာပါ အစွမ်းထက်မှုလား. . ဘာလား သူခွဲခြားနိုင်စွမ်းမရှိသေးပေ။

သူ လေ့လာရဦးမည်။

“ဘာမှမဟုတ်ပါဘူး ဆက်လုလုမျက်ခုံးက ရည်းစားများတယ်၊ မျက်လုံးအကြည်ဓာတ်ကလည်း အားကောင်းလွန်းတယ်၊ ဒါတွေကြောင့် သူ့ကို သားလုံဝခြောက်ပစ်ကင်း သဲလဲစင်ပါတယ်လို့ ယူဆလို့မရသေးဘူး၊ ဒါကြောင့် နည်းနည်းအချိန်ယူလေ့လာပြီးမှ အဖြေပေးမယ်”

“မင်းတို့ ခေတ်လူငယ်တွေက စိတ်ကူးယဉ်ဆန်လွန်းတယ်၊ ခေါင်းလည်းမာကြတယ်၊ မိဘက ကောင်းမယ်ထင်လို့စီစဉ်ပေးနေမှ ဘာစဉ်းစားစရာလိုသေးသလဲ၊ အပွေးမြင် အနပ်သိပါတယ်”

“စိတ်ချပါ မေမေရယ်၊ မေမေစိတ်တိုင်းကျ ဖြစ်စေရမှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ သားစိတ်ထဲမှာ မရှင်းလင်းတဲ့ အချက်ကလေးတွေကို
လာပြီးရင် သား စိတ်ရှင်းသန့်စွာနဲ့ လက်ခံမှာပါ”

မင်းသောတ မိခင်ကြီးအလိုကျစေရန် မယုတ်မလွန် အဖြေပေးလိုက်သည်။

“မေမေ တေးသခင်ကိုပဲ ချွေးမတော်ချင်တယ်၊ သား မေမေ့ဆန္ဒတွေကို တစ်ခုမှ မလိုက်လျောပေးခဲ့ဖူးဘူး၊ ဒီဆ တစ်ခုကိုတော့. . .”

မိခင်က ပြောပြောဆိုဆို ဝမ်းနည်းလာရသည်။

အသံတိမ်ဝင်သွားပြီး. . .

“ပုတီးစိပ်လိုက်ဦးမယ်”

ဟု အကြောင်းပြကာ သူ့အား ရှောင်လွှဲသွားလေသည်။

မင်းသောတရင်ထဲ နင့်ခနဲ ခံစားလိုက်ရလေသည်။ တစ်ဦးတည်းသော သားဖြစ်ပေမယ့် မိခင်က ရန်ကုန်မှာ မနေ ချင်၊ ဘိုးဘွားများကလည်း မပေးနိုင်ဆိုကာ သူ့သဘောအတိုင် ဆိုတော့လည်း ရန်ကုန်မှာသာ နေချင်သောသူ့ကို ရန်ကုန် ပေးနေသည်။

မိခင်ကြီး စိတ်သောကရောက်စေမည့်အလုပ်ကို မလုပ် တော့ပါဘူးလေဟု ဆုံးဖြတ်လိုက်သည်။ တေးသခင်ကို အပြစ် သောမျက်လုံးများဖြင့် မကြည့်တော့ဘဲ ချစ်ချင်သောမျက် ဖြင့်သာ ကြည့်တတ်ရန် ကြိုးစားတော့မည်ဟုလည်း. . .





# အခန်း(၁၃)

**ဆောင်း**တွင်းသို့ ချဉ်းနင်းဝင်ရောက်လာစပြုပြီ ဖြစ် လားမသိ။ ဆောင်းတွင်းပန်းတို့၏ အလှတရားက အစွမ်းကုန် ငွားစွင့်စွင့် ဝင့်ဝင့်ကြွားကြွား ဂုဏ်တင့်လျက်ရှိလေသည်။

ရက္ခဝေဒဥယျာဉ်ထဲ ယှဉ်တွဲလမ်းလျှောက်ရင်း တေးသ ခင် မင်းသောတထံမှ စကားစလာမည့်အနေအထားကို ငံ့လင့် မျှော်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသောတ အကောင်းဆုံး၊ အထိရောက်ဆုံး စကား
များကိုစဉ်းစားလိုက်သည်။ ထိုစဉ်. . .

"ဟယ် တေးသခင်"

တေးသခင် သူငယ်ချင်းတစ်သိုက်နှင့် သွားတွေ့သည်
လက်ပံပင် ဆက်ရက်ကျသည့်အလား စကားတွေ ကွကျိကွကျ
နှင့် များလိုက်သည့်ဖြစ်ခြင်း။

မင်းသောတ စိတ်ရှည်လက်ရှည်ပင် ခုံတန်းလျားလေး
ထိုင်စောင့်နေလိုက်သည်။ မိန်းမသားတွေ၏ အကျင့်စရိုက်
သိထားပြီး လူတစ်ယောက်အနေဖြင့် သာမန်ကိစ္စလောက်
ဝန်တိုမနေ။

သူငယ်ချင်း အုပ်စုထဲတွင် ယောကျ်ားမိန်းမ ပါဝင်
သည်။ ရွှန်းလက်မျက်ဝန်းက ညှို့ဓာတ်အပြည့်ရှိကာ ဝင်း
တောက်ပနေသည်။

သို့သော် ရိုးသားနေသည်။ ချစ်ရည်ရွှန်းလဲ့ခြင်းမရှိ

သူ့ကိုစတွေ့တုန်းက မျက်လုံးက. . ညှုကလီးယားမျာ
သည်ဟု သူတွေ့လိုက်ခဲ့တာမှ ဟုတ်ပါလေစဟု သံသယ
ဖြစ်လာသည်။

ယခုနောက်ပိုင်းတွင်တော့ ထိုမျက်ဝန်းမျိုး ထပ်မတွေ့ရ
သို့သော် ပင်ကိုယ်ရွှန်းလဲ့တောက်ပသော ညှို့မျက်ဝန်းကိုတော့
သူ ရင်ဆိုင်နေရသည်။

သိပ်တော့မစောင့်လိုက်ရ. ။ လူစုကွဲသွားပြီး သူ့
လျှောက်လာသည်။



"မာဖူးတုန်းက သူငယ်ချင်းတွေလေ"

"ပြောလို့ ကျေနပ်ရဲ့လား၊ မကျေနပ်ရင် ဆက်ပြောနော်
ကျုပ်ကို အားနာစရာမလိုဘူး"

"ဘာလဲ ရှင်ကမကျေနပ်ဘူးလား"

"ဘာဆိုင်လို့လဲ မင်းနဲ့ပတ်သက်ပြီး ကျုပ်မှာ မကျေနပ်
ခြင်း ကျေနပ်ခြင်း ဘာမှမဖြစ်ပေါ်သေးဘူး"

တေးသခင် ရင်ထဲ ခံပြင်းနေသည်။

မိမိအပေါ် စွဲစွဲလမ်းလမ်းချဉ်းကပ်ကြသော ယောကျ်ား
သားများကို ရက်စက်စွာငြင်းပယ်ခြင်း၏ ဝဋ်တို့သည် မိမိထံ
ရောက်လာပြီထင့်. . . ။

လူကို မမြင်ဖူးခင်ကပင် ဓာတ်ပုံပေါ် စွဲလမ်းကာ ချစ်
စိတ်ဝင်ခဲ့မိသောယောကျ်ားက မိမိအား အထင်သေးအမြင်သေး
ဆက်ဆံခြင်းကို ခံနေရလေပြီ။

ရင်တွင်း မချိမဆန့် ခံစားလိုက်ရသည်။

"ဒီလိုဆိုလည်း ပြီးတာပါပဲ၊ စောင့်နေရလို့ မကျေမနပ်
ဖြစ်နေသလား မေးတာပါ. . အတွေးမခေါင်ပါနဲ့"

"မခေါင်ပါဘူး"

"ရှင် ဘယ်တော့ပြန်မှာလဲ"

"ဘာလဲ မပြန်စေချင်ဘူးလား"

"ဖြစ်နိုင်ရင် ခုချက်ချင်းပြန်စေချင်ပြီ"

ရင်ထဲကနှင့် ဆန့်ကျင်ဘက် စကားတွေကို တေးသခင်
ပြောနေမိသည်။ မင်းသောတက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ရောက်ပြီးနောက်တစ်နေ့ ပြန်ချင်တာ၊ မေမေ စိတ်ကောင်းအောင် နေပေးနေရတာ"

"ရှင်နဲ့ကျွန်မကိစ္စ ရှင့်ဘက်က ပြတ်သားမှုဖြစ်မယ်"

"ကျုပ်ဘက်က ဟုတ်လား၊ နေပါဦး ဘာကိုပြတ်သားရမှာလဲ"

တေးသခင် မျက်ဝန်းနက်ဖြင့် အပေါ်ထောင့်ကပ်ကာ ကြည့်လိုက်သည်။

ထိုအကြည့်မျိုးက မင်းသောတ ရင်ကို အသည်းတယားယားဖြစ်အောင် ဖန်တီးစေသည်။

"ရှင့်ရည်းစားတွေထဲက တစ်ယောက်ယောက်ကို လက်ထပ်ယူဖို့ပေါ့၊ ဒါဆိုရင် ဒီကိစ္စက ရှင်းလင်းပြီးသားဖြစ်သွားမယ်"

"ဘာလဲ မေမေက အမွေပြတ်ကြေညာလိုက်ရင် ဝမ်းလုပ်ငန်းတွေ မင်းလက်ဝါးကြီးအုပ်လို့ ရသွားအောင်လို့လား"

"ရှင်. . ရှင်. . "

တေးသခင်လက်က မင်းသောတပါးပြင်သို့ အရှိန်အဟုန်ပြင်းစွာ ကျရောက်သွားသည်။

သို့သော် မင်းသောတလို တိုက်ကွမ်ဒိုသမားအတွက်တာ အလွယ်လေးပင်။ တေးသခင်၏ ညာလက်ကောက်ဝတ်ကို. . လှမ်းဖမ်းဆုပ်ဟန့်တားလိုက်သည်။

"ရှင် စော်ကားပေါင်းများပြီ. . လွှတ်"

"လွှတ်ပါတယ် စိတ်ထိန်းမှပေါ့၊ သူများတွေမြင်သွားရင် သမီးရည်းစား စိတ်ဆိုးတယ်ထင်နေပါဦးမယ်၊ မဟုတ်ရင် ပြီးတာ



ပါပဲ၊ ကိုယ်ကောင်း ခေါင်းမရှေ့ဘူးဆိုတဲ့ စကားအတိုင်း အေးအေးဆေးဆေး နေပြလို့ရတာပဲ"

မင်းသောတ မထိတထိပြောဆိုပြီး လက်ကို လွှတ်ပေးလိုက်သည်။ နူးညံ့လိုက်သည့်လက်ကလေး၊ လက်ကောက်ဝတ်ကလေးတောင် သူ၏သန်မာသောလက်၏ အတင်းအကျပ် ဆုပ်ကိုင်လိုက်မှုကြောင့် နီရဲသွားလေသည်။

စိတ်ဆိုးသွားမှုကြောင့် အရောင်ပြောင်းသွားသော မျက်နှာလေးက တစ်မျိုးလှပနေသည်။

မင်းသောတ အကြည့်ကိုလွှဲဖယ်ပြီး ကန်ထဲသို့ ခဲတစ်လုံးကို ပစ်ပေါက်လိုက်သည်။

အဝေးကြီးသို့ရောက်သွားပြီး လှိုင်းဂယက်လေးများက ကမ်းစပ်သို့ပြေးလာကာ မြက်ခင်းစိမ်းစိမ်းကို ဦးခိုက်လေသည်။

တေးသခင် ရင်ထဲလှုပ်ရှားမှုဖြင့် မင်းသောတကို ကျောခိုင်းကာ ခြေဦးတည့်ရာလမ်းအတိုင်း လျှောက်သွားလိုက်လေသည်။

မင်းသောတ နောက်မှ တဖြည်းဖြည်းလိုက်သွားသည်။

မိန်းမတစ်ယောက်၏ ရှက်သွေးဖြန်းသွားသော မျက်နှာလေးကို တေးသခင်၏ မျက်နှာပြင်ပေါ်ထက်၌ ယှက်သန်းသွားသည်ကို တွေ့မြင်လိုက်ရသဖြင့် သူ အံ့အားသင့်သွားရသည်။

ရဲတင်းသော မိန်းကလေးတစ်ယောက်က ယောက်ျားလေးတစ်ဦး၏လက်နှင့် ထိတွေ့ရုံလောက်ကို ရှက်ကြောက်သွားစရာမလို။

www.burmeseclassic.com

www.burmeseclassic.com



တေးသခင် ထိတ်လန့်တကြား ရှက်ရွံ့သွားပုံက ညှို့အားကောင်းသော မျက်ဝန်းကလေး ဝိုင်းဝိုင်းလည်သွားခြင်းကိုသော်လည်းကောင်း၊ နှို့နှစ်ရောင်ပြေးနေသော အသားအရည်လေး စတော်ဘယ်ရီရောင် ပြောင်းသွားခြင်းကိုသော်လည်းကောင်း. . သူ တအံ့တဩတွေ့မြင်လိုက်ရသည်။

ထိုတအံ့တဩမှုသည် ရင်ထဲလှုပ်ခတ်မှုဖြစ်လာခြင်းကို မင်းသောတ သိရှိလိုက်လေသည်။

ထို့ကြောင့် သူတို့နှစ်ဦးကြား ဒေါသစိတ်တို့သည် ရှက်စိတ်သို့ ပြောင်းလဲသွားလေသည်။

မင်းသောတ တေးသခင် နောက်မလှမ်းမကမ်းမှ လိုက်ပါရင်း. . ပြတ်သွားသော စကားစတို့ကို ပြန်ဆက်ရန် စဉ်းစားလိုက်သည်။ အစဖော်၍မရတော့။ ထို့ကြောင့်. . .

"ဟော့. . ဟော့ ဒီအတိုင်းပဲ လျှောက်နေတော့မှာလား"

တေးသခင်ကို အမီလိုက်ပြီး မထိတထိ နောက်ပြောင်လိုက်သည်။ တေးသခင်က မျက်လုံးထောင့်ကပ်ကြည့်ကာ. .

"မလိုက်နိုင်ရင် ပြန်နှင့်"

"ပြန်နှင့်လို့ဖြစ်မလား၊ မင်း တစ်စုံတစ်ခုဖြစ်သွားရင် မေမေက ကျုပ်ကို ခွင့်လွှတ်မှာမဟုတ်ဘူး"

"သားလိမ္မာပေ့"

"ဟုတ်တယ် မင်းနဲ့ကျုပ်လက်ထပ်ရရင်တောင် မေမေ့စကားကို မပယ်ရှားရက် မလွဲသာလို့ လက်ခံရတယ်သာမှတ်ပါ"

တေးသခင်ရင်ထဲ ထိရှသွားသည်။ မိမိ ရင်ကို အနာတရ



ဖြစ်အောင် အတော်ပြုလုပ်နိုင်သည့် ယောကျ်ားတစ်ယောက်ပါလား။

"ဆောက်ဖြစ်မှ ကျောင်းဒကာပါ၊ ရှင်နဲ့ကျွန်မ လက်မခံရင် ဘာမှဖြစ်မလာနိုင်ပါဘူး"

"မင်းက ကျုပ်ကို သဘောမကျဘူးလား"

မင်းသောတ အကဲစမ်းလိုက်သည်။

"အသေအချာပဲ"

"ဘာ. . အသေအချာလဲ"

"သဘောမကျတာလေ"

"ဩော် ဟုတ်ရဲ့လားဗျာ၊ ကျုပ်အထင် မင်း ကျုပ်ကိုများ သိပ်သဘောကျနေသလားလို့"

"ရှင်နော်"

တေးသခင် စိတ်ဆိုးကာ မာန်မဲခြင်းကို မင်းသောတ သဘောကျလေပြီ။

"မဟုတ်ဘူးလား"

"ရှင်က ရှင့်ကိုယ်ရှင် သိပ်အထင်ကြီးနေသလား၊ ကျွန်မကို ရှင့်အနားက မိန်းမတွေလိုများ ထင်နေသလား"

"ကျုပ်အနားက မိန်းမတွေက ဘာဖြစ်သလဲ၊ ကျုပ်ရဲ့အလုပ်ကိစ္စနဲ့ပတ်သက်ပြီး တွဲတာပဲ၊ သူတို့ကို ကျုပ်က သားချင်းလို စောင့်ရှောက်အကူအညီပေးတယ်၊ အဲဒါဘာဖြစ်သလဲ၊ မင်း မနာလိုဖြစ်နေတာလား"

"ဝေးသေး မနာလိုရအောင် ရှင်နဲ့ကျွန်မ ဘာမှမဆိုင်

www.burmeseclassic.com



ဘူး၊ ရှင်နဲ့ကျွန်မ ပြတ်ပြတ်သားသား ဆုံးဖြတ်ရအောင်”

ချစ်ခြင်းမေတ္တာကြား အထင်သေးခြင်း ဝင်ရောက်နေမှတော့ စစ်မှန်သောမေတ္တာ၊ သာယာသောအိမ်ထောင်တစ်ခု ဖြစ်လာနိုင်လိမ့်မည် မဟုတ်သဖြင့် တေးသခင် ပြတ်ပြတ်သားသားပင် ပြောလိုက်သည်။

“ဘယ်လို ပြတ်သားမှာလဲ”

“ကြီးမေရဲ့ စိတ်ချမ်းသာမှုကို ကျွန်မတို့ရက်အနည်းငယ် ပေးရအောင်၊ သူ့ပတ်တီးဖြည်တဲ့နေ့မှာ လက်က ပကတိကောင်းသွားပြီဆိုရင် ကျွန်မရှင့်ကို လက်မထပ်နိုင်တဲ့အကြောင်း ဖွင့်ဟလိုက်မယ်”

မင်းသောတ ရင်ထဲ ဟာခနဲဖြစ်သွားလေသည်။

သို့သော် မာန်ရှိသောသူ့စိတ်က မိန်းမတစ်ယောက်ကို အောက်ကျခံဖို့ရာ ဝန်လေးနေသည်။

သူချစ်သော မိန်းမဆိုလျှင်တော့. . အောက်ကျခြင်း၊ နောက်ကျခြင်းကို သူတွက်လိမ့်မည်မဟုတ်။

ယခု တေးသခင်လို ကိုယ့်ကိုယ်ကို ယုံကြည့်မှုအပြည့်နှင့် လူတကာကို လွှမ်းမိုးချင်သော မိန်းမတစ်ယောက်ကိုတော့ဖြင့် သူ အရှုံးပေး၍မဖြစ်သေး။

“ကျုပ်လည်း အဲဒါကိုပဲ စဉ်းစားပြီး အချိန်ဆွဲထားတာပဲ”

တေးသခင်ရင်ထဲ ကျွင်ခနဲခံစားလိုက်ရပြန်သည်။ ချစ်ကံခေရလိမ့်မည်ဟု လုံးဝမျှော်လင့်မထားခဲ့ပါ။ ယောကျ်ား တစ်





ယောက်ကို လူမမြင်ခင် ဓာတ်ပုံတွေ့ရုံနှင့် တိတ်တခိုးချစ်မိကာ မျှော်လင့်ချက်တွေ အများကြီးထားမိကာမှ ထိုယောကျ်ား၏ စိမ်းကားရက်စက်မှုကို ခံစားရလေသည်။

“ဒီလိုဆိုရင် ပြီးတာပါပဲ၊ ရှင်နဲ့ကျွန်မ နားလည်မှုရထားပြီးပြီဆိုတော့ ရန်မဖြစ်တော့ဘဲ အေးအေးချမ်းချမ်းပဲ နေကြရအောင်”

“အိုကေ ဒါမှ မေမေလည်း မျှော်လင့်ချက်တွေနဲ့ စိတ်ရှင်လန်းနေတာပေါ့”

“ကောင်းပြီလေ မျှော်လင့်ထားသလို ဖြစ်မလာတဲ့အခါ ကြီးမေ သိပ်ခံစားရလိမ့်မယ်၊ ဒီတော့ ရှင့်အပေါ် ကြီးမေ စိတ်မဆိုးရအောင် ကျွန်မကပဲ အနစ်နာခံပြီး ကျွန်မပဲ. . လူမိုက်၊ အဲ. . မိန်းမရိုင်းတစ်ယောက်လို ပြုလုပ်ပေးပါ့မယ်၊ ရှင် ကျေနပ်မလား”

မင်းသောတ ပါးစပ်အဟောင်းသားဖြစ်သွားသည်။

မိန်းမအတော်များများနှင့် တွဲသွားတွဲလာနေဖူးသည်။ သို့သော် ထိုမိန်းမသား၏ မာယာလက်နက်ကို သူ ရှောင်လွှဲနိုင်ခဲ့သည်။ တေးသခင်က မာယာလက်နက် သုံးနေတာလား။

“ကိုယ့်တစ်ဖို့အတွက် မိန်းမသား အနစ်နာခံတာမျိုး ကျုပ်မလိုလားပါဘူး၊ အမှန်အတိုင်းပဲ ဖွင့်ပြောပြီး ငြင်းပယ်လိုက်ရင် ဖြစ်ပါတယ်၊ မဟုတ်တာလုပ်တာမှ မဟုတ်ဘဲ၊ မိဘတွေ စိတ်ဆိုးလည်း ခဏပေါ့ မဟုတ်ဘူးလား”

ဒီလိုကျပြန်တော့လည်း မင်းသောတ စိတ်ထားမဆိုးပါ



www.burmeseclassic.com

www.burmeseclassic.com

လားဟု တေးသခင် သတိပြုမိလိုက်သည်။

"ကောင်းပြီလေ၊ ဒါဖြင့် ရှင်နဲ့ကျွန်မကြား ပြဿနာ မရှိတော့ဘူးနော်၊ ကျွန်မ ဝမ်းမန်နေဂျာအဖြစ် လာအုပ်ချုပ်ပေးတာလည်း လစာနဲ့ပဲ၊ ရှင့်အလုပ်သမားလိုပဲ သဘောထားပြီး ညွှန်ကြားစရာရှိရင် ညွှန်ကြားပါ"

"မလိုပါဘူးဗျာ. . ခင်ဗျားက သိပ်တတ်ပြီးသားပါ။ ကိုင်း. . . ဘယ်သွားချင်သေးသလဲ"

"ဘယ်မှမသွားချင်ပါဘူး၊ ကျွန်မ ရောက်ဖူးပြီးသားနေရာတွေပဲ နွေမှာဆို မကြာခဏလာပြီး ပျော်ပွဲစားထွက်နေကျပဲ"

"အဲဒီတုန်းက မေမေ့ဆီ ခင်ဗျားတို့ မလာကြပါဘူး"

"လာတော့လာပါတယ်၊ ဒါပေမယ့် ရှင်နဲ့တစ်ခါမှ မကြုံခဲ့ဖူးတော့ စကားမစပ်မိတာ ဖြစ်ပါလိမ့်မယ်"

နားလည်မှု ယူပြီးပြီဆိုတော့ မင်းသောတ အခေါ်အဝေါ် အသုံးအနှုန်းကို ပြောင်းလွဲလိုက်သည်။ အထက်စီးဆန်သော ကျုပ်နှင့်မင်းကို မသုံးနှုန်းတော့ဘဲ ခင်ဗျားနှင့်ကျွန်တော်ကို ပြောင်းလွဲသုံးစွဲလေသည်။

တေးသခင် မန္တလေးသူပီပီ 'ခင်ဗျား' 'ကျွန်တော်' ဝဲ ပြန်ပြောင်းသုံးရမလား၊ 'ရှင်' 'ကျွန်မ' ပဲ ဆက်သုံးရမလား မသိအောင်ဖြစ်သွားပါသည်။

ရန်ကုန်သားအကြိုက် 'ရှင်' 'ကျွန်မ'ပဲ သုံးလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။





"ခင်ဗျားပန်းကြိုက်သလား"

"ကြိုက်တာပေါ့"

"ဘယ်လိုပန်းမျိုးကြိုက်သလဲ"

"မွှေးရနံ့ရှိရမယ်၊ လှပရမယ်၊ နှင်းဆီကို အကြိုက်ဆုံးပဲ"

"ကျွန်တော်နဲ့တူတယ်"

တေးသခင် ဖျတ်ခနဲ လှမ်းကြည့်သည်။ မင်းသောတအာရည်ရွယ်ချက်နှင့် မေးမြန်းမှုန်း ပြောလိုက်မှန်း မသိနိုင်ချေ။

ယောကျ်ားတွေမှာကော မာယာရှိသလား။

"ဒါပေမယ့် ပန်းပန်တာ မတွေ့ဘူး"

"နှမျောလို့ ဘုရားပန်းတင်တာရယ်၊ အလှပန်းအိုးထိုးရအာရယ်ကိုပဲ ပိုပြီးသဘောကျတယ်"

ရက္ခဗေဒဥယျာဉ်ထဲမှ ပြန်ထွက်ခဲ့ကြသည်။ ညနေဆောင်းရောက်နေပြီ။ နောင်ခမ်းကြီးဘုရားရင်ပြင်တော်ပေါ်သို့ အားနှင့်တက်ခဲ့သည်။ ဘုရားရှိခိုးပြီး နေဝင်ချိန်ကို ငေးကြည့်နေကြသည်။

မင်းသောတ တေးသခင်ကို ခိုးကြည့်နေကြောင်း. . . တေးသခင် သတိမပြုမိလိုက်ချေ။


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ဟဲ့လို ဦးမင်းသောတနဲ့ တွေ့ချင်လို့ပါ"

"ခဏနော်"

မိန်းမသံပဲ၊ ဘယ်သူလဲဟု ပြန်မေးချင်စိတ်ပင် ကုန်[illegible] သွားရသည်။ မင်းသောတ ဝန်ထမ်းများမှာ ယောက်ျားလေး[illegible] ယောက်မှ မရှိဘူးထင်ပါသည်။

"ဦးမင်းသောတ. . တဲ့"





ဧည့်ခန်းဝယ် သတင်းစာဖတ်နေသော မင်းသောတက နှုတ်ချင်းပင် ထလိုက်ရင်း. .

"ဘယ်သူတဲ့လဲ"

"မသိဘူး၊ မမေးလိုက်ဘူး"

တေးသခင် ဖြေပြီး ခြံထဲဆင်းခဲ့သည်။ နှင်းဆီပန်းလေး [illegible]ခူးပြီး ဘုရားတင်ဦးမှပဲဟု စဉ်းစားကာ ပန်းကိုင်းဖြတ် ကတ် ကြေးနှင့် ပန်းခြင်းကိုယူခဲ့သည်။

မင်းသောတနှင့် ပတ်သက်ပြီး စိတ်အပျက်ဆုံးက မိန်းမ [illegible]ဆီက ဖုန်းတစ်နေ့ကို ငါးကြိမ်မျှ အနည်းဆုံးလာနေခြင်းပင်။

ဒီအတွက် စိတ်ပျက်နေ၍ အကြောင်းမထူးတော့။ မိမိ [illegible]တို့မှ လက်မခံနိုင်တော့တာဘဲ။

သူ့ဘဝအတွက် တေးသခင်သည် မရှိမဖြစ် လိုအပ်စေ [illegible]ည်ဟု တေးထားသောစိတ်ကို အကောင်အထည်ဖော်ရမည်။

တေးသခင် ကြိုတင်မျှော်လင့်ထားသည့်အတိုင်းပင်. . [illegible]င်မကြာလိုက်။ မင်းသောတ အနားသို့ ရောက်ရှိလာသည်။

လူတစ်ယောက်၏အတွင်းစိတ်ကို စမ်းသပ်ဖို့ရာ နည်း [illegible]ည်းပါးပါးတော့ အနာခံရလေမည်။

"မနက်ဖြန် ပြန်တော့မယ် တေးသခင်"

"ဟင်"

ဟူသော အာမေဋိတ်က ရင်ထဲ၌ တုန်လှုပ်စွာ ထွက်ပေါ် [illegible]ားသည်။ နှုတ်ကတော့. . .

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဘာမှမဖြစ်သလို ပြောလိုက်သည်။

ထိုအရွှတ္တနှင့် ဟန်ဆောင်မှုသရုပ်သဏ္ဌာန် လွန်
တိုက်ပွဲဝင်မှုတွင် လူက ကယောင်ချောက်ချားဖြစ်သွားကာ. .
နှင်းဆီဆူးကို မေ့လျော့ကာ ကိုင်းကိုကိုင်အမိ. .

"အား"

ကတ္တမှာန်တစ်ထောင် ဆူးတို့က ကျူးကျော်သူ သူလ
ချောင်းများကို ပြစ်ဒဏ်ချမှတ်လိုက်လေသည်။

"ဟင်. . ဘာဖြစ်လို့လဲ တေးသခင်"

"ဘာမှမဖြစ်ပါဘူး၊ ဆူးစူးသွားတာပါ"

ဘာမှမဖြစ်ဘူးဆိုသော်လည်း လက်ချောင်းနှစ်ချော
က သွေးများသီးထကာ အားအင်အပြည့် ရုန်းထွက်ဖို့ ဖော
လာသည်။

"မှန်းစမ်း"

လက်ကိုကိုင်ကာ သွေးကိုညှစ်ထုတ်ပေးလိုက်သည်
လာပြန်ပြီး အထိတွေ့. . ။ ယောကျ်ားတန်မဲ့ နူးညံ့လှ
သော်လည်း အားအင်ရှိသော သူ၏လက်များက သန်မာ
သည်။

"မတ်စေ့ ဆေးသေတ္တာသွားယူစမ်း မြန်မြန်"

လက်မလွှတ်တန်းကိုင်ထားသည်။

အသားယူတာလား။ တေးသခင် လက်ချောင်းများ
ရုန်းလိုက်သည်။

"နေပါဦး ဆူးကျန်မကျန် ကြည့်နေတာ၊ သုံးချော





ဆောင်ထိသွားတာပဲ၊ စိတ်တွေက ဘယ်ရောက်နေမှန်းမှ မသိ
ဘာ"

"ဘယ်ရောက်ရမှာလဲ"

"ဘယ်သိမှာလဲ. . ခင်ဗျားစိတ်နဲ့ ခင်ဗျားပဲလေ၊ ကျွန်
တော့်ကိုမေးလို့ ကျွန်တော်က သိမှာလား"

ဒီအတိုင်းဆိုလျှင် မင်းသောတ၏ ပျော့ပျောင်းလာမှု
အခြေအနေက တေးသခင်ဘက်သို့ ယိမ်းယိုင်လာခြင်းဟု နား
လည်သဘောပေါက်မိလေသည်။

ဆေးသေတ္တာရောက်တော့ သူကိုယ်တိုင်ပင် အရက်ပျံ
နှင့်ဂွမ်းစတို့ကာ ဒဏ်ရာကို ဖိကပ်ဆေးကြောသည်။

"အားစပ်တယ်"

"ကျွတ်. . ကျွတ် ခဏပါ၊ ပိုးသေအောင် ခဏလေး"

မင်းသောတ ချက်ချင်းပင် တစ်ချောင်းပြီးတစ်ချောင်း
ပြောင်းလွဲဆေးပေးသည်။

နောက်(ဟဲန်ဒီပလပ်) ဆေးပလာစတာလေးများဖြင့်
ပတ်ကာ စည်းနှောင်ပေးလိုက်သည်။

စိတ်ရှည်ကာ သေသပ်စွာလုပ်ပေးသည်။

မင်းသောတ သွေးအေးအေးနှင့် ဂရုတစိုက်လုပ်ပေး
ခြင်းကို ကျေနပ်စွာခံယူရင်း တေးသခင် ရင်ခုန်နွေးထွေးရလေ
သည်။

မင်းသောတသည် ခတ်ပုံထဲကထက်ပို၍ ချောသည်
ဟု မှတ်ချက်ချမိသည်။ အနီးကပဲကြည့်ကြည့် အဝေးကပဲကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မဝနိုင်အောင် တေးသခင် ခံစားလိုက်ရသည်။

မိန်းမသားတစ်ဦး၏ တစ်ဖက်သတ်အချစ်ကို နားလည်
လက်ခံနိုင်စွမ်း ရှိလေသည်။ ကိုယ်တိုင်ခံစားနေရသည်။

တေးသခင် မျက်လွှာလေးချကာ သိုးငယ်လေးပမာ ငြိ
သက်နေလိုက်သည်။

မင်းသောတက ကိစ္စအဝဝအပြီး၌ တေးသခင်အား
ကြည့်လိုက်သည်။

သောက်ရှူးကြယ်ညီနောင်အလား ညို့မျက်ဝန်း
မျက်ခွံတံခါး တစ်ဝက်နှင့် မျက်တောင်နက်နက်တို့က ယှက်သ
ကွယ်ဝှက်ထားသည်။ မင်းသောတ ရင်ခုန်သံမြန်လာသည်။

တွေ့စက ချစ်ရည်ရွှန်းလဲ့စွာဖြင့် မြူဆွယ်ရန်ကြိုး
သော မျက်ဝန်းနှင့်မတူတော့။ ထိုမျက်ဝန်းမျိုးကို ရွံ့ရှာမိသလို
ခဲ့ပြီးမှ ထိုမျက်ဝန်းကို ပြန်လည်တမ်းတမိလေပြီ။

"ကိုင်း. . ပန်းဆက်ခူးဦးမှာလား အမိ"

"အင်း"

"ဒါဖြင့် ကိုယ်ခူးပေးမယ်၊ ခြင်းတောင်းကလေးပဲ ကိုင်
လိုချင်တဲ့အပွင့် ညွှန်ပြပေး ဟုတ်ပြီလား"

"အင်း"

တေးသခင် ကြည်နူးစွာဖြင့် ခေါင်းကလေး ညိတ်လိုက်
သည်။

"ကျွန်တော် ခူးပေးမယ်လေ ဆရာ"

ဒီကြားထဲ အလိုက်မသိတတ်သာ မာလီမတ်စေ့က ဝင်



ပြောလိုက်ရာ မင်းသောတ ဒေါကန်သွားသည်။

"ရတယ် ဆေးသေတ္တာသွားပြန်ထားလိုက်"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့"

တေးသခင်စိတ်ထဲ ကျိတ်ရယ်ချင်လာသည်။ နောက်ဆုံး
တော့ ယောက်ျားကယောက်ျားပါပဲ။ မိန်းမသားတစ်ဦး၏အလှနွံ့
တ ရုန်းထွက်နိုင်ခဲ့လေသည်။

"ဒီပန်း. . ဟင့်အင်း၊ နေဦးနေဦး အဖူးရှိမရှိ ကြည့်ဦး
နော်"

"မရှိပါဘူး"

"ဆူးစူးဦးမယ်နော်၊ သတိလဲထားဦး"

ကြင်နာတတ်သော ဂရုစိုက်သော လေသံလေးနည်း
နည်းပေးလိုက်ရုံဖြင့် မင်းသောတမျက်နှာ၌ အကြည်ဓာတ်တို့
နေရာယူလာလေသည်။

"ဆူးစူးပါစေ. . ခံနိုင်ရည်ရှိပါတယ်"

"ဆူးဆိပ်တက်မှာပေါ့"

"ဒီလိုဆိုလဲ ခင်ဗျားက ပြန်ပြုစုပေးပေါ့ဗျာ၊ ပြုစုမှာလား"

"အင်း"

"ဒါဆို အဆူးခံလိုက်မယ် ထင်သလား"

"မထင်ပေါင်"

"ဘာဖြစ်လို့ မထင်ရတာလဲ"

"ရှင်လိုလူမျိုးက အဓိပ္ပာယ်မဲ့တဲ့အလုပ်မျိုး မလုပ်တတ်
ဘူးထင်လို့"

www.burmeseclassic.com

www.burmeseclassic.com



မင်းသောတ ပြုံးလိုက်မိသည်။

တေးသခင်အပေါ် မုန်းတီးစိတ်တို့သည် အချိန်တိုအတွင်း ပျောက်ကွယ်သွားလိမ့်မည်ဟု သူကိုယ်သူ မယုံကြည်ရအောင်ဖြစ်နေသည်။

တေးသခင်နှင့်ပတ်သက်သော နောက်ကြောင်းကို သူလုံးဝ မစုံစမ်းရသေးပါလား။ ရန်ကုန်သို့ မပြန်ချင်အောင်ပင်ဖြစ်လာသည်။

တေးသခင်၏ မာယာထောင်ချောက်တစ်မျိုးပေပဲလား သူ့အပေါ် အရေးမစိုက်သလိုမျိုးနေသည်။ သို့သော် တိတ်တခိုးကြည့်တတ်သော မျက်ဝန်းလေးများကိုတော့ သူ မကြာခဏဖမ်းမိလေသည်။

ညို့မျက်ဝန်းကတော့ သူ၏ အဇ္ဈတ္တသဏ္ဍာန်၌ မိန်းမတစ်ယောက်၏ ညို့ဖမ်းစားမှုကြောင့် သူ့အချစ်ကို ပေးဆပ်ရခြင်းမျိုး အဖြစ်မခံနိုင်။

သူကိုယ်တိုင် မြတ်နိုးမှသာလျှင် သူ၏ဘဝကိုပုံပေးပြီးချစ်လိုက်နိုင်မည်။

တေးသခင်သည် သူ့အားညို့ယူဖမ်းစားဖို့ ကြိုးစားနေသူဟူသော စွဲလမ်းစိတ်က ဖျောက်ဖျက်၍မရပေ။

"ဆရာ ဖုန်းလာနေတယ်"

"ဘယ်ကလဲ ဘယ်သူတဲ့လဲ"

"ရှိစီတဲ့"

"အေး. . အားတော့ ပြန်ဆက်မယ်ပြောလိုက်"



"ဆရာ ရှိပါတယ် ပြောပြီးသား"

"ရှိရှိမရှိရှိ. . မအားဘူး၊ အားတော့ပြန်ဆက်မယ်သာ ပြောထားလိုက်"

မတ်စေ့ကို ဟောက်ထုတ်လိုက်မိသည်။

တေးသခင်သည် မိမိကို ညို့ယူဖမ်းစားနေမှန်းသိပါလျက် သူကိုယ်တိုင် ထိုညို့ငင်မှု မာယာထောင်ချောက်မှ ရုန်းမထွက်နိုင် ထွက်နိုင်ကို စိတ်ဝင်စားနေမိသည်။

သူကိုယ်တိုင်ကလည်း အချစ်ကို စမ်းသပ်စိတ်ခေါ် ချင်လာသည်။ အရှုံးအနိုင်တစ်ခုခုတော့ ဖြစ်လာလိမ့်မည်။

နှစ်ဖက်အမေများက သူတို့နှစ်ဦးကို လက်ထပ်ရမည်ဟူသော ကြိုးဝိုင်းဖြင့် စည်းချထားပေးလေသည်။

သူ ဘာကိုမှ တွန့်ဆုတ်နေစရာမလို။

အချစ်ပွဲတစ်ပွဲကို ရဲရဲတင်းတင်းပင် ဆင်နွှဲလိုက်တော့မည်။

"တေးသခင်"

"ပြောပါ ဦးမင်းသောတ"

"ခင်ဗျား ရည်းစားထားခဲ့ဖူးသလား"

တေးသခင်က အကြည့်ဖြင့် စူးစမ်းလိုက်ပြီးမှ. . .

"ရှင်က ဘာဖြစ်လို့မေးတာလဲ"

"သိချင်လို့လေဗျာ၊ ခုရှုပ်မှနောင်ရှင်း သိသင့်သိထိုက်တာတွေ သိထားပြီးမှ ခင်ဗျားကို လက်ထပ်ဖို့သင့်မသင့် စဉ်းစားရမယ်လေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



တေးသခင် မျက်နှာပြင်၌ ခက်ထန်သောအရိပ်အယောင် လေးယှက်သန်းသွားသည်။ သို့သော်. . .

ချက်ချင်းပင် ထိုအရိပ်ကို ကွယ်ဝှက်လိုက်ပြီး အပြုံးမပျက်. . .

"ဒါကတော့ ကျွန်မ မဖြေချင်ဘူး"

"ဟင်. . ဘာဖြစ်လို့"

မင်းသောတ အံ့အားသင့်ရသည်။

"မရှိပါဘူးလို့ ပြောလိုက်ရင် ရှင့်ကို ကျွန်မရဲ့ သန့်စင်မှုတွေနဲ့ မြှူဆွယ်နေတယ်လို့ ရှင် ထင်ကောင်းထင်သွားနိုင်သလို ရှိပါတယ်ပြောလိုက်ရင် ကျွန်မကို မျက်နှာများတဲ့ မိန်းမအနေနဲ့ ရှင်အထင်သေးသွားနိုင်တယ်၊ ကျွန်မ. . လောကကြီးမှာ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နေထိုင်ချင်တယ်၊

ဒီလိုနေခြင်းဟာ သူတစ်ပါးအထင်ကြီးခံချင်လို့ မဟုတ်ဘူး၊ ကျွန်မရဲ့ပင်ကိုယ်စရိုက်ရယ်၊ ကျွန်မမိခင်ရဲ့ အဆုံးအမရယ်ကြောင့်ဆိုတာ ရှင်နားလည်ထားရင် ကျွန်မအဖြေကို ရှင်သဘောပေါက်မှာပါ"

တကယ်ကို အမရာဒေဝီလက်သစ်နှင့်တွေ့နေပြီ ထင်မိသည်။

စကားတစ်ခွန်းကို ပဟေဠိလေးနှင့် အဖြေပေးနေသောပြီ။

"ကောင်းပြီလေ ကျွန်တော်နားလည်သလို မှတ်ထားလိုက်မယ်၊ ဒီကအပြန် မန္တလေးက ခင်ဗျားမိဘအိမ် ဝင်ခဲ့ဦး



မေမေက မှာနေတယ်၊ ခင်ဗျားဘာမှာဦးမလဲ"

"မမှာတော့ပါဘူး၊ အသီးအနှံ လတ်လတ်ဆတ်ဆတ်နဲ့ ဘုရားပန်းပဲထည့်ပေးလိုက်မယ်၊ ရှင် ဘယ်အချိန်ဆင်းမှာလဲ"

"အိပ်ယာနိုးချိန် နံနက်စာစားပြီး ဆင်းမယ်၊ နေ့လယ်စာ ခင်ဗျားအမေအိမ်မှာ စားရမယ်လို့ မေမေက ပြောထားတယ်"

"ဩော်. . ကြီးမေ ကျွန်မကို ဘာမှပြောမထားဘူး"

"ကျွန်တော့်ကိုလည်း စောစောကမှပြောတာ"

"ရှင်လက်ခံလိုက်သလား"

"လက်ခံလိုက်ပါတယ်၊ အပန်းကြီးတဲ့ကိစ္စမှ မဟုတ်တာ ခင်ဗျားမိသားစုရဲ့ အနေအထားကိုလည်း လေ့လာခွင့်ရတာပေါ့"

"ရှင်က ကျွန်မကို လေ့လာခွင့်တွေ ရရှိနေသလို ကျွန်မလဲ ရှင့်ကို လေ့လာဦးမှာနော်"

တေးသခင်သည် မလွယ်သောမိန်းမ ဖြစ်သည်။

မိမိ၏ဆုံးဖြတ်ချက်ကိုပဲ ဦးစားမပေး. . ၊ သူကိုယ်တိုင်လည်း ဆုံးဖြတ်ဦးမည့်သဘော။

မိန်းမသားဘက်က တည်ငြိမ်အေးဆေးစွာ ဆက်ဆံနေတော့ မင်းသောတကလည်း ရှုးရှုးရှားရှား လုပ်မနေတော့ဘဲ သွေးအေးစွာမှင်။

"ကောင်းတာပေါ့ဗျာ၊ ဘယ်ကိစ္စမဆို စေ့စေ့စပ်စပ် သေသေချာချာလေ့လာပြီး စဉ်းစားဆုံးဖြတ်ရင် အကောင်းဆုံးပဲ"

"ဟုတ်တယ် အစကောင်းမှ အနှောင်းသေချာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးသဘောတူ နားလည်မှုရှိလာသည်။

ထိုနားလည်မှုထဲတွင် အဓိကအချက်ဖြစ်သော 'အချစ်' ကို သူတို့နှစ်ဦးစလုံး ကွယ်ဝှက်ထားဖို့ကို မတိုင်ပင်ဘဲ အသီးသီး ကြိုးစားနေကြခြင်းမှာလည်း တူညီနေကြလေသည်။





# အခန်း(၁၅)

**မင်း**သောတ ပြန်သွားသည့်နေ့မှာပင် တေးသခင် ရင်ထဲ လွမ်းဆွတ်မှုကို စတင်ခံစားရလေသည်။ အချစ်၏နောက်တွယ်မှာ ကပ်ငြိပါလာတတ်သော အလွမ်းအဆွေးကို တေးသခင် စတင်ရင်ဆိုင်လိုက်ရလေပြီ။

သို့သော် လွမ်းစရာရှိလျှင် နာစရာနှင့်ဖြေ ဟူသော စကားအတိုင်း နာကြည်းစရာကောင်းသော မင်းသောတ စကား



www.burmeseclassic.com

www.burmeseclassic.com



တို့ကိုလည်းကောင်း၊ အကြည့်တို့ကိုလည်းကောင်း၊ ရှုပ်ထွေးသော သံသယစိတ်တို့ကိုလည်းကောင်း ခေါင်းထဲထည့်ကာ မင်းသောတအပေါ် မုန်းမေ့နိုင်အောင် ကြိုးစားလိုက်လေသည်။

"သမီးရေ မြတ်ဆီက ဖုန်းဟေ့"

စာကြည့်ခန်းထဲ စာရင်းဇယားများ ထိုင်လုပ်နေသော တေးသခင်ကို ဒေါ်တင်တင်ကြီးက လှမ်းခေါ်လိုက်သည်။

တေးသခင် ထွက်လာခဲ့သည်။

မိခင်ထံမှ မင်းသောတနှင့် ပတ်သက်သောစကားတို့ကို ကြားရလိမ့်မည်ဟု သူ ယုံကြည်မျှော်လင့်မိလေသည်။

"မေမေလား"

"ဟုတ်တယ် သမီး၊ ဘုရားပန်းတွေကပ်ပြီးမှ သမီးဆီ မေမေဆက်တာ၊ တင်ကြီးနဲ့အရင် သားကိုစွ ပြောလိုက်သေးတယ်၊ သားနဲ့သမီးက အတော်ရှေ့သွားနောက်လိုက်ညီတာပဲ"

တေးသခင် ဘာဆက်ပြောရမှန်း မသိအောင်ဖြစ်သွားသည်။

မင်းသောတသည် မိမိ၏မိခင်ကို ဘာတွေများ အလွမ်းသင့်လိုက်သည်မသိ။

"တော်တော်ရည်မွန်တဲ့သူငယ်လေးပဲ၊ မေမေတော့ လူရွေးမမှားဘူး ထင်တာပဲလေ၊ မျိုးရိုးဇာတိကြည့်ပြီး စဉ်းစားခဲ့တာ ကိုဘမင်းနဲ့တင်ကြီးသားဆိုတာ တစ်ခုတည်းနဲ့ လက်ခံဖို့ဆုံးဖြတ်ခဲ့တာ၊ ခုလို လူကိုယ်တိုင်မြင်တော့ ပိုပြီးဆုံးဖြတ်ချက်ခိုင်မာပြီ သမီးရေ၊ ညှိနှိုင်းတာတွေဘာတွေ မလိုချင်ဘူးနော်၊ အမြန်ဆုံး





မင်္ဂလာကိစ္စစီစဉ်ဖို့ပဲ လိုချင်တာ"

တေးသခင်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

မိခင်စကားကို တစ်သက်လုံး နားထောင်ခဲ့သော မိမိသည် ဒီတစ်ချက်တည်းနဲ့ ရာဇဝင်တွင်ရတော့မှာလား။

မင်းသောတသည် မိမိ၏မိခင်အပေါ် ဘာတွေများ အလွမ်းသင့်သွားသည်မသိ။

"တင်ကြီးကလည်း သမီးကိုသိပ်ကျေနပ်နေတာ အမြန်ဆုံးကို စီစဉ်နေကြပြီ၊ သူ့သားကို သူပိုင်ပါတယ်တဲ့၊ မေမေကလည်း မေမေ့သမီးကိုပိုင်ပါတယ်လို့ ပြန်ကြွားလိုက်တယ်လေ၊ သမီးလေးတော်လှတော်လှနဲ့ ယောင်းမမြင်းစီးထွက်မနေနဲ့နော်"

"မေမေကလဲ . . အစကတည်းက သမီးခေါင်းညိတ်ပြီးသားပဲ၊ သမီး ဘာမှပြောစရာမရှိပါဘူး၊ ကြီးမေဆီတောင်ရောက်နေပြီပဲ မေမေ"

တေးသခင် မိခင်စိတ်ချမ်းစေရန် ဖြေလိုက်သည်။

"မေမေ မေးခွန်းတစ်ခုမေးဦးမယ်၊ သမီး မှန်မှန်ဖြေရမယ်နော်"

"သမီး မညာတတ်ဘူးဆိုတာ မေမေသိပါတယ်"

တေးသခင် စိတ်ညစ်နေလေပြီ။

"သမီး မင်းသောတကို နှစ်သက်သဘောကျရဲ့လား"

"ကျပါတယ်"

ဓာတ်ပုံမြင်မြင်ချင်း နှစ်သက်မြတ်နိုးမိသည်မှာ အမှန်ပင်။ သူ၏ ရှုပ်ထွေးမှုကိုတော့ သဘောမကျ။ သို့သော်ဒါတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ပြောစကားအရ အလုပ်သဘောပါဟူသော အကြောင်းပြချက်အမှန်ဆိုပါက တေးသခင် ခွင့်မလွှတ်နိုင်စရာမရှိ။ ချစ်ခြင်းမေတ္တာနှင့်ပင် အရာရာဖုံးလွှမ်းသွားနိုင်လိမ့်မည် ထင်သည်။

ခက်နေသည်က မင်းသောတ၏မာန၊ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝနှင့် မိန်းမသားတစ်ယောက်ကို ချဉ်းကပ်ဖို့ ဝန်လေးသော ယောကျ်ားဖြစ်နေခြင်းပင်။

"ဒါဖြင့် ဘာလို့အချိန်ဆွဲနေကြတာလဲ"

"ကြီးမေလက် အကောင်းပကတိဖြစ်သွားမှပဲ ရက်ရွေးကြဖို့ တိုင်ပင်ထားကြတာပါ"

"ရန်ကုန်ကို လိုက်သွားကြဦးမလို့ဆို"

"ကြီးမေ ဆန္ဒရှိရင်ပါ"

"ကောင်းတယ်ကောင်းတယ်. . လိုက်သွား၊ မကြာခဏလည်း ဖုန်းဆက်၊ ယောကျ်ားတွေရဲ့စိတ်ဓာတ်ဟာ မီးဝေးချိတ်လိုပဲ မာသွားတတ်တာမျိုး"

"ဒုက္ခပါပဲ မေမေရယ်၊ ယောကျ်ား ဒီလောက်ရှားနေလို့လား၊ ဒီလူမှဒီလူဖြစ်နေရတာ. . မေမေ မသိဘူးနော်၊ သမီးကို သူက တွေ့တွေ့ခြင်း အထင်သေးတဲ့မျက်ဝန်း၊ မယုံသင်္ကာတဲ့မျက်ဝန်းတွေနဲ့ ကြည့်နေခဲ့တာ"

ဟု စိတ်တွင်းက ပြောနေလိုက်မိသည်။ အနားမှာ ဒေါ်တင်တင်ကြီးသာ မရှိခဲ့လျှင်တော့ နှုတ်မှဖွင့်ပြောပြမိလိမ့်မည်။

"ကဲကဲ. . အေးတိအေးစက်လုပ်မနေနဲ့တော့၊ ဒါပဲနော် မေမေ အမြန်ဆုံးမင်္ဂလာကိစ္စ စီစဉ်ချင်တယ်"





"ဟုတ်ကဲ့ စိတ်ချပါမေမေ"

ဟုသာ မိခင် စိတ်ချမ်းသာစေရန် ပြောလိုက်လေသည်။ တယ်လီဖုန်းစကားပြောခွက်ချလိုက်ပြီး ဒေါ်တင်တင်ကြီးကိုလှမ်းကြည့်လိုက်သည်။

"ကြီးမေတို့ နောက်တစ်ပတ်လောက်နေရင် ရန်ကုန်ကို လိုက်သွားရအောင်"

"ကြီးမေလက်က. . ."

"ကိစ္စမရှိဘူး၊ ဖလိုက်နဲ့ပဲ သွားတာပေါ့၊ လမ်းဒုက္ခ သိပ်ခံရဘူးလေ၊ မန္တလေးမှာ တစ်ညအိပ်မယ်၊ မြတ်နဲ့လည်း စကားပြောရတာပေါ့"

"ကြီးမေ သဘောပဲလေ"

ဟု တေးသခင် ပြောလိုက်ရင်း ဒါမှ သူ၏ကြောင်းတွေကို ပတ်ဝန်းကျင်သော်လည်းကောင်း၊ ကုမ္ပဏီထဲ ဆိုက်ထဲတွေ၌ သွားလာစုံစမ်းနိုင်လိမ့်မည်ဟု တေးသခင် တေးလိုက်လေသည်။

မင်းသောတကို ချစ်မိမှတော့ ပိုင်ဆိုင်လိုသည်။ မင်းသောတထံမှလည်း တုံ့ပြန်အချစ်ကို ရယူလိုသည်။ မင်းသောတကိုလည်း ရှုပ်သောပွေသော မကောင်းသည့် အကျင့်စရိုက် မရှိစေချင်။ ရှိခဲ့လျှင် ပျောက်ကွယ်သွားစေချင်သည်။ ဒါ ချစ်တတ်သူတို့၏ သဘောတရားပဲဟု တေးသခင် ခံယူလာမိသည်။

အမှန်တကယ်ပင် မင်းသောတကို တေးသခင် တသသ [illegible]ရသည်အထိ ချစ်မိသွားသည်။

သို့သော် မင်းသောတ၏ အထင်သေးသော အကြည့်



www.burmeseclassic.com

www.burmeseclassic.com

နှင့် စကားတို့ကိုလည်း မေ့မရ၊ နာကြည်းစိတ်က ရင်ကို နာကျင်စေခဲ့သည်။

မည်သို့ဆိုစေကာမူ မင်းသောတထံမှ အချစ်တို့ကို မိမိတစ်ဦးတည်းထံ စုပြုံရောက်စေရမည်ဟု. . .။







# အခန်း(၁၆)

"ဟဲလို"

"ဦးမင်းသောတနဲ့တွေ့ချင်လို့ပါ၊ ဒေါ်အေး ထင်တယ်"

တေးသခင်ရင်ထဲ အနည်းငယ် ဘဝင်ကျသွားရသည်။ မိန်းမပျိုတို့အိမ်မှာ မရှိတော့ဘူးထင်သည်။ မိန်းမကြီးကြီးအသံကို ကြားလိုက်ရသည်။ တပ်အပ်သေချာစွာပင် ဒေါ်အေးလားဟုပဲ မေးလိုက်မိသည်။

"ဟုတ်ပါတယ် ပြင်ဦးလွင်ကလား"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ကျွန်တော် တေးသခင်ပါ"

"ဩော်. . ဟုတ်လား၊ လူလေး ညစာစားပွဲသွားတယ် မိန်းကလေး ဘာမှာမလို့လဲ"

"သူ့မိန်းကလေးဧည့်သည်တွေ ရှိသေးသလား"

"မရှိတော့ပါဘူး၊ အဆောင်ပို့လိုက်တာကြာပြီလေ၊ လူလေး စင်ကာပူမသွားခင်ကတည်းက၊ လူလေး မပြောပြဘူးလား"

"စကားမစပ်မိလိုက်ဘူး၊ ကြီးမေက ပြောခိုင်းလို့ပါ. . ဒေါ်ဒေါ်အေး သူလာရင် သိပ်ညဥ့်နက်မနေသေးရင် ဖုန်းပြန်ဆက်ပါတဲ့၊ ညဥ့်နက်ရင်တော့ မနက်နိုးမှပဲဆက်တော့တဲ့"

"စိတ်ချပါ. . ဒေါ်ဒေါ်အေး ပြောလိုက်မယ်"

"ဒေါ်ဒေါ်အေးကကော သူပြန်မလာမချင်း စောင့်နေတာပဲလား"

"စောင့်တာပေါ့၊ လူလေးကတော့ မစောင့်နဲ့လို့ပြောတယ်၊ ဒါပေမယ့်. . ဒေါ်ဒေါ်အေး စိတ်မချဘူး၊ တီဗွီကြည့်ရင်း စောင့်လိုက်တာပဲ၊ လူကြီးဆိုတော့ အအိပ်အနေမများတော့ [illegible] ပါတယ်"

"သိပ်ညဥ့်နက်တတ်သလား"

"တစ်ခါတစ်ရံလည်းစောပါတယ်၊ တစ်ခါတစ်ရံလည်း ဆယ့်နှစ်နာရီလောက်အထိ ညဥ့်နက်တတ်တယ်"

"အရက်ကော သောက်သလား"

"ယောက်ျားလေးပဲ ဘယ်ကင်းပါ့မလဲ၊ ဒါပေမယ့် တစ်ခါမှ ပုံပျက်ပန်းပျက် မတွေ့ရပါဘူး၊ ဒေါ်အေးမေးတော့ အနည်း





အကျဉ်းလောက်ပဲတဲ့၊ သူ မကြိုက်ဘူး. . များများဘယ်တော့မှ မသောက်ဘူးပြောတယ်၊ အစ်မကော နေကောင်းရဲ့လား"

"ကောင်းပါတယ် ဒေါ်ဒေါ်အေး"

"ဘာပြောစရာရှိသေးသလဲ"

"မရှိတော့ပါဘူး"

"ဒါဆို. . ဒေါ်ဒေါ်အေး ဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ"

တေးသခင်လည်း ဖုန်းချလိုက်လေသည်။

ချစ်ခြင်းမေတ္တာသည် ခွင့်လွှတ်ခြင်း၊ ပေးဆပ်ခြင်းများဖြင့် သန္ဓေတည်လာတတ်သည်ကို တေးသခင် ကိုယ်တိုင်ခံစားနားလည်လာလေပြီ။

သို့သော် မိန်းမတစ်ယောက်၏ဣန္ဒြေနှင့် ဆက်နွယ်သော မာနကတော့ တေးသခင်မှာ အပြည့်အဝရှိနေသည်။ မိမိ အထင်သေးသောမျက်ဝန်းဖြင့် စတင်ကြည့်ရှုခဲ့ပြီး အထင်သေးသောစကားများ ပြောခဲ့သည်။ နောက်မှ တဖြည်းဖြည်း ပြောင်းလဲသွားသည်။

မင်းသောတထံမှ စတင်လာမည့် အချစ်ကို တေးသခင် မျှော်လင့်သည်။

မင်းသောတဘက်က ချစ်ခွင့်ပန်လာသည့်တိုင် လွယ်လွယ်တကူတော့ မပေးနိုင်။ နည်းနည်းတော့ ပညာပေးရမည်။

ထိုသို့စဉ်းစားကာ စီမံချက်ချရခြင်းကပင်လျှင် တေးသခင်ရင်ထဲ နာကျင်လှလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သမီး လေယာဉ်လက်မှတ် စီစဉ်ကွယ်"

ဒေါ်တင်တင်ကြီးက ကျောက်ကာင်ကာ ပြောလိုက်သဖြင့် တေးသခင် အံ့အားသင့်သွားရာမှ ရင်ထဲလှိုက်ခနဲ ဝမ်းသာလုံးဆို့တက်လာသည်။ ချစ်ရသူနှင့် အနီးကပ်ဆုံးနေချင်သည့် မ,သဘာဝ ဖြစ်သည်။

"ပြန်သွားတာမှ မကြာသေးဘူး"

"မကြာသေးခင်လိုက်မှ အကိုက်မီမှာ၊ သူ့ကို လာမကြိုနိုင်းဘဲ ဒေါ်အေးကိုပဲ ကားတစ်စီးနဲ့ ကြိုခိုင်းလိုက်မယ်၊ လေယာဉ်ချိန် သေချာရင်ပေါ့လေ"

"ဒါဖြင့် သမီးသူငယ်ချင်းဆီ ဖုန်းလှမ်းဆက်ပြီး လက်မှတ်မှာလိုက်မယ်"

"ဘုမပါ ခေါ်သွားမယ်လေ"

"ကောင်းသားပဲ ကြီးမေ၊ သူလဲ ရောက်ဖူးသွားတာပေါ့"

တေးသခင် ပြောပြောဆိုဆို တယ်လီဖုန်းစင်သို့လျှောက်ပြီး မန္တလေးလေယာဉ်ရုံးရှိ သူငယ်ချင်းဆီသို့ ဖုန်းဆက်ပြီး လက်မှတ်မှာလိုက်လေသည်။

"သဘက်ခါမှ ရမယ်တဲ့ကြီးမေ၊ နံနက်ရှစ်နာခွဲ ဖလိုက်နဲ့တဲ့"

"ဖလိုက်နဲ့ ကြီးမေလက်နဲ့ဆိုတော့ အဆင်ပြေမယ်၊ ပန်းတွေတော့ တနိုင်သယ်သွားဦးမှ ဟိုမှာက ပန်းရှားတယ်"

တေးသခင်က. . .

"ဘယ်နှစ်ရက်နေမှာလဲ ကြီးမေ"



"လေးငါးရက်. . တစ်ပတ် အလွန်ဆုံးပဲ"

"ဒီလိုဆို ကျွန်တော်စီစဉ်စရာရှိတာတွေ စီစဉ်ထားလိုက်ဦးမယ်"

တစ်ပတ်ဆိုသောကာလဝယ်. . စိတ်ချရသော လက်ထောက်မန်နေဂျာများ၏ ဦးစီးဦးရွက်ပြုမှုကို တေးသခင် လေ့လာပြီး ဖြစ်သဖြင့် စိတ်ချရသည်ဟု ယုံကြည်သည်။

တေးသခင် ကားတစ်စီးဖြင့် ထွက်ခဲ့သည်။ ဝမ်းလုပ်ငန်းတွေ တစ်ခုပြီးတစ်ခုသို့သွား၊ မှကြားစရာရှိတာတွေ မှာကြားရသည်။

ယောကျ်ားတစ်ယောက်ရဖို့အရေး မလွယ်ကူပါလား။ မင်းသောတအလိုကျ လှုပ်ရှားပေးရတာလား။ မိခင်နှစ်ယောက်၏ စိတ်ချမ်းသာမှုအတွက် သမီးအလိမ္မာ၊ ချွေးမအလိမ္မာအဖြစ်နဲ့ ဘဝတစ်ခုလုံးကို ပေးဆပ်ရမှာလား. . .။

အချစ်အတွက် ပေးဆပ်ခြင်းများသည် မိမိ၏စိတ်နှလုံးကိုကော အေးချမ်းစေမှာလား။ တေးသခင် ခေါင်းထဲ၌ အစီအရီပေါ်လာသည်။

မိမိချစ်သော မင်းသောတထံမှ အချစ်ကို ရရှိခဲ့မည်ဆိုပါက မိမိအတွက် ပြီးပြည့်စုံခြင်းကို ရရှိမှာလား။

တေးသခင် ကားမောင်းရင်း ပြုံးလိုက်မိသည်။

မင်းသောတထံမှ အချစ်ကို ရရှိဖို့အတွက် ပေးဆပ်ခြင်းတို့ကို ဂုဏ်သိက္ခာကျဆင်းစေသည်ဟု ယူဆနိုင်ပါ့မလား။

မည်သို့ဆိုစေကာမူ. . .

www.burmeseclassic.com

www.burmeseclassic.com



မင်းသောတထံမှ အထင်သေးသောမျက်ဝန်းဖြင့်‌. . မကြည့်ဖို့ကလွဲ၍ မိမိခံစားနိုင်မည်။

မင်းသောတရေ. . .

မိန်းမသားလက်နက် အစွမ်းဘယ်လောက်ထက်သလဲ ဆိုတာ ရှုင်စောင့်ကြည့်ပေတော့. . .။





# အခန်း(၁၇)

**မင်း**သောတ လသာဆောင်မှာ ထွက်ထိုင်ရင်း (Hand Phone)ကလေး၏ နံပါတ်များကို ငေးကြည့်နေမိသည်။ ညမီးရောင်ကလေးက ဖုန်းနံပါတ်များ ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။

ပြင်ဦးလွင်ကို ဖုန်းဆက်ချင်သောစိတ်သည် ပြင်ဦးလွင်က ပြန်လာကတည်းက ကပ်ငြိပါလာသော ရောဂါပိုးတစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။

ပညာရေးပြီးတော့ စီးပွားရေးပြည့်စုံလာပြီဆိုတော့ ကြင်ယာအရေး သူစိတ်ဝင်စားခဲ့သည်။

ထို့ကြောင့် မိန်းကလေးသူငယ်ချင်းမိတ်ဆွေများနှင့် တွဲသွားတွဲလာလုပ်ရင်း လေ့လာခဲ့သည်။

သို့သော် တစ်ယောက်ကိုမှ စိတ်ဝင်စား၍မရသလို ချစ်ကြည့်၍လည်းမရချေ။ သူ၏စိတ်ကို ဆွဲကိုင်လှုပ်နိုင်သော သူတစ်ယောက်ကိုမှ မတွေ့ရသေး။

တေးသခင်။

မိခင်ထံ မန်နေဂျာအဖြစ်ရောက်ရှိနေသည်။ ထို့အပြင် ဇနီးလောင်းအဖြစ် ရွေးချယ်ထားသည် ဆိုသဖြင့်. . သူ့စိတ်ထဲ ခံပြင်းစိတ်ဖြင့် တေးသခင်ဟူသောမိန်းမကို တွေ့ဖူးမြင်ဖူးချင်ခဲ့သည်။

ခံပြင်းရသည့်အကြောင်းအရင်းက သူ့စိတ်သည် အချစ်ကို ဖန်တီးယူခြင်းကိုလည်းမကြိုက်။ အချစ်မပါသောအိမ်ထောင်ရေးကိုလည်း မထူထောင်နိုင်။

ပုံစံခွက်ဖြင့် တည်ဆောက်ရမည့် အိမ်ထောင်ရေးကို ဆားမပါသော ဟင်းကဲ့သို့ အရသာပေါ့ပျက်ပျက်နိုင်လိမ့်မည်။ ဆားမပါသောဟင်းကို ဘယ်သူမှ ကြာရှည်စားသုံးလိမ့်မည်မဟုတ်။ အရသာရှိစေရန် ဆားကိုရှာဖွေခပ်ပြီး မြုပြင်စား၍ရလျှင် အကြောင်းမဟုတ်။ ထို့အတူ အိမ်ထောင်ရေးကို အချစ်ရှာဖွေပြီး မြုပြင်ပေါင်းဆက်နိုင်လျှင်တော့ ကောင်းပါသည်။ အချစ်ကို ရှာဖွေ၍မရနိုင်လျှင်တော့ အိမ်ထောင်ရေးပြိုကွဲ ပျက်စီးသွားရုံမှအပ အခြားမရှိနိုင်ပြီ။



ထို့ကြောင့် မင်းသောတအချစ်ကိုအဓိကထားကာ ရှာဖွေခဲ့သည်။

ရှာဖွေရင်း အချစ်သည် မိန်းမလှကလေးများ ကြားဝယ် ပျောက်ဆုံးနေခဲ့သည်။

လ၏ မြင့်တက်မှုက ညဥ့်နက်မှုကို ဖော်ပြနေလေသည်။

ဆယ်နာရီဆိုလျှင် အိပ်ပျော်နေလေပြီ။ မန္တီးတော့ပါဘူးဟု ဆုံးဖြတ်ပြီး စက်ခလုတ်ကို ပိတ်လိုက်လေသည်။

တွေ့စ. . ကြည့်လိုက်သော မျက်ဝန်းကို မြူဆွယ်သည် ညှို့ယူဖမ်းစားဖို့ ကြိုးစားသောမျက်ဝန်းအဖြစ် သူ ရှုံ့မုန်းခဲ့သည်။

နောက်ပိုင်း ထိုအကြည့်မျိုး လုံးဝထပ်မရသောအခါ. . ထိုအကြည့်ကို သူမျှော်လင့်လာမိသည်။

ထိုအကြည့်ထဲဝယ် ချစ်ရည်ချစ်စိတ်တို့ ပြည့်ရွှန်းလျက်ရှိသည်ဟုသူထင်သည်။ မိန်းမသားတစ်ယောက်ဖြစ်သော်လည်း သူတို့ယောက်ျားများနှင့် တန်းတူရင်ဘောင်တန်းနိုင်သည်။ ထူးချွန်ထက်မြက်သည်။ သို့သော် ဒါကအရေးမကြီး။

အိမ်ထောင်တစ်ခု၌ မိန်းမတစ်ယောက် သိပ်ထူးချွန်ထက်မြက်နေဖို့မလို စီးတဲ့ရေဆည်တဲ့ကန်သင်း ဖြစ်နေဖို့ပဲ သူလိုလားသည်။

အရည်အချင်းအားဖြင့် သူ လိုလားတာထက်ပင် ပိုလျှံနေသည်ဆိုတော့ သူ အဓိကလိုချင်သောအချစ်. . .

www.burmeseclassic.com

www.burmeseclassic.com



အချစ်ကိုသာ တေးသခင်ထံက ရရှိခဲ့လျှင်. . .

မင်းသောတ တေးသခင်ထံမှ အချစ်ကိုရရှိဖို့ ကြိုးစားရပေတော့မည်။ ယောကျ်ားတစ်ယောက် လုပ်ဆောင်ရမည့် အလုပ်တစ်ခုဟုလည်း ယုံကြည်သည်။

မင်းသောတ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချလိုက်ပြီးသည်နှင့် စိတ်ရှင်လန်းစွာပင် အိမ်ထဲပြန်ဝင်ပြီး အိပ်စက်လိုက်သည်။

ဘယ်လိုအကြောင်းကြောင့်မှ သောကကို ခေါင်းထဲလက်ခံမထားတတ်သော သူ့ညဉ်အတိုင်း မျက်ခွံတခါးပိတ်လိုက်သည့်နောက်. . .

အိပ်ပျော်ခြင်းသို့ ချက်ချင်း ဆိုက်ရောက်သွားလေတော့သည်။





# အခန်း(၁၈)

**မင်း**သောတ အိပ်ယာကနိုးနိုးခြင်း ပထမဦးဆုံး သတိရလိုက်သည်မှာ ပြင်ဦးလွင်သို့ ဖုန်းဆက်ရန်ဖြစ်သည်။

ချက်ချင်းပင် ပြင်ဦးလွင်သို့ ဖုန်းခေါ်လိုက်သည်။

"ဟဲလို"

အသံကြီးကြီးဖြစ်၍ ဒေါ်အုန်းဟု အတတ်တီလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒေါ်အုန်းလား ကျွန်တော်ပါ"

"လူလေးလား"

"ဟုတ်ပါတယ် မေမေကော"

"မိန်းကလေးနဲ့ အပြင်ထွက်သွားတာပဲ"

"နေကောင်းကြရဲ့လား"

"ကောင်းကြပါတယ်"

"ဘယ်တော့ပြန်လာမှာလဲ"

"မပြောတတ်ဘူး လူလေး၊ မှာစရာရှိရင် မှာထားခဲ့လေ"

"ပြန်လာရင် ကျွန်တော့်ဖုန်းကို ခေါ် ပေးဖို့ပြောပေးပါ၊ မေမေဖြစ်ဖြစ် တေးသခင်ဖြစ်ဖြစ်ပေါ့"

"အေးအေး . . စိတ်ချ ဒေါ်အုန်းပြောပေးမယ်"

"ဒါပါပဲ . . ဒေါ်အုန်း"

သူ စိတ်ထဲ လစ်ဟာသွားသကဲ့သို့ ဖြစ်ပေါ်ပြီး ဖုန်းချထားလိုက်လေသည်။

ရေမိုးချိုး အဝတ်အစားလဲပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။

"လူလေးရေ ရှမ်းခေါက်ဆွဲရေဖျော် လုပ်ထားတယ်၊ စားသွားမယ် မဟုတ်လား"

"စားတော့ စားမယ်လေ၊ ဒါပေမယ့် မီးမှာမဟုတ်ပါဘူးဗျာ"

ဒေါ်အေးက ပြုံးစစနှင့် . . .

"ဘယ်သူကို မမီရမှာလဲ"





"သူ့လက်ရာကိုပေါ့"

"သူ ဘယ်သူလဲ"

"ဘယ်သူကမှာလဲ တေးသခင်ဆိုတဲ့ မေမေရွေးထားတဲ့ ချွေးမလောင်းလေ"

"ဟုတ်လား . . ဒါဆိုရင် လူလေးတော့ ကံကောင်းတော့မှာပဲ ရုပ်ကောလှရဲ့လား"

ဒေါ်အေးနှင့် ဒေါ်အုန်းသည် သူ့ကို ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက မိခင်နှင့်မခြား ရင်ခွင်ပိုက် ထိန်းကျောင်းပြုစုပျိုးထောင်ခဲ့သူများ ဖြစ်ခြင်းကြောင့် မင်းသောတချစ်ခင်လေးစားပြီးသား ဖြစ်သည်။

"လှတာမှ ရက်ရက်စက်စက် လှတယ်"

"ဟယ် . . တွေ့ဖူးချင်လိုက်တာ၊ ဒေါ်အုန်းနဲ့ ဘုမကလည်း လှတယ်လို့ပြောတာပဲ၊ ဒါပေမယ့် လူလေးနှုတ်က ထွက်တာဆိုတော့ တော်ရုံတန်ရုံအလှမယ်တော့ မဖြစ်နိုင်ဘူး"

ဒေါ်အေးကို သူက ရယ်ကျဲကျဲဖြင့် . . .

"လှတာမက်ရင် ညစာခက်တယ်ဆို ဒေါ်အေး"

"အဲဒီထဲ တေးသခင် ပါမယ်မထင်ပါဘူး"

"လှတဲ့မိန်းမတွေက မာနကြီးတတ်သလား ဒေါ်အေး"

"ကြီးတတ်တယ် အလှမာန်တော့ရှိကြတာပဲ၊ ဒါပေမယ့် ချစ်လာရင်တော့လဲ မာန်မာနဆိုတာ အရည်ပျော်သွားတာပဲ"

"အဲမယ် ဒေါ်အေးတောင် ကဗျာဆန်လာပြီ၊ သွားမယ် ဘစ်ပန်းကန်ပဲ စားသွားတယ်၊ ဒေါ်အေး ချက်ရကျိုးနပ်အောင်

www.burmeseclassic.com



စားရတာ၊ ကျွန်တော် နံနက်စာစားဖို့ ချိန်းထားပြီးဖြစ်နေလို့ သွားမယ်"

"မိန်းကလေးတွေနဲ့ပဲလား"

"ယောကျ်ားတွေလဲ ပါပါတယ်ဗျာ၊ ခု ကျွန်တော့်ခေါင်းထဲမှာ ဇကာတင်ရွေးပြီးသား မိန်းမတစ်ယောက်တည်းရှိတော့တာ"

မင်းသောတက စားပွဲမှထပြီး ဒေါ်အေးကို ကျေနပ်စေရန်ပြောလိုက်သေးသည်။

"တယ်ဟုတ်ပါလား ဘယ်သူလဲ"

"မေမေရွေးပေးတဲ့ ချွေးမလောင်းလေးပဲပေါ့ဗျာ၊ သွားမယ် ညနေစာအိမ်မှာပြန်စားမယ် ကိစ္စရှိရင် ကျွန်တော့်ဖုန်းကိုပဲဆက်နော်"

"အေး. . အေး"

မင်းသောတ ထွက်ခဲ့လေသည်။

အဖြေတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ပြီးပြီဆိုတော့ စိတ်၌ ပေါ့ပါးလွတ်လပ်လျက်ရှိသည်။

အလုပ်တွေကို မိမိကိုယ်တိုင်ဆုံးဖြတ်ရမည့်အလုပ်တို့ ကိုယ်တိုင်ဆုံးဖြတ်ပြီးလျှင် ပြင်ဦးလွင်သို့ပြေးပြီး တေးသခင်တွေ့သော ပန်းမာလာအနား ပိတုန်းလိပ်ပြာပမာရစ်ဝဲကာ အချစ်တို့ ရှာဖွေတူးဖော်လိုက်မည်။

နှစ်ကိုယ်တူ အချစ်ရပြီဆိုမှ လက်ထပ်လိုက်မည်။

ရည်ရွယ်ချက်ရှိပြီဆိုတော့ မင်းသောတ အလုပ်လုပ်ရ





တာ ပျော်ရွှင်ချမ်းမြေ့လာသည်။

နေ့လယ် သူ့ကုမ္ပဏီ၌ လချုပ် အစည်းအဝေး ကျင်းပပြီး ထွက်လာစဉ်. . .

"ဆရာ အိမ်ကဖုန်းဆက်တယ်"

စာရေးတစ်ဦးက လှမ်းပြောသည်။ အစည်းအဝေးကျင်းပနေစဉ် ဖုန်းကို သူပိတ်ထားလေ့ရှိသည်ကို ချက်ချင်းပင် သူ့ရုံးခန်းထဲရောက်သည်နှင့် အိမ်ကိုလှမ်းဆက်လိုက်သည်။

ဒေါ်အေး ဘာများအရေးကြီးနေပါလိမ့်။

"အမိန့်ရှိပါရှင်"

သူ ထိုင်နေရာမှ ထလိုက်မိလေသည်။ တေးသခင်အသံပါ မာကျောသယောင်ယောင်ရှိသော်လည်း ကြည်လင်၍ သြဇာဆက်ပါသော အသံပါ။

"တေးသခင်. . မင်း မင်းရောက်နေတယ်လား"

"ဟုတ်တယ် ကြီးမေ လာချင်တယ်ဆိုလို့ ဒီနေ့ဖလိုက်နဲ့ လာခဲ့တာ၊ ဆယ်နာရီလောက်ကတည်းက ရောက်နေတာ"

"ဟာ. . ကိုယ့်ကို ဘာလို့ဖုန်းမဆက်ကြတာလဲ ကိုယ် အကြိုမှာပေါ့"

ဝမ်းသားအားရစိတ်ကို ဖုံးဖမထားနိုင်တော့ သူ အလွန်ပင် ပျော်ရွှင်နေပြီ။

"ကြီးမေက မဆက်နဲ့ ပြန်းခနဲ ဝမ်းသာသွားရအောင် လုပ်မယ်ဆိုလို့ပါ"

"ဒါဆို ကိုယ် အခုပဲ ပြန်လာခဲ့မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com

"မလာပါနဲ့ လုပ်စရာရှိတာလုပ်ပါ၊ ကြီးမေတော့ တမေ့
မေးနေပြီ၊ ဘာပြောစရာရှိသေးသလဲ"

"ပြန်လာမှပဲပြောတော့မယ်၊ ခုပဲပြန်လာခဲ့မယ်"

"သဘောပဲ"

တေးသခင်ဘက်က ဖုန်းချသွားလေသည်။

သူချက်ချင်းပင် ဖုန်းကိုချပြီး လက်မှတ်ထိုးစရာရှိသည်
တို့ကို ကပျာကသီထိုးပြီး အိမ်သို့တန်းပြန်ခဲ့လေသည်။

ပျော်ရွှင်ခြင်း၊ မျှော်လင့်ခြင်းတို့ ရင်မှာပြည့်လျှံနေသည်
ဆိုတော့ ဘာကိုပဲလုပ်လုပ် မင်းသောတ တက်ကြွလန်းဆန်းနေ
သည်။

သူ အိမ်ရောက်တော့ အားလုံးက အထူးအဆန်း မျက်
ဝန်းမျိုးနှင့်ကြည့်ကြသည်။

ဒေါ်အေးကတော့ အကြည့်တင်မက နှုတ်ကပါ. . .

"အရှေ့ကနေ. . အနောက်က ပြောင်းထွက်တော့မယ်
ထင်တယ်၊ ကိုယ့်မျက်စိတောင် ကိုယ်မယုံချင်ဘူး လူလေးရေ"

"ဒေါ်အေးကလဲဗျာ ဧည့်သည်ရောက်နေလို့ ပြန်လာတဲ့
ဟာကို"

တေးသခင်က ဧည့်ခန်းတွင် အလှပန်းအိုးထိုးနေရာမှ
မော့၍ပင်မကြည့်။

ဒါ မိန်းမက္ကန္တြေလား၊ သွေးကြီးမွေးကြီး နိုင်တာလား. . .
ကိစ္စမရှိ သူကပဲ လျှောက်သွားလိုက်သည်။ အပန်းကြီးတာလိုက်
လို့ အချစ်မှာ မာနမရှိတာ. . .။ ပိတုန်းက ပန်းရှိရာသွားရော





သဘာဝပေပဲ။

တေးသခင်က ကြမ်းပြင်ထက် ပုဆစ်ဒူးတုတ်ထိုင်ပြီး
စားပွဲပေါ်ရှိ အလှပန်းအိုး၌ ပန်းအိုးထိုးနေခြင်းဖြစ်သည်။

သူက တေးသခင်နှင့် အနီးကပ်ဆုံး ဆက်တီ၌ ထိုင်
လိုက်သည်။

"မေမေက ဘာစိတ်ကူးပေါက်ပြီး ထလာရတာတဲ့လဲ"

"မသိဘူးလေ သွားချင်တယ် သမီးပါလိုက်ခဲ့ဆိုတော့လဲ
ကျွန်မပါ လိုက်လာရတာ၊ ရှင့်အတွက်များ အနှောင့်အယှက်ဖြစ်
သွားပြီလား"

"ဘာအနှောင့်အယှက်ဖြစ်ရမှာလဲ၊ မဖြစ်ပါဘူး ဝမ်း
တောင်သာသေးတယ်၊ အိမ်မှာ အိမ်သားတွေမရှိတော့ ပျင်းပျင်း
နဲ့ အပြင်ထွက်နေရတာ၊ ခု မေမေလဲရောက်လာ မင်းလည်းပါ
လာတော့ ပျော်တောင်ပျော်သေး၊ ကိုင်း. . ပြော ညနေ ဘယ်စ
သွားမလဲ ဘုရားသွားမလား"

"ကြီးမေသဘောလေ"

"မင်းသဘောကကော"

"ကျွန်မက ဧည့်သည်ပဲ၊ ဧည့်သည်ဆိုတာ အိမ်ရှင်လိုက်
ခဲ့တဲ့ဆီ လိုက်ရမှာပေါ့ရှင်"

တေးသခင်က သူ့အားမကြည့်ဘဲ ပန်းကိုသာ သဲသဲမဲမဲ
ထိုးရင်း ပြောလိုက်သည်။

ပါးပြင်လေးက အနည်းငယ် ရက်သွေးဖြန်းနေသည်
ထင့်. .။ စတော်ဘယ်ရီရောင်ပြေးနေသည်။ မန္တလေးရှိ မိတ်


www.burmeseclassic.com

www.burmeseclassic.com

သင်္ဂဟများထံ တေးသခင်မိသားစုအကြောင်း လေ့လာစုံစမ်း
တီးခေါက်ကြည့်သည်။ နာမည်ပျက်လုံးဝမရှိ ကောင်းသတင်း
တွေနဲ့သာ ကျော်ကြားသည့် မိသားစုဖြစ်သည်။

တေးသခင်ကို လိုချင်၍ စပ်ဟပ်ကြသည့် သားရှင်တွေ
က ဒုနဲ့ဒေး။ ထိုကြားထဲ ဖိုးကံကောင်းဖြစ်ရသည်ဟု မင်းသော
တ သဘောပေါက်လေသည်။

သေချာပါသည်။ ဘယ်လောက်ရဲရင့်ထက်မြက်သော
မိန်းမဖြစ်ပါစေ၊ အချစ်နှင့်တွေ့ထိရင်ဆိုင်ရသောအခါ ရှက်ကိုး
ရှက်ကန်းနှင့် စိတ်လှုပ်ရှားမှု၊ တုန်လှုပ်မှုက ရှိတတ်စမြဲပင်။

တေးသခင်က တိတ်ဆိတ်မှုရှည်ကြာလာသည်ကို တုန်
လှုပ်လာဟန်ဖြင့် သူ့အား ဖျတ်ခနဲကြည့်လိုက်သည်။

သူ၏ စူးစိုက်ကြည့်နေသော မျက်လုံးနှင့် ရင်ဆိုင်လိုက်
ရသောအခါ ရှက်ကိုးရှက်ကန်း မျက်နှာလွှဲသွားပြီး. . .

"ဘာထိုင်လုပ်နေတာလဲ သွားတော့လေ"

"ဘယ်သွားရမှာလဲ"

"သွားချင်တဲ့နေရာသွားပေါ့၊ အိမ်ကအကျယ်ကြီးပဲဟာ"

"ကိုယ်သွားချင်တဲ့နေရာက တစ်နေရာတည်းရှိတယ်"

". . . . . . ."

"ဘယ်နေရာလဲလို့ မမေးတော့ဘူးလား"

". . . . . . ."

တေးသခင် တေမိလုပ်နေလိုက်သည်။ ပန်းအိုးထိုးပြီး
သွားပြီး ဖြတ်တောက်ထားသောအရိုးနှင့် အရွက်အခက်စများထိုး





ခြင်းတောင်းထဲ ကောက်ထည့်ကာ အလုပ်များနေလိုက်သည်။

"မမေးလဲ ဖြေရမှာပဲ၊ မှတ်ထား. . ကိုယ် အနေချင်ဆုံး
နေရာက တေးသခင်နားမှာပဲ"

"အို. . ဘာတွေပြောနေမှန်းလဲ မသိဘူး"

ခြင်းတောင်းဆွဲကာ လစ်ပြေးသွားလေသည်။

မင်းသောတ သဘောကျစွာ ပြုံးလျက် ကျန်ရစ်ခဲ့လေ
သည်။

အချစ်ဆိုတာ စတင်ခံစား မွေးဖွားကြည့်ရုံနှင့် ပျော်ရွှင်
ကြည်နူးစရာတွေ အပြည့်ရှိနေတတ်ပါလားဟု. . .။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၉)

“**လက်**ကြီးတစ်ဖက်က ပတ်တီးကြီးနဲ့ ဟိုသွားဒီသွား မလုပ်ချင်ပါဘူး၊ သားနဲ့သမီးပဲ သွားကြ၊ မေမေ့ မိတ်ဆွေတွေ လည်း မေမေဖုန်းဆက်ထားလို့ လာတွေ့ကြဦးမှာဆိုတော့ အိမ် မှာပဲစောင့်နေတာ ကောင်းပါတယ်”

ဟု မိခင်က သိသာစွာငြင်းပြီး အိမ်၌ပင်နေခဲ့သဖြင့်. . . တေးသခင်နှင့်သူ နှစ်ယောက် ရွှေတိဂုံဘုရားသို့ ထွက်ခဲ့ကြ သည်။



“ဘုမ ခေါ်ခဲ့ရင်ကောင်းမယ်”

“သူတို့ကို တစ်နေ့ပေးလည်လိုက်မှာပါ၊ ခု ကိုယ် မင်းနဲ့ နှစ်ယောက်တည်း ဆွေးနွေးနေစရာရှိလို့ သူ့ကိုတင်မခေါ်နဲ့”

“ဆွေးနွေးစရာ”

“ဟုတ်တယ် ကိုယ့်ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ အရေးကြီးတဲ့ ကိစ္စ ဆွေးနွေးစရာရှိတယ်၊ ကိုင်း. . . ဘုရားအရင်ဖူးလိုက်ရ အောင် ပြီးမှ တစ်နေရာရာသွားပြီး ဆွေးနွေးကြတာပေါ့”

မင်းသောတ မျက်နှာတည်ငြိမ်နေသည်ဟု တေးသခင် သတိပြုမိလိုက်သည်။

တေးသခင်အတွက် ခက်နေပြီ။ သူပျော်လျှင် တေးသ ခင်ပျော်ရသည်။ သူ မျက်နှာညှိုပြီဆိုတော့ တေးသခင် ရင်ထဲပင် နှိုချင်သလိုလို ခံစားလိုက်ရသည်။

အချစ်၏စွမ်းအားသည် ကြီးမားလှသည်။

ပြင်ဦးလွင်ခြံမှ ခူးလာသောပန်းများနှင့် ရွှေတိဂုံဘုရား၌ ကပ်လှူပြီး ရှိခိုးကာ ဘုရားရင်ပြင်တော် လက်ယာရစ်တစ်ပတ် ပတ်ပြီး ဆင်းခဲ့လေသည်။

ကားပေါ်ရောက်သည်အထိ မင်းသောတထံမှ စကား တစ်ခွန်းမှ ထွက်မလာ။ မျက်နှာသည် သိသာစွာ ညှိုနေသည်။

ဘာတွေများအလိုမကျဖြစ်နေသနည်း သို့တည်းမဟုတ် စိတ်မကောင်းစရာ တစ်ခုခုများ တောင်းဆိုစရာရှိနေသလား။

အင်းလျားကန်ဟိုတယ်သို့ ကားကိုဦးတည်လာသည်။

တေးသခင် အလိုက်တသိပင် ငြိမ်နေလိုက်သည်။ အမြဲ

www.burmeseclassic.com

www.burmeseclassic.com



တစေ ရှင်လန်းတက်ကြွနေတတ်သော မင်းသောတ၏ ညှိုးနွမ်းမှုကို တေးသခင် စတင်မြင်တွေ့ဖူးခြင်းဖြစ်သည်။ သူ့ ညှိုးနွမ်းမှုက တေးသခင်ရင်ကို ထိရှနာကျင်စေသည်။

အင်းလျားကန်ဟိုတယ်၏အတွင်း ကန်ရေကို လှမ်းမြင်နေရသော စားပွဲတွင် နေရာယူလိုက်သည်။

ကော်ဖီနှင့်မုန့်သာ မှာယူလိုက်သည်။

ထမင်းစားသောက်ခဲ့ကြပြီးမှ ထွက်ခဲ့ကြခြင်းဖြစ်သည်။

"ဘာပြောစရာရှိလို့လဲ ပြောလေ"

မင်းသောတ၏ ညှိုးနွမ်းမှုကို တေးသခင် မကြည့်ရက်တော့။ သူ့ထံမှ သောကကို မိမိထံသို့ လွှဲပြောင်းယူ၍ရလျှင် ချက်ခြင်းပင် ယူလိုက်ချင်သည်။ ထို့ကြောင့် စကားစ,လိုက်ခြင်းဖြစ်သည်။

"ပြောရမှာ သိပ်ခက်ခဲတယ် ကိုယ့်ဘက်က ဘယ်ကစပြောရမှန်း မသိအောင်ဖြစ်နေတယ်"

"ဘာအကြောင်းလဲ ကျွန်မနဲ့ပတ်သက်နေသလား"

"ပတ်သက်ပါတယ်၊ တေးသခင်ကို ကိုယ်မချစ်မိဘူးဆိုရင် ဘာအကြောင်းမှ ပြောစရာမရှိပါဘူး"

တေးသခင် မိမိနားကို မိမိမယုံကြည့်နိုင်သကဲ့သို့ ခံစားလိုက်ရသည်။

ဒီလောက်မြန်မြန်ဆန်ဆန် မိမိအပေါ် ညွှတ်ကျသွားလိမ့်မည်ဟု မထင်မှတ်ခဲ့။ သူ့ ကုမ္ပဏီက အပြေးအလွှားပြန်လာပြီး မိမိအနားထိုင်ကာ တစိမ့်စိမ့်ကြည့်ပြီး ရိသဲ့သဲ့ပြောလိုက်တုန်းက စကားတို့ကို တေးသခင် အတည်မယူရဲခဲ့။



ယခုတော့. . .

တည်တည်ကြည်ကြည်နှင့် ပြောလာသော မင်းသောတစကားတို့ကို အမှန်အကန်ဟု တေးသခင်ယူဆလိုက်သည်။

"ကိုယ့်အကြောင်းနဲ့ကိုယ်ဖြစ်လို့ ဘယ်မိန်းမကိုမှ မချစ်မိအောင်နေခဲ့တယ်၊ ဒါပေမယ့်. . အချစ်ဆိုတဲ့အရာဟာ တားဆီးပိတ်ပင်ထားလို့ ရကောင်းတဲ့အရာမဟုတ်ဘူးဆိုတာ. . ကိုယ်မြင်ဦးလွင်က ပြန်လာပြီးကတည်းက သဘောပေါက်ခဲ့တယ်"

တေးသခင် နားမလည်သေးပါ။ သူ့မျက်ဝန်းမှ ကြေကွဲရိပ်တို့ကိုသာ စိတ်မကောင်းစွာဖြင့် ငေးကြည့်နေမိသည်။

"မင်း ကိုယ့်ကိုနားလည်ပေးပါ၊ ပြီးတော့ ဒီကိစ္စကို မင်းကလွဲပြီး ဘယ်သူ့ကိုမှ အသိမပေးဖို့ ကိုယ်မေတ္တာရပ်ခံပါရစေ"

"ဘာကိစ္စများမို့လို့လဲရှင်"

"ကိုယ့်ဘဝတစ်ခုလုံးကို ထိခိုက်နစ်နာစေတဲ့ ကိစ္စမျိုးဖြစ်လို့ပါ၊ အထူးသဖြင့် သားသမီးအပေါ် သိပ်ချစ်ပြီး သိပ်ကောင်းစားစေချင်တတ်တဲ့ မိခင်နှစ်ယောက်အတွက် သိပ်ကိုအရေးကြီးပါတယ်၊ နောက်. . မင်းအတွက်ပါ တေးသခင်"

"ရှင်"

"ဟုတ်တယ် ကိုယ့်ကိုလက်ထပ်ဖို့ တိုက်တွန်းပေမယ့် ကိုယ်တိုင်ကိုယ်ကျတော့ ရွေးချယ်မပေးခဲ့ဖူးပါဘူး၊ မင်း တစ်ယောက်တည်းကိုပဲ မေမေက ရွေးချယ်ပေးခဲ့တာပါ တေးသခင်၊ မေမေ မင်းကို ဘယ်လောက်အားထားတယ် ယုံကြည်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခင်တယ်ဆိုတာ သိရလေလေ ကိုယ်ရင်နာလေလေပဲ”

တေးသခင် မင်းသောတကိုသာ စူးစမ်းနေမိသည်။ ပြင်ဦးလွင်ကို လာစဉ်က မင်းသောတမှ ဟုတ်ပါလေစဟု ထင်ရလောက်အောင် ဖြစ်နေရလေသည်။

“ကိုယ်ဘာကြောင့် ရန်ကုန်မှာပဲနေရလဲဆိုတာ သိလား တေးသခင်”

“အလုပ်ကြောင့် မဟုတ်ဘူးလား”

“မဟုတ်ပါဘူး အကြောင်းပြချက်ကောင်းအောင် တမင်ပြောထားတဲ့ ပြရုပ်တစ်ခုပါ၊ တကယ်တော့ ကိုယ့်မေမေ ဖေဖေတို့နားမှာ မနေရက်လို့ဘဲ”

“ဘာဖြစ်လို့လဲ”

“ကိုယ့်ကြောင့် သူ့ကို စိတ်ထိခိုက်မှာ စိုးရိမ်လို့ပါ”

တေးသခင် နားမလည်နိုင်အောင်ဖြစ်ရသည်။ သပွတ်အူလို ရှုပ်ထွေးနေသော မင်းသောတ၏စကားများကို နားမရှင်းအောင်ပင် ဖြစ်သွားရသည်။

“ဘာဖြစ်လို့စိတ်ထိခိုက်မှာလဲ မိဘဆိုတာ သားသမီးကို သူတို့မျက်စိအောက်မှာပဲ ထားချင်ကြတာ မဟုတ်ဘူးလား”

“ဟုတ်တယ်လေ ဒါပေမယ့် သူတို့မျက်စိရှေ့မှာ ကိုယ်ကြာကြာနေရင် ကိုယ့်ရဲ့ဟန်ဆောင်မျက်နှာဖုံးက ကွာကျသွားမှာပဲ တေးသခင်၊ ကိုယ် ဆယ်နှစ်သားလောက်မှာ နေမကောင်းဖြစ်တယ် သွေးသွင်းရတဲ့အခြေအနေမျိုးပေါ့၊ အဲဒီလို အခြေအနေမှာ ဖေဖေကော မေမေကော ကိုယ့်ကို သွေးမသွင်းပေးနိုင်ခဲ့



ကြဘူး”

“ဟင်”

တစ်ဦးတည်းသောသားအပေါ် ချစ်ခြင်းက ဘယ်လိုပါလိမ့်ဟု တေးသခင် တအံ့တဩဖြစ်ရသည်။

“ငယ်သေးတော့ သိပ်နားမလည်ပေမယ့် နည်းနည်းကြီးလာတော့ ဒီကိစ္စကို သဘောပေါက်လာတယ်။ ဒါနဲ့ ကိုယ် လေ့လာစူးစမ်းတဲ့အခါမှာ ကိုယ်ဟာမွေးစားသားလို့သိရတယ်”

“အို”

တေးသခင်ရင်ထဲ. . ဂရုဏာအိုင်လေး ဖြစ်ထွန်းသွားသည်။

“အဲဒီကိစ္စတွေအားလုံးကို ကိုယ်မသိဘူးလို့ ဖေဖေကော မေမေကော ယုံကြည်နေကြတုန်းပဲ”

“ဒါဖြင့် ရှင်က ဘယ်လိုလုပ်သိတာလဲ”

“ကိုယ့်ကို အင်မတန်ချစ်တဲ့ဘွားလေးက မဆုံးခင်မှာ ကိုယ့်ကိုဖွင့်ပြောသွားခဲ့တာပဲ၊ ဒီကိစ္စကို သိသူဟာ ဖေဖေရယ် မေမေရယ်ပဲ ရှိတော့တယ်တဲ့၊ ဘိုးဘိုးနဲ့ဘွားဘွားကတော့ သိတယ် ကွယ်လွန်သွားပြီလေ၊ ခု ဘွားလေးနဲ့ ဖေဖေလည်း ဆုံးသွားပြီဆိုတော့ မေမေနဲ့ကိုယ်ပဲကျန်တော့တာ”

တေးသခင် မယုံကြည်နိုင်သကဲ့သို့ပင် ဖြစ်နေသည်။

အိပ်မက်မက်နေတာလား၊

မင်းသောတမျက်နှာ လုံးဝမကြည်သာပါ။ မကြည့်ရက်အောင် ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို ဘာဖြစ်လို့ ဖွင့်ပြောရတာလဲ"

"မင်းကို မညာရက်လို့ပါ"

"မေမေက ကိုယ့်ဒီကိစ္စသိသွားပြီလို့သာ သိသွားရင်. . အတော်ခံစားရလိမ့်မယ်၊ ဒီတော့ မင်းဘယ်သူမှ မသိအောင် ဖုံးကွယ်ထားနိုင်လိမ့်မယ်လို့ ကိုယ်ယုံကြည်တယ်လေ"

"စိတ်ချပါ ကျွန်မ ထင်ပါတယ် ကျွန်မနဲ့ရှင်နဲ့ ရွေးချယ်မှုမှာ မိဘတွေရဲ့ ဂုဏ်ရှိန်ဂုဏ်ဝါတွေ မပါဘူးထင်ပါတယ်၊ ကျွန်မအတွက် ရှင်ဟာ ဦးဘမင်း ဒေါ်တင်တင်ကြီးရဲ့သားအရင်း ဟုတ် မဟုတ်ဆိုတာ အရေးမကြီးပါဘူး"

"ဒါဖြင့် ဘာကအရေးကြီးသလဲ"

"ချစ်ခြင်းမေတ္တာပါ၊ ဒါပေမယ့်. . ."

တေးသခင် ရဲရင့်လာသည်။ မင်းသောတ၏ အားနည်းချက်ကို သိရပြီ။ နင်းချေဖို့ မဟုတ် အားပေးကူညီဖေးမလက်ဆွဲခေါ်ရန်သာဖြစ်သည်။

"ဒါပေမယ့် ဘာဖြစ်သလဲ"

"ကိုယ်ကျင့်တရားကောင်းမွန်ဖို့တော့ လိုတယ်၊ ကျွန်မရင်ထဲက လူတစ်ယောက်ကို ဘယ်လောက်ချစ်ချစ် ကိုယ်ကျင့်တရားမကောင်းရင်တော့ ကျွန်မလက်ခံနိုင်မှာမဟုတ်ဘူး"

မင်းသောတ ခေါင်းကိုခါယမ်းလိုက်ပြီး ကော်ဖီကို တစ်ငုံသောက်လိုက်သည်။ နောက် ရေနွေးကို တစ်ငုံသောက်သည်။ ပြောစရာတွေ ရှိနေသေးသဖြင့် အားယူနေပုံရသည်ဟု တေးသခင် သဘောပေါက်လေသည်။ စိတ်ရှည်စွာဖြင့် စောင့်ဆိုင်းလိုက်



သည်။

"ကိုယ်ကျင့်တရားနဲ့ပတ်သက်ပြီး ငယ်စဉ်ကတည်းက ငါးပါးသီလမြဲအောင် ထိန်းခဲ့သည်၊ ကြီးလာတော့လည်း မူးယစ်မပါ လက်ာမချောရတဲ့ အခါမျိုးတော့ မူးယစ်ဝါဒသုံးမိတာရှိတယ်၊ စီးပွားရေးလောကကို ဝင်တဲ့အခါ သူတစ်ပါးရဲ့ ဂုတ်သွေးကိုတော့ မစုပ်ဘူး၊ သူတစ်ပါးရဲ့ စီးပွားပျက်ရာပျက်ကြောင်းကိုလည်း မကြံရွယ်ဘူး၊ ဒါပေမယ့် အမြတ်အစွန်း များများရဖို့ မုသားသုံးရတာတော့ ရှိကောင်းရှိတယ်"

"ဒါကို ကျွန်မသဘောပေါက်ပါတယ်"

"ပွဲလမ်းသဘင်မှာ ဘီယာသောက်၊ ဝီစကီအနည်းအကျဉ်းသောက်မိတာလည်းရှိတယ်"

"ဒါကလည်း ခွင့်မလွှတ်နိုင်တဲ့ကိစ္စမျိုး မဟုတ်ပါဘူး၊ ကျွန်မတို့တောင် ဆေးဖြစ်ဝါးဖြစ်အနေနဲ့ ဝိုင်သောက်ရတဲ့အခါမျိုးရှိသေးတာပဲ"

"မိန်းမကိစ္စနဲ့ပတ်သက်လို့ကလည်း အလုပ်သဘောအရ တွဲသွားတွဲလာကလွဲပြီး သူတစ်ပါးသားပျိုသမီးပျိုကိုလည်း မဖျက်ဆီးခဲ့ဘူး၊ ဒါတွေဟာ အမှန်ပဲ၊ ဒါတွေဟာ တေးသခင်ရဲ့ အချစ်ကိုရဖို့ ကိုယ်ဖြောင့်ချက်ပေးနေတာမဟုတ်ဘူး၊ ကိုယ် အမှန်အတိုင်းပြောနေတာပါ"

တေးသခင် မင်းသောတကို နားမလည်နိုင်စွာ စိုက်ကြည့်လိုက်လေသည်။

မင်းသောတ နှုတ်ခမ်းကို တွန့်ရုံပြုံးပြီး ခြောက်သွေ့စွာ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် အသက်မပါသလို ရယ်လိုက်သည်။

"အဟင်းဟင်း. . ကိုယ်ချစ်မိတဲ့ မိန်းမတစ်ယောက်ရဲ့ ဘဝကို နစ်မွန်းဖို့ ကိုယ်ဘာမှမတောင်းဆိုဘူး၊ ကိုယ့်ရဲ့မျိုးရိုးဟာ ဘယ်သူဘယ်ဝါဆိုတာကို ဘွားလေးက မပြောပြဘူး၊ ဒါပေမယ့် ဘွားလေးက ကိုယ့်ကိုသတိပေးသွားတာ တစ်ခုရှိတယ် အနာ တစ်ခုခု အကွက်တွေဘာတွေပေါ်ရင် သွေးစစ်ကြည့်ပါတဲ့လေ"

တေးသခင် မျက်လုံးပြူးသွားသည်။

စာဖတ်များသော တေးသခင်အတွက် ရောဂါဝေဒနာတွေနှင့်ပတ်သက်သော ဆောင်းပါးများကိုလည်း မလွတ်တမ်း ဖတ်ဖူးလေသည်။

"တလောက ကိုယ် စင်ကာပူသွားခဲ့တာ တခြားမဟုတ်ဘူး၊ ကိုယ့်ကျန်းမာရေးအခြေအနေကို သွားစစ်ဆေးကြည့်တော့ ထင်တဲ့အတိုင်းပဲ၊ ကိုယ့်. . ကိုယ်မှာ. ."

တေးသခင် မင်းသောတကို မကြည့်ရက်အောင် ဖြစ်မိလေသည်။ ယောကျ်ားတန်မဲ့ မျက်ရည်များ ရစ်သိုင်းနေပါလား။

"အခြေအနေ ဆိုးရွားနေပြီလား. . ."

"ဖြစ်ကာစပဲရှိသေးတယ်၊ ကုသရင် ပျောက်နိုင်တယ် (M.D.I) ဆေးမှန်မှန်သောက်သုံးနေရတယ်၊ ဒီအတွက် မင်း ငြင်းပယ်နိုင်ပါတယ်၊ ဒါပေမယ့် ကိုယ့်ရဲ့ဇစ်မြစ်ကိုတော့ မင်း ဘယ်သူ့ကိုမှ ဖွင့်မပြောဘဲ ကိုယ်ပွေလို့ရှုပ်လို့ လက်မခံနိုင်ဘူးဆိုတဲ့ ငြင်းပယ်ချက်မျိုးနဲ့ပဲ ကိုယ့်ကို ငြင်းပယ်ပေးဖို့ တောင်းဆိုတာပါ"

တေးသခင်ရင်ထဲ နာကျင်လာသည်။ ခြောက်လှန့်တတ်သော အိပ်မက်ဆိုးကြီးထဲ လျှောက်လှမ်းနေရလို့ပင်. . ၊ ရင်တွင်း လက်မခံနိုင်ပါ။





မာတ်ပုံမြင်ကတည်းက စွဲလမ်းခဲ့သည်။ လူကို မြင်တော့ အတိတ်ဘဝအဆက်ဆက်က ကွဲကွာနေသော ချစ်သူဟောင်းကို ပြန်တွေ့လိုက်ရသကဲ့သို့ ခံစားခဲ့ရသည်။

သို့သော် သူ့ဘက်က အထင်သေးသော မျက်ဝန်းနှင့် အပြောအဆိုတို့ကြောင့် မိန်းမသားတစ်ယောက်၏ ရှိသင့်ရှိထိုက်သောမာနဖြင့် ထိန်းချုပ်ကာ သူ့အား ပညာသင်ပေးဖို့ပင် ကြံစည်ခဲ့သည်။ ယခုတော့ တေးသခင် ကြံစည်ချက်တို့ ပျက်စီးသွားလေခဲ့ပြီ။

"ကျွန်မ မငြင်းပယ်ပါဘူး"

"ဟင်"

မင်းသောတ မယုံကြည်နိုင်သကဲ့သို့ တေးသခင်ကို ကြည့်လိုက်လေသည်။ တုန်ယင်ထစ်ငေါ့စွာဖြင့်. . .

"ဘာ. . . ဘာဖြစ်လို့လဲ. . . မဖြစ်နိုင်တာ"

"ဖြစ်နိုင်ပါတယ် ရှင်လည်းခေတ်ပညာတတ်ယောကျ်ားပဲ ဒီရောဂါမျိုးဟာ ကူးစက်တတ်တယ်၊ ဒါပေမယ့်. . ကုသလို့ပျောက်ကင်းတဲ့ရောဂါပဲ၊ ရှင့်မှာ အဲဒီရောဂါရဲ့အရိပ်အယောင်တွေတောင် မမြင်ရသေးဘဲ ဖြစ်ခါစပဲရှိဦးမယ် ထင်တယ်"

"အင်း. . အတွင်းပိုင်း အဖြူကွက် တစ်ကွက်နှစ်ကွက် ပေါ်လာတာနဲ့ ချက်ခြင်းပဲ စစ်ဆေးကြည့်လိုက်တာ ဖြစ်ခါစလို့ ပြောတာပဲ"


www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့်. . မကြာခင်ပျောက်သွားမှာပါ၊ ကျွန်မ ရှင့်ကို ဆေးမှန်မှန်တိုက်ပေးပါ့မယ်"

"ဟာဗျာ. . မဟုတ်တာဗျာ"

မင်းသောတ လက်မခံနိုင်အောင်ပင် ဖြစ်နေလေသည်။

"ကျွန်တော်ချစ်တဲ့ မိန်းမတစ်ယောက်ကို ကျွန်တော့ ဒုက္ခတွေ မျှဝေမပေးရက်ဘူး၊ မဖြစ်ဘူးဗျာ ခင်ဗျားကျွန်တော့်ကို မငြင်းပယ်ရင် ကျွန်တော်ကပဲ လူမိုက်ကြီးလုပ်ပြီး တစ်နေရာကို ထွက်သွားလိုက်တော့မယ်"

တေးသခင် ခေါင်းခါရမ်းလိုက်သည်။

"ကျွန်မအတွက် အိပ်မက်မလိုပါဘူး၊ ရှင် ကျွန်မကို မေးခွန်းတစ်ခုမေးသင့်ပြီထင်တယ် မေးဖို့များ မေ့နေတာလား"

"ဘာကို မေးရမှာလဲ"

"ကဲပါလေ မေးဖို့မသိသေးရင် ခဏထား၊ ရှင် ဒီရောဂါ ဖြစ်ကြောင်း သိတာကြာပြီလား"

"မကြာသေးဘူး၊ သုံးလကျော်ပဲ ရှိသေးတယ်"

"ရောဂါလက္ခဏာကကော. . ."

"တိုးပွားမလာဘူး အကွက်အရောင်ကတော့ လျော့တယ်လို့ မထင်သေးပါဘူး"

"ဘယ်နားမှာလဲ ကျွန်မကြည့်ချင်လိုက်တာ"

ဟု မေးချင်သောမေးခွန်းကို မြိုသိပ်လိုက်သည်။

"ကျွန်မ ဒီရောသည်မျိုးတွေ မြင်ဖူးပါတယ်၊ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်မှာတောင် ဖြစ်ဖူးတယ် ကျွန်မ





သူ့ကို ကုသဖို့တိုက်တွန်းတာ ပျောက်တောင်ပျောက်သွားပြီ၊ အိမ်ထောင်တောင်ကျလို့ ကလေးတောင်ရနေပြီ၊ ဒီရောဂါအတွက် ရှင့်ကို ကျွန်မ ငြင်းပယ်စရာမလိုပါဘူး၊ ရောဂါပျောက်သွားမှ လက်ထပ်ကြလည်း ဖြစ်ပါတယ်"

မိန်းမသားတစ်ယောက်၏အရှက်ကို အတန်ငယ် ဘေးဖယ်ထားပြီး ပြောလိုက်မိလေသည်။

ဒါတွေဟာ မင်းသောတအပေါ် လုံးဝချစ်မိနေခြင်းကြောင့်ဖြစ်လေသည်။

"တေးသခင်"

"ဟုတ်ကဲ့ ပြောပါ"

"မင်းဟာ အံ့ဩဖို့ကောင်းတဲ့ မိန်းမတစ်ယောက်ပဲ"

"ဘာဖြစ်လို့လဲ"

"လူတိုင်း မသတီစွံရှာကြောက်ရွံတဲ့ ရောဂါရှင်ကို လက်ထပ်ရဲတယ်ဆိုတာ"

"ကုသလို့ ပျောက်သွားမှ လက်ထပ်မယ်လို့ပြောတာပဲ"

တေးသခင် မင်းသောတ စကားကိုဆုံးအောင် မစောင့်ဘဲ ဖြတ်ပြောလိုက်သည်။

"မပျောက်ရင်ကော"

"ဘာဖြစ်လို့မပျောက်ရမှာလဲ၊ ကျွန်မသူငယ်ချင်းကုတဲ့ဆေးရုံမှာ သွားကုမလား"

"ရပါတယ် လူသိမခံချင်လို့ စင်ကာပူမှာသွားကုဖို့ ဆောက်လ ချိန်းထားသေးတယ်၊ အဲဒီအချိန်မှာ ရောဂါပျောက်


www.burmeseclassic.com

www.burmeseclassic.com



မပျောက် ထပ်စစ်ဆေးမှာ"

မင်းသောတကို တေးသခင် မျက်တောင်မခတ်တမ်း ငေးကြည့်နေမိသည်။

"ဒါဆို ကြီးမေလက် ပတ်တီးဖြည့်တဲ့နေ့မှာ ပေးခဲ့ အဖြေကို ကျွန်မတို့ ဘယ်လိုညှိနှိုင်းကြမလဲ"

"မင်းသဘောပဲလေ တေးသခင်၊ ကိုယ်ဟာ ကျဆုံးနေ တဲ့ လူတစ်ယောက်ဖြစ်နေပြီ၊ ကံကြမ္မာရဲ့လက်ထဲမှာရှိနေပြီ၊ မင်း ကို ကိုယ်မညာချင်လို့ ကိုယ့်ရဲ့လျှို့ဝှက်ကိုတောင် ဖွင့်ပြောပြီး မင်းကိုယုံစားပြီး ကိုယ့်ဘဝကြီးကိုပုံထားပြီလေ၊ ဒါပေမယ့် မင်း ကိုယ့်ကြောင့် နစ်နာမှု လုံးဝမရှိစေရဘူးလို့ အာမခံပါတယ်"

တေးသခင် မင်းသောတအပေါ် နားမလည်နိုင်အောင် ဖြစ်မိလေပြီ။

အပြစ်အနာအဆာမရှိအောင် ဝင်းမွတ်နေသော မင်း သောတ၏ အသားအရည်မှာ အနာကြီးရောဂါ ဖြစ်စပြုနေ သည်ဟူသော အရိပ်အယောင်၏ သဲလွန်စကိုပင် ရှာမတွေ့ အောင် ဖြစ်နေသည်။ မှားယွင်းတာများလား။

ခေတ်မီဆေးဝါးအစွမ်းကရော ဝါရင့်နေသူများ၊ ကျွမ်း နေသူများ၊ ခြေဆစ်လက်ဆစ် ပြုတ်ထွက်သူများကိုပင် ပိုးမွှား ကင်းစင်ပပျောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိလေသည်။

ထို့ကြောင့်တေးသခင် ပြတ်သားစွာပြောဆိုနိုင်ခြင်း ဖြစ် သည်။ ပြီးတော့ အချစ်. . .

တေးသခင် မင်းသောတအပေါ်ချစ်သော အချစ်





ဘယ်လိုအရာနှင့်မှ မတားဆီးနိုင်၊ မဖျောက်ဖျက်နိုင်။ မဟန့်တား နိုင်. . . ။

မင်းသောတ ဆေးကုသမှုတွင် ကိုယ်တိုင်ကိုယ်ကျပြုစု ပေးချင်သည်။ မျက်ခြည်မပြတ်စောင့်ကြည့်ပေးချင်သည်။

မင်းသောတ ဘဝတစ်ခုလုံးနှင့်ရင်းထားရသည့် လျှို့ ဝှက်ချက်ကို မိမိအား ဖွင့်ပြောပြလိုက်ခြင်းကြောင့် တေးသခင်၏ စိတ်ထဲဖြစ်ပေါ်ခဲ့သော အနှောင့်အယှက်ဟူသမျှတို့သည် ကြေမွ ပျက်စီးသွားရလေသည်။

ဦးဘမင်း၊ ဒေါ်တင်တင်ကြီးတို့သား မဟုတ်ခြင်းကို လည်း ခွင့်လွှတ်နိုင်သည်။ အမွေရမရကိုလည်း အလေးမထား။ ရောဂါပျောက်ကင်းသွားဖို့ အရေးကို အားပေးကူညီချင်သည်။ ဒါတွေအားလုံးသည် မင်းသောတအပေါ် တေးသခင် နှစ်နှစ် ကာကာ ချစ်နေခြင်းကြောင့်ဖြစ်သည်။

"ဒီရောဂါဟာ ကူးစက်တတ်တဲ့ရောဂါတစ်မျိုးနော် မင်း ကိုယ်နဲ့အတူ ထိုင်စားသောက်နေတာ မရွံဘူးလား"

"ကျွန်မကို ဗဟုသုတနည်းတဲ့သာမန်မိန်းမတစ်ယောက် လို့ ထင်နေတုန်းပဲလားရှင်"

"မိန်းမဟာ မိန်းမပါပဲ. . စိတ်နုတယ်၊ သဘောထားနု တယ်၊ ရွံစရာရှိရင် ပိုရွံတတ်ကြတာမျိုး"

"ရှင့်ကို ကျွန်မယုံပါတယ်၊ ရှင်ဟာ ရောဂါကိုပြန့်ပွား အောင် အနေအထိုင်ပက်စက်မယ့်လူမျိုး မဟုတ်ဘူးလို့လေ"

"ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မကို ဒီကိစ္စဖွင့်မပြောလည်းရတယ်၊ ကျွန်မ သိမှာမှ မဟုတ်တာ"

"ဒါကတော့ဗျာ ကိုယ့်အတွက် သူတစ်ပါးဒုက္ခရောက်ရမယ့်အဖြစ်မျိုး ကိုယ်လုပ်ရင် ကိုယ်က လူမဟုတ်တော့ဘူးပေါ့ တေးသခင်"

တေးသခင် မင်းသောတ၏ တည်ကြည်သော မျက်နှာကိုကြည့်မိသည်။ စောစောကလို မညှိုးနွမ်းတော့။ မိမိ၏ မေတ္တာရေစင်ကြောင့် သူလန်းဆန်းလာပုံရသည်။

"ကိုယ် ကြိုးစားပြီးကုမှာပါ တေးသခင်၊ ပျောက်ကင်းဖို့ လက်ထပ်ကြတာပေါ့၊ မင်းရဲ့စိတ်ဓာတ်ကို လေးစားတဲ့အနေနဲ့ ကိုယ်အမြန်ဆုံးပျောက်အောင် ကြိုးစားပြီး ကုသမှုခံယူမယ်၊ ဒီကြားထဲ မိခင်နှစ်ယောက်ကိုတော့ မင်းပဲ အတတ်နိုင်ဆုံး ထိန်းထားပေးပါ"

"စိတ်ချပါ"

"ကိုယ့်အကြောင်းတွေ ဘယ်သူ့ကိုမှ အသိပေးဘူးဆိုတဲ့ ကတိကော ပေးနိုင်ပါ့မလား"

"ပေးပါတယ်"

"ဒါဖြင့် ပြန်ကြရအောင်၊ တော်ကြာ သိပ်ကြာသွားရင် မေမေက အခြေအနေတွေ အရမ်းတိုးတက်နေတယ်ထင်ပြီး အစီအစဉ်တွေ တစ်မျိုးပြောင်းနေဦးမယ်"

တေးသခင် သဘောတူလိုက်သည်။

အတူတကွ ယှဉ်တွဲလာခဲ့လေသည်။





ဖြစ်နိုင်လျှင် တေးသခင် သူ့လက်မောင်းကို ခိုတွဲလိုက်ပါရဲ့ပါသည်။ ရောဂါလက္ခဏာပြနေသည်ဟူသော အဖြူကွက်များကိုလည်း ကိုယ်တိုင်လေ့လာကြည့်ချင်သည်။ မတွေ့မြင်ရသေးတော့ စိတ်ထဲ မယုံကြည်နိုင်သလိုဖြစ်နေသည်။

ကားပေါ်ရောက်တော့ တေးသခင်က ကောက်ကာငင်ကာမေးလိုက်သည်။

"ရောဂါမှတ်တမ်း ကျွန်မကြည့်လို့ရမလားဟင်"

"ဘာလုပ်မှာလဲ လူတွေ့မှာစိုးလို့ အလုံခြုံဆုံးနေရာမှာ သိမ်းထားတယ်"

"ဆေးကော"

"ဒီလိုပဲ သိမ်းထားတယ်"

"မှန်မှန်သောက်ဖြစ်ရဲ့လား"

"သောက်ပါတယ် ဒါဘဝလုံးကို နိဂုံးဖြစ်စေမယ့်ရောဂါပဲ ကိုယ်ဂရုမစိုက်ရင် ကိုယ်လောက်မိုက်မဲတဲ့သူ ရှိပါ့မလား"

တေးသခင် သက်ပြင်းသဲ့သဲ့ချလိုက်သည်။ အရာရာကို လက်တွေ့မှ ယုံကြည်တတ်သော မိမိအတွက်တော့ မင်းသောတ စကားများကို လုံးဝဥဿုံ လက်မခံနိုင်သေးပါ။ တေးသခင်က မင်းသပ်မှုမပြုလုပ်ရသေးခင် သူကပဲ စမ်းသပ်နေတာလား။

ကြည့်ကြသေးတာပေါ့ မင်းသောတရယ်ဟု စိတ်ထဲ တေးထားလိုက်သည်။

www.burmeseclassic.com








# အခန်း(၂၀)

"မေမေ သားအမိနှစ်ယောက်တည်း စကားကို ဘယ်သူကိုမှ ပြန်မပြောနဲ့နော်၊ သား ပြောစရာရှိတယ်"

မင်းသောတ ဉာဏ်များလေပြီ။

တေးသခင်၏စိတ်ကို သိရပြီးနောက် တေးသခင်ကို အပြန်ဆုံးပိုင်ဆိုင်ချင်လာပြီ။ တေးသခင်၏အချစ်ကိုလည်း မျှော်လင့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာများလဲ သားရဲ့"

"မေမေက နေရာတကာ မေမေ့ချွေးမလေးကို ရွေး တတ်လွန်းလို့ သားကပိတ်ရတာ"

"ဘာတွေမို့လို့ ဒီလောက်စကားချီနေရတာလဲ ပြောစမ်း ပါဦး"

"သားတို့က မေမေပတ်တီးဖြည့်တဲ့နေ့မှာ အပြော မယ်လို့ ပြောထားတယ် မဟုတ်လား"

"အင်းလေ လက်ခံပါတယ်၊ လက်ထပ်ရက် အမြန်ဆုံး ရွေးကြရအောင်ဆိုတဲ့ စကားကလွဲပြီး ဘာဖြစ်မှာလဲ"

"လက်ထပ်ဖို့ဆွဲမလို့ အဲဒါမေမေက မရဘူးဆိုပြီး တ လအတွင်း အမြန်ဆုံးစီစဉ်ပေးဖို့ပြောပါ။ သားရှင်ဘက်က ပြောတော့ ကောင်းတာပေါ့"

မိခင်က ပြုံးစစနှင့် သူ့အား လှောင်ပြုံးပြုံးကြည့်လေ သည်။

"မပြောဘူးဆိုရင်ကော"

"မေမေကလဲဗျာ သားကို တေးသခင်က ကတိတောင်း ထားလို့ပါ။ တစ်နှစ်လောက်အချိန်ဆွဲပေးဖို့ပြောတော့ သား သူ့ဆန္ဒကို လိုက်လျောပါ့မယ်ဆိုတဲ့ ကတိပေးထားပြီး ဖြစ်နေ ပါ"

"အံမယ် ကိုယ်တော်က အာပတ်လွတ်ချင်တယ်ပေါ့"

"ဒါပေါ့. . မေမေ သားကို ကတိမတည်တဲ့ယောကျ်ား အဖြစ် အထင်သေးမခံချင်ဘူးလေ၊ မေမေ သိတဲ့အတိုင်း မေမေ့



ချွေးမလောင်းက အရာရာကို အတတ်လွန်နေတော့ သူ ယူမယ့် ယောကျ်ားတစ်ယောက်ကို အပြစ်အနာအဆာကင်းတဲ့လူဖြစ်မှ ကျေနပ်မှာ"

"သားက သူ့ကိုချစ်လာပြီပေါ့"

မင်းသောတ မည်ကဲ့သို့ ဖြေရမှန်းမသိအောင် ဖြစ်သွား သည်။ မိခင်ကို အမှန်အတိုင်းဝန်ခံလိုက်ရမလား။ သို့သော် ရှက် စိတ်ဖြင့်. . .

"သား သဘောကျပါတယ်"

"သဘောကျရုံနဲ့မရဘူးနော် ချစ်နိုင်မှဖြစ်မှာ. . ချစ်မှ သည်းခံစရာရှိ သည်းခံနိုင်မယ် ခွင့်လွှတ်စရာရှိ ခွင့်လွှတ်နိုင်မယ်၊ ဒါမှ အိမ်ထောင်ရေးသာယာမယ်"

"သားအပေါ် ငါလည်း တန်းတူရှာဖွေတာပဲဆိုပြီး မာန တက်မှာမျိုးတော့ သား မလိုလားဘူး"

"သူ့မှာ မောက်မာတဲ့အရိပ်အယောင်တွေ သားတွေ့လို့ လား၊ အလုပ်သမားတွေကို ပြောဆိုတာတောင် ခပ်ပျော့ပျော့ လေးနဲ့ စည်းကမ်းတင်းတာမျိုး၊ စိတ်ချပါသားရယ် မေမေက ကိန္နရီ၊ မဒီ၊ သမ္မုလလို တော်လေးဝဝင် မိန်းမမျိုးကိုမှ သားအ တွက် ရွေးပေးထားတာပါ"

မင်းသောတ ပြုံးလိုက်မိသည်။

"မေမေ တကယ်အရွေးတော်တယ်၊ သား ကံကောင်း မယ်လို့ ထင်တာပဲ၊ ကိုင်း စကားလည်းကောင်းတယ်၊ ဒါပေမယ့် သား ဆိုက်ထဲသွားလိုက်ဦးမယ် မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်စာ ပြန်စားမှာလား"

"စားမှာပေါ့ မေမေတို့ရှိတုန်းမှ စားရတာ၊ မရှိတော့ ပျင်းတာနဲ့ အပြင်မှာစားတဲ့အကျင့် ပါသွားတာ"

"အင်း သမီးနဲ့လက်ထပ်ပြီး သမီးကို မေမေနဲ့သား လုရ လိမ့်မယ်ထင်တယ်"

"မေမေရယ် ဒေသစွဲမထားပါနဲ့၊ ဒီမှာပဲလာနေပါလား"

ဒီကိစ္စအတွက် မင်းသောတ ခေါင်းထဲရောက်ရှိလာ တော့ စဉ်းစားစရာဖြစ်လာသည်။

သို့သော် သောကကို ခေါင်းထဲကြာရှည်စွာ မထားတတ် သည့် သူ့ဉာဉ်အတိုင်း. . .

"ဒီကိစ္စအတွက်လွယ်ပါတယ် သားမိန်းမနှစ်ယောက် ယူလိုက်ရင် ဖြစ်ပါတယ်၊ ရန်ကုန်မှာတစ်ယောက်ထား၊ ပြင်ဦး လွင်မှာ တစ်ယောက်ထား၊ သားက ဟိုကူးလိုက်ဒီကူးလိုက်ပေါ့"

"ခွေးလေး အကောင်းအောက်မေ့လို့"

မင်းသောတရယ်မောပြီး အောက်ထပ်သို့ ပြေးဆင်း လာခဲ့ လေသည်။ နှုတ်ကလည်း 'မေမေ့သားလေ'ဟု ငယ်စဉ်တ အတိုင်း ပြောဖြစ်အောင် ပြောလိုက်သေးသည်။

အောက်ထပ်ရောက်တော့ ဧည့်ခန်းကို ပရိဘောဂများ ဟိုရွှေ့ခိုင်း ဒီရွှေ့ခိုင်းနှင့် စိတ်တိုင်းကျပြုပြင်နေသော အိမ်ရှင်မ လေးက သူ့အား စူးစမ်းသောမျက်လုံးဖြင့် ကြည့်လိုက်သဖြင့် ကိုယ်ရှိန်သတ်လိုက်ရသည်။

"တေးသခင် ကိုယ်ဆိုက်ထဲသွားဦးမယ် လိုက်မလား"





"ဒီနေ့တော့ မလိုက်တော့ဘူး၊ ဒီမှာပြင်ဆင်လိုက်ဦးမယ် ထမင်းပြန်စားနော်"

"အိုကေ"

"ဆယ့်တစ်ခွဲလောက်နော်"

"စိတ်ချပါ"

ချစ်မိလာပြီဆိုမှတော့ အရာရာကို လိုက်လျောချင်လာ သည်။ ချစ်သူအနီးအနား၌လည်း ထာဝရနေချင်သည်။ မင်း သောတ အလုပ်လုပ်ရတာပျော်ရွှင်လာသည်။

ယခင်ကလို ပျော်စရာရှာဖွေစရာမလိုတော့၊ အိမ်ကို ရောက်၍ တေးသခင်မျက်နှာလေးကို မြင်ရရုံနှင့် ရင်ဝယ်ရွှင် လန်းစိတ်က အပြည့်နေရာယူတတ်လေသည်။

တွေ့စက လုံးဝမနှစ်မြို့ခဲ့သော ချစ်ရည်ရွှန်းလဲ့သည့် မျက်ဝန်းအစုံကိုမှ ပြန်လည်တမ်းတလာမိသည်။

သို့သော် ထိုမျက်ဝန်းကို သူမရရှိတော့ ကရုဏာမျက်လုံး နှင့် စူးစမ်းသောမျက်လုံးကိုသာ ရင်ဆိုင်နေရသည်။

ကရုဏာကိုလက်မခံချင်ဘူးဟူသော ယောကျ်ားမာန သည် ချစ်သူ၏ ကရုဏာမျက်ဝန်းကိုတော့ လိုချင်လာတတ်ကြ သည်။ အလုပ်လုပ်စရာရှိတာကို မြန်မြန်ဆန်ဆန်လုပ်၊ သွားစရာ ရှိတာကိုသွားပြီး ဆယ့်တစ်နာရီခွဲအမီ အိမ်သို့ပြန်ပြေးရသည်။

"အချိန်အတိအကျပဲ"

တေးသခင်၏ အပြုံးနှင့် ကြိုဆိုမှုက သူ့ရင်ကို ရွှေးထွေး စေသည်။ တေးသခင်၏လက်ရာ အိမ်ထမင်းဟင်းကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်စာနှင့်မှ မလဲနိုင်အောင် သူ ခံစားရသည်။

"သားရေ သမီးက ဈေးဝယ်ထွက်ချင်တယ်တဲ့ သား လိုက်ပို့နိုင်မလား"

"ဘယ်တွေသွားမှာလဲ"

"ပလာဇာတွေ ကုန်တိုက်တွေလေ၊ သဘက်ခါပြန်မှာ"

"ဟင်"

ခွဲခွာခြင်းကို ယာယီပင် လက်မခံချင်အောင် ခံစားရ သည်။

"ဘာဖြစ်လို့လဲ မေမေ့စနက်ပဲ မဟုတ်လား"

"အံမယ် အမေကိုများ ကျုပ်က နေချင်ပါသေးတယ် သမီး. . . သမီးအလုပ်ပစ်ထားရတာ စိတ်မချလို့တဲ့လေ"

တေးသခင်က သူ့အကြည့်ကို တုံ့ပြန်ကြည့်ကာ. . .

"ဟုတ်တယ် ဘာပဲဖြစ်ဖြစ် ကြာကြာပစ်ထားလို့ မ ကောင်းဘူး၊ ပေါ့ဆပြီး အကျင့်ပျက်မှာစိုးတယ်"

"ဒါတွေဟာ နောက်ကို ဒီလိုပဲ မန်နေဂျာနဲ့ လွှဲထားရမှာ တွေပဲ"

"အင်း. . . နေစမ်းပါဦးသားရယ် မင်းက လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီးပြီလား"

မင်းသောတ အငိုက်မိသွားလေပြီ။

မထူးတော့သည်ဖြစ်၍. . .

"သားမငြင်းပါဘူး ပြောပြီးပြီပဲ၊ ယောင်နောက်ဆံထုံးပါ ရမှာ သဘာဝပဲ မဟုတ်လားမေမေ"





မိခင်က တပြုံးပြုံးနှင့်. . .

"မေမေသဘောပေါက်တယ် မိကျောင်းမင်း ရောက်ငြး မပြန်နဲ့ မင်းကို သမီးလက်ခံမှ ပြောပါ၊ တကတည်း မုန့်ဆီကြော်က ဘယ်ဆီနေမှန်းမသိသေးဘူး၊ နှုတ်ခမ်းနာနဲ့တည့်ပါမလား ဆိုသ လို ဖြစ်နေပြီ"

တေးသခင်က ဘာမှမပြောတော့ဘဲ ထမင်းသာ ငုံ့စား နေလေသည်။

မော့လိုက်စမ်းပါ မင်းရဲ့ရှက်စနိုးမျက်ဝန်းလေးနဲ့ ရိုးသား မှုကို ငါကြည့်ပါရစေဟု မင်းသောတ ရင်တွင်းမှ တောင်းဆိုလိုက် လေသည်။

"တေးသခင်"

မျက်ဝန်းရွဲဖြင့် လှမ်းကြည့်သည်။

"ထမင်းစားပြီးရင် ဈေးလိုက်ပို့ပေးမယ်"

"အားလို့လား"

"မအားလည်း အားပေးရမှာပဲပေါ့"

"မအားရင် ရပါတယ်၊ ဒရိုင်ဘာနဲ့ပဲ သွားလိုက်မယ်၊ လမ်းမကျွမ်းတော့ ကားမမောင်းချင်ဘူး"

"ပို့ပေးမယ် ပြောပြီးပြီလေ"

တေးသခင်နှင့် တွဲသွားတွဲလာလုပ်ရခြင်းကို မင်းသော တလိုလားနေပြီ။ အခြားအလုပ်သဘောအရ တခြားမိန်းကလေး များနှင့် တွဲသွားတွဲလာလုပ်ရခြင်းမျိုးနှင့် လုံးဝမတူ။ ရင်ခုန်ခြင်း စိတ်လှုပ်ရှားခြင်း၊ ပျော်ရွှင်ခြင်းတို့က ရင်ထဲအပြည့်အနှက် နေ



www.burmeseclassic.com

www.burmeseclassic.com



ရာယူနေပြီ။ ပစ္စည်းလှည်းကို ကူတွန်းပေးရခြင်းကိုလည်း ကျေနပ်မိသည်။

"အိမ်အတွက် ဘာလိုသေးလဲ"

"မလိုပါဘူး အလုပ်သမားတွေကို လက်ဆောင်ပေးချင်လို့ ဝယ်တာ"

"မင်းကော ကိုယ်ဝယ်ပေးရင် လက်ခံမှာလား"

"ဘယ်လိုသဘောမျိုးနဲ့ ဝယ်ပေးမှာလဲ"

"ဝမ်း မန်နေဂျာကို ဝမ်း ပိုင်ရှင်က လက်ဆောင်ပေးတဲ့သဘောမျိုးရယ်၊ ခင်ပွန်းလောင်းက သူ့ဇနီးလောင်းကို လက်ဆောင်ဝယ်ပေးတဲ့ သဘောမျိုး၊ အင်. . . အဲဒီထဲက ဘယ်သဘောမျိုးဆိုရင် လက်ခံမှာလဲ"

"ဘယ်သဘောမှ လက်မခံချင်ဘူး"

"ဟင်"

မင်းသောတ တေးသခင်ကို နားမလည်စွာကြည့်လိုက်သည်။ တေးသခင်က သူ့အားမကြည့်ဘဲ ဆံပင်ညှပ်ကလစ်လေးများကို ရွေးချယ်လျက်ရှိချေသည်။

"ဘာဖြစ်လို့လဲ"

"ရှင့်ရင်ထဲကို ရှင်မေးကြည့်ပါ၊ ကျွန်မ မဖြေတတ်ဘူး"

မင်းသောတ သဘောမပေါက် မိန်းမသားတွေ၏ သဘောထားကို သိရခက်ခဲသည်။

သူ ဘာကြောင့် တေးသခင်ကို ဝယ်ပေးချင်ရသနည်း။ ဟုတ်ပြီ တေးသခင်လှတာကို သူ သဘောကျသည်။





တေးသခင်ကို လှနေစေချင်သည်။

သူဝယ်ပေးသော အဝတ်အထည်များကို တေးသခင်၏ ကိုယ်ပေါ်မှာ မြင်ချင်သည်။ လှပြီးသား မျက်နှာလေး၌ သူဝယ်ပေးသော မျက်နှာလိမ်းပစ္စည်းများ သုံးစွဲထားခြင်းကို သူလိုလားသည်။ ဒါတွေ ဘာကြောင့်နည်း။

ဘေးဘီကို အကဲခတ်လိုက်သည်။ လူအနည်းငယ် ရှင်းနေသဖြင့်. . .

"ကိုယ်သိပြီ"

"ပြော. . ဘာကြောင့်လဲ"

"မင်းကို ကိုယ်ချစ်လို့"

တေးသခင် မျက်နှာပြုံးသွားသည်။ သူ့အား လှမ်းကြည့်ကာ. . .

"ဒါဖြင့် ဝယ်ပေးလေ"

မင်းသောတရင်ထဲ ဒိန်းတလိမ်းနတ်ပွဲလှည့်လေပြီ။

သူလိုချင်သော ချစ်ရည်ရွှန်းလဲ့သော ညှို့မျက်ဝန်းကို သူပြန်လည်ရရှိလိုက်လေပြီ။

ညှို့စမ်း ကြိုက်သလောက်သာ ညှို့ယူဖမ်းစား လိုက်စမ်း။ ယောက်ျားတွေသည် ချစ်သူ၏ ညှို့ယူဖမ်းစားခြင်းကို ကျေနပ်စွာ လည်စင်းဝပ်စင်းခံယူချင်ကြသည်မှာ ဓမ္မတာပင်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၁)

"**ဒေါ်**အေးက ဒီအိမ်မှာနေတာ ကြာပြီလား. . ဟင်"

ချက်ရင်းပြုတ်ရင်း တေးသခင် မိန်းမသားပီပီ စပ်စုလိုက်သည်။

"ကြာဆို. . ကိုဘမင်းမိန်းမယူတော့ လိုက်သွားဖို့ဆိုပြီး အစ်ကိုဘမင်း မိဘများက တောကခေါ်ယူလိုက်တာ"

"ကြာပြီပေါ့"





"ကြာတာပေါ့ လူလေးအသက်ထက် သုံးနှစ်ပိုတယ်"

"ကိုမင်းသောတကို မွေးတော့ ဒေါ်အေးရှိနေတာပေါ့"

"ဘယ့်နှယ့်ပြောပါလိမ့် ဒေါ်အေးကိုယ်တိုင် မမွေးရရုံ အခုပါပဲ၊ အိမ်ထောင်သက် နှစ်နှစ်လောက်မှာ ကလေးမရတော့ သင်မယားနှစ်ယောက် ဟိုဆရာဝန်နဲ့တိုင်ပင်၊ ဒီဆရာဝန်နဲ့တိုင်ပင်၊ ဟိုဘုရား ဒီဘုရား၊ ဟိုထောင့်ဒီထောင့်တွေမှာ သားဆုပန် သကြာတွေချေ ဘာတွေချေတော့လည်း ဒေါ်အေးပဲ၊ နောက်ဆုံး ကိုယ်ဝန်ရတော့လည်း အစ်မကိုယ်ဝန်ကို အရိပ်တကြည့် ကြည့်နဲ့လည်း ဒေါ်အေးပဲ"

"ကိုမင်းသောတကို ဘယ်မှာမွေးတာလဲ"

"ဒပ်ဖရင်မှာလေ၊ အထူးခန်းမှာပဲ၊ အစ်မက ညှပ်ရိုး ညှဉ်းတော့ မွေးဖွားရခက်လိမ့်မယ်ဆိုပြီး ခွဲမွေးတာ၊ ခွဲခန်းဝင် ခန်းအထိ ဒေါ်အေး၊ ထွက်လာတော့လည်း ဆရာမတွေဆီက ကလေးကို ပထမဦးဆုံးတောင်းချီခွင့်ရတာ ဒေါ်အေးပဲ. .၊ ဒါ ကြောင့် လူလေးအပေါ် သံယောဇဉ်ရှိပြီး ဒီအိမ်က မခွဲနိုင်တော့ တာကြည့်လေ"

တေးသခင် ခေါင်းတဆတ်ဆတ်ညိတ်မိသည်။

"ကိုမင်းသောတက ငယ်ငယ်က ချူချာလား"

"ဘယ်ချူချာမလဲ ဒေါ်အေးလက်ပေါ်က ကလေးပဲ၊ ကျန်းမမာ မဖြစ်စေရဘူး၊ ကျော့ပူခေါင်းပူ ဖျားတာနာတာ ဆိုလောက်တော့ ရှိတာပေါ့လေ"

"ဆေးရုံတွေဘာတွေ တက်ဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com



"ကြုံကြုံဖန်ဖန် တစ်ခါမှမတက်ရဖူးပါဘူး၊ အစ်မတို့ သာ ပြင်ဦးလွင်မှာအနေများတာ၊ ဒေါ်အေးကတော့ လူလေး မှာ ဒိုင်ခံနေခွင့်ရတဲ့သူဆိုတော့ အစ်မတို့ထက်တောင် လူ အကြောင်း ပိုသိသေးတယ်"

တေးသခင်ကို မင်းသောတ ဘာကြောင့် လီဆယ် နည်း။

"သူလည်း ဒေါ်အေးကို အတော်သံယောဇဉ်ရှိတာ

"လူလေးဟာ စိတ်ရင်းကောင်းပါတယ်. . ၊ သဘော ကောင်းလို့ ဘယ်သူတွေအကူအညီတောင်းတောင်း ပေးတ တယ်၊ ဟိုတလောက မိန်းကလေး ဖုန်းဆက်တော့ အိမ်မှာ မိန် ဧည့်သည်တွေရှိနေတယ် မဟုတ်လား၊ အဲဒါ လူလေးဝန်ထမ်း မိသားစုပဲ၊ မိန်းမသားတွေဆိုတော့ အကူအညီတောင်းလာ လည်း ဥပေက္ခာမပြုရက်လို့ အကူအညီပေးရှာတာပါ"

"ဒေါ်အေးကတော့ လူလေးဘာပဲလုပ်လုပ် အကော ပဲ ဖြစ်နေမှာပါလေ"

"လူလေး မကောင်းတာ ဘာမှမလုပ်ပါဘူးကွယ်"

"ဒေါ်အေးက သူ့ကုမ္ပဏီတို့ဘာတို့ ရောက်ဖူးလို့လား

"ရောက်ဖူးတာပေ့ါ. . ဒေါ်အေးကို သူ့အဒေါ် ယောက်အနေနဲ့ နေရာပေးပြီး ဝန်ထမ်းအားလုံးနဲ့ မိတ်ဆက် ထားပြီးသား"

တေးသခင်သည် ဒေါ်အေး၏ ဝတ်စားဆင်ယင်ပုံ ကြည့်လိုက်သည်။





မနေ့က ဒေါ်အေးအတွက်ဟုဆိုကာ ပါတိတ်များကို မင်းသောတ ဝယ်ယူပေးတာကိုပါ သတိထားလိုက်မိသည်။

"ဒေါ်အေးက အိမ်နေရင်း ရှုပ်လို့ လက်ဝတ်လက်စား ဝတ်မထားတာတောင် လူလေးက ကျေနပ်တာမဟုတ်ဘူး"

ထိုစဉ် ဒေါ်တင်တင်ကြီးရောက်လာပြီး. . .

"ဟုတ်တယ် သမီးရေ၊ သားက မအေးကို သိပ်ချစ်တာ သူ့လက်ပေါ်ကြီးခဲ့တာကိုး၊ ကြီးတော့လည်း မအေးကပဲ သူ့ အနားမှာရှိနေတော့ သံယောဇဉ်တော်တော်ရှိတာ၊ သမီးတို့လက် ထပ်ပြီးရင်လည်း မအေးကိုပဲ အိမ်တော်ထိန်း ဆက်အပ်ရမှာပဲ၊ သမီး ကျေနပ်ရဲ့လား"

တေးသခင် သဘောထားသေးသူမဟုတ်ပါ။ ဒေါ်အေး လိုသစ္စာရှိသော လူယုံကြီးတစ်ယောက် ရရှိခြင်းလောက် ကံ ကောင်းသူ ရှိနိုင်ပါ့မလား။

"ဘာလို့မကျေနပ်ရမှာလဲ၊ ဒေါ်ဒေါ်အေးရော ဒေါ်ဒေါ် အုန်းရောကို သမီးက ကိုယ့်အဒေါ်တွေလို မှတ်ယူထားပြီးပါပြီ"

ဒေါ်အေးက ဝမ်းသာလွန်သွားပုံရသည်။ မျက်ရည်များ ဝင့် ရစ်ဝဲကာ. . .

"တော်ပါသေးတယ် လူလေးအတွက် အိမ်ရှင်မကောင်း ရပါ့မလားလို့ စိုးရိမ်ခဲ့ရတာ၊ သဘောထားပြည့်ဝတဲ့ မိန်းကလေး နဲ့တွေ့မှာပဲ စိတ်ချမ်းသာတော့တယ်"

"ဒီလောက်လည်းမဟုတ်သေးပါဘူး. . ၊ သဘောထား ပြည့်ဝနေအောင်တော့ ကြိုးစားနေပါတယ်၊ ကျွန်မ မလိမ္မာတာ



www.burmeseclassic.com

www.burmeseclassic.com

ရှိရင်လည်း တူမ၊ သားချင်းလိုပဲ သွန်သင်ဆုံးမနိုင်ပါတယ်”

တေးသခင်၏စိတ်ထားက အဆင့်အတန်း မခွဲခြား တတ်။ အသက်ကြီးသူကို ရိုသေတတ်ရမည်ဟု မိခင်က သင် ကြားပေးထားသည်။

“မြတ်က သိပ်ကံကောင်းတာ၊ မုဆိုးမဘဝအဖြစ် ကံဆိုး တယ်ဆိုပေမယ့် . . သားကောင်း၊ သမီးကောင်းလေးတွေ ရထား တော့ စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ရောဂါကင်းကင်း ပျော်ရွှင် နေလိုက်တာ”

“အစ်မကရော သားကောင်း မရလို့လား အစ်မရယ်”

ဒေါ်အေးက သူ့လူလေးဘက်မှ မခံနိုင်သဖြင့် ဝင်ပြော လိုက်သည်။

“သားက မကောင်းဘူးမဟုတ်ဘူး အကောင်းလွန်နေ ခက်တာ၊ အမေနဲ့အတူ မနေနိုင်တာကတော့ ဘယ်ကောင်း မလဲ”

တေးသခင်က ဒေါ်တင်တင်ကြီး၏ ခံစားချက်ကို သည်။ ဒေသစွဲကြီးကာ ခေါင်းမာသော အမျိုးသမီးဖြစ်သည် မင်းသောတလည်း ရုပ်ချင်း အမေတူရုံမက စိတ်ချင်းပါ တူ သည်။

အမေနှင့်သား နယ်လုရင်း ငယ်ငယ်ကတည်းက ထ ကွဲတစ်ပြားစီ နေကြသည်။ ဒီလိုနှင့်ပဲ သားတောင်အိမ်ထောင် တော့မည်။ နယ်မြေလုကိစ္စက ပြီးလိမ့်မည်မဟုတ်။ မိမိ ခင်ပွန်းနှင့်ယောက္ခမကြား ဗျာများရလိမ့်မည် ထင်သည်။





တေးသခင်က . .

“ကြီးမေတို့သားအမိ အတူနေနိုင်အောင် သမီးကြိုးစား ပေးပါ့မယ်”

ဟု နှစ်သိမ့်စကား ပြောလိုက်ရလေသည်။

အိမ်ထောင်စုတစ်ခု ထူထောင်ဖို့ဆိုသည်မှာ ဘဝကို အလေးအနက်ထားကာ ရှင်သန်တတ်သူများအတွက် အင်မတန် ခက်ခဲနက်နဲသော အလုပ်တစ်ခုပါလားဟု တေးသခင် ထင်မြင် မိလေသည်။

www.burmeseclassic.com





# အခန်း(၂၂)

"**အား**နဲ့ပဲပြန်ပါလား သားကိုယ်တိုင်ပြန်ပို့ပေးမယ်"

မင်းသောတ တေးသခင်နှင့်ခွဲခွာဖို့အရေးကို ကြိုတ
အနေရခက်စေပြီ။ စားစား၊ သွားသွား၊ လာလာ၊ နားနားနေနေ
တေးသခင်က အားလုံးကို လွှမ်းမိုးထားနိုင်စွမ်းရှိသည်။

ထို့ကြောင့် မိခင်က လေယာဉ်လက်မှတ်ဝယ်ခိုင်းခြင်း
ကို သူက ရှောင်တိမ်းလိုက်သည်။



"မေမေလက်က ပတ်တီးကြီးတန်းလန်းနဲ့ဆိုတော့ နားနားနေနေ ဘယ်ဖြစ်ပါ့မလဲ သားရယ်၊ ဖလိုက်နဲ့ပဲ ကောင်းပါတယ်"

"လက်မှတ်ဝယ်ရခက်လို့လား၊ ကျွန်မ သွားဝယ်မယ်"

"ရပါတယ် ကိုယ်ပဲဝယ်ပေးမယ် နေစေချင်သေးလို့"

တေးသခင် သက်ပြင်းသဲ့သဲ့ချလိုက်ပြီးမှ . . .

"လေးငါးရက်ကနေ တစ်ပတ်လောက်ဖြစ်သွားပြီ ပြန်မှဖြစ်မယ်"

"ကဲ သားတို့ချင်းပြောကြ၊ မေမေ ဟိုဘက်ခြံ ကူးလိုက်ဦးမယ်၊ မအေးရေ . . လာ သွားနှုတ်ဆက်ရအောင် "

မိခင် ရှောင်ထွက်သွားကြောင်း မင်းသောတရော၊ တေးသခင်ပါ သဘောပေါက်ကြသည်။

မင်းသောတက ဖုန်းခလုတ်ကို ဖွင့်လိုက်ပြီး သူ၏အတွင်းရေးမှူးမလေးကို လှမ်းခိုင်းလိုက်သည်။ မနက်ဖြန်အတွက် လေယာဉ်လက်မှတ်(၃)စောင်ဝယ်ဖို့နှင့် ဒရိုင်ဘာကို လွှတ်ကာ မှတ်ပုံတင်နှင့် ငွေပေးလိုက်မည်ဟု ပြောသည်။

မင်းသောတက မျက်နှာညှိုးနွမ်းနေသည်။ အလုပ် ပင်ပန်းတာလား၊ စိတ်ပင်ပန်းတာလားဟု တေးသခင် ခန့်မှန်းကြည့်သည်။

"ကိုယ် ရှေ့အပတ်ထဲ လိုက်ခဲ့မယ်"

"စက်ာပူသွားရဦးမယ်ဆို"

"သုံးလေးရက်ပဲသွားမှာပါ၊ ပြန်ရောက်တာနဲ့လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကော်ဖီသောက်တော့လေ၊ ဒီမနက်စာတော့ နန်း
ကြီးသုတ်လုပ်ထားတယ်၊ ထမင်းစားချိန်နဲ့တောင် နီးတော့မယ်"

"ဒါကြောင့် မျက်နှာမကောင်းတာကိုး၊ အဖျားသွေးနေ
ရှိသလား"

"မတိုင်းမိဘူး"

"တိုင်းလိုက်လေ"

"မင်း ကိုယ့်ကိုမစမ်းရဲဘူး မဟုတ်လား"

မိမိအား စိန်ခေါ်ခြင်းဟု . . တေးသခင်သဘောပေါက်
သည်။ မင်းသောတသည် ဉာဏ်များသော လူတစ်ယောက် ဖြစ်
သည်ကို တေးသခင်သိရှိပြီးဖြစ်နေသဖြင့် မဆိုင်းမတွပင် ထ
မင်းသောတ အနီးကပ်ထိုင်လိုက်ပြီး လက်ကောက်ဝတ်ကို
ကာ သွေးလွှတ်ကြောကို စမ်းကြည့်သည်။

လက်ဖျားမှာ ပူနွေးနေသည်။ သွေးခုန်နှုန်းမှာလည်း မြ
ဆန်နေလေသည်။

"ဟင် . . ရှင် တကယ်ဖျားနေပါလား"

တေးသခင် ပျာပျာသလဲပင် နဖူးနှင့်လည်ပင်းကိုပါ စမ်း
လိုက်သည်။

"ဟာ . . ပူခြစ်နေတာပဲ၊ မဖြစ်ဘူး ဆရာဝန်ခေါ် မယ်
ဖယ်မလီဒေါက်တာ ရှိတယ်မဟုတ်လား ဖုန်းဆက်ရအောင်"

"နေ . . နေ ကိုယ်ပဲဆက်လိုက်မယ်၊ ဒါကြောင့် ခေါင်း
အရမ်းကိုက်ပြီး ခေါင်းမထူနိုင်တာကိုး"

မင်းသောတရင်ထဲ ကျေနပ်နေမိသည်။ တေးသခင်



လက်ဖျားကလေးများနှင့် စမ်းသပ်ပေးမှုက သူ့ရင်ကိုအေးမြစေ
သည်။ တေးသခင်၏ ဂရုစိုက်မှု၊ ယုယမှု၊ ကြင်နာမှုများကို . .
တောင့်တမိလေပြီ။

"ဒီလိုဆို ကုမ္ပဏီကို ဖုန်းပြန်ဆက်လိုက်တော့မယ်နော်
ဆက်ခထေရီနာမည် ဘယ်သူ"

"ရှီစီ"

မင်းသောတကဖုန်းဖြင့် သူ့သူငယ်ချင်း ဒေါက်တာဇော်
ဝင်းကို လှမ်းဆက်နေချိန် . . .

တေးသခင်က ဝမ်းမင်းကုမ္ပဏီသို့ ဖုန်းလှမ်းဆက်သည်။

"ဟဲလို ရှီစီလား၊ တေးသခင်ပါ၊ လေယာဉ်လက်မှတ်
ဝယ်ဖို့ လုပ်ပြီးပြီလား"

". . . . . . . "

"အတော်ပဲ မဝယ်နဲ့ဦး၊ ရှင်တို့ဆရာ ဖျားနေလို့ ကျွန်မ
တို့ ပြန်လို့မဖြစ်သေးဘူး မဝယ်နဲ့တော့"

". . . . . . . "

"အိမ်ကိုပဲ လာပို့လိုက်လေ၊ ကျွန်မပိုင်းကြည့်ပေးပြီး ရှင်
တို့ဆရာ လက်မှတ်ထိုးရုံဆို ဖြစ်ပါတယ်"

နိစ္စဓူဝလက်မှတ်ထိုးစရာကိစ္စတွေ ရှိနေလောက်အောင်
မင်းသောတ အလုပ်များသည်လား။ တေးသခင်က ဖုန်းချလိုက်
ပြီး မင်းသောတအား . . .

"အိမ်ထောင်ပစ္စည်းတွေဝယ်ဖို့ စာရင်းဇယားမှာ လက်
မှတ်ထိုးဖို့ လိုနေတယ်တဲ့၊ ကျွန်မ အိမ်ကိုလာခဲ့ဖို့ပြောလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါတယ်"

"အိပ်ခန်းထဲ သွားလှဲနေလိုက်ပါ၊ ကျွန်မ ကော်ဖီနဲ့ရေနွေး ယူလာပေးပါ့မယ်"

တေးသခင် ပြောလိုက်ပြီး မီးဖိုဘက်ဝင်ခဲ့သည်။ မင်းသောတ အပေါ်ထပ်သို့တက်ခဲ့သည်။ တေးသခင်သည် သိရခက်သည်။ သို့သော် သူ့ရင်ထဲ၌ သိနေတာတစ်ခုတော့ရှိသည်။ တေးသခင်သည်လည်း မိမိအပေါ် ချစ်နေခြင်း ဖြစ်ရမည်။

တေးသခင်က ဘုမအား ဆရာဝန်ရောက်လာလျှင် အပေါ်ထပ်ပင့်ခဲ့ဖို့ မှာကြားပြီး ကော်ဖီပန်းကန်၊ ဓာတ်ဘူးတို့ကိုယူကာ မင်းသောတအိပ်ခန်းထဲသို့ ဝင်ခဲ့သည်။

မင်းသောတ လဲလျောင်းနေရာမှ အားနာစွာ ထပြန်ပြင်လိုက်သည်။ တေးသခင်က. . .

"လှဲနေပါရှင်ရယ်"

"ကော်ဖီသောက်လိုက်ဦးမယ်လေ"

မင်းသောတ ပြုံးကာ ပြောလိုက်တော့မှ တေးသခင်က ရှက်ပြုံးဖြင့်. . .

"သြော်. . ဟုတ်သားပဲ၊ ကျွန်မလည်း ကယောင်ချောက်ချား ဖြစ်နေပြီထင်တယ်"

တေးသခင် အမှန်အတိုင်းပြောလိုက်မိသည်။ မင်းသောတကိုချစ်သောစိတ်ဖြင့် သူ့ထံမှ အဖြေမတောင်းသေးခြင်းကိုပင် အားမလို အားမရဖြစ်မိသည်။ ယောကျ်ားတစ်ယောက်က မိန်းမတစ်ယောက်ကို ချစ်ပါသည်ဟု အဖြေကို မတောင်းသရွေ့ ထို





မိန်းမက ဖြေခွင့်ရှိသလား၊ မိန်းမက ယောကျ်ားတစ်ယောက်အပေါ် ချစ်နေကြောင်း မေးမေးမမေးမေး ဖြေခွင့်မရှိဘူးလား. .၊ ဖွင့်ဟခွင့်မရှိဘူးလား။

တေးသခင် ရေနွေးကြမ်းကိုပါ ခတ်ပေးပြီး မင်းသောတ သောက်ပြီးသော ကော်ဖီပန်းကန်ကို ယူသိမ်းလိုက်သည်။

"တေးသခင်"

"ရှင် ဘာလဲပြော"

"မင်းကို ကိုယ်ချစ်တယ် မခွဲနိုင်တော့ဘူး၊ အမြန်ဆုံး လက်ထပ်ရအောင်နော် "

တေးသခင် ရင်ထဲရှုတတလေးရှိနေသောအမျက်ကို ချစ်ခြင်းကတော့ လွှမ်းမိုးထားပါသည်။ သို့သော်. . .

"အမြန်ဆုံးဆိုတာ ကိုမင်းသောတရဲ့ ရောဂါအခြေအနေပေါ် မူတည်တာပဲ၊ ကျွန်မကို ရှင့်ရဲ့လှို့ဝှက်ချက်တွေနဲ့ မွန်းကျပ်အောင် ရှင်ပိတ်လှောင်ထားပြီးမှ ထွက်ပေါက်မရှိအောင် မလုပ်ချင်ပါနဲ့ရှင် "

မင်းသောတ တေးသခင် ဘာကိုဆိုလိုမှန်းမသိ။ သို့သော်. . .

"မင်းကို ကိုယ် ထွက်ပေါက်ပေးပါတယ်၊ ကိုယ့်ကို စွန့်ခွာသွားနိုင်ပါတယ်လို့ ကိုယ်ပြောပြီးပြီပဲ"

မင်းသောတ ဇွတ်မှိတ်ကာပြောချလိုက်သည်။ အိမ်ထောင်တစ်ခု၏ အရေးအကြီးဆုံးသော အခြေခံအုတ်မြစ်မှာ ချစ်ခြင်းမေတ္တာနှင့် သစ္စာတရားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတွက် မင်းသောတ စွန့်စားရသည်။ လှလွန်းသော မိန်းမ၊ ထက်ထက်မြက်မြက်ရှိသော မိန်းမ၊ အထူးသဖြင့် ညှို့မျက်ဝန်းဖြင့် ဖိုသတ္တဝါတို့ကို ဆွဲဆောင်နိုင်မှုစွမ်းအား အပြည့် အဝရှိသော မိန်းမတစ်ယောက်ကို မင်းသောတ မယုံကြည်ရဲ သေးပါ။

ထို့ကြောင့် တေးသခင်၏စိတ်ကို အလျင်သိရှိနားလည် စေရန် ကြိုးစားရသည်။ ဒီကြားထဲ တစ်ခါတစ်ရံ လွတ်ထွက်ချင် သည်။ စိတ်ကိုသာ ထိန်းချုပ်မှုမရှိ လွတ်ပေးမည်ဆိုပါက မင်း သောတ ခေါင်းအုံးထက်လှဲချပြီး မျက်ခွံတံခါးကို ပိတ်ထားလိုက် သည်။

တေးသခင်၏ ညှို့မျက်ဝန်းက သူ့အသည်းနှလုံးကို အရည်ဖျော်ပစ်နိုင်စွမ်းရှိသည်။ ထိုမျက်ဝန်းနှင့်ရင်ဆိုင်ရန် မငံ့ ရဲသေးပါ။ ထိုမျက်ဝန်းသည် သူ၏တစ်ဦးတည်းပိုင်အဖြစ် တစ် သက်တာ ပေးအပ်နိုင်မှုရှိမရှိကို သူဆုံးဖြတ်၍မရသေးပါ။

"ကြီးမေကို သွားခေါ်ခိုင်းလိုက်ရမလား"

တေးသခင်က ညင်သာစွာမေးသည်။ ဒါကို မင်းသော တ မကျေမနပ်. . .

"မင်း မပြုစုနိုင်လို့လား၊ ကိုယ့်ကို ရွံလို့လား"

"မဟုတ်ပါဘူး ပြုစုနိုင်ပါတယ်၊ မရွံ့ပါဘူး ရှင်များ ကြီးမေ ကို တမ်းတနေမလားလို့ပါ"

"ကျုပ်တမ်းတတာ မင်းပဲ"

မျက်လုံးမဖွင့်ဘဲ ဘုတောနေသော မင်းသောတကို



ကြည့်ကာ တေးသခင် ပြုံးလိုက်မိသည်။

တကယ့်ကလေးဆိုးကြီးလိုပါပဲလား စီးပွားရေးလောက ၌ ကေသရာဇာခြင်္သေ့မင်းလို ရဲရင့်သလောက် အချစ်ရေး၌ အပျို သင်စ ငှက်ငယ်ပမာ ရှိနေသူပါလား။

တေးသခင်ကရော ဘာထူးသေးသနည်း။ သို့သော်. . မင်းသောတထက်တော့ တေးသခင်က သာသည်။ အစ်ကိုအစ်မ များ၏ အိမ်ထောင်ရေးက အနီးကပ်ရှိသည်။

စိတ်ကိုရင့်ကျက်စေရန်လည်း တရားဓမ္မနှင့် အဆုံးအမ ကို ခံယူပြီး လက်တွေ့အားဖြင့်လည်း အားနာပါနနည်းဖြင့် စိတ် ကို ရင့်ကျက်စေရန် အေးငြိမ်းချမ်းသာစေရန် လေ့ကျင့်နေကျ ဖြစ်သည်။ ထို့ကြောင့် ပြဿနာကို ခေါင်းအေးအေးဖြင့် ဖြေရှင်း နိုင်စွမ်းရှိသည်။

ထိုစဉ် ဘုမနှင့်အတူ ဒေါက်တာဇော်ဝင်း ရောက်လာ သည်။

"အမယ် မင်းက ဇိမ်ကျနေတယ်ပေါ့လေ"

မင်းသောတ မျက်လုံးဖွင့်ကာ. . .

"ဖျားပါတယ်ဆိုမှ ဇိမ်ကျမလား"

"ပြုစုမယ့်လူရှိရင် ဖျားရတာ အင်မတန်ဇိမ်ရှိတယ်. . မဟုတ်ဘူးလား တေးသခင်"

ဒေါက်တာဇော်ဝင်းက တေးသခင်အား လှမ်းပြောလိုက် သဖြင့် မင်းသောတ မျက်လုံးပြူးသွားသည်။

"မင်းက သူ့ကို ဘယ်တုန်းကသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တေးသခင်ခဲအိုက ငါ့ရဲ့ဖတ်စ်ကာစင်လေကွာ"

"ဩော်. . မင်းတို့ချင်းက ရင်းနှီးပြီးသားကိုး"

"အင်း. . ကိုကိုတို့မင်္ဂလာဆောင်တော့ သူက အပျိုရံ ငါက လူပျိုရံလေ မရင်းနှီးရှိမလား"

မင်းသောတရင်ထဲ မနာလိုဝန်တိုမှုက ပေါက်ဖွားလာသည်။ ဒေါက်တာဇော်ဝင်းက လူပျို အပြောကောင်းကာ ရည်းစားများသူလည်း ဖြစ်သည်။ ခုချိန်ထိ အတည်တကျ မယူသေး။

"ဟန်ဒရက်အင် သရီးတောင် ရှိပါလား၊ ဒါတောင် မင်းက အပြုံးမပျက်ပါလား "

ဒေါက်တာဇော်ဝင်းက စမ်းသပ်ရင်း. . .

"တုပ်ကွေးပါ သတိထား. . တေးသခင် တုပ်ကွေးက အကူးမြန်တယ် အအေးမခံနဲ့ ရေနွေးပူပူသောက်ထား၊ ဆီဗင်စားပေး၊ ဒါမှ ပြုစုတဲ့သူကို မကူးမှာ"

"ဟုတ်ကဲ့"

"မင်းကိုတော့ အဖျားမြန်မြန်ကျအောင် ဆေးထိုးပေးခဲ့မယ်၊ သောက်ဆေးလည်း ပေးခဲ့မယ်၊ လောလောဆယ် အရည်ပဲသောက်ရမယ် တေးသခင် မပြန်ရသေးဘူးလား"

"ကိုမင်းသောတနေကောင်းမှ ပြန်တော့မယ်"

"တစ်နေ့က ကိုကိုနဲ့ဖုန်းပြောဖြစ်လို့ တေးသခင်အကြောင်း သိရတာ"

"ဒါကြောင့် ကျွန်မကို ဒီမှာတွေ့တော့ ကိုဇော်ဝင်း အံ့အားသင့်မသွားတာကိုး"





မင်းသောတ စိတ်ထဲ မကျေနပ်မှုတို့က တာစူလာသည်။

တေးသခင်သည် မိမိအပေါ် ဒေါက်တာဇော်ဝင်းကဲ့သို့ပင် သဘောမျိုးပဲရှိပါလား။

ဟော. . ဒေါက်တာဇော်ဝင်းကိုကြည့်သော မျက်ဝန်းသည်လည်း ကြည်လဲ့ကာ လှပနေသည်ပင်။

"ဝမ်းမင်းကြီးကလည်း အလုပ်များဆိုတော့. . သူ့ကိုတောင် မစမိဘူး၊ ကိုင်း. . ကိုယ်ကလဲ အလုပ်များတယ်လေ. . ဆေးခန်းမှာ လူနာတွေ စောင့်နေလိမ့်မယ် သွားတော့မယ်"

လက်ကလည်း အလုပ်ကိုလုပ်၊ ပါးစပ်ကလည်း တေးသခင်ကို အမျှင်မပြတ် စကားပြောပြီးပြန်သွားတော့ တေးသခင်က သူ့ထံခွင့်မတောင်းဘဲ ဒေါက်တာဇော်ဝင်း ဆေးအိတ်ကို ဆွဲကာလိုက်ပို့သည်။

"နေ. . နေ. . တေးသခင် မင်းရဲ့ လက်ဖဝါးတော်နုနုသွေး ချည်ဥသွားရင် ဝမ်းမင်းက ကိုယ့်ကိုအပြစ်တင်နေမယ်"

ဟု ရိတိတိပြောကာ တေးသခင်အား ဆေးအိတ်မပေးဘဲ သူကိုယ်တိုင်ပင် ဆွဲသွားလေသည်။

တေးသခင်က ပြုံးရွှင်စွာ လိုက်ပါသွားလေသည်။ မင်းသောတ ကျွဲမြီးတိုပြီး ကျန်ရစ်ခဲ့ရလေသည်။ သူ့မှာ ပြောပိုင်ခွင့်မရှိသေးဘဲ။ မိဘသဘောတူထားရုံသာ ရှိသေးသည်။ တရားဝင်တောင် မစေ့စပ်ရသေးဘူး။ မဖြစ်ဘူး အမြန်ဆုံးလက်ထပ်မှဖြစ်တော့မည်။

သို့ဆိုပါက တေးသခင်ထံမှ အချစ်နှင့်သစ္စာတရားကို



www.burmeseclassic.com

www.burmeseclassic.com

သူရရှိနိုင်ပါ့မလား၊ ဒီလောက်လှသော မိန်းမတစ်ယောက်ကို သူ ယုံစားလို့ရနိုင်ပါ့မလား။ ချစ်ခြင်း၌ အမြဲကပ်ငြိပါနေတတ်သော သဝန်တိုစိတ်သည် ကြောက်စရာကောင်းပါလားဟု မင်းသောတ သဘောပေါက်လိုက်သည်။

စိတ်ကိုလျှော့ချပြီး မျက်လုံးစုံမှိတ်ကာ အိပ်ပျော်အောင် ကြိုးစားရလေတော့သည်။







# အခန်း(၂၃)

တေးသခင် မင်းသောတအပေါ် နားမလည်နိုင်
...။ ဒေါ်အေးနှင့်အတူ မင်းသောတအဖျားကျစေရန် ရေဝတ်
... လည်ပင်းနှင့် ရင်ဘတ်တို့ကို တိုက်ပေးခဲ့သည်။ ဖြူဝင်းမွတ်
...သော မင်းသောတ ခန္ဓာကိုယ်ပေါ်တွင် အစက်အပြောက်
...ကွက်များ၏ အရိပ်အယောင်ကိုပင် မမြင်တွေ့ရ။

"ဖျားနာခဲ့တယ့် သာမန်အဖျားလောက်တော့ ဖြစ်တာ


www.burmeseclassic.com

www.burmeseclassic.com

ပေါ့”

“သွေးသွင်းရတာတို့ ဘာတို့ရှိခဲ့ဖူးလား”

“ကြံ့ကြံ့ဖန်ဖန် မရှိပါဘူး၊ သူကသာ သွေးလှူခဲ့တာ..

ဘယ်နှစ်ကြိမ်ရှိပြီလဲ၊ လူလေးတို့မိသားစုက အိုသွေးတွေလေ..

ဦးဘမင်းကလည်း မကြာခဏ သွေးလှူတယ်၊ လူလေးက အ

ခြေရာနင်းတယ်”

မင်းသောတ မိမိကို ဘာကြောင့်ဇာတ်လမ်းဆင်

လိမ်ညာရသနည်း။ မိမိစိတ်ကိုစမ်းသပ်နေတာလား။ မိမိကို

ထင်သေးလွန်းသဖြင့် သူ စမ်းသပ်နေခြင်းသာ ဖြစ်ဖို့များသည်

ရှက်ဖွယ်ကောင်းလေစွ၊ ယောကျ်ားလေးရှင်ဘက်

လာရောက်နေထိုင်ခြင်းကပင်လျှင် အထင်သေးဖို့ ဖြစ်သွား

ရော့သလား။ တေးသခင်ရင့်ထဲ ကျိတ်မနိုင်ခဲမရအစိုင်အခဲ

ဖြစ်ထွန်းသွားလေပြီ။

“လူလေးက သူ့အဖေအတွက် သွေးတောင် နှစ်ပုလ

လောက်ပေးခဲ့သေးတာ”

မိမိကိုများ ဦးဘမင်းနှင့် ဒေါ်တင်တင်ကြီး၏ ရင်

မဟုတ်ပါဘူးဟု လိမ်ညာပြီး လုပ်ဇာတ်ခင်းခဲ့သည်။

သူ၏စည်းစိမ် အမွေအနှစ်ကို မက်မော၍ လက်

ယူချင်သောမိန်းမအဖြစ် သတ်မှတ်ပြီး အမျိုးမျိုးသော စမ်းသ

လုပ်နေတာ ဖြစ်ဖို့များသည်။

ယောကျ်ားတွေမှာလည်း မာယာရှိလိမ့်မည်ဟု

သခင် တစ်ခါမှ မတွေးဆခဲ့။ ခုမှ မာယာများသော ယောကျ်ား





တစ်ဦးကို တွေ့ဖူးလေတော့သည်။ သို့သော် ထိုယောကျ်ားသည်

မိမိအသည်းနှင့်အောင် ချစ်မိသွားသော ယောကျ်ားဖြစ်နေသည်။

မိမိ ဘာဆက်လုပ်သင့်သလဲ။

တေးသခင် စဉ်းစားခန်းဝင်ခဲ့သည်။

“လူလေးက ပျော်ပျော်ပါးပါး နေတတ်တယ်၊ ကျောင်း

သားဘဝတုန်းကဆိုရင် ကျောင်းကပွဲတွေမှာ ဇာတ်လိုက်ပဲ၊ အ

ငြိမ့်ခန်းဆိုရင်တော့ လူရွှင်တော်ပေါ့”

ဒေါ်အေးထံမှ မင်းသောတ၏ အပြုအမူအကျင့်စရိုက်

တို့ကို သိခွင့်ရရှိခဲ့ရသည်မှာလည်း မိမိအတွက် အမြတ်ပင်။ တေး

သခင်က မိန်းမပေပဲ။ မိန်းမမာယာနှင့် ယောကျ်ားမာယာ ယှဉ်

ပြိုင်ကြလျှင် ဘယ်သူသာနိုင်မလဲ။

ချစ်မိသော ယောကျ်ားတစ်ယောက်အပေါ် အနိုင်မယူ

လိုပါ။ သို့သော် မိမိအပေါ် အထင်သေးသောယောကျ်ားတစ်

ယောက်ကိုတော့ဖြင့် တေးသခင် အနိုင်ယူရလေတော့သည်။

အိမ်ထောင်တစ်ခု တည်ဆောက်ရာမှာ လင်နှင့်မယား

တစ်ဦးပေါ်တစ်ဦး လေးစားချစ်ခင်တန်ဖိုးထားမှသာလျှင် အိမ်

ထောင်ရေးက သာယာနိုင်သည်။

ယခင်ကချခဲ့ပြီးသော ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်

ရန် ထပ်မံဆုံးဖြတ်လိုက်ရလေသည်။ ရင်မှာတော့ နာကျင်လျက်

ရှိသည်။

မင်းသောတအပေါ် ခတ်ပုံလေးမြင်ရ၊ ဖုန်းထဲက အ

သံလေးကြားရုံနှင့် ချစ်မိခဲ့ပြီ။ လူချင်းတွေ့မြင်လိုက်ရသည့် တဒင်္


www.burmeseclassic.com

www.burmeseclassic.com



မိမိဘဝတစ်ခုလုံး ပုံပေးချင်လောက်အောင် မြတ်နိုးတွယ်တာသွားရသည်။ သို့သော် အချစ်တစ်ခုတည်းဖြင့် ဘဝတစ်ခုလုံးကို တည်ဆောက်သွား၍မရ။ မိမိကိုယ်တိုင်ကလည်း ချစ်ရုံတစ်ခုတည်းဖြင့် ယောကျာ်းတစ်ဦး၏ ခြေထောက်အောင် နင်းပြီး ဘဝမျိုး နေမည့်မိန်းမ မဟုတ်ချေ။

မင်းသောတ၏အကြည့် အပြောနှင့် လုပ်ဇာတ်တို့က မိမိအပေါ် အထင်သေး၍ စမ်းသပ်နေခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်ပြီ။

ရင်မှာ နာကျင်လျှက်နှင့်ပင် မင်းသောတ နေကောင်းလာသည်အထိ စိတ်ရှည်လက်ရှည်ပြုစုပေးလိုက်သည်။

"တေးသခင် မင်းကိုယ့်ကို မရှိမရှာပြုစုပေးတယ်နော် ဘာဖြစ်လို့လဲ"

မင်းသောတက နေကောင်းလာသည်နှင့် နှစ်ယောက်ချင်းတွေ့သောအခါ မိမိလိုချင်သော ချစ်ရည်ရွှန်းလဲ့သည့် မျက်ဝန်းအစုံဖြင့်ကြည့်ကာ မေးလိုက်သည်။

တေးသခင် ရင်မခုန်တော့ပါ။ ချစ်ခြင်းက သူ့အပေါ်မှာ အမြင့်ဆုံးသို့တင်ထားပြီးဖြစ်သဖြင့် ချစ်ခြင်းသန္တေတည်သော ရင်ခုန်ခြင်း စိတ်လှုပ်ရှားခြင်းတို့သည် တေးသခင်ထံမှ ဖယ်ခွာသွားလေပြီ။

"မေးစရာမလိုဘူး ထင်တယ်"

"လိုတာပေါ့ ဘာဖြစ်လို့ မလိုရမှာလဲ"

"ဒါဖြင့် ဖြေမယ်"





"အင်း"

"ကျွန်မ လူနာပြုစုရတာ ဝါသနာပါလို့"

"ဟာကွာ"

တေးသခင်၏ ဘုတောမှုကို မင်းသောတ မချင့်မရဲ ဖြစ်သွားသည်။

"ဒါကြောင့် အထီးကျန်နေတဲ့ ရှင့်အမေကိုလည်း လာပြုစုနေတာပဲပေါ့။ အဆန်းမဟုတ်ဘူး ထင်တယ်"

"မဟုတ်ဘူး တေးသခင် ကိုယ့်အပေါ် ဘာမကျေနပ်တာရှိသလဲ၊ မင်းတစ်ခုခုဖြစ်နေတယ် ကိုယ်တို့ပွင့်ပွင့်လင်းလင်း ပြောကြရအောင်"

"နောက်ရှစ်ရက်လောက်မှာ ကြီးမေ ပတ်တီးဖြေမယ်လေ၊ အဲ့ဒီနေ့ ရှင့်ကို ကျွန်မ အဖြေပေးမှာပါ၊ ရှင် မတောင်းဆိုတဲ့အဖြေလေ"

"ဟင်"

မင်းသောတ ရုတ်တရက် အံ့အားသင့်သွားရသည်။

တေးသခင်၏နောက်ဆုံးစကားကို နားမလည်လိုက်ချေ။

"ရှင် မတောင်းဆိုတဲ့အဖြေ"

ဟူသောစကားပင်။ သူ ဘာကိုမတောင်းဆိုခဲ့ဖူးလဲ။

"ကိုယ် ဘာမတောင်းဆိုခဲ့ဘူးလဲ"

နားဝေတိမ်တောင်ဖြစ်၍ မေးခွန်းထပ်ထုတ်လိုက်ပြန်သည်။ တေးသခင်ပြုံးပြီး ခေါင်းခါယမ်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မိန်းမတစ်ယောက်ကို ချစ်တယ်လို့ ပေါ့ပေါ့ဆဆ ပြော တတ်တဲ့ ယောကျာ်းတစ်ယောက်ဟာ ပေါ့ဆစွာနဲ့ပဲ အဲ့ဒီမိန်းမ ရဲ့ ခံစားချက်ကိုမေးဖို့ မေ့နေတတ်ကြတယ်၊ ဒါမှမဟုတ် မေးဖို့ မလိုအပ်ဘူးလို့ ထင်ထားကြတယ်နဲ့တူတယ်၊ အဲ့ဒီအထဲ ရှင်ပါ နေပြီ"

ထိုအခါမှ မင်းသောတ သဘောပေါက်တော့သည်။

"ကိုယ် မင်းကိုတကယ်ချစ်တာပါ၊ ပေါ့ပေါ့ဆဆ ပြော တဲ့စကား မဟုတ်ဘူး၊ ချစ်တယ်ဆိုတဲ့စကားဟာ တန်ဆာဆင် လည်း အဓိပ္ပာယ်က တစ်ခုတည်း၊ ရိုးသားစွာပြောလည်း ဒီအဓိ ပ္ပာယ်ပဲမှတ်လား အမှန်တကယ် မင်းကိုချစ်တယ်"

တေးသခင် ရင်မခုန်တော့။ မင်းသောတထံမှ "ချစ် တယ်"ဟူသော စကားကို အင်မတန်မျှော်လင့်ခဲ့ပါသည်။

သို့သော် သူ၏စကားများထဲ ညှပ်၍ပြောတတ်သော အချစ်တို့သည် တေးသခင်ကြားလိုသောအချစ်မျိုး မဟုတ်သည့် သို့ ခံစားရသည်။

"မင်းရော ကိုယ့်ကိုချစ်တယ်လို့ ကိုယ် ယုံကြည်တယ်. . ဒါကြောင့် မမေးတော့တာ"

ဘယ်လောက် စီးပိုးလိုက်တဲ့စကားလဲ။ ကိုယ့်ကိုယ်ကို အထင်ကြီးတတ်သော ယောကျာ်းတစ်ယောက်ပင်။

ရှိပါစေ ပြောစမ်းပါစေ။ စကားတွေ များများပြောသော သူ၏ ဇာတိရုပ် ပေါ်လာလေလေဖြစ်မှာ။ ဒါမှ တေးသခင်လည်း အခိုင်အမာချပြီးသောဆုံးဖြတ်ချက်ကို အပီအပြင်သရုပ်ဖော်နိုင်



မှာ ဖြစ်ပေသည်။

"ကျွန်မက ရှင့်ကိုချစ်နေပါတယ်လို့ ရှင်ဘယ်လို သက် သေပြနိုင်မှာလဲ"

မင်းသောတက ပြုံးလိုက်သည်။ တေးသခင်၏ စူးရှနက် မှောင်သော မျက်ဝန်းကို စိုက်ကြည့်ကာ အဖြေရှာသည်။ တွေ့ ပါသည်။ တေးသခင်၏ မျက်ဝန်းသည် ရွှန်းလဲ့တောက်ပြောင် နေသည်။ ချစ်ရည်များ စိုလူးနေသည်။

"မင်းအကြည့်လေ၊ မင်းအကြည့်တွေဟာ ကိုယ့်ကို ချစ် တယ်ဆိုတာ သက်သေခံနေတာပဲ"

"အင်္ဂဝိဇ္ဇာတတ်တယ်ပေါ့"

မင်းသောတက ပြုံးကာ. . .

"နှလုံးသားချင်းနားလည်တတ်တဲ့ အမြင်မျိုးနဲ့ မြင်မိတာ ပါ တေးသခင်၊ မင်းကို ကိုယ်ချစ်တယ်၊ မင်းအချစ်ကိုလည်းလို ချင်ပါတယ် ဒါပေမယ့်. . ."

"ဒါပေမယ့် မနေပါနဲ့တော့ရှင်. . ရှစ်ရက်ပဲကျန်တော့ တယ်၊ အဲဒီရှစ်ရက်မှာ ကျွန်မအဖြေပေးမယ် ရှင့်ရောဂါ အခြေ အနေကရော "

"ပျောက်သွားမယ်ထင်တယ် အကွက်လေးတွေမှိန်သွား ပြီ"

"အကွက်လေးတွေက ဘယ်မှာလဲ၊ မျက်နှာပေါ်မှာလဲ မတွေ့ရပါလား"

"ရင်ဘတ်မှာ ပွနေတာပဲ. . ခုတော့ လျော့သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဩော်. ."

ညာတတ်သော. . လိမ်ညာဟန်ဆောင်တတ်သော ယောကျ်ားတစ်ယောက်ကို တေးသခင် အထင်မကြီးတတ်ဘူး ရင်တွင်းပါစ်ကြွေးလိုက်သည်။

သူ အဖျားကြီးပြီး ကယောင်ကတမ်း ဖြစ်နေစဉ် မိမိနှင့် ဒေါ်အေး သူ့အား ရေပတ်တိုက်ပေးခဲ့သည်။ သူ၏ ရင်ဘတ် ကျောကုန်းတို့၌ ဘာအကွက် အဖုအပိန့်မှ မတွေ့ရချေ။

"ကျွန်မမျက်ဝန်းမှာ အဖြေရှာလို့ ရှင်မရနိုင်ပါဘူး. . ကျွန်မမျက်ဝန်းက ဒီအတိုင်းပဲ၊ ကဲပါလေ ကျွန်မ ရှင့်အတွက် ကြီးမေပတ်တီးဖြေတဲ့နေ့မှာ အဖြေပေးပါ့မယ် "

တေးသခင် စကားစ ဖြတ်လိုက်သည်။ မင်းသောတ၏ ပရိယာယ်ကို တေးသခင် လိုက်မမီချင်တော့။ သူ့ပရိယာယ်ကို လည်း သိအောင်မကြိုးစားချင်တော့။ မိမိလုပ်သင့်သည်ကိုသာ လုပ်ဆောင်သွားတော့မည်ဟု. . .

"နေပါဦး တေးသခင်"

"ကျွန်မ အိပ်တော့မယ်"

ဘယ်သူမှမရှိသော ဧည့်ခန်းမကြီးဝယ် နှစ်ယောက် တည်းမနေချင်။ ခါတိုင်း ဒေါ်အေးက ရှိပါလျက် ယခုအစောကြီး အိပ်ရာဝင်လေသည်။ သက်သက်ရှောင်နေကြတာ။

တေးသခင် မင်းသောတ၏ ရုတ်တရက်ဟန့်တားလိုက် မှုကို ငြင်းပယ်လိုက်သည်။

"အစောကြီး ရှိပါသေးတယ်"



"ကျွန်မ စောစော အိပ်တတ်တယ်"

"ဆယ်နာရီမှ အိပ်တတ်တာပါ၊ ခုမှ ကိုးနာရီတောင် မထိုးသေးဘူး ကိုယ့်ကို ကြောက်လို့လား "

မင်းသောတမျက်ဝန်းကို ရင်မဆိုင်ချင်။ သူ့မျက်ဝန်း သည် စကားပေါင်းများစွာ ပြောနေသည်။ ထိုစကားများသည် ချစ်တယ်၊ မင်းလည်း ကိုယ့်ကိုချစ်နေတာ ကိုယ်သိပါတယ်၊ မင်း ကိုယ့်အချစ်ကို လက်ခံမှာပါဟု ပြောကြားနေသည်ဟုသာ တေး သခင် မြင်တွေ့နေရသည်။

ထို့ကြောင့်. . .

"ကိုမင်းသောတမှာ ပြောစရာတွေ ရှိသေးလို့လား"

"ရှိတယ်. . ရင်ထဲမှာတော့ စကားတွေ အများကြီးပဲ၊ ဒါပေမယ့် တစ်ခါတစ်ရံ မပြောဘဲနေတာက ပိုပြီးထိရောက် မလားလို့ လောလောဆယ်တော့ ကိုယ် မင်းကို အရမ်းကျေးဇူး တင်တယ်"

"ဘာဖြစ်လို့လဲ"

"ကိုယ့်ရောဂါအကြောင်း သိထားပြီးဖြစ်လျက်နဲ့ ကိုယ့် ကို ပြုစုပေးတဲ့အတွက်လေ"

"ဒါကတော့ ကျွန်မမှ မရွံတတ်တာ"

ဟု မှသားသုံးလိုက်သည်။ မိမိအပေါ် မာယာများနေ သောယောကျ်ားကို မိမိကလည်း မာယာတုံ့ပြန်လိုက်သည်။

"ဘာကြောင့်ပဲ ဖြစ်ဖြစ်ကျေးဇူးတင်တယ် တေးသခင်၊ ကိုယ်တို့ တစ်နေရာရာမှာ ကော်ဖီသွားသောက်ရင်း သီချင်းသွား

www.burmeseclassic.com



နားထောင်ရအောင်"

"ဝါသနာမပါဘူး ရှင်ခေါ်ရင် လိုက်တတ်တဲ့ မိန်းမတွေကိုသာ ခေါ်သွားပါ"

"ဟာ ကိစ္စရှိလို့ ဧည့်သည်တွေကို ဧည့်ခံရတဲ့အခါမျိုးသာ ဆက်ခ်တေးရီတို့ ရှယ်ယာမင်တွေ လိုက်ပါတာမျိုးပဲ ရှိပါတယ် တေးသခင်၊ ဒီအတွက် စိတ်ထဲ မထားနဲ့၊ ဝန်တိုတာလား"

"မတိုတတ်ပါဘူး"

"ဒါဖြင့်သွားရအောင် ကော်ဖီဆိုင်လေးမှာ ကော်ဖီတစ်ခွက်သောက်ရင်း ဂီတသံလေး နားဆင်ရတဲ့အရသာမျိုး၊ လူရှင်းတဲ့လမ်းမှာ မာကျူရီရောင် ဝါဝါလေးတွေအောက် ကားမောင်းရတဲ့ အရသာမျိုးကို တစ်ယောက်တည်းခံစားရတာထက် ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်နဲ့ အတူတကွသွားလာရင်း ခံစားကြည့်ချင်လို့ပါ"

"ဝမ်းနည်းပါတယ် ကျွန်မက ရှင့်ရဲ့အစမ်းသပ်ခံ မဟုတ်ဘူး"

တေးသခင်ရင်ထဲ၌လည်း မင်းသောတပြောသကဲ့သို့ ခံစားကြည့်ချင်ပါသည်။ သို့သော် နှလုံးသားဆန္ဒအလိုကို ဆန့်ကျင်လိုက်တာ. . .

"ဘာလို့ အစမ်းသပ်ခံရမှာလဲ မင်းဟာ ကိုယ့်ရဲ့ဘဝကို ဖန်ဆင်းပေးနိုင်တဲ့သူပါ နေပါဦး တေးသခင်"

မျှော်လင့်မထားသောအပြုအမူကို မင်းသောတ ပြုမူလိုက်သည်။ တေးသခင် ထွက်သွားမည့်လမ်းကို ကာဆီးကာ





တားမြစ်လိုက်သည်။

တေးသခင် စိတ်လှုပ်ရှားစွာ သူ့အားကြည့်လိုက်သည်။ နှစ်ရက်လုံးလုံး သူ့အား အနီးကပ်ပြုစုပေးခဲ့စဉ်က ဘာမှ မရိုးမသားသော အပြုအမူအပြောအဆိုမျိုး မရှိခဲ့ပါဘဲ ယခုမှ. . .

တေးသခင်၏ လက်မောင်းနှစ်ဘက်ကို ဆွဲယူကာ မွှေးပိုက်လိုက်သည်။ တဒင်္ဂ မင်တက်ကာ ညှို့ယူဖမ်းစားခံလိုက်ရသူမှာ တေးသခင် ဖြစ်သွားလေသည်။

ရှန်းကန်ဖို့ ငြင်းဆန်သတိမရလိုက်၊ သတိရလိုက်ချိန်၌ သူသည် မိမိကို ပိုင်စိုးပိုင်နင်းနှင့် နမ်းရှိုက်ပြီးသွားချိန် ဖြစ်နေသည်။

"ဟင်"

အလန့်တကြား ရုန်းထွက်လိုက်ပြီး သူ့အား လှည့်မကြည့်ဘဲ အပေါ်ထပ်သို့ တောက်လျှောက်ပင် ပြေးတက်ခဲ့လေသည်။ တစ္ဆေသူရဲတစ်ကောင်နှင့် တွေ့လိုက်သူပမာ အသားများ တဆတ်ဆတ်တုန်ကာ ကြောက်လန့်တကြား ဖြစ်မိလေသည်။

ဒါတွေအားလုံး သူမိမိကို အထင်သေးစွာပြုမူပြောဆိုခြင်း ဖြစ်သည်ဟု တေးသခင် ကောင်းစွာသဘောပေါက်လိုက်လေသည်။ ရင်ထဲ၌ ယူကြုံးမရစိတ်တို့က ပြည့်လျှံလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၄)

**မင်း**သောတ ရုတ်တရက် အံ့အားသင့်ကျန်ရစ်ခဲ့သည်။ မိမိအပြုအမူသည် အင်မတန်ရိုင်းစိုင်းသွားပြီဟု သိလိုက်ရသော်လည်း အပြစ်က ကျူးလွန်ပြီးသွားလေပြီ။

ရင်ထဲ ချစ်စိတ်တို့က အသည်းတယားယားဖြစ်ပေါ်လာ ပြေးဖက်နမ်းရှုပ်လိုက်ပြီးမှ သူသည် မိမိနှင့်ချစ်သူမဟုတ်သေးတာ ပြီးတော့ မိမိတို့၏အရိပ်၌ခိုဝင်ကာ မိခင်ကို ကူညီနေသူ။ ဒါ





ပြင် မိမိကို ပူပူနွေးနွေးပင် ပြုစုပေးထားသူပါလားဟု အသိတရားဝင်ရာက. . . မှားသွားပြီ၊ တေးသခင်အပေါ် စော်ကားမိသလိုဖြစ်သွားကြောင်း နားလည်လိုက်သည်။

မင်းသောတနောက်မှလိုက်ကာ တေးသခင်အိပ်ခန်းတံခါးဝ၌ ရပ်လိုက်သည်။ တံခါးခေါက်ရန် ကြံရွယ်ပြီးမှ. . .

ဒါလည်း သင့်တော်ပါ့မလား၊ ထပ်မံစော်ကားသလိုများဖြစ်နေမလား စဉ်းစားလိုက်ပြီး နောက်ဆုတ်လိုက်သည်။ တောင်းပန်သင့်သည်။ မင်းသောတ အိပ်ခန်းထဲဝင် စာရွက်နှင့် ဘောလ်ပင်ကို ထုတ်ယူကာ စာလေးတစ်ကြောင်း၊ နှစ်ကြောင်းရေးလိုက်ရင်း ပြုံးမိသည်။

ယခုမှ ဆယ်ကျော်သက်အရွယ်က ရင်မခုံခဲ့ရဖူးသော ရင်ခုန်မှု၊ အရွယ်တော်တစိတ်ပိုင်းမှရင်ခုန်မှု နှစ်ရပ်ပေါင်းစပ်၍ ရင်ခုန်နေပါလား။

တေးသခင်

ချစ်တဲ့စိတ်ကို ချွန်းအုပ်လို့မရ၊ ဒါကြောင့် ရုတ်တရက် ကျူးလွန်မိလိုက်တဲ့အမှားအတွက် တောင်းပန်ပါတယ်။ စော်ကားလိုစိတ် လုံးဝမရှိပါ။ ချစ်စိတ်တစ်ခုထဲဆိုတာ နားလည်ခွင့်လွှတ်ပေးပါဗျာ။ တုံ့ပြန်အချစ်ကိုလည်း မျှော်လင့်နေပါတယ်။

မင်းသောတ

တယ်ဟုတ်တဲ့ရည်းစားစာပါလားဟု မင်းသောတ မိမိ



www.burmeseclassic.com

www.burmeseclassic.com

စာမိမိ တစ်ခေါက်ဖတ်ပြီး ကျေနပ်သွားသည်။ ချက်ချင်းပင် လူပျိုပေါက်ကလေးလို တက်ကြွစွာဖြင့် တခေါက်ခေါက် ခေါက်ပြီး. . .

"တေးသခင် ကိုယ်ပါ"

အသံပြုကြည့်ပြီး နားစွင့်သည်။ လှုပ်ရှားသံမကြားရသောအခါမှ ထပ်မံအသံပြုကာ. . .

"တေးသခင် ကိုယ် စာထားခဲ့တယ်နော်"

တံခါးအောက်မှာစာကို ထိုးသွင်းလိုက်သည်။ စာကိုယူမယူ အစွန်းထွက်နေသော တစ်ပိုင်းတစ်စကို ကြည့်နေစဉ်. . .

"သား ဘာလုပ်နေတာလဲ"

"ဗျာ"

သူ အလန့်တကြား နောက်လှည့်ကြည့်လိုက်သည်. . ။ မိခင်က သူ့အိပ်ခန်းဝမှရပ်၍ လှမ်းကြည့်ကာ မေးနေသည်. . ။ သူခိုး လူမိသကဲ့သို့ ရှက်ကိုးရှက်ကန်းဖြင့်. . .

"ဘာမှမဟုတ်ပါဘူး၊ အပြင်ဘက် ကော်ဖီသွားသောက်မလားလို့ လာခေါ်ကြည့်တာ"

"လိုက်မှာတဲ့လား"

"မလိုက်ဘူးတဲ့၊ သားဘာသာသားပဲ သွားတော့မယ်"

"ကော်ဖီများ အိမ်မှာသောက်လည်း ရတာပဲ"

"စားရပုံခြင်း မတူဘူး မေမေရဲ့"

မင်းသောတ ရှက်ကိုးရှက်ကန်းဖြင့် အောက်ထပ်ပြန်ဆင်းခဲ့သည်။ ပြောပြီးမှတော့ မထူးပါဘူး။ သဏ္ဌာန်လုပ် သရုပ်





တူစေဆိုသကဲ့သို့ပင် ကားထုတ်ကာ မစ္စတာဂစ်တာဆိုင်သို့ ထွက်ခဲ့လိုက်လေသည်။

တေးသခင်သည်. . ကားထွက်သွားသည်ကို အသာချောင်းကြည့်ပြီး မြင်ကွင်းမှပျောက်ကွယ်သွားမှ. . တံခါးနားလျှောက်ခဲ့သည်။ ပြီးတော့ စာရွက်ကလေးကို အသာဆွဲယူပြီး ဖတ်လိုက်သည်။ ပြုံးလိုက်မိသည်။

အပြုအမူတွေက တကယ်ကို လူပျိုရိုင်းတစ်ဦး၏အပြုအမူမျိုးနှင့်တူနေသည်။ ခွင့်လွှတ်ရမှာတဲ့လား၊ ခွင့်လွှတ်သင့်သလား၊ မိမိနှလုံးသားဟာလည်း အပျိုရိုင်းတစ်ဦးနှယ် လှုပ်ရှားတတ်ပြီး. . အချစ်စစ် အချစ်မှန်ကိုသာ တမ်းတမ်းတတ လိုချင်တတ်ကြောင်း မင်းသောတကကော နားလည်နိုင်ပါ့မလား။

လွယ်လွယ်နှင့်ရသောအရာကို. . တန်ဖိုးမထားတတ်သော လူ့သဘာဝအတိုင်းသာဆိုပါက၊ တေးသခင် စာရွက်ကလေးကို သေချာစွာပြန်ခေါက်ပြီး ပိုက်ဆံအိတ်ထဲ ထည့်သိမ်းလိုက်သည်။

ဘယ်နှစ်ခေါက်ဖတ်ဖတ် ရိုးနိုင်မည်မဟုတ်သော စာကိုဖတ်ရင်း အပျိုစင်တစ်ဦး၏ မျှော်လင့်မထားသောအချိန် ခံယူလိုက်ရသော ချစ်ဦးသူ၏အနမ်းဦးကို ရင်ခုန်စွာသတိရနေမိမည်မှာ မလွဲပေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၅)

**မင်း**သောတ ဝမ်းမင်းကုမ္ပဏီနှင့်ပတ်သတ်ပြီးတစ်လ စာမျှ စီမံထားခဲ့သည်။ လုပ်ဆောင်စရာရှိသည်များကို ဟာကွက် မရှိစေရန် နေ့ညမနားတမ်း လုပ်ဆောင်လိုက်သည်။

တေးသခင်အတွက် အချိန်ပေးမည်။ မိခင်ကို ပတ်တီး ဖြေသည့်နေ့မတိုင်မီ ရောက်အောင်သွားမည်။ ပြင်ဦးလွင်မှာရှိ သော မိဘဘိုးဘွားပိုင် "ဝမ်း"လုပ်ငန်းတွေကို တေးသခင်နှင့်အ





တူ ဝိုင်းဝန်းဆောင်ရွက်ပေးလိုက်မည်။ တေးသခင်နှင့် အမြန်ဆုံး လက်ထပ်ဖို့ ညှိနှိုင်းရမည်။

မင်းသောတ ကြိုတင်ခန့်မှန်းခြေစိတ်ကူးများဖြင့် ပျော် မွေ့နေလေပြီ။ ညဘက်လုပ်စရာရှိသည်တို့ လုပ်ရင်းက နာရီကို မော့ကြည့်လိုက်သည်။ တေးသခင်က ဆယ်နာရီဆို အိပ်တတ် သည်။

မအိပ်ခင် စာဖတ်တတ်သည်။ ကိုးနာရီဆို မိခင်က အိပ် တတ်သည်။ သူဖုန်းဆက်လျှင် တေးသခင်နှင့်သာ တန်းတိုးတတ် သည်။ ကိုးနာရီထိုးပြီ။ မင်းသောတ ပြင်ဦးလွင်သို့ တယ်လီဖုန်း ခေါ်လိုက်သည်။

"အမိန့်ရှိပါ"

"တေးသခင်"

အသံကြားရရုံနှင့် ရင်ဝယ် သိမ့်ခနဲလှုပ်ရှားကာ တွေ့မြင် ချင်စိတ်တို့ ဖြစ်ပေါ်လာသည်။

"ဆို"

"သဘက်ခါ လာမယ် ဖိန်းနွဲခါ ရောက်မယ်"

"ဟုတ်ကဲ့ ကြီးမေကို ပြောပြလိုက်ပါ့မယ်"

တေးသခင်ဘက်က အေးတိအေးစက်ဖြစ်နေသည်ကို တော့ သူ သတိပြုမိသည်။

"တေးသခင် ကိုယ့်ကိုမလာစေချင်ဘူးလား"

"ကိုမင်းသောတအိမ်ပဲ ကျွန်မဆန္ဒက အဓိက မဟုတ်ပါ ဘူး"


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီလို မပြောနဲ့လေဗျာ၊ ကျွန်တော်က တေးသခင်တို့ ကျေးဇူးတင်နေသင့်တယ်၊ တွေ့စက ကျွန်တော်အပြုအမူတွေ ရိုင်းစိုင်းခဲ့ရင် တောင်းပန်ပါတယ်. . ခွင့်လွှတ်ပါ"

"ကိစ္စမရှိပါဘူး ရပါတယ်"

ခွင့်လွှတ်တယ် ဟူ၍မပြော။ မင်းသောတ သက်ပြင်းချ လိုက်မိသည်။ နောက်မှ. . .

"တေးသခင် ကျွန်တော့်အပေါ် နားလည်နိုင်ရဲ့လား"

"နားလည်နိုင်ပါတယ်"

"ဘယ်လိုနားလည်ထားတာလဲ"

"ရှင်ဟာ မိန်းမတွေအပေါ် အထင်မကြီးတတ်ဘူး. . မိန်းမတွေရဲ့စိတ်ကို နားလည်နိုင်စွမ်း မရှိသေးဘူး"

တေးသခင်ထံမှ အသံပျောက်ကွယ်သွားသည်။ စကား ဆက်ရန် အတန်ငယ်စောင့်နေမိသော်လည်း ဆက်မလာမှ. . .

"ဒါပဲလား ဆက်ပြောလေ"

"မပြောချင်တော့ဘူး"

"ဒါဖြင့် ကိုယ်ဆက်ပြောမယ်၊ မိန်းမတွေကို အထင်မ ကြီးတတ်ဘူးဆိုတဲ့စကားဟာ အရင်ကတော့မှန်တယ်၊ တေးသ ခင်ဆိုတဲ့ မိန်းမတစ်ယောက်ကို မတွေ့ခင်အထိပေါ့၊ ဒါပေမဲ့ တေးသခင်ရဲ့စိတ်ကို နားမလည်နိုင်သေးတာတော့ အမှန်ပဲ"

"နောက်တော့ နားလည်လာမှာပါ"

"နောက်တော့ဆိုတဲ့ကာလကို မစောင့်ချင်တော့ဘူး. . ကိုယ့်ကိုပြန်ချစ်နိုင်ပြီလား"





"သုံးလေးရက်ပဲ ကျန်တော့တယ်လေ"

မင်းသောတ မချင့်မရဲဖြစ်မိသည်. . ။ တေးသခင် ဘာ ကြောင့် အချိန်ဆွဲနေရတာလဲ၊ တေးသခင် မျက်လုံးထဲတွင် ချစ် နိုင်တွေ တွေ့ရပါလျက် တကယ်တန်း အဖြေပေးဖို့ကို တွန့်ဆုတ် နေသည်။ ဒါကြောင့် ရှေးလူကြီးတွေ ပြောကြတာထင်သည်။ မိန်းမတွေ၏ သဘောသည် သိရခက်သည်။ မြစ်တို့ကဲ့သို့ မာယာ များသည်။ ဆောင်းလေပမာညီသည်။

"ကျွဲပြောလိုက်ရင် ကိုယ် စောစောဝမ်းသာရမှာ စိုးလို့ လား"

"ဝမ်းသာရမှာကိုပဲ တွက်သလား. . ၊ ဝမ်းနည်းရမှာကို ကော ရှင်မတွေးဘူးလား"

မင်းသောတစိတ်ထဲ ထင့်ခနဲဖြစ်သွားလေသည်။

"အဲဒီလောက်အထိ ကိုယ့်အပေါ် ရက်စက်နိုင်လို့လား"

"ကံကြမ္မာဆိုတာ ကိုယ်လုပ်တဲ့အလုပ်ပေါ် မူတည်တယ် လို့ ရှင်မထင်ဘူးလား"

"ကံဆိုတာ အလုပ်လို့ ကိုယ်နားလည်ထားပါတယ်"

"ဒါဖြင့် ကိုယ်လုပ်ခဲ့တဲ့အလုပ်အပေါ် ရှင် နားလည်မှာ ပေါ့နော်"

"အင်း"

"နားမလည်သေးရင် နားလည်အောင် ကြိုးစားထားပါ၊ လူဆိုတာ ကိုယ်ဘာလုပ်ခဲ့တယ်၊ ဘာရည်ရွယ်ချက်နဲ့လုပ်ခဲ့တယ် ဆိုတာသိနေဖို့ ကိုယ့်ကိုကိုယ် ဆန်းစစ်နေဖို့ အမြဲလိုအပ်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com

တေးသခင်နှင့်လက်ထပ်ပြီးလျှင်တော့ ဆရာလုပ်ခြင်းကို ခံရလိမ့်မည်ထင်သည်။ ကိစ္စမရှိပါဘူး လုပ်ပါစေ။ ချစ်နေ တော့ အပြစ်မြင်မည် မဟုတ်ဖော့။ တေးသခင် ပြောနေတာ တွေလည်း အမှန်တွေပဲဟာ။

"ခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်"

"ကျွန်မကို ဘာပြောစရာရှိသေးသလဲ"

"ရှိတာတွေတော့ အများကြီးပဲ"

"အများကြီးဆိုရင် နားထောင်ဖို့ အချိန်မရှိတော့ဘူး ကျွန်မ ဘုရားရှိခိုးပြီး အိပ်တော့မလို့"

"ဒါဆို တစ်ခုပဲ ပြောတော့မယ်"

"ပြော"

"တေးသခင်ကို ကိုယ်တကယ်ချစ်တယ်ဆိုတာ ယုံ ပါ"

"ဟုတ် . . ဒါပဲလား"

ပြောပြောဆိုဆို တေးသခင်ဘက်က ဖုန်းချသွား သည်။ မင်းသောတ မချင့်မရဲဖြစ်ကျန်ရစ်ခဲ့သည်။ မင်းသော အလုပ်ကို ဆက်လုပ်လိုက်သည်။ ပြီးစီးသွားမှ နဖူးပေါ်လက်တ ကာ ပြန်စဉ်းစားသည်။ တေးသခင်နှင့်ပတ်သက်၍ သူ ဘာ ဖြစ်ပေါ်ခံစားခဲ့သနည်း။

မတွေ့ခင် တယ်လီဖုန်းနှင့်လှမ်းဆက်ကာ သူ့အတွင်း ရေးမှူးနှင့် ရုံးဝန်ထမ်းများအပေါ် အမိန့်ဆန်ဆန်စကား၊ ပိုင် ပိုင်နင်းစကားမျိုး သုံးစွဲသည်ဆိုသဖြင့် တေးသခင်အပေါ် မ





နပ်ခဲ့။

နောက် မိခင်က သူနှင့်လက်ထပ်ရန် သဘောတူထား သော မိန်းကလေးဖြစ်ပြီး အိမ်ပေါ်တက်နေရဲသောအဖြစ်ကို သူ လက်မခံချင်။ ရဲတင်းလွန်းသည်ဟု ထင်သည်။

သို့ဖြင့် ပြင်ဦးလွင်လိုက်သွားသောအခါ တွေ့တွေ့ခြင်း မိမိအား ကြည့်လိုက်သောအကြည့်ကို သူမကြိုက်ခဲ့. .။ ညှုတုတု လား၊ချစ်ရည်းစားကို ကြည့်သောအကြည့်၊ ညို့ယူဖမ်းစားသော အကြည့်ဟု သူသတ်မှတ်ကာ အထင်သေးသွားခဲ့သည်။

သို့သော် တေးသခင်၏ အလုပ်အပေါ် အလေးထား ကာ သေသေသပ်သပ် စည်းကမ်းတကျ လုပ်ဆောင်မှုများကို တွေ့မြင်ရတော့ သူ မအံ့ဩဘဲမနေနိုင်။ အလုပ်သမားများအ ပေါ် ဆက်ဆံမှုက ပျော့ပျော့ကလေးနှင့် ကိုယ့်ဘက်ပါအောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။ ထိုအခါ အထင်သေးစိတ် လျော့ပါး သွားခဲ့သည်။

နောက် မိခင်ကြီးအပေါ်ပြုစုပေးမှုက စေတနာပါသည်။ ဟန်မဟုတ်။ ဒီအချက်က မေတ္တာရှင်မိန်းကလေးတစ်ယောက် အဖြစ် ထင်ရှားသည်။ မြင့်မြတ်သောစိတ်ဓာတ်ကို သူ လိုချင် သည်။

တေးသခင်နှင့်ပတ်သက်၍ သူ ကျေနပ်လာသောအခါ တေးသခင်ထံမှအချစ်ကို ရရှိဖို့ သူကြိုးစားချင်သည်။ သူ လိုချင် ခဲ့သည့် အိမ်ထောင်ဘက်မှာ တော်လေးဝကိုဏ်းဝင် မိန်းမမြတ် မျိုး. . .။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် တေးသခင်စိတ်ဓာတ်ကို စမ်းသပ်ကြည့်
သည်။ တေးသခင်ကို လုပ်ဇာတ်တစ်ခုခင်းကာ သူ့ကိုယ်သူ မှေ
စားသားလုပ်၊ အနာကြီးရောဂါရှိနေသူလို လုပ်ဖြစ်လိုက်သည်
တေးသခင် တွန့်ဆုတ်မသွား. . ။ ပညာတတ်မိန်းမပီ
ရောဂါ၏သဘောတရားကိုလည်း သိရှိနားလည်သူဖြစ်သည်
နေမကောင်းတော့ လက်ပွန်းတတီးပင် ပြုစုပြုလိုက်မိသေးသည်
ရောဂါပျောက်ကင်းမှ လက်ထပ်မည်တဲ့။
ဒါကလည်း အသိဉာဏ်ရှိသော မိန်းမတစ်ယောက်
ဆုံးဖြတ်ချက်အမှန်ပင်ဖြစ်သည်။ သို့သော် နှုတ်ကတော့ သူ့
ချစ်ပါသည်ဟု ဝန်မခံသေး. . ။ အပြုအမူတွေက သူ့အား
ကြောင်း ဖော်ကောင်လုပ်နေသော်လည်း နှုတ်က ဝန်မခံခြင်း
ဘာကြောင့်နည်း။
တေးသခင်ထံမှ ချစ်အဖြေရလျှင် သူ၏ လုပ်ဇာတ်
ဖွင့်ဟ တောင်းပန်လိုက်မည်။ နောက် အမြန်ဆုံး လက်ထပ်
မည်။ မင်းသောတ စိတ်ကူးယဉ်နန်းတော်တစ်ခု တည်ဆော
လိုက်လေသည်။
သို့သော် စိတ်ကူးယဉ်နန်းတော်သည် သူ ပြင်ဦးလွင်
ရောက်ရှိသွားချိန်၌ လုံးဝပျက်စီးသွားလေတော့သည်။





# အခန်း(၂၆)

**တေး**သခင်၏ ဩဇာလွှမ်းမိုးမှုအောက်ဝယ် သန့်ရှင်း
သပ်ရပ် ခန့်ညားစွာရှိနေသော အိမ်ခြံဝန်းအတွင်း ဝင်လိုက်သည်
နှင့် စိတ်ထဲကျေနပ်ပျော်ရွှင်မှုများ ခံစားလိုက်ရလေသည်။
ကားကို ဟွန်းသံပေးလိုက်တော့ ဒေါ်အုန်းအပါအဝင်
အလုပ်သမားများက ကြိုဆိုရန် အသင့်ရောက်ရှိလာသည်။
တေးသခင်ကို မတွေ့ရ။

www.burmeseclassic.com



"ဘုမ နင့်အစ်မကော လမ်းလျှောက်ထွက်သလား"

"မသိဘူး ဆရာ၊ ကြီးကြီးကို မေးကြည့်ပါ"

"တယ်. . ဒီကောင်မလေး အိမ်နေပြီး ဘာမှသိတယ်လို့ ကို မရှိဘူး၊ ဒေါ်အုန်း ပစ္စည်းတွေနေရာချထားလိုက်ပါဗျာ. . မေမေကော"

"အပေါ်ထပ်မှာ"

မင်းသောတ အပေါ်ထပ်သို့ အပြေးအလွှားတက်ခဲ့ သည်။ မိခင်ကြီးက အပေါ်ထပ်ဧည့်ခန်းမှာ ထိုင်နေသည်။ ကျောက်ပတ်တီး ဖြေပြီးသွားပြီဖြစ်၍ လက်သည် အကောင်း ပကတိအတိုင်းရှိလေပြီ။

"ဟင် မေမေက ပတ်တီးတောင် ဖြေပြီးပြီလား"

"မနေ့က ဖြေတယ်၊ ပုံမှန်အတိုင်းပဲ ကောင်းသွားပြီ. . ဒါပေမယ့် အပြင်းအထန်တော့ အသုံးမချနဲ့ဦး မှာလိုက်တယ်"

မိခင်လက်ကို ကိုင်တွယ်စမ်းသပ်ရင်း ကျေနပ်သွား သည်။ သို့သော် ချက်ခြင်းပင် သိလိုသောမေးခွန်းကို ဆက်မေး ရသည်။

"တေးသခင်ကော မေမေ"

"ခရီးရောက်မဆိုက် မပြောချင်ပေမယ့် ပြောရဦးမှာ သား"

မင်းသောတရင်ထဲ ထိတ်ခနဲဖြစ်သွားရသည်။

"မနေ့က ပတ်တီးဖြေပြီး လက်အကောင်းပကတိဖြစ် သွားတာမြင်ရပြီး စိတ်ချရတဲ့အချိန်မှာ သမီးက မေမေ့ကိုတောင်း



ပန်တယ် "

မင်းသောတစိတ်ထဲ အလောသုံးဆယ် ဖြစ်မိလေသည်။

"ဘာတောင်းပန်တာလဲ"

"သားနဲ့လက်ထပ်ဖို့ကိစ္စကို ငြင်းပယ်လိုက်တာ"

"ဟင် ဘာဖြစ်လို့လဲ"

"မသိဘူး"

"မေမေက မမေးဘူးလား"

"ဘယ်နေပါ့မလဲ မေးတာပေါ့"

"မေးတော့ ဘာပြောသလဲ"

"ဘာမှ မပြောပါရစေနဲ့၊ သားနဲ့သူ့ကြားမှာ ပြဿနာ တစ်ခု ရှိနေလို့ပါတဲ့၊ သားကလည်း ကျေနပ်မှာပါဆိုပြီး စာတစ် စောင်ပေးခဲ့တယ်"

"စာကော"

"သား ကုတင်ပေါ်မှာ မေမေတင်ထားလိုက်တယ်"

"သား သွားဖတ်လိုက်ဦးမယ်"

"အေး. . အေး"

မိခင်၏ မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ဖို့ပင် မကြိုး စားတော့ဘဲ သူ့အိပ်ခန်းထဲ အလောသုံးဆယ်ဝင်ခဲ့ကာ. . လေ ယာဉ်စာအိတ်ရှည်ကို ယူလိုက်သည်။ အိတ်ပိတ်စာဖြစ်သဖြင့် အံဆွဲတွင်းက ကပ်ကြေးဖြင့် ထိပ်ကို ညီညာစွာဖြတ်ဖွင့်လိုက် သည်။ စာက သိပ်မထူ၍ ကုတင်ပေါ်လှဲချလိုက်ပြီး စာရွက် ခေါက်ကို ဖြန့်ဖတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းသောတ. . .

အချစ်ရဲ့ဆန်းကြယ်မှုကို ကိုယ်တိုင်ကြုံတွေ့ ခံစားရမှ နားလည်တတ်ပါတယ်။

ကျွန်မ ကိုမင်းသောတနဲ့ မပတ်သက်ခင်အချိန်အထိ အချစ်ဆိုတာကို နကန်းတစ်လုံးမှ မသိသေးတဲ့ဘဝမှာပဲ ရှိခဲ့ပါသေးတယ်။

ကျွန်မမိခင်က ကျွန်မကို သွန်သင်ဆုံးမထားတာ တစ်ခုကိုတော့ ကျွန်မနှလုံးသားမှာ အရွယ်ရောက်လာကတည်းက စွဲမြဲထင်နေတာတစ်ခုရှိတယ်။ အဲဒါက 'ဘာလဲဆိုတော့ ချစ်သူနဲ့လက်ထပ်သူ တစ်ယောက်တည်းပဲဖြစ်ရမယ်ဆိုတဲ့ အချက်ပါ။

ကျွန်မကို မိခင်က လက်ထပ်ဖို့ သတို့သားလောင်း ရွေးလိုက်ပြီလို့ ပြောလိုက်ကတည်းက ကျွန်မရင်ထဲမှာ အဲဒီသတို့သားလောင်းကိုပဲ ကျွန်မ ချစ်ရတော့မယ်။ ကျွန်မ ချစ်သူပဲလို့ မှတ်ယူပြီးသား ဖြစ်သွားပါတယ်။ အဲဒီသူဟာ ကိုမင်းသောတ ဆိုတာ ရှင်းပြဖို့ လိုမယ်မထင်ပါဘူးနော်။

မိခင်ရဲ့စီမံချက်၊ ကိုမင်းသောတမိခင်ကြီးမေရဲ့ စီမံချက်တွေကို ကျွန်မ ငြင်းပယ်နိုင်တဲ့အင်အား မရှိပါဘူး။

တကယ်ပဲ အထီးကျန်လိုဖြစ်ပြီး လုပ်ငန်းတွေ ဖရိုဖရဲဖြစ်လုလု အနေအထားကို ကျွန်မဝင်ကူညီပေးရင်း ရှင့်အိမ်ပေါ်ကို ရောက်ခဲ့ရတယ်။

ဒီမှာပဲ ကြီးမေဆီက ရှင့်အကြောင်းတွေ ရှင့်ဓာတ်ပုံတွေ တွေ့မြင်နေရုံမက ရှင့်ထံ ဖုန်းဆက်တဲ့အခါ ရှင့် အသံတွေ



ကြားနေရတယ်။ ကျွန်မနဲ့ လက်ထပ်ရမယ့်သူအဖြစ် ကျွန်မစိတ်ဝင်စားမိခဲ့ပါတယ်။

မှုသားမပါဘဲ ရှင်းရှင်းလင်းလင်းဝန်ခံရရင် ရှင့်ဓာတ်ပုံကို မြင်မြင်ချင်း ကျွန်မစိတ်မှာ တစ်ခါမှမဖြစ်ပေါ်ဘူးတဲ့ ဝေဒနာတစ်ရပ် ဖြစ်ပေါ်ခဲ့တယ်။ အဲဒီဝေဒနာကို အချစ်လို့ ကျွန်မ နားလည်မိလိုက်တဲ့အတွက် ကျွန်မရှင့်ကို ချစ်မိသွားပြီလို့ သိလိုက်ရပါတယ်။

ရှင်နဲ့တယ်လီဖုန်းနဲ့ဆက်ပြီး စကားပြောရင်း ဘုဘောက်နေမိပေမယ့် ကျွန်မရင်ထဲ လှုပ်ရှားစေခဲ့တယ်။ လောကကြီးရဲ့ဆန်းကြယ်မှုလို့တော့ မပြောချင်ပါဘူး။ ချစ်စိတ်ရဲ့ဆန်းကြယ်မှုလို့တော့ ကျွန်မ ဆိုချင်တယ်။

ရှင့်ဆီဆက်လိုက်တိုင်း မိန်းကလေးတွေနဲ့ချည်း တိုးနေရတော့ ရှင့်ကိုလူရှုပ်၊ လူပွေတစ်ယောက်အနေနဲ့ ကျွန်မစိတ်ထဲတွန့်ဆုတ်လာမိပေမယ့် ချစ်မိတဲ့စိတ်ကို ရုပ်သိမ်းလို့မရအောင်ပါပဲ။

ဒါကြောင့် ပြင်ဦးလွင်ကို ရှင်ရောက်ရောက်လာခြင်း ရှင့်ကိုမြင်တွေ့လိုက်ရတဲ့ ကျွန်မဟာ စိတ်ကိုဘယ်လိုမှ ထိန်းလို့မရအောင်ပဲ အတိတ်ဘဝဟောင်းက ချစ်သူတစ်ဦးနဲ့ ပြန်လည်ဆုံဆည်းရသလို ခံစားလိုက်ရပြီး ရှင့်ကို သတိလက်လွတ် ငေးကြည့်ခဲ့ရင်း ကျွန်မရင်မှာ ခံစားလိုက်တာက ကျွန်မ ရှင့်ကို ဘဝတစ်သက်တာအတွက် မကဘူး။ ဘဝပေါင်းများစွာအတွက်ကို ချစ်မိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတန်မဲ့ တစ်ဘက်သတ်ချစ်ခြင်းအပေါ် ကျွန်မ သိက္ခာမဲ့နိုင်တယ် ထင်ပေမယ့် ရင်ထဲ မျိုသိပ်ထားခဲ့တယ်။ ရှင်က ကျွန်မကို အထင်သေးသောအကြည့်နဲ့ ကြည့်ရုံမကဘူး။ ကျွန်မ အပေါ် အပြစ်ရှာတာတွေ လက်တွေ့ တွေ့မြင်ရတော့ ကျွန်မ တော်တော်စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမယ့် ချစ်မိတော့ ခွင့်လွှတ်ပါတယ်။

ဒါပေမယ့် မိန်းမတစ်ယောက်ဟာ ယောကျ်ားတစ်ဦးကို ရှင့်ကိုကျွန်မချစ်တယ်၊ ရှင်ကျွန်မကို ပြန်ချစ်နိုင်မလားလို့ မေး ကြည့်လို့ဖြစ်နိုင်ပါ့မလား ကိုမင်းသောတ။

အဲဒီလိုသာ ကျွန်မ မေးကြည့်၊ ရှင် ကျွန်မကို ရွံရှာစွာ ကျောခိုင်းသွားလိမ့်မယ်ဆိုတာ သေချာတယ်။ ယောကျ်ားတွေ ဟာ ခက်ခက်ခဲခဲကိုမှ လိုချင်ကြတတ်တာ မမွှတာပဲ။

မိဘသဘောတူလို့ မိဘတွေအလိုကျ အနားမှာ အဆင် သင့်ရောက်ရှိနေတဲ့ မိန်းမတစ်ယောက်ကို တန်ဖိုးမထားဘဲ အထင်သေးစိတ်နဲ့ ရမယ်ရှာနေတယ်ဆိုတာ ကျွန်မ ရှင်းရှင်းသိ လိုက်ရတာက ရှင် လုပ်ဇာတ်ဖန်တီးလိုက်တဲ့ ယုတ္တိမရှိတဲ့ ရှင့်ဘဝ ဇာတ်ကြောင်းနဲ့ ရောဂါအခြေအနေပါပဲ။

ဟင်းခနဲ အသံထွက်မိသည်အထိ အံ့အားသင့်သွားပြီ ခေါင်းကိုဆတ်ကာ လှဲနေရာမှ မတ်မတ်ထိုင်လိုက်ပြီး စာကို စိတ် ဝင်စားစွာ ဆက်ဖတ်လိုက်သည်။

ဒေါ်ဒေါ်အေးဆီက စကားတွေ တီးခေါက်ကြည့်ခဲ့သ လို ကြီးမေဆီကလည်း စကားတွေ နှိုက်ကြည့်ခဲ့ပါတယ်။ ကျွန်မ



ဟာ ဘယ်သူ့စကားကိုမှ နားယောင်ရုံနဲ့ လွယ်လင့်တကူ မယုံ တတ်ပါဘူး။ ကိုယ်တိုင်ကိုယ်ကျ ခရေစေ့တွင်းကျ လေ့လာပြီးမှ ယုံတတ်တဲ့သူပါ။

ရှင် နေမကောင်းတော့လည်း အဖျားကြီးပြီး ကယောင် ကတမ်းဖြစ်နေတဲ့ရှင့်ကို ကျွန်မနဲ့ ဒေါ်ဒေါ်အေး ရေပတ်တိုက် ပေးခဲ့တယ်။ ရှင်ပြောတဲ့ အဖြူကွက်တွေ အနာတွေရဲ့ အရိပ်အ ယောင်လေးတောင် မမြင်တွေ့ရပါလား။

ဒီမှာပဲ ရှင်ဟာ ကျွန်မကို အထင်သေးစွာနဲ့ စမ်းသပ်နေ သူ တစ်ယောက်ပါလားလို့ ကျွန်မ သဘောပေါက်လိုက်ပြီ. . ။ ကျွန်မရင်ထဲ မချိမဆန့်ကို ခံရခက်ခဲ့ပါတယ် ကိုမင်းသောတ။

ကျွန်မ ရှင်က ချစ်ပါတယ်လို့ ပြောလာတဲ့ ပါးစပ်ဖျားက အချစ်ကိုလည်း မယုံကြည်တော့ပါဘူး။ ချစ်ခြင်းရဲ့အစက လေး စားမြတ်နိုးခြင်းကပါ။ ရှင်က ကျွန်မကို မြင်မြင်ခြင်း အထင် သေးခဲ့တာပါ။ နောက်လည်း အထင်သေးလို့ မယုံကြည်စွာနဲ့ပဲ ကျွန်မအချစ်ကို ရှင်အမျိုးမျိုး စမ်းသပ်နေတာ. . .

အဲဒီလို လူတစ်ယောက်ဆီက ချစ်တယ်ဆိုတဲ့ စကား တစ်ခွန်းကို ကျွန်မ လုံးဝမယုံကြည့်ဘူး။ ဒါ ကျွန်မအပြစ် မရှိဘူး ထင်ပါတယ်။

ကျွန်မဘယ်လောက်ချစ်ချစ် ကျွန်မအပေါ် အထင် သေးတဲ့ ယောကျ်ားတစ်ယောက်ကို ယူရဲတဲ့သတ္တိ ကျွန်မမှာ မရှိ ဘူး။ ဒါကြောင့် ကျွန်မ ရှင်နဲ့လက်ထပ်ဖို့ကိစ္စကို ကျွန်မဘက်က ပဲ ငြင်းပယ်လိုက်ပါပြီ ကိုမင်းသောတ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com


*နှစ်ဘက်မိဘများ စိတ်သောကရောက်အောင်တော့ ကျွန်မ လုပ်လိုက်မိပါပြီ။ ဒီစာရတဲ့အချိန်မှာပဲ ကြီးမေက တစ်ဆင့် ကျွန်မမေမေကိုပါ ပြောလိုက်ပါ။ ရှင့်ကို ကျွန်မ လက်မထပ်နိုင်လို့ ထင်ရာကို ထွက်သွားပါပြီလို့ လိုက်ရှာဖို့မလိုဘူး။ စိတ်အေးအေးထားပါ။ ကျွန်မလည်း ဘာမှမဟုတ်တာကိုလုပ်မယ့် မိန်းမတစ်ယောက် မဟုတ်သလို အကောင်းဆုံးဖြစ်အောင် နေထိုင်သွားတတ်တဲ့ မိန်းမတစ်ယောက်ဆိုတာ မေမေ ယုံကြည်ပေးပါလို့ ပြောပြလိုက်ပါ။*

*ဒါပါပဲ ကိုမင်းသောတ။ ရှင့် တစ်ယောက်တည်းကိုသာ ကျွန်မ ချစ်သွားမှာပါ။ ဒါပေမယ့် ရှင့်အချစ်ကို မယုံကြည်တဲ့အတွက် လက်ထပ်ခြင်းကိုလည်း လက်မခံနိုင်ခြင်း ဖြစ်တယ်ဆိုတာ ရှင်နားလည်သဘောပေါက်ရောပေါ့။*

*တေးသခင်*

မင်းသောတ ဝုန်းခနဲထိုင်ရာမှထကာ စာကိုကိုင်ပြီး မိခင်ရှိရာသို့ ပြေးထွက်ခဲ့သည်။

"မေမေ. . မေမေ. ."

အရှေ့ထဲ မိခင်က စောစောကနေရာတွင် ရှိမနေတော့ဘဲ အောက်ထပ်သို့ ဆင်းသွားသည်။

"မေမေ"

ခလုတ်ထိတော့ အမိ တရသည်။

အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလလို တော်လေးဝဂိုဏ်ဆင် မိန်းမကိုမှ မပေါသီ မြောက်လိုပါသည်ဟု စိတ်ကူးယဉ်ဆန်ဆန် လုပ်ဇာတ်ဆင် အစမ်းအသပ်ကောင်းလို့ ချစ်သူကို လက်လွှတ်ဆုံးရှုံးရတော့မည့် အဖြစ်မျိုး သူကြုံနေရပြီ။

အောက်ထပ်ဧည့်ခန်းဝယ် ဒေါ်အုန်းနှင့် စကားပြောနေသော မိခင်ဒေါ်တင်တင်ကြီးက. .

"ဟဲ့ ပျာယိပျာယာနဲ့ ဘာဖြစ်တာလဲ သား"

"မေမေ့သမီး သားကို လုပ်ချသွားပြီ"

"ဘာ လုပ်ချသွားတာလဲ. . စကားပြောတာ အမြီးမတဲ့ အမောက်မတဲ့နဲ့ အေးအေးဆေးဆေးထိုင်ပြောစမ်းပါ သားရယ်"

မင်းသောတ သောကစိတ်တို့က စကားကို အေးအေးဆေးဆေး ပြောခွင့်မပြုချေ။ သူ့ရင်ထဲ မီးတောက်နေလေပြီ။

"တေးသခင်က သားနဲ့လက်မထပ်ချင်လို့ ထွက်သွားတာတဲ့ မေမေ"

"ဟယ်"

ဒေါ်တင်တင်ကြီး မျက်လုံးပြူးထွက်သွားလေသည်။

"ဘယ်လို. . ဘယ်လို"

မင်းသောတ မထူးတော့ပြီ။ တေးသခင် စာကို မိခင်လက်ထဲအပ်ပြီး သူ၏လုပ်ဇာတ်ကိုလည်း ရှင်းပြရသည်။ ဒေါ်တင်တင်ကြီးက စာကိုလည်း ဖတ်ပြီး၊ မင်းသောတ ရှင်းပြချက်အပြီး၌. . .

" ငါ့နှယ်နော် ငိုအားထက် ရယ်အားသန်ရသလိုဖြစ်နေပြီ နှစ်ယောက်စလုံးက အချစ်စစ်အချစ်မှန်ကို ကိုယ့်စိတ်ကူးစိတ်သန်းနဲ့ ရှာဖွေနေကြတဲ့သူတွေပါလား။ ကိုင်း. . ကိုယ့်အိမ်



www.burmeseclassic.com

www.burmeseclassic.com

က ထွက်သွားတာဆိုတော့ ကိုယ့်မှာတာဝန်ရှိပြီ၊ မြတ်ဆီ ဖုန်းလှမ်းဆက်ဦးမှ. . "

"သား လုပ်ဇာတ်ကြီးကိုတော့ ရှင်းပြမနေပါနဲ့တော့"

"ဘာဖြစ်လို့လဲ"

"ရှက်စရာကြီး"

"ဘာအခုမှရှက်နေရတာလဲ၊ မိန်းမပိုးနည်းကလည်း အလိုက်တာ၊ ကိုယ့်ကိုကိုယ် အနူဖြစ်အောင်ဖန်တီးသေး၊ ငါတို့က ပါ မွေးစားရတယ်ဖြစ်သေး၊ မင်းသောတရယ် အူကြောင်ကြောင်နိုင်လိုက်တာ "

မင်းသောတ ကိုယ့်အပြစ်နှင့်ကိုယ် ငြိမ်သက်နေလိုက်သည်။ ဒေါ်တင်တင်ကြီးက မန္တလေးသို့ ဖုန်းခေါ်လိုက်သည်။ မင်းသောတ နားစွင့်ရင်း. . တေးသခင် သူ့မန္တလေးအိမ်သို့ ပြန်ရောက်နေပါစေဟု ဆုတောင်းနေမိသည်။

"ဟဲလို. . တင်ကြီးပါ မြတ်ရဲ့"

". . . . . . . . . . . . . . . "

ဒေါ်မြတ်လေးက ဘာပြောသည်ကိုတော့ မင်းသောတ မကြားနိုင်ချေ။

"အင်း သားရေးသမီးရေးကိစ္စက ပေါ်လာပြီ မြတ်ရေ လိုက်လာခဲ့မှဖြစ်မယ်"

". . . . . . . . . . "

"ရတယ် တင်ကြီး. . သားလည်း အခုပဲ ရောက်တာ တစ်အောင့်နားပြီး ဆင်းလာခဲ့မယ်လေ "





". . . . . . . . . . . . "

မိခင်က တေးသခင်မရှိကြောင်း ထည့်မပြောခြင်းကို မင်းသောတ နားမလည်နိုင်ချေ။

"ဟုတ်ပြီလေ ကိုယ်လာမှပဲ ပြောတော့မယ်"

". . . . . . . . . . . . "

"လက်လား ကောင်းတာပေါ့၊ အရင်အတိုင်းပဲ ဘာမှ မသိတော့ဘူး"

". . . . . . . . . . . "

"အေး. . အေး. . ဒါပဲနော် အိုကေ"

မိခင်က ဖုန်းကိုချလိုက်ပြီး. . .

"မြတ် အရမ်းစိတ်ပူမှာစိုးလို့ ဘာမှဖွင့်ပြောလို့ မဖြစ်သေးဘူးသား၊ တေးသခင်က မနေ့က ပတ်တီးဖြေပေးပြီး. . မန္တလေးခဏဆင်းမယ်ဆိုပြီး ဆင်းသွားတာ၊ ညက မြတ်ဆီက ဖုန်းမလာကတည်းက စိတ်ထဲထင်တော့ ထင်လိုက်သား၊ ဒါပေမယ့် သေချာအောင် သားအလာကို စောင့်နေတာ"

"ဟာ. . မေမေကလည်း သူပေးထားတဲ့စာကို ဖောက်ပြီး ရှာသင့်ရှာကြတာ မဟုတ်ဘူး"

"ဟဲ့ အရွယ်မရောက်သေးတဲ့လူမှ မဟုတ်တာ၊ မနူးမနပ်အရွယ်လည်း မဟုတ်၊ အသိဉာဏ်နည်းတဲ့မိန်းမ တစ်ယောက်မှ မဟုတ်တာ၊ သူငယ်ချင်းတစ်ယောက်အိမ်မှာ သွားပုန်းနေမှာပေါ့ "

"ဒါဖြင့် ရှာရအောင်လေ"


www.burmeseclassic.com

www.burmeseclassic.com



"သူ့သူငယ်ချင်းလိပ်စာတွေ မင်းသိလို့လား၊ ဒါကြောင့် သူ့အမေဆီအရင်သွားရမယ်၊ အကျိုးအကြောင်း ရှင်းပြပြီးရင် ရှာဖွေရေးလုပ်ငန်း မင်းလုပ်ပေါ့၊ မင်းအပြစ်နဲ့မင်း ခံပေါ့"

မင်းသောတ မျောက်မီးခဲကိုင်မိသလိုဖြစ်နေလေသည်။ မိခင် ဒေါ်တင်တင်ကြီးက သူ့အားကြည့်ပြီး မျက်စောင်းထိုးသည်။

"မိဘတွေက ရှာဖွေပေးထားတဲ့မိန်းမကို လွယ်တယ်ထင်ခဲ့တဲ့ကောင်၊ ခုတော့ ဘာတတ်နိုင်သေးသလဲ"

မင်းသောတ မိခင်မျက်နှာကိုဖျတ်ခနဲကြည့်လိုက်သည်။ မိခင်မျက်နှာမှာ သောကအရိပ်အယောင် မတွေ့ရပါလား. .။ စကားတွေထဲ၌လည်း ပူပန်ခြင်းတို့ မပါဝင်ချေ။

မင်းသောတစိတ်ထဲ သံသယဝင်လာသည်။ ဒီကိစ္စ မိခင်နှစ်ယောက်ပါ ပူးပေါင်းကြံစည်ထားတာများ ဖြစ်နိုင်မလား ဘယ်ရမလဲ မင်းသောတပေပဲ။ ငယ်စဉ်က လူရွှင်တော်လည်း လုပ်ဖူးသည်။ ပြဇာတ်လည်း ကဖူးသည်ပဲ။ အခြေအနေအရပ်ရပ်ကို မီးစင်ကြည့်ကလိုက်ရုံသာရှိသည်။

"ဒါဖြင့်လည်း မန္တလေး ပြန်ဆင်းမယ်"

"ဆင်းတာပေါ့ ယူစရာရှိတာလေး ယူပါရစေဦး၊ ကားကို မင်းမမောင်းနဲ့၊ မင်းက မွှန်နေတာဆိုတော့ မင်း မောင်းတဲ့ကား ငါမစီးရဲပါဘူး"

"မေမေ့ သဘောဗျာ"

"နေစမ်းပါဦး မေမေမေးဖို့ မေ့နေတယ်၊ မင်း တေးသခင်ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား"





"ဟာ. . . မေမေကလည်း ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လား လုပ်နေပြန်ပါပြီ၊ သားရင်ထဲ မီးတောက်နေပြီ"

"အေး. . အေး. . ကဲကဲ. . ဘုမ မောင်မဲကို ကားထုတ်ခိုင်းလိုက်၊ မအုန်းရေ လက်ဆောင်ပစ္စည်းလေးတွေလည်း စီစဉ်ပေးလိုက်ပါဦး၊ မြတ်က ဘုရားပန်းကို မြိုင်နေအောင်တင်တတ်တာ၊ မဝေကိုခူးခိုင်းပြီး သေသေချာချာထုတ်ပိုးပြီး တင်လိုက်ပါဦး"

မိခင်ကတော့ အပျော်ခရီး အလည်အပတ်သွားသလိုမျိုး အေးအေးဆေးဆေး စီစဉ်နေနိုင်သည်။ မင်းသောတလည်း လူပေါင်းများစွာနှင့် ဆက်ဆံအလုပ်လုပ်နေသူပေပဲ လူကဲခတ်ပညာ မညံ့ချေ။

မိခင်နှစ်ယောက်ကို ခြေရာကောက်လိုက်ရုံနှင့် တေးသခင် ရှိသောနေရာကို သိသွားနိုင်သည်။ မင်းသောတကလည်း အခြေအနေကို သုံးသပ်ကာ အစီအစဉ်သစ်တစ်ခုကို စိတ်ကူးနဲ့ ရေးဆွဲနေလိုက်သည်။

ယောကျ်ားမှာလည်း မာယာလက်နက်ရှိတာပဲဆိုတာ တေးသခင် မသိနားမလည်လျှင်တော့. .၊ မင်းသောတ စိတ်ထဲ ထွက်ပေါက်တစ်ခု ရှာတွေ့ပြီဖြစ်သဖြင့် ပူပန်မှုသောက အတန်ငယ် ငြိမ်းအေးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၇)

**ထင်**ထားသည့်အတိုင်းပင် တေးသခင်မိခင် ဒေါ်မြတ်
လေးမှာလည်း မျက်စိမျက်နှာသိပ်မပျက် သမီးတစ်ယောက် ရှော
တရက်ပျောက်ဆုံးသွားသော မိခင်တစ်ဦးနှင့် မတူချေ။ သတ္တ
တစ်ခု ကံတစ်ခုပေပဲဟု မှတ်ယူကာ တကယ်ပင် ငြိမ်းချမ်းတည်
တန့်နေတာလားဟုပင် တွေးထင်ရမလောင်ပင်။



"သမီးငယ်က အမေ့စကားနားထောင်တတ်သူပါ ဒူ
ငြင်းပယ်ရခက်လို့ တစ်နေရာရာ ခဏသွားနေတာဖြစ်မယ်၊ သမီး
ကြီး သူ့သူငယ်ချင်းတွေ သွားတတ်တဲ့ဆီ ဖုန်းလေးဘာလေး
ဆက်လိုက်ပါဦး"

ဝတ်ကျေတန်းကျေ နိုင်မနေဘူးလား။

"ကျွန်တော်ကော ဘယ်တွေလိုက်ရှာရမလဲ အန်တီ"

ဒေါ်မြတ်လေးက သူ့အား ဖျတ်ခနဲကြည့်ပြီး. . .

"စစ်ကိုင်းက သူငယ်ချင်းအိမ်ရယ်၊ သီလရှင်ဝတ်သွားတဲ့
သူငယ်ချင်းရယ်တော့ ရှိတယ်၊ သရက်ချောင်က ဒေါ်ခေမာဝတီ
ဆိုရင် ရတယ်၊ အဲဒီမှာများ သွားနေမလား မသိဘူး"

ဟုတော့ ပြောလိုက်သည်။

"ဒါဖြင့် ကျွန်တော် အဲဒီဘက် သွားရှာလိုက်မယ်"

"သားက တစ်ညလုံးကားမောင်းလာရတာမှတ်လား၊
သွားလို့ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ မောင်မဲနဲ့ သွားမှာပဲ"

"ထမင်းစားပြီးမှ သွားပါလား သား"

"မစားတော့ပါဘူး အန်တီ၊ စားလို့လည်း ဝင်မှာ မဟုတ်
ဘူး"

မိခင်နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် ဖျတ်
ခနဲ ကြည့်လိုက်သည်။ သူ့အပေါ် သနားစိတ်ကလေး အတန်ငယ်
ယိုစိမ့်လာပြီထင့်. . ။

မင်းသောတ မျက်နှာကို အတတ်နိုင်ဆုံး အေးအေးချကာ



www.burmeseclassic.com

www.burmeseclassic.com



ညှိုးငယ်ထားလိုက်သည်။ မျက်ရည်ကျလောက်အောင်တော့ မပျော့ညံ့တတ်သဖြင့် ခက်သည်။ စိတ်ထဲမှာလည်း တေးသခင် ရှိသည့် နေရာကို မိခင်သိနှင့်နေလိမ့်မည်ဟု ယုံကြည်ပြီးသား ဖြစ်နေသည်။ ကျန်လူများကတော့ ဘယ်သူမှ သိထားပုံမရသေး ဟိုစဉ်းစား ဒီစဉ်းစား ဖုန်းဟိုဆက်လိုက် ဒီဆက်လိုက် လုပ်နေ သည်။

မင်းသောတ ထွက်ခဲ့သည်။ စစ်ကိုင်းရှိ တေးသခင်၏ သူငယ်ချင်းအိမ်၊ နောက် စစ်ကိုင်းချောင်၊ ညနေစောင်းတော့ ပြန်လာရင်း သူ စဉ်းစားသည်။ ပုန်းနေသောသူ ထွက်လာစေရန် လုပ်သည့်နည်းမှာ တစ်နည်းတည်းရှိသည်။

မန္တလေးရှိ သူ့သူငယ်ချင်း ဆရာဝန်အိမ်သို့ ဝင်လိုက် လေသည်။

"မင်းကတော့ ခုထက်ထိကို အချစ်ရှာပုံတော်ဖွင့်လို့ မပြီး နိုင်သေးဘူးလား"

"အချစ်က တွေ့ပြီ၊ ဒါပေမယ့် ပုန်းအောင်းနေလို့ ထွက် လာအောင် လုပ်ဖို့ပဲလိုတယ်"

"ဖြစ်လိုက်ရင် အသည်းအသန်ကြီးပါလား မင်းသောတ ရာ"

" မတတ်နိုင်ဘူးလေကွာ၊ အချစ်ဆိုတာ ဘယ်လိုရှိမှန်း မှ မသိတော့. . ငါလည်း အမျိုးမျိုး စမ်းသပ်ကြည့်တာပေါ့ကွာ ငါ့စမ်းသပ်ချက်က သူ့အပေါ် စော်ကားသလို ဖြစ်မယ်ဆိုတာ ငါ သိရင် ငါဘယ်စမ်းသပ်ပါ့မလဲ"





"အချစ်ဆိုတာ စမ်းသပ်စရာ မလိုဘူးကွ၊ နှလုံးသား ထဲကကို အလိုအလျောက် ပေါက်ဖွားလာတဲ့ ကိစ္စမျိုး. . ."

"ကိုင်း. . ခုချိန်မှာ တရားလာမချနဲ့ ကိုယ်တော်၊ ငါ့ကို ကူညီမလား၊ မကူညီဘူးလားဆိုတာတော့ ပြော. ."

"ကူညီပါ့မယ်ကွာ၊ အချစ်ရေး ကူညီရတာ ကုသိုလ်ရ ပါတယ်"

တေးသခင် ပုန်းအောင်းနေရာကထွက်လာဖို့ကို မင်း သောတ လုပ်ကြံဇာတ်လမ်းတစ်ခု ထပ်ဖန်တီးရပြန်သည်။ ဒါ ကတော့ ချစ်ခြင်းကို ယုံကြည်စွာစိန်ခေါ်ခြင်း ဖြစ်သည်။ တေး သခင်၏အချစ်ကို ယုံကြည်၍ဖြစ်သည်။ ပြီးတော့ သူ့နှလုံးသား ကိုလည်း သူ နားလည်ပြီး ချစ်ခြင်းမေတ္တာ၌ မာန်၊ မာနမရှိခြင်း ကိုပင်. . .

တေးသခင် သူ့ကိုခွင့်လွှတ်မှာပါဟု ယုံကြည်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၈)

**တေး**သခင် သူငယ်ချင်းတစ်ယောက်ထံမှာ ခေတ္တ နေထိုင်ရင်း မိခင်၏ဖုန်းအဆက်အသွယ်ကို စောင့်နေရသည် ဘာလုပ်လုပ် မိခင်ကိုတိုင်ပင်တတ်သော အလေ့အကျင့်ကောင်း သည် တေးသခင်ထံ၌ ငယ်စဉ်ကတည်းက ရှိခဲ့သည်။

မင်းသောတနှင့်ပတ်သက်၍ ခံစားရသမျှကို မိခင်အား ညစဉ်လိုလို တယ်လီဖုန်းဖြင့် ရင်ဖွင့်ပြခဲ့သည်။ မင်းသောတအား





သူသည် မွေးစားသားပါ။ ခု သူ့မှာ အနာကြီးရောဂါပိုး တွေ့နေလို့ ကုသနေရပါသည်ဟူသော လုပ်ကြံဇာတ်အပေါ် သံသယဖြစ်လာသောအခါ မိခင်ကို ဖွင့်ဟတိုင်ပင်တော့ မိခင်က ရယ်မောကာ. . .

"အဲဒါ သမီးကိုစမ်းတာ၊ တင်ကြီးကိုယ်ဝန်နဲ့ မေမေဆီရောက်လာသေးတာ၊ တိုက်တိုက်ဆိုင်ဆိုင် မေမေ ရန်ကုန်ကိုအသွား တင်ကြီးမီးဖွားတာနဲ့ကြုံလို့တောင် သတင်းဝင်မေးခဲ့သေးတာ၊ ဒီသူငယ် သမီးငယ်ကို အချစ်စမ်းနေတာပါကွယ်၊ ဒီကိစ္စ တင်ကြီးကို ဖွင့်ပြောပြီး တိုင်ပင်လိုက်ပါ. . ."

သို့နှင့် တေးသခင် မိခင်နှင့်ယောက္ခမလောင်း၏ အကြံဉာဏ်အတိုင်း မင်းသောတကို ပညာပေးရသည်. . ။ အချစ်၏နောက်ကွယ်၌ ကပ်ညိပါတတ်သော လေးစားတန်ဖိုးထားခြင်း၊ နားလည်ခွင့်လွှတ်ခြင်းတို့သည်လည်း အရေးကြီးကြောင်း သူ သိစေချင်သည်။

ချစ်ခြင်းနောက်၌ မတော်တဆ ပါလာတတ်သည့် ခွဲခွာခြင်းသည်လည်း အလွန်အမင်း ခံစားရကြောင်းလည်း သိစေချင်သည်။ အချစ်ကို ပြုလုပ်ဖန်တီး၍မရ၊ နှလုံးသား၌ အလိုအလျောက် သန္ဓေတည်မွေးဖွားတတ်ကြောင်း တေးသခင် သဘောပေါက်ပြီးသား ဖြစ်သည်။ မိမိသဘောပေါက်သလို မင်းသောတ သဘောပေါက်စေချင်သည်။

"မတော်လိုက်ရတဲ့ ရွှေယောင်းမရေ၊ ခင်ဗျားအမေဆီ က ဖုန်းလာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက သူ့အားလာခေါ်သည်။ မန္တလေးမြို့၏ ပူပြင်းခြောက်သွေ့မှုကို ငေးကြည့်နေရင်း မင်းသောတကို တမ်းတစိတ်၊ သတိရစိတ်တို့ကို ကြိုးစားဖြေဖျောက်နေချိန် ဖြစ်သည်။

တေးသခင် ဝမ်းသာအားရပင် တယ်လီဖုန်းချထားရာသို့ အပြေးအလွှားရောက်လာပြီး ကောက်ကိုင်လိုက်သည်။

"ဟဲလို မေမေ"

"သမီးလား ဒီမှာတော့ ပြဿနာပေါ်ပြန်ပြီ"

တေးသခင်ရင်ထဲ ဒိန်းခနဲ ဖြစ်သွားရသည်။

"ဘာပြဿနာလဲ မေမေ"

"မင်းသောတလေကွယ်. . ၊ စစ်ကိုင်းကအပြန် ကားမှောက်လို့တဲ့၊ ဆရာဝန်တစ်ယောက်က ဖုန်းဆက်တယ်"

"ဟင်. . ဘာ. . ဘာဖြစ်သွားသေးလဲ မေမေ"

တေးသခင် ငယ်ထိပ်မြွေပေါက်လေပြီ။ စိုးရိမ်ပူပန်စိတ်က မျက်ရည်များ ရစ်ဒိုင်ကျဆင်းလာသည်အထိ ဖြစ်သွားသည်။

"သတိမရသေးဘူး၊ သူ့ဆေးခန်းနားဖြစ်လို့ သူ့ဆေးခန်းမှာပဲ သွေးလွန်မှာစိုးလို့ ကုသထားလိုက်တယ်တဲ့၊ အတူပါသွားတဲ့ သူ့ဒရိုင်ဘာက ဖုန်းနံပါတ်ပေးနိုင်လို့ တော်သေးတယ်ပြောတယ်"

"ဘယ်ဆေးခန်းလဲ"

". . . . . . . . . . . ."

"ဒါဆို သမီး အဲဒီကိုပဲတန်းသွားလိုက်တော့မယ် မေမေ"

တေးသခင် လက်ရှိအခြေအနေကို မေ့လျော့သွားသည်။ အချစ်၌ ဟန်ဆောင်မှု မရှိပါလား။ ချက်ချင်းပင်. . .





"သင်းသင်း ကျွန်တော့်ကို လိုက်ပို့"

"ဘယ်လဲ ခင်ဗျားက"

"သူ ကားအက်စ်ဆီဒင့် ဖြစ်လို့တဲ့"

"ဗုဒ္ဓေါ ဆိုင်ကယ်ပဲ ရှိတယ်၊ ကားမအားဘူး"

"ဆိုင်ကယ်နဲ့ပဲ ပို့ဟာ"

"အေးအေး. . ပို့ရမှာပဲ ခင်ဗျားမောင်းသွားရင်လဲ ကျွန်တော် စိတ်မချနိုင်ပါဘူး၊ မချစ်ကြတာလဲ မဟုတ်ဘဲနဲ့များ၊ အချစ်ကိုများ စမ်းသပ်ရတယ်လို့ မသေကောင်း မပျောက်ကောင်းကွာ"

တေးသခင် သူငယ်ချင်းကို မချေပနိုင်တော့. . ။ ရင်ထဲ နေဆယ်စင်း ထွန်းလင်းနေလေပြီ။ ချစ်သူအပေါ် လုံးဝမရက်စက်ချင်ပါ။ နည်းနည်းပညာပေးရုံလောက်ပင်။

တော်ပါပြီ၊ မိန်းမဈေးဖျက်တယ်ပဲပြောပြော၊ အချစ်မှာမာနမရှိတာ၊ မင်းသောတအလိုကျ လိုက်လျောလိုက်တော့မည်။

"ဘုရား. . ဘုရား သူ ဘာမှမဖြစ်ပါစေနဲ့"

တေးသခင် သူငယ်ချင်းနောက်မှ လိုက်ပါလာရင်း ရသမျှဘုရားစာကို အဆက်မပြတ် ရွတ်ဖတ်သရဇ္ဈယ်လိုက်သည်။

ဘာမှကြီးကြီးကျယ်ကျယ် ဒဏ်ရာမရပါစေနဲ့ ဆိုးဆိုးရွားရွား မမြင်တွေ့ပါရစေနဲ့ဟု ဆုတောင်းသော်လည်း. . ဆုတောင်း မပြည့်ပါချေ။ ပေးထားသောလိပ်စာအရ ဆေးခန်းသို့အရောက် မင်းသောတကို မျက်နှာတစ်ပြင်လုံး ပတ်တီးဖွေးဖွေးကို တွေ့လိုက်ရသည်။ ခြေထောက်လည်း ဖွေးလျက်. .

"ဘုရား. . ဘုရား. ."

www.burmeseclassic.com



ချစ်ဇော်အဟုန်ကပ်နေပြီဆိုတော့ ဘာကိုမှ သတိမထားမိ၊ စိုးရိမ်စိတ်ဖြင့် မင်းသောတာကုတင်နား ပြေးကပ်ကာ. .

"ကိုမင်းသောတ"

မင်းသောတ မျက်လုံးဖွင့်ကြည့်သည်။ သောက မျက်ဝန်းအစုံ မျက်ရည်စတို့ ဖုံးလွှမ်းလျက်၊ တုန်လှုပ်ခြောက်ခြားနေရှာသော မျက်ဝန်း။

ဟာ. . မဖြစ်၊ သူမြင်ချင်တာ သောကမျက်ဝန်းမဟုတ်၊ ချစ်ရည်ရွှမ်းလဲ့သော ညှို့မျက်ဝန်းတစ်စုံ။

စတွေ့စက မျက်ဝန်းမျိုး. . .

မင်းသောတ ဝုန်းခနဲ မတ်တပ်ထကာ တေးသခင်ကို သိုင်းဖက်လိုက်သည်။

"အမေ့"

"အောင်မယ်လေး သရဲ"

တေးသခင်က လန့်ဖြန့်သွားပြီး အမေ့ဟု တရုံပဲ ရှိလိုက်သည်။ အတူပါလာသော တေးသခင်၏ သူငယ်ချင်းက မျက်ဖြူလန်ကာ ခွေကျသွားသဖြင့် ပျာယာခတ်ကုန်သည်။

မင်းသောတသူငယ်ချင်း ဆရာဝန်က မင်းသောတအား. .

"ဟော့ကောင်. . မင်း ခုတင်ပေါ်ကဖယ်ပေးတော့ ဒီမချော အကြောက်လွန်ပြီး အသက်ပါသွားရင်. . အားလုံး ဒုက္ခရောက်မှာ"

တေးသခင် မင်းသောတရင်ခွင်မှ ရုန်းထွက်ပြီး သူငယ်





ချင်းကို စိုးရိမ်စွာ လှုပ်ခေါ်ရလေသည်။

"သင်းသင်း. . သင်းသင်း. ."

မင်းသောတ စိတ်ပျက်လက်ပျက် ပတ်တီးများကို ဖြေရလေသည်။ လုပ်ကြံပတ်တီးက နည်းနည်းနောနော မဟုတ်။ ထိုစဉ် မိခင်နှစ်ယောက် ရောက်လာသည်။ အခန်းထဲရောက်တော့ အခြေအနေအရပ်ရပ်ကို ရိပ်စားမိကာ တစ်ယောက်တစ်ပေါက်. . .

"စမ်း. . စမ်းသပ်နိုင်လွန်းတဲ့ စတန့်တွေ၊ လာပါတင်ကြီးရယ် စိတ်ပျက်တယ်. . ဘေးကပဲ ထိုင်ကြည့်လိုက်တာ အကောင်းဆုံးပဲ"

"ဟုတ်ပ့ါ ကမ္ဘာဦး အစကတည်းက စလာတဲ့ အချစ်ဟာ သူတို့လက်ထက်မှာပဲ စမ်းသပ်ခံ ဖြစ်ရတယ်လို့၊ ရှူးကြပါပေတယ်၊ ပြန်တာပဲ အေးတယ်. ."

မိခင်နှစ်ယောက် အတိုင်အဖောက်ညီစွာ ပြန်သွားကြသည်။ သင်းသင်းကလည်း သတိရလာပြီး ရှက်ကိုးရှက်ကန်းဖြင့်. . .

"တော်ပြီ သူတို့အချစ်စမ်းပွဲမှာ ကံကောင်းလို့ စတေးခံရတော့မလို့. . အမယ်လေး၊ ခင်ဗျားနေခဲ့တော့ ကျွန်တော် ပြန်မယ်"

သင်းသင်း ပွစိပွစိပြောပြီး ထွက်သွားသည်။ ဆရာဝန်က. . .

"ကိုင်း. . ပတ်တီးဖိုးနဲ့ နှာနှပ်ခကိုတော့ ခံဖိုးနဲ့မှပဲ တွဲ

www.burmeseclassic.com

www.burmeseclassic.com



ယူတော့မယ်၊ မင်းတို့လဲ ကြွတော့၊ ဧဆေးခန်းဖွင့်ချိန်ရောက်ပြီ”

မင်းသောတ ဖြေချထားသော တောင်ပုံယာပုံဖြစ်နေသည့် ပတ်တီးပုံကိုကြည့်ကာ တေးသခင် ရယ်ချင်သွားသော်လည်း မင်းသောတ ဉာဏ်များပုံကို မကျေနပ်သဖြင့် ရယ်ချစ်စိတ်ကိုထိန်းပြီး မပြုံး၏သို့ ပြုံး၏သို့ဖြစ်နေသော မင်းသောတကို မျက်စောင်းထိုးလိုက်သည်။

အလွန်လှပသော မျက်စောင်းကလေး ဖြစ်သည်။

မင်းသောတ အလွန်အမင်း ကျေနပ်ပျော်ရွှင်သွားလေသည်။ အဘယ်ကြောင့်ဆိုသော် တေးသခင်ကို တွေ့စအချိန်ကသာ လျှပ်တပြက်ရရှိလိုက်ရပြီးနောက် နောက်ပိုင်း ပျောက်ဆုံးနေခဲ့သော ချစ်ရည်ရွှန်းလဲ့သော ညှို့မျက်ဝန်းတစ်စုံကို ပြန်လည်ရရှိလိုက်ပြီ ဖြစ်သောကြောင့်ပင်. . .။

# ဖြူဖုလဲခင်

